ဂု ရက် သတင်းဂျာနယ်
# 7 DAY NEWS JOURNAL
http://www.7daynewsjournal.com




အတွဲ(၉)၊ အမှတ်(၂၈) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက် ၊ ကြာသပတေး၊ (စက်တင်ဘာ ၃၀ ၊ ၂၀၁၀)

ရွေးကောက်ပွဲ မဲရုံ

## နိုဝင်ဘာ ၇ ရက်မှာ ဆေးတက္ကသိုလ်အများစု၏ စာမေးပွဲကာလအတွင်း ကျရောက်

အားမာန်

ရန်ကုန်၊ စက်တင်ဘာ – ၂၆

ဆေးတက္ကသိုလ်၏ ယခုနှစ်အတွင်း ကျင်းပမည့်စာမေးပွဲများကို ယခင်နှစ်များကဲ့သို့ ပုံမှန်ပြုလုပ်မည်ပြုလုပ်မည်ဖြစ်ရာ ဆေးတက္ကသိုလ်အတန်း အများစုအတွက် နိုဝင်ဘာ၇ရက်မှာ စာမေးပွဲကာလအတွင်း ကျရောက်နေကြောင်း သတင်းရရှိသည်။

စာသင်နှစ်ခြောက်နှစ်ရှိသော ဆေးတက္ကသိုလ်တွင် ပထမနှစ်မှ စတုတ္ထနှစ်အထိ စာမေးပွဲများမှာ ရွေးကောက်ပွဲကျင်းပမည့် နိုဝင်ဘာ ၇ ရက်မတိုင်မီ ပြီးစီးသော်လည်း၊ နောက်ဆုံးနှစ် အပိုင်း(က) နှင့်အပိုင်း(ခ)စာမေးပွဲများမှာ ရွေးကောက်ပွဲကာလအတွင်း ကျရောက်နေကြောင်းဆေးတက္ကသိုလ် တက်ရောက်နေသော ကျောင်းသားကျောင်းသူအချို့က ပြောသည်။

"စာမေးပွဲက နိုဝင်ဘာ ၁ ရက်က ၁၀ ရက်နေ့အထိပဲ။ ကြားထဲမှာ ၆ရက်၊ ၇ရက်နေ့တွေက စနေ၊ တနင်္ဂနွေဖြစ်နေလို့ပိတ်တယ်။

စာ(၁၂)သို့



ဓာတ်ပုံ - သီဟာ

## ဘယ်မောင်းယာဉ်များကိုသာ ဖုန်ကားထုတ်လုပ်သူများ ထုတ်လုပ်ရတော့မည်

မင်းဒင်၊ ပြည်သိမ်း

မန္တလေး၊ စက်တင်ဘာ – ၂၆

စက်မှုဇုန်ထုတ် မော်တော်ယာဉ်များအား နိုင်ငံအတွင်း လက်ရှိကျင့်သုံးနေသော လက်ယာကပ်မောင်း (ညာမောင်း)စနစ်ဖြင့် ကိုက်ညီစေရန်အတွက် ညာမောင်းယာဉ်များအစားဘယ်မောင်းယာဉ်အမျိုးအစားများအဖြစ် ပြောင်းလဲထုတ်လုပ်ရတော့မည်ဖြစ်ကြောင်း မန္တလေးစက်မှုဇုန်ကားထုတ်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

အဆိုပါ ကားထုတ်လုပ်ရေးနှင့်ပတ်သက်၍ ဩဂုတ်လ ၃၁ရက်အထိ ထုတ်လုပ်ရေးလျှောက်ထားပြီးသူများမှာ ညာမောင်းယာဉ်များ တင်သွင်းထုတ်လုပ်ခွင့် ရရှိမည်ဖြစ်ပြီး စက်တင်ဘာလ ၁ရက်နှင့်နောက်ပိုင်း ကားထုတ်လုပ်ရေး လျှောက်ထားသူများအနေဖြင့် ဘယ်မောင်းယာဉ်များ ထုတ်လုပ်ခွင့်နှင့် ဆက်စပ်ပစ္စည်းတင်သွင်းခွင့်များပါရရှိမည်ဖြစ်သည်။

စာ(၁၂)သို့

## လိုင်စင်မဲ့ကားများ ဒဏ်ကြေးဆောင်၍ လိုင်စင်ပြုလုပ်ပေးခြင်း ရပ်ဆိုင်း

သိမ့်သိမ့်စိုး၊ အားမာန်

ရန်ကုန်၊ စက်တင်ဘာ – ၂၃

လိုင်စင်မဲ့မော်တော်ယာဉ်များကို သတ်မှတ်တန်ဖိုး၏ ၈၅ရာခိုင်နှုန်းအခွန်ပေးဆောင်၍ တရားဝင်လိုင်စင်ပြုလုပ်ခြင်းအား စက်တင်ဘာ ၂၃ရက်မှစ၍ ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း အဆိုပါလိုင်စင်ပြုလုပ်ပေးသောဌာနများမှ တာဝန်ရှိသူများက ပြောသည်။

စာ(၆)သို့




ကျပ်ငါးသိန်းတန် 800Mhzဖုန်းများ ရန်ကုန်နှင့် မန္တလေးတို့တွင် ရွေ့လျားသုံးစွဲနိုင်မည်

စာ(၂)သို့

နိုင်ငံရေးပါတီများ ဗီနိုင်းစိုက်ထူ လွှင့်တင်ခွင့်ပြုမည်

စာ(၂၈)သို့

ရွေးကောက်ပွဲ ကျင်းပမည့်ရက်နှင့် တိုက်ဆိုင်နေခြင်းကြောင့် မြန်မာလိဂ်ပွဲစဉ်များ ရွှေ့ဆိုင်း

စာ(၄၆)သို့

နိုဝင်ဘာ၇ရက်တွင် အလုပ်အကိုင် အခွင့်အလမ်းများစွာ ပေါ်ပေါက်လာနိုင်

စာ(၃)သို့

ရန်ကုန်ဆိပ်ကမ်းမှ ပဲတင်ပို့မှု ခြောက်လအတွင်း တန်ချိန် သုံးသောင်းခွဲကျော်ရှိ

စာ(၆)သို့



ဓာတ်ပုံ - စည်သူ

## လက်ကမ်းစာရွက်များ ဝေငှသည့် မဲဆွယ်မှုပုံစံကို ကိုယ်စားလှယ်လောင်းအများစု အသုံးပြု

ကုန်ကျမှုအနည်းဆုံးဖြစ်ပြီး အဆင့်ဆင့်တင်ပြခွင့်ပြုချက် တောင်းခံရသည့်ကိစ္စမျိုး မရှိသည့်အတွက် အလုပ်ရှုပ်သက်သာသည့် လက်ကမ်းစာရွက်ဝေခြင်းကို ပါတီအများစုမှ ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများက အသုံးပြုလာကြခြင်းဖြစ်သည်။

ငြိမ်းငြိမ်းနိုင်

ရန်ကုန်၊ စက်တင်ဘာ – ၂၂

ရွေးကောက်ပွဲကျင်းပရန် ရက်ပေါင်း ၅၀ကျော်အလိုတွင် လွှတ်တော်အသီးသီး၌ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများက မိမိတို့ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်အတွင်းရှိ ပြည်သူများကို မဲဆွယ်စည်းရုံးသည့်ပုံစံသည် လူထုနှင့်ဟောပြောစည်းရုံးသည့်ပုံစံထက် တစ်အိမ်တက်ဆင်း လက်ကမ်းစာရွက်များဝေသည့် ပုံစံတစ်မျိုးတည်းကိုသာ တွေ့ရကြောင်း ရန်ကုန်မြို့ခံများက သုံးသပ်ပြောကြားသည်။

စာ(၁၂)သို့



7DAY NEWS JOURNAL
Vol.9, No.28 • SEPTEMBER 30, 2010

# ကျပ်ငါးသိန်းတန်ဖုန်းများ ရန်ကုန်နှင့် မန္တလေးတို့တွင် ရွှေ့လျားသုံးစွဲနိုင်ပြီ

ယုဇနကိုကို

ရန်ကုန်၊စက်တင်ဘာ - ၂၅

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မကြာသေးမီကမှ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးများတွင် ချထားပေးခဲ့သော ကျပ်ငါးသိန်းတန် CDMA 800 MHzဖုန်းများကို ယခုလတတိယပတ်မှစတင်ပြီး ယင်းတိုင်းဒေသကြီးနှစ်ခုတွင်မိုဘိုင်းအဖြစ်သို့ ပြောင်းလဲသုံးစွဲခွင့်ပေးလိုက်ပြီဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ သတင်းအချက်အလက်နှင့် နည်းပညာဌာနမှ တာဝန်ရှိသူ တစ်ဦးက 7 Day News သို့ပြောသည်။**

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေဖြင့် အဆိုပါ ကျပ်ငါးသိန်းတန် CDMA 800 MHz ဖုန်းများအား ယခုနှစ် ဇန်နဝါရီလ ဆန်းပိုင်းမှစတင်ပြီး အထက်ပါ တိုင်းဒေကြီး နှစ်ခုတွင် ချထားပေးခဲ့ခြင်းဖြစ်သည်။ စတင်ချထားပေးခဲ့သည့်အချိန်တွင် ရန်ကုန်၌ အလုံးရေ တစ်သိန်း၊ မန္တလေး၌ အလုံးရေ ငါးသောင်းချထားပေးရန် စီစဉ်ဆောင်ရွက်ခဲ့ပြီး ယခုကဲ့သို့ မိုဘိုင်းအဖြစ် မပြောင်းမီအချိန်ထိ အဆိုပါ ဒေသနှစ်ခုတွင် ဖုန်းလိုင်းပေါင်း တစ်သိန်းခွဲကျော်အထိ ချထားပေးခဲ့ပြီးဖြစ်ကြောင်း ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(အလုံရုံးချုပ်)မှ လက်ထောက်အထွေထွေမန်နေဂျာဦးခင်မောင်တင့်က 7 Day News သို့ပြောသည်။

ယခုကဲ့သို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ကျပ်ငါးသိန်းတန် CDMA 800 MHz ဖုန်းများအား မိုဘိုင်းအဖြစ်သို့ပြောင်းလဲပေးလိုက်ပြီးသည့်နောက် အထွက်ခေါ်ဆိုခနှုန်းထားများမှာအနည်းငယ်ပြောင်းလည်းသွားမည်ဖြစ်ကြောင်းလည်းသိရသည်။ထိုကဲ့သို့ဖုန်းခေါ်ဆိုခများပြောင်းလဲရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းလျှောက်ထားခြင်းပြုလုပ်ထားသည့် ဖုန်းလိုင်းအနေဖြင့် မန္တလေးတိုင်းဒေသကြီးသို့ရောက်သွားပြီး ယင်းဖုန်းဖြင့် ဆက်သွယ်ခေါ်ယူမှုများပြုလုပ်သည့် အခါတွင်သာ ခေါ်ဆိုခများ ပြောင်းလဲမည်ဖြစ်ကြောင်းသိရသည်။

"ငါးသိန်းတန် စီဒီအမ်အေ ရှစ်ရာ မဂ္ဂါဟဇ်ဖုန်းတွေကို မိုဘိုင်းအနေနဲ့ ပြောင်းပေးလိုက်တာပါ။ အဲဒီလို ငါးသိန်းလောက်နဲ့ မိုဘိုင်းဖုန်း ကိုင်နိုင်မယ်ဆိုတော့ အထွက်ခေါ်ဆိုခတွေကိုတော့ တစ်ဆယ်လောက်ဆီ တိုးယူရမယ်။ အရမ်းသက်သာတဲ့ ဈေးနဲ့ မိုဘိုင်းကိုင်နိုင်မှာဆိုတော့ ခေါ်ဆိုခနည်းနည်းတိုးလိုက်တဲ့သဘောပါ" ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။



စတင် လျှောက်ထားနိုင်တော့မည်ဖြစ်သည့် ကျပ်ငါးသိန်းတန် CDMA 800 MHz မိုဘိုင်းဖုန်းများအား လိုအပ်သည့် စာရွက် စာတမ်းများဖြင့် လာရောက်လျှောက်ထားမည်ဆိုပါက တစ်ရက်တည်းနှင့် ချထားပေးမည်ဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူများကဆိုသည်။

ယခုကဲ့သို့ ကျပ်ငါးသိန်းတန် စီဒီအမ်အေ CDMA 800 MHz ဖုန်းများအား မိုဘိုင်းအဖြစ်သို့ ပြောင်းလဲပေးလိုက်သည့်အတွက် ပြည်တွင်းမိုဘိုင်းဖုန်းအိမ် ဈေးကွက်တွင် ယင်းဖုန်းလိုင်းများအတွက် ဖုန်းအိမ်များ ပိုမိုရောင်းချရမှုများရှိလာမည်ဖြစ်ကြောင်း ယင်းဈေးကွက်မှစုံစမ်းသိရှိရသည်။

**စာ(၁၂)သို့**

## နှစ်နိုင်ငံကြား ဖြစ်ပွားလျက်ရှိသော လူကုန်ကူးပြဿနာများကို ပူးပေါင်းတိုက်ဖျက်ရန် မြန်မာ-ထိုင်းနယ်စပ်တစ်လျှောက် ဆက်ဆံရေးရုံးများဖွင့်မည်

ကျော်သီဟ

ရန်ကုန်၊

စက်တင်ဘာ - ၂၂

မြန်မာနိုင်ငံမှ တစ်ဖက်ထိုင်းနိုင်ငံဘက်သို့ လူကုန်ကူးပြဿနာများကို ၂၄ နာရီပတ်လုံး ကူညီဆောင်ရွက်နိုင်ရန် နှစ်နိုင်ငံရဲတပ်ဖွဲ့ရုံးများ နယ်စပ်တစ်လျှောက်တွင် တားဆီးနှိမ်နင်းမှုနှင့် လူကုန်ကူးခံရသူအမြန်ဆုံး ကယ်တင်စောင့်ရှောက်နိုင်ရေးအတွက် တည်ထောင်ရန် စီစဉ်လျက်ရှိကြောင်း နိုင်ငံဖြတ်ကျော်မှုခင်းဌာနမှ ဒုတိယရဲမှူးကြီးရာလျန်မုန်းက 7Day News သို့ ပြောကြားသည်။

လူကုန်ကူးခံရသူ ကယ်တင်နိုင်ရန်နှင့် ပြစ်မှုကျူးလွန်သူများကို အချိန်နှင့်တစ်ပြေးညီစိစစ်ဖော်ထုတ်တားဆီးကာကွယ်နိုင်ရန် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ပြီး၊ မြန်မာ-ထိုင်းနယ်စပ်တစ်လျှောက် နယ်စပ်ဆက်ဆံရေးရုံး (Border Liaison Office-B.L.O) များ (၃)ရုံးခန့်ဖွင့်လှစ်သွားမည်ဟု ညှိနှိုင်းလျက်ရှိသည်။ ယင်းရုံးများမှာ ၂၄ နာရီပတ်လုံး လူကုန်ကူးမှုဆိုင်ရာ သတင်းအချက်အလက်နှင့် အခြား တားဆီးကာကွယ်ရေးလုပ်ဆောင်ချက်များ လုပ်ဆောင်သွားမည်ဟုသတင်းရရှိသည်။

အဆိုပါ နယ်စပ်ဆက်ဆံရေးရုံးများအနေဖြင့် ထိုင်းနိုင်ငံဘက်သို့ ဦးတည်ဖြစ်ပွားသော လူကုန်ကူးမှုဆိုင်ရာမှုခင်းသတင်းအချက်အလက်များ စုဆောင်းသွားမည်ဖြစ်ကြောင်း ဒုတိယရဲမှူးကြီးရာလျန်မုန်းက ရှင်းပြသည်။

ယင်းကဲ့သို့ B.L.O ရုံးများရှိခြင်းကြောင့် မြန်မာ-တရုတ် လူကုန်ကူးမှုဆိုင်ရာပြစ်မှုများဖြေရှင်းနိုင်သည့်အပြင် တရုတ်နိုင်ငံဘက်မှ လူကုန်ကူးသည့်ဂိုဏ်းကြီး ၄ခုခန့်အား ဖြိုခွင်းဖမ်းဆီးနိုင်ခဲ့သည်။ ထို့အပြင် လူကုန်ကူးခံရသည့်မြန်မာ အမျိုးသမီးအပါအဝင် ကလေးသူငယ်များကိုပါပြန်လည် ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံဘက် နယ်စပ်တစ်လျှောက်တွင်လည်း B.L.O ရုံးများကို ရွှေလီ-မူဆယ်၊ လွယ်ကျယ်-ကျန်ဖုံးတို့တွင်ဖွင့်လှစ်ခဲ့ပြီး ယခုနှစ်ကုန်ပိုင်းတွင် မြန်မာနိုင်ငံဘက်မှ ချင်းရွှေဟော်နှင့် တရုတ်နိုင်ငံဘက်မှ မိန်တိန်နယ်စပ်ရုံးကို ထပ်မံဖွင့်လှစ်သွားမည်ဟု သတင်းရရှိသည်။

## တရုတ်မှ မြန်မာသို့ အတိုးမဲ့ချေးငွေ ကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံ ပေးအပ်ရန်သဘောတူ

အားမာန်

ရန်ကုန်၊ စက်တင်ဘာ - ၂၂

**ကမ္ဘာတွင် စီးပွားရေးဒုတိယအင်အားအကြီးဆုံးနိုင်ငံဖြစ်သော တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ အတိုးမဲ့ချေးငွေအဖြစ် ကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံ(ဒေါ်လာသန်းပေါင်း ၄၂၀၀)ပေးရန် နှစ်နိုင်ငံတာဝန်ရှိသူများ သဘောတူညီမှုရရှိသွားပြီဖြစ်ကြောင်း အေးရှားနယူးစ်သတင်းဌာနက သတင်းဖော်ပြထားသည်။**

ရေအားလျှပ်စစ်စီမံကိန်းများ၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍ၊ ကားလမ်းနှင့် ရထားလမ်းဆောက်လုပ်ခြင်း စီမံကိန်းများတွင် အသုံးပြုရန်ခေါင်းစဉ်ဖြင့် ကန်ဒေါ်လာ ၄ဒသမ၂ဘီလီယံ(ယွမ်ငွေ ၃၀ဘီလီယံ)အား နှစ် ၃၀သက်တမ်းဖြင့် အတိုးမဲ့ချေးငွေပေးခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်းတွင်ဖော်ပြထားသည်။

အဆိုပါ သဘောတူညီမှုကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်အပါအဝင် အဖွဲ့ဝင် ၃၄ ဦးပါဝင်သော အဖွဲ့ တရုတ်နိုင်ငံသို့ စက်တင်ဘာ ၇ရက်မှ ၁၁ရက်အထိ သွားရောက်ခဲ့သော ခရီးစဉ်တွင် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်တရုတ်သမ္မတ မစ္စတာဟူကျင်တောင်တို့ တွေ့ဆုံဆွေးနွေးမှုအပြီးနောက်တွင် တရုတ်မှ အတိုးမဲ့ချေးငွေပေးအပ်ရန် နှစ်နိုင်ငံကြားသဘောတူချက်ရရှိခဲ့ကြောင်း သတင်းရရှိသည်။ တရုတ်နိုင်ငံမှာ မြန်မာနိုင်ငံတွင် ကန်ဒေါ်လာသန်း ၈၀၀၀တန်ဖိုး ရင်းနှီးမြှုပ်နှံမှုများလည်း ပြုလုပ်ထားပြီး၊ ရေနံ၊ သဘာဝဓာတ်ငွေ့ကဏ္ဍတွင် အများဆုံးရင်းနှီးမြှုပ်နှံထားသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအပါအဝင် အဖွဲ့ဝင် ၃၄ ဦးပါဝင်သောကိုယ်စားလှယ်အဖွဲ့မှာ စက်တင်ဘာ ၇ ရက်မှ ၁၁ရက်အထိ သမ္မတဟူကျင်တောင်၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေအတွက်တရုတ်ခရီးစဉ်မှာ ၂၀၁၀ခုနှစ်အတွင်း ပြည်ပသွားရောက်သောဒုတိယမြောက်ခရီးစဉ်ဖြစ်သည်။ ပြီးခဲ့သည့် ဇူလိုင်လအတွင်းကလည်း ကမ္ဘာ့ထိပ်သီးစီးပွားရေးနိုင်ငံတစ်နိုင်ငံဖြစ်လာသော အိန္ဒိယနိုင်ငံသို့သွားရောက်ခဲ့သည်။ ကိုးကား-Asia News နှင့်သတင်းဌာနများ။

## ဆိုင်ကယ်၁၆စီးခိုးယူသူ ဖော်ထုတ်ဖမ်းဆီး

အိဖြူလွင်

ရန်ကုန်၊

စက်တင်ဘာ - ၂၄

နေပြည်တော်တွင် ဆိုင်ကယ်ခိုးမှုဖြင့် ကျော်ဇောသတင်းရှိသူအား ခေါ်ယူစစ်ဆေးရာမှ ဆိုင်ကယ် ၁၆စီးခိုးယူမှုအား ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့သည်ဟု မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှသိရသည်။

ယခုလ ၆ ရက်က နေပြည်တော်ခရိုင်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများသည် နယ်မြေအတွင်းဖြစ်ပွားခဲ့သည့် ဆိုင်ကယ်ခိုးယူမှုများနှင့် ပတ်သက်၍ မသင်္ကာရှိသူ ဇမ္ဗူသီရိမြို့နယ်၊ ဆိတ်နံတုန်းရွာနေ ဝင်းနိုင်သိန်းဆိုသူအား ခေါ်ယူစစ်ဆေးခဲ့သည်ဟု သိရသည်။

စစ်ဆေးဖော်ထုတ်ချက်များအရ ဝင်းနိုင်သိန်းသည် အေလာမြို့၊ ရွာမရပ်နေ ထွန်းဇော်ဝင်းနှင့် ဖိုးလပြည့်တို့ ၂ဦးနှင့်အတူ ဇမ္ဗူသီရိမြို့နယ်၊ လက်ပံခါးကျေးရွာ၊ ပြန်ကပြေးရွာနှင့် ရွှေကြာပင်ရပ်ရှိနေအိမ်များမှ ဆိုင်ကယ်များခိုးယူခဲ့ကြောင်းသိရသည်။

ပြစ်မှုကျူးလွန်သူ ဆိုသူ ထွန်းဇော်ဝင်းနှင့် ဖိုးလပြည့်တို့ ၂ ဦးအား ရေတာရှည်မြို့နယ် မြို့လှရဲစခန်းတွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀/၅၄ ဖြင့် ဖမ်းဆီးစစ်ဆေးနေကြောင်းသိရသည်။

အဆိုပါလူနှစ်ဦးအား ဝင်းနိုင်သိန်းနှင့်တိုက်ဆိုင်စစ်ဆေးရာမှ ခိုးယူသည့်ဆိုင်ကယ်များအား လယ်ဝေးမြို့နယ်ရှိ ကျေးရွာများ နှင့် ရေတာရှည်မြို့နယ်ရှိ မြို့လှမြို့တို့တွင် သွားရောက်ရောင်းချခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာ ၁၄ရက်တွင် ဆိုင်ကယ် ၁၆ စီးအား ရဲတပ်ဖွဲ့မှ ပြန်လည်သိမ်းဆည်းနိုင်ခဲ့ပြီး မူလပိုင်ရှင်များ သိရှိနိုင်ရန်စုံစမ်းဆက်သွယ်နေသည်ဟုသိရသည်။

နေပြည်တော်အမှတ် ၁ရဲစခန်းတွင် ဝင်းနိုင်သိန်းအား (ပ)၁၀၁/၂၀၁၀ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀/၅၄ (ခိုးမှု မသင်္ကာ)ဖြင့် စစ်ဆေးခဲ့သည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.9, No.28 · SEPTEMBER 30, 2010

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# နိုဝင်ဘာ ၇ ရက်တွင် အလုပ်အကိုင် အခွင့်အလမ်းများစွာ ပေါ်ပေါက်လာနိုင်

အားမာန်

ရန်ကုန်၊ စက်တင်ဘာ – ၂၆

**ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ကြမည့်ပါတီနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများက ရွေးကောက်ပွဲနေ့တွင် မဲရုံကိုယ်စားလှယ်များ ထားကြမည်ဖြစ်၍ ထိုနေ့တွင် အခကြေးငွေယူ၍ မဲရုံကိုယ်စားလှယ်လုပ်လိုသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများစွာပေါ်ထွက်လာနိုင်ကြောင်း ကိုယ်စားလှယ်လောင်းများက ပြောသည်။**



နိုဝင်ဘာ၇ရက်၌ကျင်းပမည့်ရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲပုံးနမူနာများ။
ဓာတ်ပုံ – ကျော်သီဟ

နှစ် ၂၀ အတွင်း ပထမဆုံး ကျင်းပသည့် ရွေးကောက်ပွဲတွင် ပါတီ ၃၇ ပါတီနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ၁၀၀ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ကိုယ်စားလှယ်လောင်း စုစုပေါင်းမှာ ၂၀၀၀ မှ ၃၀၀၀ အတွင်း ရှိနိုင်၍ ၎င်းကိုယ်စားလှယ်လောင်း အသီးသီးအတွက် မဲရုံကိုယ်စားလှယ်များထားရှိခွင့်ရှိသည့်အတွက် နိုဝင်ဘာ ၇ ရက်တွင် အခကြေးငွေယူ၍ မဲရုံကိုယ်စားလှယ်လုပ်လိုသူများအတွက် အလုပ်အကိုင် အခွင့်လမ်းများစွာ ရှိနေခြင်းဖြစ်ကြောင်း ရွေးကောက်ပွဲလေ့လာစောင့်ကြည့်နေသူများက သုံးသပ်သည်။

သို့သော် ပါတီအများစုမှာ လူထုကစိုးရိမ်၍ မဲရုံကိုယ်စားလှယ်လုပ်လိုသူနည်းပါးခြင်း၊ ပါတီကိုယ်စားလှယ်လောင်းများ အနေဖြင့်လည်း ငွေကြေးချွေတာနေရခြင်းတို့ကြောင့် အင်အားကြီးပါတီများဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပါတီတို့၏ ကိုယ်စားလှယ်လောင်းများမှအပ ကျန်ကိုယ်စားလှယ်လောင်းများမှာ မဲရုံကိုယ်စားလှယ် လိုသလောက်ထားနိုင်ရန် မလွယ်ကူကြောင်း အထက်ပါပုဂ္ဂိုလ်များကပြောသည်။

အချို့ကိုယ်စားလှယ်လောင်းများမှာ မဲရုံကိုယ်စားလှယ်အဖြစ် အခမဲ့လုပ်အားပေးမည့်သူများ ရှိသော်လည်း အများစုမှာ မဲရုံကိုယ်စားလှယ်လုပ်လိုသူ နည်းပါး၍ ရှာဖွေနေရဆဲဖြစ်ကြောင်း ၎င်းတို့က ပြောသည်။ ပုဇွန်တောင်မြို့နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းဖြစ်သော ဦးရန် ကျော်က ၎င်းမြို့နယ်တွင် ၆၂ ရုံရှိပြီး၊ မဲရုံကိုယ်စားလှယ် ၆၂ဦးထားမည်ဖြစ်ကြောင်းပြောသည်။

အမျိုးသား ဒီမိုကရေစီ အင်အားစုပါတီ ရန်ကုန်တိုင်းဒေသကြီး စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာသန်းဝင်းက မဲရုံကိုယ်စားလှယ်ရရှိရန် ကြုံတွေ့နေရသောအခက်အခဲနှင့် ပတ်သက်၍ အောက်ပါအတိုင်းပြောသည်။

"သင်္ဃန်းကျွန်းမြို့နယ်မှာဆိုရင် မဲရုံကိုယ်စားလှယ် တော်တော်လေး ရနေပြီ။ မြောက်ဥက္ကလာပမှာဆိုရင် သိပ်မရသေးဘူး။ အဓိကက ခက်ခဲတာကတော့ လူတွေက သိပ်ကြောက်နေတာပဲ"

"အခုနည်းနည်းဝေးနေတာကြောင့်လည်းပါမယ်။ နီးလာရင် အောက်တိုဘာလောက်ကျရင်တော့ ရသွားမယ်ထင်ပါတယ်။ မရရင်တော့ မဲရုံကိုယ်စားလှယ် အလိုရှိသည်လို့ ကြော်ငြာရမယ့်ပုံပဲ" ဟုဒေါက်တာသန်းဝင်းက ပြောသည်။

ဒီမိုကရက် တစ်ပါတီ (မြန်မာ) မှ အထွေထွေအတွင်းရေးမှူး ဒေါ်နေရီဗဆွေကလည်း မဲရုံကိုယ်စားလှယ်လောင်း ရရှိရန်အတွက် အဓိက ကြုံတွေ့ရသော အခက်အခဲမှာ လူထုအနေဖြင့် မဲရုံကိုယ်စားလှယ်လုပ်ရန် စိတ်ဝင်စားသော်လည်း ပါတီနိုင်ငံရေးနှင့် ဆက်စပ်လုပ်ကိုင်ရသည်ဟု ယူဆကာ အစိုးရိမ်လွန်နေကြခြင်းပင်ဖြစ်သည်ဟုပြောသည်။

"အန်တီတို့ပါတီအနေနဲ့တော့ကြိုးစားဆဲပါ။ အချိန်ကျမှပဲ သိရမှာပေါ့" ဟုဒေါ်နေရီဗဆွေကလည်းပြောသည်။

မြောက်ဥက္ကလာပမြို့နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်သူ့လွှတ်တော် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ဦးဘတင့်ဆွေကမူ မဲရုံကိုယ်စားလှယ် ထားရှိနိုင်ရေးအတွက် ကြိုးပမ်းနေဆဲဖြစ်ကြောင်းပြောသည်။ သို့သော် ၎င်းယှဉ်ပြိုင်မည့်မြို့နယ်တွင် မဲရုံပေါင်း ၃၀၀ကျော်ရှိ၍ မဲရုံတိုင်းတွင် ကိုယ်စားလှယ်ထားလိုသော်လည်းထားနိုင်ရန်မလွယ်ကူကြောင်း ၎င်းကဆက်လက်ပြောသည်။

"ဖော်လန်တီယာပဲ အဓိကထားမယ်။ မဲရုံကိုယ်စားလှယ်ရဖို့အတွက်တော့ ကြိုးစားနေတုန်းပဲ။ ဒါပေမဲ့ တချို့ကျတော့ မဲရုံကိုယ်စားလှယ်လုပ်ရမှာ စိုးရိမ်နေကြတယ်။ ဒါ့ကြောင့် ကြောက်စိတ်လျော့ပါးရေးကို ကြိုးစားနေရတယ်။ လူကတော့ စုဆောင်းတုန်း။ ရသလောက်တော့ထားမှာပေါ့။ အထိုက်အလျောက်တော့ရမယ်။ ပြည့်စုံအောင်တော့ မရနိုင်လောက်ဘူး။ မဲရုံက များတာကိုး။ မဲရုံပေါင်း ၃၃၀ ကျော်ဆိုတော့ တစ်ရုံမှာ၂ယောက်ထားရင် ၆၆၀ ကျော်ထားရမယ်။ ဒါလောက်ထားနိုင်ဖို့မလွယ်ဘူး"ဟု ဦးဘတင့်ဆွေက သူ၏အတွေ့အကြုံကိုပြောသည်။

စာ(၆)သို့






7 DAY NEWS JOURNAL
Vol.9, No.28 · SEPTEMBER 30, 2010

## Crime Corner

### သစ်လုံးတင်ယာဉ်တိမ်းမှောက်၍ ယာဉ်မောင်းဒဏ်ရာရ

**သားကျော်**

ရန်ကုန်၊ စက်တင်ဘာ-၂၄

စက်တင်ဘာ ၁၃ ရက်ညပိုင်းက ဒေါပုံမြို့နယ်၊ မဟာဗန္ဓုလတံတားအဆင်းတွင် သစ်လုံးတင်ယာဉ်တိမ်းမှောက်သွား၍ ယာဉ်မောင်းထိခိုက်ဒဏ်ရာရရှိသွားကြောင်း သတင်းရရှိသည်။

မဟာဗန္ဓုလတံတားအဆင်းအတိုင်း တောင်မှ မြောက်သို့ မောင်းနှင်လာသော လ/၄၂၁၇ ဖူဆိုထရက် အပြာရောင်သစ်လုံးတင် အငှားယာဉ်သည် ယမုံနာလမ်းဆုံအရောက် ယာဘက်သို့ ချိုးကွေ့မောင်းနှင်စဉ် ဝဲဘက်သို့ တိမ်းမှောက်သွားခြင်းဖြစ်သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပျက်စီးသွားပြီး ယာဉ်မောင်းကျော်လင်းဆိုသူမှာလည်း ထိခိုက်ပွန်းပဲ့ဒဏ်ရာများရရှိသွားကြောင်း သတင်းရရှိသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကို ယာဉ်မှုစစ်ရဲစခန်းက ယာဉ်မောင်းကျော်လင်းအား (ပ)၅၃၃/ ၁၀၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၃၈/၂၇၉ အရ အရေးယူဆောင်ရွက်နေကြောင်း သိရသည်။

### ဒိုင်နာယာဉ် အရှိန်လွန်၍ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိ တိမ်းမှောက်

**သားကျော်**

**ရန်ကုန်၊ စက်တင်ဘာ-၂၄**

သယ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်းပေါ်တွင် စက်တင်ဘာ ၂၀ ရက် နေ့လယ်က ခရီးသည်တင်ဒိုင်နာယာဉ်တစ်စီး အရှိန်လွန်၍ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိတိမ်းမှောက်သွားသောကြောင့် ယာဉ်ပေါ်ပါသူ အမျိုးသမီးငါးဦး ထိခိုက်ပွန်းပဲ့ဒဏ်ရာများရရှိသွားကြောင်း သတင်းရရှိသည်။

လေးထောင့်ကန်လမ်းအတိုင်း အနောက်မှ အရှေ့သို့ မောင်းနှင်လာသော ၈က/၂၇၉၂ မထသ အမှတ် (၆၃) လိုင်းမှ ခရီးသည်တင်ဒိုင်နာယာဉ်သည် ဘဝမြင့်မှတ်တိုင်အနီးအရောက် အရှိန်လွန်ကာ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိကာ ယာဘက်သို့တိမ်းမှောက်သွားကြောင်းသိရသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပျက်စီးသွားခဲ့သည့်အပြင် ယာဉ်ပေါ်ပါသူခရီးသည်အမျိုးသမီး ငါးဦးတို့မှာ ထိခိုက်ပွန်းပဲ့ဒဏ်ရာများ အသီးသီးရရှိသွား၍ သယ်န်းကျွန်းစံပြဆေးရုံကြီးတွင် အတွင်း၊ အပြင်လူနာများအဖြစ် တင်ပို့ကုသလျက်ရှိကြောင်း သိရှိရသည်။

ခရီးသည်တင်ယာဉ်မောင်း တင်ထွန်းမှာ အခင်းဖြစ်နေရာတွင် ယာဉ်ကိုထား၍ ထွက်ပြေးတိမ်းရှောင်သွားကြောင်းသိရှိရသည်။

ယာဉ်တိမ်းမှောက်မှုကို ယာဉ်မှုစစ်ရဲစခန်းက (ပ)၅၅၅/ ၁၀၊ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ -၃၃၈/၂၇၉/၂၀၂ အရ ယာဉ်မောင်းတင်ထွန်းကိုအမှုဖွင့်၍ အရေးယူနိုင်ရန် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

# ဗဟိုဘဏ်က ငွေစက္ကူအကြွေလဲလှယ်မှု စည်းကမ်းချက်များ လျှော့ချ


ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ-၂၀**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ငွေစက္ကူအကြွေလဲလှယ်ရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို ယခုလကုန်ပိုင်းမှစ၍ လျှော့ချလိုက်ပြီဖြစ်ကြောင်း အဆိုပါ ဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့ကြောင့် ဟောင်းနွမ်းစုတ်ပြဲနေခြင်း၊ ဆီများစွန်းထင်နေခြင်း၊ ဆိုးဆေးများ စွန်းထင်နေခြင်းများရှိသော ငွေစက္ကူများကို စက္ကူ၏ ထက်ဝက်ကျော်ရှိပါက လဲလှယ်ပေးမည်ဖြစ်ကြောင်း ယင်းကပြောသည်။

"ငွေအကြွေလဲတာကို ငွေစက္ကူအတု၊ အစစ် စစ်ဆေးမှုကို ပဲအဓိကဦးစားပေး စစ်ဆေးမယ်။ ကျန်တဲ့အချက်တော်တော်များများကို လျှော့ချပေးထားတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ယခင်က အက္ခရာနှင့် နံပါတ်စဉ်နှစ်ခုလုံးတွင် အများဆုံးဂဏန်းသုံးလုံးအထိသာ စုတ်ပြဲခွင့်ပြုပြီး ကြားတွင်ဆက်စပ်ထားမှုမရှိဘဲ မူလအတိုင်းရှိသည့် ငွေစက္ကူများကို ကျောဘက်၌ စက္ကူကပ်၍ လဲလှယ်ရသည့်အပြင် လက်မှတ်ရေးထိုးခြင်းပါပြုလုပ်ရကြောင်း သိရသည်။

သို့သော် ယခုအခါ အထက်ပါ ကန့်သတ်ချက်များ မရှိတော့သည့်အပြင် စက္ကူကပ်ခြင်း၊ တိပ်ကပ်ခြင်းများ ပြုလုပ်ရန်မလိုတော့ဘဲ မူလအခြေအနေအတိုင်း လဲပေးမည်ဖြစ်ကြောင်း ယင်းကပြောသည်။

ဟောင်းနွမ်းငွေစက္ကူများအား တန်ဖိုးတူလဲလှယ်ခွင့်ပြုထားသော်လည်း ကန့်သတ်ချက်များ ရှိနေခြင်းကြောင့် ပြည်သူများအနေဖြင့် ဘဏ်သို့လာရောက်မလဲဘဲ ဖြစ်သလိုလှည့်လည်သုံးစွဲရာမှ ငွေစက္ကူများ ပိုမိုဟောင်းနွမ်းစုတ်ပြဲလာသဖြင့် ယခုကဲ့သို့ လျှော့ပေါ့ သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ စည်းကမ်းသတ်မှတ်ချက်များ လျှော့ချလိုက်သော တန်ဖိုးငယ် ငွေစက္ကူများတွင် တစ်ကျပ်တန်၊ နှစ်ဆယ်ကျပ်တန်၊ ငါးဆယ်ကျပ်တန်၊ တစ်ရာကျပ်တန်နှင့် နှစ်ရာကျပ်တန်များ ပါဝင်ကြောင်း သိရသည်။

ဟောင်းနွမ်းငွေစက္ကူများကို တန်ဖိုးတူချင်း အဟောင်းနှင့်အသစ်လဲလှယ်ပေးခြင်းကို ၂၀၀၉ ခုနှစ် ဩဂုတ် ၃ ရက်မှစတင်ခဲ့ရာ ကျပ်သန်းပေါင်း ၂၁၀၀ ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

# နိုင်ငံတကာမှ ရာဘာပညာရှင်များပါဝင်မည့် အလုပ်ရုံဆွေးနွေးပွဲ မော်လမြိုင်တွင် ကျင်းပရန်စီစဉ်

**ပြည်သိမ်း**

**ရန်ကုန်၊ စက်တင်ဘာ-၂၆**

ကမ္ဘာပေါ်ရှိ ရာဘာအများဆုံးထုတ်လုပ်သည့် နိုင်ငံများမှ ပညာရှင်များဦးဆောင်၍ International Rubber Resource & Development အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို မြန်မာနိုင်ငံ၌ ပြုလုပ်ရန်စီစဉ်ထားကြောင်း မြန်မာနိုင်ငံ ရာဘာစိုက်ပျိုးထုတ်လုပ်သူ လုပ်ငန်းများအသင်း အတွင်းရေးမှူးဦးခိုင်မြင့်က ပြောကြားသည်။

ယခုကျင်းပမည့် အလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖြစ်ပြီး မော်လမြိုင်မြို့တွင် ကျင်းပရန် စီစဉ်ထားကြောင်း ဒီဇင်ဘာလနောက်ဆုံးပတ်တွင် ၂ ရက်ဆက်တိုက် ကျင်းပရန် စီစဉ်ထားပြီး ရာဘာစိုက်ပျိုးထုတ်လုပ်သူများ တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

"မြန်မာ့ရာဘာထုတ်လုပ်မှုမှာ အရည်အသွေးကို ဦးစားပေးဖို့ လိုတယ်။ အခုချိန်မှာ ခြံရှင်တွေက အရေအတွက်ကိုဦးစားပေးထုတ်နေတော့ ကမ္ဘာ့ဈေးကွက်မှာ ဈေးမရဘူးဖြစ်နေတယ်" ဟု ဦးခိုင်မြင့်ကရှင်းပြသည်။

ရာဘာစိုက်ပျိုးထုတ်လုပ်သူများသည် မိမိတို့၏ ထုတ်ကုန်ကို အရည်အသွေးကောင်းပြီး အရေအတွက်များများ ထုတ်လုပ်နိုင်ရန် မည်သို့ဆောင်ရွက်သင့်သည်ကိုလည်း အဆိုပါ ဝပ်ရှော့တွင် ဝင်ရောက်မေးမြန်းဆွေးနွေးနိုင်ကြောင်း သိရသည်။



အဆိုပါ ဝပ်ရှော့သို့လာရောက်မည့် ပညာရှင်များသည် ကမ္ဘာပေါ်၌ ရာဘာအများဆုံးစိုက်ပျိုးသည့် ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ် စသည့်နိုင်ငံများမှ ပညာရှင်များဖြစ်သည်။

လက်ရှိအချိန်တွင် မြန်မာ့ရာဘာကို ပြည်ပဈေးကွက်သို့ တင်ပို့မှုသည် ကုန်ကြမ်းအနေဖြင့်သာ အများဆုံးဖြစ်နေသည်။ ကုန်ချောအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ခဲ့လျှင် ပြည်ပဈေးကွက်သို့ တင်ပို့နေသည့် ရာဘာဈေးသည် ယခုထက်အဆပေါင်းများစွာ ပိုမိုအကျိုးအမြတ်ရနိုင်ကြောင်းသိရသည်။

# ခရီးသည်တင်ယာဉ် တိမ်းမှောက်ရာမှ ကွမ်းယာဆိုင်၊ စက်ဘီးနှင့် ဆိုက်ကားတို့ကိုပါ ဆက်တိုက်မိ

**သားကျော်**

**ရန်ကုန်၊ စက်တင်ဘာ-၂၃**

လှိုင်သာယာမြို့နယ်၊ အနော်ရထာလမ်းပေါ်တွင် စက်တင်ဘာ ၁၆ ရက် နံနက်က ဒိုင်ဟတ်စုခရီးသည်တင်ယာဉ်တစ်စီး တိမ်းမှောက်သွားကာ လမ်းဘေးရှိ ကွမ်းယာဆိုင်၊ စက်ဘီးနှင့် ဆိုက်ကားတို့အား ထပ်မံတိုက်မိသွားသောကြောင့် လမ်းဘေးရှိနေသူတစ်ဦးနှင့် ယာဉ်ပေါ်ပါသူ လေးဦးတို့ ထိခိုက်ပွန်းပဲ့ဒဏ်ရာများ ရရှိသွားကြောင်း သတင်းရရှိသည်။

အနော်ရထာလမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသော ၂က/၆၂၇၈ သန်မြန်သူ အမှတ် ၈၆ လိုင်းမှ ဒိုင်ဟတ်စု အပြာရောင်ခရီးသည်တင်ယာဉ်သည် အောင်မင်္ဂလာဈေးမှတ်တိုင် အလွန်အရောက်တွင် ဝဲဘက်သို့ တိမ်းမှောက်သွားပြီး လမ်းဘေးရှိ ကွမ်းယာဆိုင်၊ စက်ဘီးနှင့် ဆိုက်ကားတို့အား ထပ်မံတိုက်မိသွားကြောင်း သိရသည်။

အဆိုပါ ယာဉ်တိမ်းမှောက်၍ တိုက်မိမှုကြောင့် ယာဉ်နှင့် ကွမ်းယာဆိုင်၊ စက်ဘီး၊ ဆိုက်ကားများ ပျက်စီးသွားခဲ့သည့်အပြင် လမ်းဘေးတွင် ရှိနေသူတစ်ဦးနှင့် ခရီးသည်တင်ယာဉ်ပေါ်ပါသူ လေးဦးတို့မှာ ထိခိုက်ပွန်းပဲ့ဒဏ်ရာများ အသီးသီးရရှိသွားကြ၍ အင်းစိန်ဆေးရုံကြီးတွင် အတွင်း၊ အပြင်လူနာများအဖြစ် ကုသလျက်ရှိကြောင်း သိရှိရသည်။ ခရီးသည်တင်ယာဉ်မောင်း ရဲဝင်းမှာ အခင်းဖြစ်နေရာတွင် ယာဉ်ကိုထား၍ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

စက်တင်ဘာ ၁၆ ရက် ညနေ ၆ နာရီ ၁၀ မိနစ်အချိန်ခန့်တွင် ယာဉ်မောင်းမှာ ရဲစခန်းသို့ လာရောက်အဖမ်းခံခဲ့ကြောင်း သိရှိရသည်။

ယာဉ်တိမ်းမှောက်၍ တိုက်မိမှုကို ယာဉ်မှုစစ်ရဲစခန်းက (ပ) ၅၄၁/၁၀၊ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ-၃၃၈/၂၇၉/၂၀၂ အရ ယာဉ်မောင်း ရဲဝင်းကို အမှုဖွင့်၍ အရေးယူနိုင်ရန် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။




TRI
LIVES BRILLIANTLY


i-MAX
COLLECTION
men's & ladies wears
My Style // My Dream

7 DAY NEWS JOURNAL
Vol.9, No.28 • SEPTEMBER 30, 2010



# တစ်နိုင်ငံလုံးဖွင့်ပေးလိုက်သည့် နေပြည်တော် WCDMA 450ဖုန်းများ တစ်ရက်လျှင် လိုင်းပေါင်း နှစ်ထောင်ခန့်ချပေးနေ



**ယုဇနကိုကို၊ သဇင်ထွေး**

**ရန်ကုန်၊စက်တင်ဘာ-၂၂**

နေပြည်တော်တွင် ချထားပေးသော CDMA 450 MHz ဖုန်းများအားယခုလဆန်းပိုင်းမှစတင်၍တစ်နိုင်ငံလုံး အတိုင်းအတာ အသုံးပြုနိုင်ရန်ဆောင်ရွက်ပေးခဲ့သည့်ရက် အနည်းငယ်အတွင်းမှာပင် တစ်ရက်လျှင်လိုင်းပေါင်းနှစ်ထောင်ကျော် ချထားပေးနေရကြောင်းယင်းလုပ်ငန်းမှတာဝန်ရှိသူတစ်ဦးကပြောသည်။

မိုဘိုင်းဖုန်းအသုံးပြုလိုသူနှင့် အသုံးပြုသူ ပိုမိုများပြားလာခြင်းအတွက်ကြောင့် ယခုကဲ့သို့ နေပြည်တော်တိုင်းဒေသကြီးအတွင်းတွင်သာ ချထားပေးခဲ့သော အဆိုပါဖုန်းများအား တစ်နိုင်ငံလုံးသို့ ဆက်သွယ်ခေါ်ဆိုနိုင်မည့်စနစ် ပြောင်းလဲပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ကျပ်ငါးသိန်းတန်စီဒီအမ်အေဖုန်းများအား တစ်နိုင်ငံလုံးအတိုင်းအတာအသုံးပြုနိုင်ရန် တိုးချဲ့ဆောင်ရွက်ပေးခဲ့သဖြင့် ယခုအခါတွင် အဆိုပါဖုန်းလျှောက်ထားသူများမှာနေ့စဉ်နှင့်အမျှပိုမိုများပြားလျက်ရှိနေပြီး တစ်ရက်လျှင် လိုင်းပေါင်းနှစ်ထောင်ကျော်ခန့်အထိချထားပေးနေရကြောင်း စုံစမ်းသိရှိရသည်။

ယင်းကဲ့သို့လျှောက်ထားသူများတွင် နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးနှစ်ခုအပြင် အခြားသောတိုင်းဒေသကြီးများတွင် နေထိုင်သူများပါ နေပြည်တော်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ လာရောက်လျှောက်ထားမှုများပြုလုပ်နေကြကြောင်းသိရသည်။

"အခုချထားပေးနေတဲ့ စီဒီအမ်အေလေးရာ့ငါးဆယ်ငါးသိန်းတန်ဖုန်းကလိုင်းလည်းမဆိုးပါဘူး။ ကြည်ပါတယ်။ကျွန်မတို့ကျတော့ ဂျီအက်စ်အမ်လည်းမကိုင်နိုင်ဘူးလေ။ ခုလိုမျိုးငါးသိန်းလောက်နဲ့တစ်နိုင်ငံလုံးကိုဆက်သွယ်မှုလုပ်နိုင်ပြီဆိုတော့ လျှောက်သင့်တယ်ထင်ပါတယ်" ဟု ယခုလဆန်းပိုင်းကမှ အဆိုပါဖုန်းလိုင်းကိုလျှောက်ထားပြီး ယခုသုံးစွဲနေပြီဖြစ်သော ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်တွင်နေထိုင် သူအမျိုးသမီးတစ်ဦးကဆိုသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ၁၉၈၈ ခုနှစ်တွင် တယ်လီဖုန်းရိုးရိုးလိုင်း အင်အား ၇၄၈၅၅ လိုင်းရှိရာမှ ယခု ၂၀၁၀ နှစ်၊ဩဂုတ်လတွင်မူ ဒစ်ဂျစ်တယ်တယ်လီဖုန်းလိုင်းအင်အား ၂၁ လ ၇၂၄၃၄အားတပ်ဆင်ပေးပြီးဖြစ်ကြောင်း ယနေ့ထုတ်နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြထားသည်။ထို့အပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် အများပြည်သူသုံးတယ်လီဖုန်းစင်တာများဖြစ်သည့် (PCO) ဖုန်းများကိုကျေးလက်ဆက်သွယ်ရေးကဏ္ဍအတွက် တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် ဂျီအက်စ်အမ်နှင့် CDMA 450MHz ဖုန်းများကို မိုဘိုင်း စနစ်ဖြင့်တပ်ဆင်ပေးခဲ့ပြီးဖြစ်သည်။ ယခုလအထိ တိုင်းဒေသကြီးနှင့်ပြည်နယ်ပေါင်း တစ်ဆယ့်ရှစ်ခုအတွက်လိုင်းပေါင်း နှစ်သောင်းသုံးရာခုနှစ်ဆယ့်ကိုးခု တပ်ဆင်ပြီးဖြစ်ကြောင်း ယနေ့ထုတ်နိုင်ငံပိုင် သတင်းစာများတွင် ဆက်လက်ဖော်ပြပါရှိသည်။

## ဂျာနယ်ကျော်ဦးမိုးဟိန်း (သားဂျာနယ်ကျော်)ကွယ်လွန်

**အေးသူ**

**ရန်ကုန်၊ စက်တင်ဘာ - ၂၃**



ကွယ်လွန်သူ စာရေးဆရာ၊ သတင်းစာဆရာ၊ အယ်ဒီတာ ဂျာနယ်ကျော် ဦးချစ်မောင်နှင့် ဂျာနယ်ကျော် မမလေးတို့၏ သားအငယ်ဆုံးဖြစ်သူ စာရေးဆရာ၊ ကဗျာဆရာ၊ အင်္ဂလိပ်စာဆရာဂျာနယ်ကျော် မိုးဟိန်း (သားဂျာနယ်ကျော်) သည် လည်ချောင်းကင်ဆာဖြင့် စက်တင်ဘာလ ၂၃ ရက်က ရွှေဂုံတိုင်အထူးကုဆေးခန်းတွင် ကွယ်လွန်သွားခဲ့ကြောင်း ကွယ်လွန်သူ၏ တူတော်စပ်သူ ဦးသိန်းစိုးက ပြောသည်။

"စက်တင်ဘာ ၁၇ ရက်က ဆေးရုံတင်လိုက်တာပါ။ ဝေဒနာအရမ်းမခံစားရပါဘူး။ မကွယ်လွန်ခင်နောက်ဆုံးရေးသွားတာက ကင်ဆာဆောင်းပါးတွေကို ဂျာနယ်တွေမှာ အခန်းဆက်ရေးခဲ့တာပါ။ နောက်ဆုံးအချိန်ဘဝကူးမှာအေးအေးဆေးဆေးပါပဲ" ဟု တူဖြစ်သူ ဦးသိန်းစိုး (သီဟရတနာစာအုပ်တိုက်) ကပြောသည်။

ဂျာနယ်ကျော် ဦးမိုးဟိန်းသည်ဂျာနယ်ကျော် ဦးချစ်မောင်နှင့်ဂျာနယ်ကျော် မမလေး၏ သားသမီး သုံးဦးအနက် သားအငယ်ဆုံးဖြစ်ပြီး အစ်မဖြစ်သူ ဒေါ်ခင်လေးမြင့်မှာလည်း ပြင်သစ်စာထူးချွန်သူဖြစ်ပြီး စာရေးဆရာမတစ်ဦးလည်းဖြစ်ကာ ၂၀၀၇ ခုနှစ်ကကွယ်လွန်သွားခဲ့ပြီ ဖြစ်သည်။ ဂျာနယ်ကျော်မိုးဟိန်းရေးသားခဲ့သောဂျာနယ်ကျော် မိသားစုအကြောင်းကိုရေးသားထားသည့် "ဆင့်၍ဆင့်၍ဆက်၍ ဆက်၍" စာအုပ်မှာ ထင်ရှားသည်။

"မိုးဟိန်းကား မောင်ချစ်ရှိန်ကဲ့သို့မဟုတ်ဘဲ ဖျိုးဖျိုးဖျပ်ဖျပ်ဆိုးဆိုးဆတ်ဆတ်နှင့် အကြောက်အရွံ့ကင်းမဲ့ပြီး သတ္တိရှိလှ၍ "ဒီကောင်ကြီးလာရင် အယ်ဒီတာဖြစ်မှာမဟုတ်ဘူးထင်တယ်"ဟု ဂျာနယ်ကျော်ဦးချစ်မောင်က မှတ်ချက်ချဖူးခဲ့ကြောင်း ဂျာနယ်ကျော် မမလေးရေးသားသည့် "သူလိုလူ" စာအုပ်ကြီးတွင် ရေးသားဖော်ပြခဲ့သည်။ ဦးမိုးဟိန်းသည် သက်သတ်လွတ်စားခဲ့သည်မှာ အနှစ် ၂၀ နီးပါးရှိပြီး ရောဂါကြောင့် အသား စားဖို့ လိုအပ်ခြင်းကိုပင် အစိဌာန် မပျက်ချင်သောကြောင့် စားရန် ငြင်းဆန်ခဲ့သူဖြစ်သည်။

ဦးမိုးဟိန်းသည် ကဗျာရေးသားခြင်း၊ ဆောင်းပါးရေးသားခြင်း၊ ကဗျာများကို မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရာတွင် ထူးချွန်သူတစ်ဦးဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံသံရုံး၊ စီးပွားရေးရာဌာနတွင် အမှုထမ်းခဲ့ပြီး အလုပ်မှနုတ်ထွက်ပြီးနောက် စာရေးသားခြင်းကိုသာ တစ်စိုက်မတ်မတ် လုပ်ကိုင်ခဲ့သည်။ မကွယ်လွန်မီ နောက်ဆုံး ရေးသားထုတ်ဝေခဲ့သောစာအုပ်မှာ "What I See, How I Feel" ဖြစ်ပြီး ဆောင်းပါးနှင့်ကဗျာများကို စုစည်းထားခြင်းဖြစ်သည်။ ဂျာနယ်ကျော်ဦးမိုးဟိန်းသည်အမေရိကန်ပြည်ထောင်စုမှ ချီးမြင့်သည့် ကဗျာဆုကိုလည်း ရရှိခဲ့သည်။ ကွယ်လွန်ချိန်တွင် ဇနီး၊ သား တစ်ဦးနှင့် သမီးတစ်ဦးတို့ ကျန်ရစ် ခဲ့သည်။ ဦးမိုးဟိန်းကို စက်တင်ဘာလ ၂၅ ရက်၊ နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ခဲ့သည်။ ကွယ်လွယ်ချိန်တွင် အသက် ၆၈ နှစ်ရှိပြီဖြစ်ပြီး လည်ချောင်းကင်ဆာဝေဒနာကို ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်၊ မေလဝန်းကျင်ကတည်းက ခံစားနေရခြင်းဖြစ်ကြောင်း တူဖြစ်သူ ဦးသိန်းစိုးက ပြောကြားခဲ့သည်။



7 DAY NEWS JOURNAL
Vol.9, No.28 · SEPTEMBER 30, 2010

# မကွေးနှင့် မင်းဘူးတစ်ဝိုက်တွင် ရာသီဥတုရိုက်ခတ်မှုကြောင့် ပဲ၊ နှမ်းများ ထွက်နှုန်းလျော့ကျ

ယုဇနကိုကို၊အေးသူ

ရန်ကုန်၊စက်တင်ဘာ-၁၈

**မြန်မာနိုင်ငံအလယ်ပိုင်းဒေသများဖြစ်သည့် မကွေးမြို့နှင့်မင်းဘူးမြို့များတွင် ယခုနှစ်အတွင်းဖြစ်ပေါ်ပြောင်းလဲနေသောရာသီဥတုအခြေအနေများကြောင့် ပဲ၊နှမ်းအထွက်နှုန်းများယခင်နှစ်ထက်လျော့ကျနေကြောင်းဒေသခံတောင်သူများထံမှစုံစမ်းသိရှိရသည်။**



မကွေးတိုင်းရှိ ရိတ်သိမ်းပြီးနှမ်းခင်းအချို့ကို စက်တင်ဘာလဆန်းကတွေ့ရစဉ်။


မြန်မာနိုင်ငံ၏ရာသီဥတုအခြေအနေသည် ပူပြင်းပြီးခြောက်သွေ့သည့် အယ်လ်နီညိုရာသီဥတုအခြေအနေနှင့် အေးပြီးစိုစွတ်သည့် ရာသီဥတုအခြေအနေများ ဆက်တိုက်ဖြစ်ပေါ်နေခြင်းကြောင့် ယခုကဲ့သို့ သီးနှံစိုက်ပျိုးခြင်းများအပေါ်တွင် သက်ရောက်မှုများ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း သိရသည်။

ပူပြင်းပြီးခြောက်သွေ့သည့် အယ်လ်နီညို ရာသီဥတုကာလသည် ယခုနှစ်ဦးပိုင်းကာလများတွင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ယင်းရာသီဥတု ပြောင်းလဲဖြစ်စဉ်၏အကျိုးဆက်အနေဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌ မိုးဦးပိုင်းမိုးရရှိမှု နောက်ကျခြင်းနှင့် အချို့ကျေးရွာများတွင် အပူချိန်မြင့်မားပြီး သီးနှံဖျက်ပိုးများကျရောက်ခြင်းများဖြစ် ပေါ်ခဲ့သဖြင့် ယခုကဲ့သို့သီးနှံပေါ် ရိတ်သိမ်းချိန်တွင် အထွက်နှုန်း လျော့ကျရခြင်းဖြစ်ကြောင်းအထက်ပါဒေသခံတောင်သူများကပြောသည်။

“ရာသီဥတုကြောင့်ဖြစ်တာပေါ့လေ။ ဒီလိုနှစ်တော့ကြီးကြီးတို့တစ်ခါမှတော့ကြုံဖူးဘူး။ဒီနှစ်ဒုတိယ ဝါဆိုကာလမှဖြစ်တာပေါ့၊ ဦးပိုင်း မိုးရတာနောက်ကျသွားလို့ဖြစ်တာပါ။အထွက်ကျတော့ဝင်ငွေလျော့တာပေါ့လေ”ဟု မကွေးတိုင်းဒေသကြီးအတွင်းရှိ သပြေစမ်းကျေးရွာ တောင်သူဖြစ်သည့် အသက် ၆၂ နှစ်ရှိပြီဖြစ်သည့် ဒေါ်သန်းမြိုင်က ယခုနှစ်ရာသီဥတုအခြေအနေကြောင့်ဖြစ်ပေါ်လာသည့် သီးနှံအထွက်နှုန်းကိုရှင်းပြသည်။

မကွေးမြို့နယ်အတွင်းရှိကျေးရွာ အများစုတွင် မိုးဦးပိုင်းမိုးရရှိမှု နောက်ကျခြင်းကြောင့် သီးနှံအထွက်နှုန်းလျော့ကျရသော်လည်း မင်းဘူးမြို့နယ်ရှိကျေးရွာအများစုမှာမူ အပူချိန်မြင့်မားခြင်းကြောင့် သီးနှံဖျက်ပိုးများပိုမိုကျရောက်ပြီး အထွက်နှုန်းလျော့ကျရခြင်းဖြစ်ကြောင်းသိရသည်။

“ကျွန်တော်တို့မင်းဘူးဘက်က ကျေးရွာတွေကတော့ရာသီဥတုပူလာလို့ အဖျက်ပိုးတွေပိုကျလာတာပါ။ အဲဒါကြောင့် အထွက်လျော့တာပါ။ ဒါပေမဲ့ စီးပွားရေးကိုထိခိုက်လောက်အောင် ထွက်နှုန်းကျတာမျိုးတော့မရှိပါဘူး။ ပိုးတော့တော်တော်ကျတယ်။ အရင်နှစ်တွေကထွက်နှုန်းနဲ့ယှဉ်ရင်တော့ကျတာပေါ့လေ” ဟုမင်းဘူးခရိုင်၊မောင်းမကန်ကျေးရွာဒေသခံတောင်သူဖြစ်သော အသက် ၂၇ နှစ်ရှိပြီဖြစ်သည့် ကိုဇော်မိုးကပြောသည်။ရာသီဥတုအပေါ်တွင် အမိကမှီခိုလုပ်ကိုင်နေကြရသည့် ယာလုပ်ငန်းများဖြစ်သဖြင့်တောင်သူအားလုံးမှာ မိရိုးဖလာရာသီဥတုတွက်ချက်နည်းများအပြင် ရေဒီယိုလိုင်းများမှ ထုတ်လွှင့်သော မိုးလေဝသသတင်းများကို နားထောင်ပြီး ရာသီဥတုခန့်မှန်းချက်များကိုပြုလုပ်ပြီးမှ စိုက်ပျိုးလေ့ရှိကြောင်းသိရသည်။



တောင်သူဦးသိန်းဌေး

“ဦးကြီးတို့တွေကတော့မိရိုးဖလာနည်းနဲ့ရာသီဥတုတွက်ချက်တာများတယ်။ မေလတစ်ဆယ်ရက်ဝန်းကျင်ဆိုမိုးရွာပြီပေါ့လေ။ အဲဒါဆိုအဲဒီရက်မရောက်ခင် ကြိုပြီးပျိုး ကြဲထားလိုက်တယ်။ အခုနှစ်ကျတော့ မိုးကတစ်လလောက်နောက်ကျသွားတော့ အဲဒီမှာဖြစ်တာပါပဲ။အထွက်နှုန်းကျတယ် ပေါ့လေ။ရာသီဥတုကြောင့်ဖြစ်တာဘယ်သူမှလည်း မတတ်နိုင်ဘူးလေ” ဟုတောင်သူလုပ်သက်အနှစ်လေးဆယ်ကျော်ပြီဖြစ်သည့် သပြေစမ်း ကျေးရွာဒေသခံ တောင်သူဦးသိန်းဌေးကဆိုသည်။

ပြီးခဲ့သည့် ၂၀၀၆ ခုနှစ်ဝန်းကျင်များတွင်ကောင်းမွန်ခဲ့သည်ဟုဆိုသော ပဲ၊နှမ်းစိုက်ပျိုးသည့်ယာလုပ်ငန်းများသည် ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းများမှစပြီးတကမ္ဘာလုံးတွင်ကြုံတွေ့နေရသည့်ရာသီဥတုဖောက်ပြန်မှုများ၏ အကျိုးဆက်များကြောင့် ရာသီဥတုအခြေအနေကို ယခင်ကသို့ ပုံမှန်တွက်ဆမရနိုင်တော့ကြောင်း အထက်ပါဒေသခံတောင်တူများက တညီတညွတ်တည်းဆိုကြသည်။

ယခုနှစ်သီးနှံရာသီတွင် ရာသီဥတုဖောက်ပြန်မှုများကြောင့် သီးနှံအထွက်နှုန်းများကျဆင်းနေရသည်ဟု ဆိုသော မြန်မာနိုင်ငံအလယ်ပိုင်းဒေသများရှိ ကျေးရွာအနည်းစုတွင်မူ မိုးဦးပိုင်းကလာမိုးရေရရှိခြင်းကြောင့်အထွက်နှုန်းများကျဆင်းခြင်းမရှိဟု စုံစမ်းသိရှိရသည်။

# မိုးရွာလို့ ရေဝပ်သွားရင် မြေကြောဖွင့် စနစ်ကို သုံးရပါမယ်

## စိုက်ပျိုးရေးပညာရှင်နှစ်ဦးနှင့် တွေ့ဆုံခြင်း

**ပြည့်သိမ်း၊ အောင်သူရ**

ရန်ကုန်၊ စက်တင်ဘာ-၂၃

မြန်မာ့စိုက်ပျိုးရေးသည် ၂၀၁၀ ခုနှစ်၌ အစွန်းရောက် ရာသီဥတုနှစ်ခုကြားတွင် လှုပ်ရှားနေရသည်။ ဧပြီ၊ မေတွင် အယ်လ်နီညိုရာသီဥတုကြောင့် တစ်နိုင်ငံလုံးအပူချိန်စံချိန်တင်ခဲ့သည်။ သီးနှံစိုက်ခင်းများ ပျက်စီးပြီး စိုက်ပျိုးရေးတွင် လယ်သမားများ ဆုံးရှုံးခဲ့ရသည်။ မျှော်လင့်ချက်ရောင်ခြည်များလည်း ကင်းမဲ့ခဲ့ရသည်။

ယခုတစ်ဖန် လာနီညာရာသီဥတုကလည်း လယ်သမားများကို အခက်အခဲများ တွေ့အောင် ဖန်တီးနေပြန်ပြီ။ ဆောင်းသီးနှံအဖြစ် နှစ်စဉ်ဝင်ငွေကောင်းသည့် စိုက်ပျိုးသီးနှံ ပဲမျိုးစုံကို ခြိမ်းခြောက်ခံနေရသည်။ မြန်မာနိုင်ငံတွင် စပါးသီးနှံပြီးလျှင် တောင်သူများအတွက် ပဲမျိုးစုံ ဒုတိယအားထားသည့် စိုက်ပျိုးသီးနှံဖြစ်သည်။

ထို့ကြောင့် လာနီညာရာသီဥတုကြောင့် အောက်တိုဘာ၊ နိုဝင်ဘာများတွင် မိုးရွာပါက ပဲစိုက်တောင်သူများမည်သို့ ဆောင်ရွက်သင့်သည်ကို စိုက်ပျိုးရေးပညာရှင် ဦးချစ်ဆွေ၊ ဦးသန်းစိုးတို့ကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**ပဲစိုက်တောင်သူများအနေဖြင့် အောက်တိုဘာ၊ နိုဝင်ဘာမှ မိုးလာနီညာရာသီဥတု ကြောင့် မိုးရွာရင်ဘယ်လိုဆောင်ရွက်သင့်ပါသလဲ။**

**ဦးချစ်ဆွေ**- ပထမဆုံးဖြေရမှာ စိမ်မြောင်း၊ ပတ်မြောင်းတွေ တူးထားဖို့လိုတယ်။ ဒါမှ ရေဝင်ရေထွက်ကောင်းပြီး ပဲပင်ရေမနစ်မှာ။ ပြီးရင် မိုးရွာလို့ ရေဝပ်သွားရင် မြေကြောဖွင့်စနစ်ကိုလည်း သုံးရမယ်။ မြေကျပ်သွားရင် အထွက်နှုန်းက ထိခိုက်သွားနိုင်တယ်။ တစ်ဧက အထွက်နှုန်းလျော့သွားမယ်။ အရေးကြီးတဲ့ အချက်တစ်ခုက တစ်ဧကသတ်မှတ် ပမာဏထက် မျိုးကို ပိုမကြဲသင့်ဘူး။ အပင်တွေ အရမ်းကျပ်သွားရင် အထွက်နှုန်းကို ထိခိုက်နိုင်တယ်။

**ပဲစိုက်ချိန်မှာ မိုးရွာရင် တစ်ဧကမှာ မျိုးပဲကို ပမာဏ ဘယ်လောက်ထိ စိုက်လို့ရပါသလဲ။**

**ဦးချစ်ဆွေ**- မတ်ပဲ၊ ပဲတီစိမ်းက အပင်အနေနဲ့ တစ်ဧကမှ တစ်သိန်းလောက်ပဲ ရှိသင့်တယ်။ မျိုးပဲကို ၈ ပြည်နဲ့ ၁၀ ပြည်ပဲ သုံးသင့်တယ်။ အပင်တစ်သိန်းဆိုရင် အစေ့က အနည်းဆုံး ၁၅ တင်းနဲ့ တင်း ၂၀ ကြား ထွက်နိုင်တယ်။ သာမန်နှစ်တွေလို အပင်တွေ ပြွတ် သိပ်နေရင်တော့ ပိုးမွှားနဲ့ ရောဂါကျရောက်မှုကဆိုးပြီး အထွက်နှုန်းကျသွားမှာကို သတိပြု သင့်တယ်။

**ပဲစိုက်ပြီးချိန်မှာ မိုးရွာရင် အပင်တွေက ဘယ်လိုဖြစ်လာနိုင်ပါသလဲ။**

**ဦးချစ်ဆွေ**- အပင်က ၁၀ ရက်သား၊ ၁၅ ရက်သားမှာ မိုးကြီးမိသွားရင် ခါးမြတ်ပြီး အပင်မသန်တော့ဘူး။ အသီးအထွက်လျော့သွားမယ်။ နောက်ပြီး မြစ်ဆွေးပုပ်ရောဂါတို့၊ မြစ်ဆွေးခြောက်ရောဂါတို့လည်း ဖြစ်တတ်တယ်။ အပင်တွေ အရမ်းကျပ်နေရင် ဖားဥမှိုရောဂါတွေလည်း ဖြစ်လာမယ်။

**ဒီလိုရောဂါတွေမကျအောင် ဘယ်လိုကာကွယ်လို့ရမလဲ။**

**ဦးသန်းစိုး**- ကာကွယ်ဖို့အတွက်ကတော့ မျိုးစေ့မှိုရောဂါသတ်ဆေး လူးနယ်ပြီး စိုက်လို့ရတယ်။ အပင်မှာ ရောဂါကျရင်လည်း ရောဂါကာကွယ်ဆေးကို နှစ်ကြိမ်လောက်ဖျန်းပေးဖို့ လိုတယ်။ ဒီမှာ တောင်သူက မကြာခဏမှားတတ်တာရှိတယ်။ ဒါက ရောဂါနဲ့ ပိုးကျတာကို မခွဲတတ်ဘူး။ သိသာတဲ့ခွဲခြားမှုက အပင်တွေ ဝါနေရင် ရောဂါကျတာပဲ။ ရောဂါကျတာကို ပိုးသတ်ဆေးဖျန်းရင် နှစ်ဆလောက် အထိနာသွားမယ်။

**လာနီညာရာသီဥတုကဲ့သို့ နောက်မိုးများတဲ့နှစ်မှာပဲ ပဲစိုက်မယ်ဆိုရင် ဘယ်လိုစနစ်နဲ့ စိုက်သင့်ပါသလဲ။**

**ဦးသန်းစိုး**- အကောင်းဆုံးနည်းက တော့ ထွန်ယက်ပြီး စိုက်ပျိုးတဲ့နည်းပဲ။ ပဲစိုက်ပျိုးမှုမှာ သုံးမျိုးရှိတယ်။ စိုက်ချိန်ရာသီနောက်ကျပြီး မြေကပြင်စရာ မလိုရင် စပါးစိုက်ခင်းထဲမှာပဲ ပဲကိုကြဲစိုက်ကြတယ်။ မြေပြင်မှာ ရေအစိုဓာတ်များနေရင် ထွန်ပြီး မျိုးစေ့ချစိုက်နည်းက ကောင်းတယ်။ ဒါက ခါးခုတ်စိုက်တဲ့နည်းပဲ။ လက်တွန်းထွန်စက်နောက်မှာ ထွန်သွားနဲ့ မြေကိုတစ်ခါတည်းခုတ်၊ မျိုးကြဲပြီး ထပ်ခုတ်စိုက်တဲ့နည်းပဲ။

**စိုက်ပျိုးထားချိန်မှာ မိုးရွာရင် မိုးရေချိန်ပမာဏဘယ်လောက်ဆိုရင်ပျက်စီးနိုင်ပါသလဲ။**

**ဦးချစ်ဆွေ**- တစ်ကြိမ်ရွာတဲ့ မိုးရေချိန်လက်မပေါ်မှာ မူတည်တယ်။

စာ(၁၂)သို့

# ဖောင်တော်ဦး ဘုရားလှည့်လည်နိုင်ရန် နန်းတူးဖော်မှုများ ပြုလုပ်

**အိဖြူမွန်**

ရန်ကုန်၊ စက်တင်ဘာ - ၂၃

ယခုနှစ်တွင် စံချိန်တင် ရေကျဆင်းခဲ့သော အင်းလေးကန်တွင် နှစ်စဉ်ကျင်းပနေကျ ဖောင်တော်ဦးဘုရား လှည့်လည်ရန် ချောင်းပေါင်းဆုံ နုန်းတူးဖော်မှုများပြုလုပ်ခဲ့ရကြောင်း အင်းလေး ဖောင်တော်ဦး ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဖောင်တော်ဦး ဘုရားလှည့်လည်ရန်အတွက် နှစ်စဉ် ချောင်းငါးချောင်းကို ပုံမှန်ပြန်လည်တူးဖော်ရပြီး ယခုနှစ်၌ သုံးနှစ်တစ်ကြိမ်တူးဖော်ရသော် ချောင်းတစ်ချောင်းကိုပါ ထပ်မံတူးဖော်ရကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

“ဖောင်တော်ဦးဘုရားကို အင်းထဲက ကျေးရွာတွေဖူးမြော်ရတဲ့ ဘုရားရေလမ်းက သီးသန့်ရှိပါတယ်။ အခုတူးဖော်ရတဲ့ ရေလမ်းတွေကလည်း နဂိုရှိပြီးသား ရေလမ်းတွေကိုပဲ တူးဖော်ရတာပါ” ဟုအထက်ပါပုဂ္ဂိုလ်ကပြောသည်။

ယင်းရေလမ်းကြောင်း တူးဖော်မှုကို ဖော်တော်ဦးဘုရားဂေါပကအဖွဲ့နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ညောင်ရွှေမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ ပူးပေါင်းတူးဖော်ခြင်းဖြစ်သည်။

နှစ်စဉ်နုန်းတူးဖော်ရသော ချောင်းများမှာ လင်းကင်း-ပွဲစားကုန်း၊ ခေါင်တိုင်-နန်းသဲ၊ နန်းသဲ- အိမ်ဒေါင်ကြီး၊ မိုင်းသောက-သလဲ ဦးအင်းပေါ်ခုံ-ရေသာတို့ဖြစ်ပြီး သုံးနှစ်တစ်ကြိမ် တူးဖော်ရသော ချောင်းမှာ မိုင်းဗျို-နောင်တောသို့ကြွချီရာ နောင်တောချောင်းဖြစ်သည်။

အင်းလေးဖောင်တော်ဦး ဘုရားပွဲကို အောက်တိုဘာလ မြန်မာလတန်ဆောင်မုန်းတွင် နှစ်စဉ် ကျင်းပနေကျဖြစ်ပြီး မည်မျှရေနည်းပါစေ ဘုရား၏ တန်ခိုးတော်ကြောင့်နှစ်စဉ် ကျင်းပခါနီး၌ မိုးရွာသွန်း၍ ဘုရားလှည့်လည်ရန် ကန်ရေဖြည့်ခြင်းဖြစ်ကြောင်းကို အင်းလေးကန်၌နေထိုင်ကြသော ဒေသခံများက ယုံကြည်ကြသည်။

Life
7 DAY NEWS JOURNAL
Vol.9, No.28 • SEPTEMBER 30, 2010

"မြိုင် ပရဟိတ သီလရှင် သင်ပညာရေးကျောင်း" ၏ ပဓာန နာယကဆရာကြီး "ဒေါ်သုနန္ဒာ" ... အမုန်မူ သိက္ခာသမာဓိနှင့် ဂုဏ်ကို ဖယ်၍ဆိုရလျှင် ဆရာလေးဒေါ်သုနန္ဒာဟုသာ ခေါ်ဝေါ်သတ်မှတ်ရမည်ဖြစ်၏။

# မေတ္တာဝေသော မြိုင်ပရဟိတကျောင်း


ဓာတ်ပုံ - သင်းရီ

သင်းရီ

ဆရာလေး၏ အသက်က လေးဆယ်သာရှိသေးသည်။ အသားညိုညိုဒေါင်ကောင်းကောင်း တုတ်တုတ်ထည်ထည်နှင့်ခန့်ခန့် ဖြစ်သည်။ သို့သော် ဆရာလေး ဒေါ်သုနန္ဒာ၏ ကျန်းမာရေးက ဒေါင်ဒေါင်မြည်ကြီး မဟုတ်လှ။ သက်သာပျောက်ကင်းကာစ နှလုံးရောဂါနှင့်မို့ သတိနှင့် နေနေရတာမျိုးဖြစ်သည်။ လွန်ခဲ့သည့် လေးငါးနှစ်ကမူ သည်ရောဂါက ဆရာလေးကို အတော်ကြီးပင် ဖိစီးနှိပ်စက်ခဲ့ဖူးသေး၏။

ယခုတော့ ကိုယ့်ကိုယ်ကိုယ် တာဝန်ပေး၍ ကိုယ့်ဘာသာကိုယ် ရှာဖွေရယူထားခဲ့သော များပြားလှသည့် တာဝန်ဝန်ထုပ်ဝန်ပိုးများထဲတွင် စိတ်ရောကိုယ်ပါနှစ်ထားရ၍ပင်လားမသိ ရှိနေဆဲရောဂါသည်ပင် ထိုစိတ်ဆောင်မှု အင်အားကြောင့် သက်သာပျောက်ကင်းတော့မလို ရှိသည်။ သို့သော် နှလုံးနှင့်ပတ်သက်သည့် ဆေးများ ကိုမူ နေ့စဉ်အချိန်မှန် သောက်သုံး နေရဆဲဖြစ်၏။

ကျန်းမာရေးအခြေအနေ ကမည်သို့ပင်ရှိနေသော်လည်း ဆရာလေးဒေါ်သုနန္ဒာပခုံးပေါ်၌ ဆောင်ရွက်ဆဲ တာဝန်ဝတ္တရားများနှင့် ဆက်လက်၍တိုးချဲ့လုပ်ဆောင်ရန် ရည်မှန်းထားချက်များကမူ ပိုမို၍ပင် လေးပင်များပြားလာနေဆဲရှိလေသည်။

မြိုင်ပရဟိတသီလရှင်ကျောင်း၏ အရိပ်အာဝါသတွင် ချင်းပြည်နယ်မှ ချင်းတိုင်းရင်းသူသီလရှင်လေးများအပါအဝင် ယောဆောနှင့် အနယ်နယ်အရပ်ရပ်မှ ရောက်ရှိနေကြသောသီလရှင်အပါး ခုနစ်ဆယ်ကျော်ရှိသည်။

ထို့အပြင် မိဘမဲ့၊အဖမဲ့၊ အမိမဲ့၊ ဆင်းရဲနွမ်းပါးသူ စသည်ဖြင့် ကလေးငယ်များကလည်း ခုနစ်လသားအရွယ်မှသည် ဆယ်နှစ်သမီးလေးများအရွယ်ထိ ပုစုခရုနှင့်က အယောက်နှစ်ဆယ်ကျော် ရှိနေသေးသည်။ ထို့ကြောင့် သူတို့လေးတွေအားလုံးစုစုပေါင်း ၁၀၀ နီးပါး၏ နေရေးထိုင်ရေး၊ စားရေးဝတ်ရေးမှအစ ကျန်းမာရေးပညာရေးအထိ တာဝန်များကို ဆရာလေးဒေါ်သုနန္ဒာက စေတနာမေတ္တာအနန္တဖြင့် ဝမ်းမြောက်ဝမ်းသာပင် ထမ်းပိုးထားလျက်ရှိသည်။

ထိုမျှပင် မကသေး၊ မြိုင်ပရဟိတကျောင်းလေး၏ ပတ်ဝန်းကျင်ရှိအများစုမှာ ဆင်းရဲနွမ်းပါးကြသူ လက်လုပ်လက်စားများသာ ဖြစ်ကြသဖြင့် စားရေးကပင် အနိုင်နိုင်ရှိကြသည်။ ထို့ကြောင့် ကျောင်းတက်၍ ပညာသင်ကြားရမည့်အရွယ်သို့ရောက်နေသည့် သားငယ် သမီးငယ်လေးများကိုပင် ကျောင်းထားမပေးနိုင်ကြ။ သည်အကြောင်းကို ဆရာလေးဒေါ်သုနန္ဒာ နေ့စဉ်နှင့်အမျှ လိုတွေ့မြင်ကြားသိနေရသောအခါ ထိုကလေးငယ်များအပေါ် ဆရာလေး ကရုဏာ သက်မိပြန်လေသည်။

သည်အတွေးနှင့်ပင် ဆရာလေးဒေါ်သုနန္ဒာက သီလရှင်သင်ပညာရေး အခမဲ့စာသင်ကျောင်းလေးပါ ပူးတွဲဖွင့်လှစ်လိုက်သည့်အခါ ကိုရင်ငယ်၊ သီလရှင်ငယ်လေးများ အပါအဝင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူပေါင်း ၅၀၀ နီးပါးသည်လည်း မြိုင်ပရဟိတအခမဲ့ပညာသင်ကျောင်း၏ အရိပ်အာဝါသပရိဝုဏ်သို့ ရောက်ရှိလာခဲ့ပြန်သေး၏။

မြိုင်သီလရှင်သင် ပညာရေးကျောင်းသို့ ရောက်လာသည့် ကျောင်းသားတစ်ဦးစီ အတွက်စာအုပ်စာတမ်း၊ ခဲတံ၊ ဘောပင်မှအစ ဆရာလေးကပင် တာဝန်ယူ ဒါနပြုရပြန်လေသည်။

ထို့ကြောင့် ဆရာလေးဒေါ်သုနန္ဒာထမ်းရွက်ထားသော တာဝန်ဝတ္တရားများကမသေးလှ။ ထိုမသေးလှသည့် တာဝန်ဝတ္တရားများကို မည်သူကမျှလာရောက်၍ ပေးအပ်ခဲ့သည်မဟုတ်။ အသက်နှစ်ဆယ်တွင် သီလရှင်ဝတ်ခဲ့သော ဆရာလေးဒေါ်သုနန္ဒာ၏ရင်တွင်း၌ ငယ်စဉ်ကတည်းကပင်ပရဟိတစိတ်တို့အစပျိုးကိန်းဝပ်လာခဲ့ခြင်းကြောင့်သာဖြစ်လေ၏။

ဆရာလေး ဒေါ်သုနန္ဒာ၏ ဇာတိက စစ်ကိုင်းတိုင်းမြိုင်မြို့၏ အရှေ့ဘက်တစ်မိုင်မျှ အကွာအဝေးလောက်ဆီမှ ပေါက်ပြင်းရွာလေးဖြစ်သည်။ တကယ်တော့ ဆရာလေး၏ ဘာသာရေးလေ့လာလိုက်စားလိုသည့် အထုံပါရမီစိတ်နှင့်ပရဟိတစိတ်တို့က ဆရာလေး၏ မိဘနှစ်ပါးထံမှ အမွေရခဲ့ခြင်းဖြစ်လေသည်။ ဆရာလေး၏ မိဘနှစ်ပါးဖြစ်သော ဦးပု နှင့် ဒေါ်ပေါ တို့ကသူလိုငါလိုသာမန်လူတွေနှင့် မတူခဲ့ကြသော ထူးထူးခြားခြား ပုဂ္ဂိုလ်တွေဖြစ်ကြသည်။

ဦးပုနှင့်ဒေါ်ပေါတို့သည် အိမ်ထောင်ဦးကျစမှစတင်ကာ တစ်နှစ်ပတ်လုံးတွင်ကိုးလသာလောကီအကျိုးစီးပွား အလုပ်ကိုလုပ်ကြလျက်ကျန်သုံးလကိုမူ ပုပ္ပား၊ ပုဂံ၊ ညောင်ဦး စသည့်ဘုရားပုထိုးများ၏အရိပ်သို့သွားရောက်ကာ ယောဂီဝတ်ဖြင့်လောကုတ္တရာ အကျိုးဖြစ်သည့်ဘာသာရေးအလုပ်သက်သက်ဖြစ်သော ဝိပဿနာတရားကို ပွားများအားထုတ်လေ့ရှိကြသူများဖြစ်၏။

"အဖေတို့ အမေတို့က အိမ်ထောင်မကျကြခင်ကတည်းက ဘုရားတရားကို အလွန် လေးစားကြည်ညိုကြသူတွေဆိုတော့ အိမ်ထောင်ပြုကြပြီးတော့လည်း တစ်နှစ်ကို သုံးလယောဂီဝတ်နဲ့တရားအားထုတ်ကြတာ။ ဆရာလေးကို မွေးတဲ့အထိပေါ့။ ဆရာလေးကိုက အဖေတို့အိမ်ထောင်သက် ဆယ့်ငါးနှစ် ကျမှမွေးတာလေ. . ."

စာ(၁၁)သို့

## ဈေးဝယ်ထွက်မယ်

# လက်ရက်ကန်းနဲ့ပြုလုပ်ထားတဲ့ အသုံးအဆောင်လေးတွေ

အိဖြူလွင်

မြန်မာ့လက်မှုအနုပညာလက်ရာဆိုတာ မြန်မာများသာမက နိုင်ငံတကာကပါ တန်ဖိုးထားတတ်အရာဖြစ်ပါတယ်။

လက်မှုပညာကို တန်ဖိုးထားမြတ်နိုးကြသူတွေကြားမှာ အနုပညာတစ်ရပ်အနေနဲ့ အဆင့်မြင့်သလို ဈေးနှုန်းအားဖြင့်လည်း သင့်တင့်မျှတတဲ့ပစ္စည်းတွေ လက်တွေ့မှာလည်း အသုံးဝင်မှုတွေကြောင့် မြန်မာ့လက်မှုပစ္စည်းတွေက နာမည်ကျော်တာပါ။

ဒါကြောင့် ဒီတစ်ပတ်မှာ ရခိုင်ပြည်နယ်က လက်ရက်ကန်းနဲ့ ပြုလုပ်ထားတဲ့ လှူအသုံးအဆောင်ပစ္စည်းတွေ ဝယ်ယူလို့ရနိုင်မယ့် နေရာကို လမ်းညွှန်ပေးချင်ပါတယ်။


လက်မှုအနုပညာဖြစ်တဲ့အပြင် အသုံးပြုတဲ့ပစ္စည်းတွေကလည်း သဘာဝရဲ့ ထွက်ကုန်စစ်စစ်တွေနဲ့ ပြုလုပ်ထားတာကြောင့် အမြင်လည်း ဆန်း၊ သဘာဝအရသာ အစစ်နဲ့ ခံစားနိုင်မယ့် ဒီပစ္စည်းတွေက ထမင်းစားပွဲသုံးအောက်ခံအပူပြားအရွယ်စုံ၊ နေရောင်ကာ ယင်းလိပ်၊ ကော်ဇောကြမ်းခင်းမျိုးစုံတို့ပဲ ဖြစ်ပါတယ်။

ဝါးအချောင်းလေးတွေကို ချည်နဲ့ရောပြီး လက်ရက်ကန်းစင်မှာ ရက်လုပ်ထားတဲ့ ဝါးနဲ့ပြုလုပ်တဲ့ အပူခံပြားနဲ့ ယင်းလိပ်တွေ၊ ဂုန်လျှော်နဲ့ မြက်ကို အသုံးပြုပြီး ချည်နဲ့ရော ရက်လုပ်တဲ့ကြမ်းခင်းကော်ဇောဆိုဒ်စုံနဲ့ ယင်းလိပ်အရွယ် စုံတွေက မြင်ရသူတိုင်းရဲ့ စိတ်ကို အေးချမ်းစွာနဲ့ ဆွဲဆောင်နိုင်မှာ


ဓာတ်ပုံ - အိဖြူလွင်







အသေအချာပါ။

ဝါးကို ပေါင်းပြီးမှ အသုံးပြုတာဖြစ်လို့ မှိုတက်သွားမှာလည်း မစိုးရိမ်ရဘဲ တိုင်းရင်းသားတို့ရဲ့ ရိုးရာအဆင်တွေကို ရက်လုပ်ထားတဲ့ ဒီပစ္စည်းတွေက ရခိုင်ပြည်နယ် သံတွဲမြို့တစ်မြို့တည်းမှာပဲ ပြုလုပ်တာပါ။

နိုင်ငံခြားသားတွေက အများဆုံး နှစ်သက်ပြီး နိုင်ငံခြားသား အလာများတဲ့ဟိုတယ်တွေမှာ အသုံးများကြပေမယ့် ပြည်တွင်းက လူတန်းစားအလွှာပေါင်းစုံ ဝယ်ယူနိုင်တဲ့ ဈေးနှုန်းတွေနဲ့ပဲ ရောင်းတာကြောင့် ပရိသတ်ကြီးအတွက် ဝယ်ယူလို့ အဆင်ပြေပါလိမ့်မယ်။

ဒီပစ္စည်းတွေကို ရန်ကုန်မြို့မှာဆိုရင် ဗိုလ်ချုပ်အောင်ဆန်းဈေး ဗဟိုရုံ ဆိုင်အမှတ် ၁၀၁၊ ၁၀၂ မှာ ဝယ်ယူနိုင်ပြီး ပုဂံမှာဆိုရင်တော့ သဗ္ဗညုစေတီတော်အနီးက ဆိုင်တွေမှာ ရနိုင်ပါတယ်။

လုပ်ငန်းအဖွဲ့အစည်းတွေ အနေနဲ့ ကိုယ်ပိုင်ဒီဇိုင်းတွေနဲ့ အရွယ်အစားမျိုးစုံကို မှာချင်တယ်ဆိုရင်လည်း အော်ဒါလက်ခံပြီး စိတ်ကြိုက်ဆောင်ရွက်ပေးတယ်လို့ သံတွဲမြို့ရှိ လုပ်ငန်းရှင်ထံမှ သိရသည်။ အော်ဒါမှာချင်သူတွေအတွက် ဖုန်းနံပါတ် ၀၄၃-၆၅၁၅၆ ကို မှာကြားနိုင်ပြီး ပရိသတ်ကြီးအတွက်လည်း အဆင်ပြေမယ်လို့ မျှော်လင့်ပါတယ်။

7 DAY NEWS JOURNAL
Vol.9, No.28 • SEPTEMBER 30, 2010


ဓာတ်ပုံ - သန်းဌေး

# လေးမျက်နှာမြို့နယ် အိုင်သပြုတိုက်နယ်ဆေးရုံတွင် သမီးမိန်းကလေးသုံးမြွှာပူးမွေးဖွား

**သန်းဌေး**

**အိုင်သပြု၊ စက်တင်ဘာ - ၂၄**

ယခုလ ၂၂ ရက် ဗုဒ္ဓဟူးနေ့ ည ၉ နာရီခွဲအချိန်တွင် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အိုင်သပြုတိုက်နယ်ဆေးရုံ၌သုံးမြွှာပူးကလေး မွေးဖွားခဲ့ကြောင်း တိုက်နယ်ဆရာဝန်ကြီး ဒေါက်တာကျော်မိုးနိုင်ကပြောသည်။

"ဒီနှစ်ထဲမှာ သုံးမြွှာပူးမွေးတာ နှစ်ခါရှိပြီ နှစ်ဆန်းပိုင်းကလည်းမွေးဖူးတယ်"ဟု တိုက်နယ်ဆရာဝန်ကြီးက ပြောသည်။

သုံးမြွှာပူးမှာ သမီးမိန်းကလေးများသာဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး မိနစ်ပိုင်းသာခြားကာ ဗိုက်ခွဲမွေးဖွားခဲ့ခြင်းဖြစ်ပြီး မိခင်ဖြစ်သူမှာ ကျန်းမာလျက်ရှိကြောင်း သိရသည်။

"ဒါသားဦးပါ အိမ်ထောင်ကျကတည်းက ကလေးလိုချင်တာ။ လေးနှစ်ကြာမှမွေးတာ၊ဆရာဝန်တွေက ဟသ်ာတမှာ သွားပြီးအာထရာဆောင်း ရိုက်ပါဆိုလို့ ရိုက်ကြည့်တော့ နှစ်ယောက်ကမိန်းကလေးသေချာတယ်၊ နောက်တစ်ယောက်ပါရှိနေသေးတယ်လို့ ပြောကြတယ်"ဟု ဘုတ်ချောင်းကျေးရွာအုပ်စု ထိန်ကျော်ကျေးရွာနေ အသက် ၂၈ နှစ်အရွယ်ရှိ မိခင်ဖြစ်သူ မခိုင်ခိုင်ဝင်းက ဝမ်းသာစွာပြောသည်။

ယခုမွေးဖွားခဲ့သော ကလေးများထဲတွင် တစ်ဦးမှာ သုံးပေါင်သာရှိသော်လည်း ကျန်နှစ်ဦးမှာ သုံးပေါင်ခွဲစီရှိကာ ကျန်းမာလျက်ရှိကြောင်းတွေ့ရသည်။

"ကျွန်တော် တော်တော်ပျော်တယ်"ဟု သုံးမြွှာပူးတို့၏ ဖခင်ဖြစ်သူ ကိုခိုင်မြင့်ထွန်းက သူ၏အောင်မြင်မှုအပေါ် ပြောပြသည်။

၎င်းတို့မှာ တောသူတောင်သားများဖြစ်သောကြောင့် ဆေးရုံရောက်ရှိစဉ်တွင်အလှူရှင်များက ဝမ်းမြောက်ဝမ်းသာစွာ လာရောက်လှူဒါန်းကြသည်များလည်းရှိကြောင်း သိရသည်။

"ကျွန်မတို့ဆေးရုံမှာ သုံးမြွှာပူးမွေးနေကျပါ၊ ဒီနှစ်ဆန်းပိုင်းကလည်းမွေးဖူးတယ်၊ ရွာထဲမှာ မွေးတဲ့သုံးမြွှာပူးဆို အခု ၁၀ နှစ်ကျော်တောင်ရှိနေပြီ" အိုင်သပြုတိုက်နယ်ဆေးရုံမှ တာဝန်ကျ သူနာပြုဆရာမတစ်ဦးကလည်း ဂုဏ်ယူစွာပြောကြားသည်။

# စီးတီးမတ်ဆိုင်ခွဲသစ် ဂျန်းရှင်းမော်တင်တွင် ဖွင့်လှစ်

**အေးသူ**

**ရန်ကုန်၊ စက်တင်ဘာ -၂၂**

စီးတီးမတ်စူပါမားကက်၏ ၁၁ဆိုင်မြောက်ဆိုင်ခွဲသစ်ကို ဂျန်းရှင်းစင်တာမော်တင်တွင် ယခုလ၁၀ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ဈေးဝယ်သူများ ငွေရှင်းရာတွင် လွယ်ကူအဆင်ပြေစေရန် ငွေရှင်းကောင်တာ ကိုးခုထားရှိပေးထားကြောင်း သိရသည်။

ထပ်မံဖွင့်လိုက်သည့် ယင်းဆိုင်ခွဲတွင် စားသောက်ကုန်အမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များအပြင် ပြည်တွင်းပြည်ပထွက် သစ်သီးဝလံသီးနှံအမျိုးမျိုး၊ အသင့်ချက်ပြုတ်စားသုံးနိုင်သော အသား၊ ငါးနှင့်ပင်လယ်စာများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သန့်ရှင်းရေးသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ စသည့် လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ၊ နိုင်ငံတကာမှ အလှကုန်တံဆိပ်အမျိုးမျိုးကို ရောင်းချပေးမည်ဖြစ်ပြီး စီးတီးမတ်စူပါမားကက်များတွင် နှစ်ပတ်တစ်ကြိမ်ပြုလုပ်နေကျ ပရိုမိုးရှင်းပွဲများကို မော်တင်ဆိုင်ခွဲ၏ပရိုမိုးရှင်းဧရိယာတွင် ခင်းကျင်းပေးထားမည်ဖြစ်ကြောင်းသိရသည်။

စီးတီးမတ်၏ စီးတီးဂစ်ဘောက်ချာများကိုလည်း အခြားဆိုင်ခွဲများနည်းတူ မော်တင် စီးတီးမတ်ဆိုင်ခွဲတွင် သုံးစွဲနိုင်ကြောင်းသိရသည်။






7 DAY NEWS JOURNAL
Vol.9, No.28 · SEPTEMBER 30, 2010

## စာ-၈၊ မေတ္တာဝေသောမြိုင်ပရဟိတကျောင်း မှ

သားသမီးရလာပြီဆိုသည့် နောက်တွင်တော့ ဆရာလေး၏ မိဘနှစ်ပါးမှာ ယခင်ကနှယ် ပုပ္ပား၊ ပုဂံတို့သို့တမင်တဆင်သွားရောက်၍ တရားအားမထုတ်နိုင်ကြတော့။ သို့သော်လည်း ပေါက်ပြင်းရွာနှင့် အတန်ငယ်မျှဝေးသည့်သီးပင်စားပင်နှင့် အရိပ်အာဝါသကောင်းလှသော ဆရာလေးတို့ခြံထဲမှ အိမ်တွင်ဘာသာရေး၊ ကုသိုလ်ရေးအလုပ်တို့ ကင်းကွာသွားသည်မရှိခဲ့။ ဝါတွင်းသုံးလပတ်လုံး ရှစ်ရက်လပြည့် ဥပုသ်နေ့တိုင်းတွင် ရွာဦးကျောင်းဆရာတော်ထံမှ သီလယူပြီးပြန်လာကြသူ မိတ်ဆွေသင်္ဂဟများက တောခလေ့ဘာဝလှည်းတွေဖြင့်လာကြလျက် ဆရာလေးတို့အိမ်တွင် ညဥ့်အိပ်ညဥ့်နေဖြင့် စုပေါင်းတရားထိုင်တတ်ကြသည်။ ထိုသို့ တရားထိုင်ကြသူများကို ဆရာလေး၏ မိဘများက နောက်တစ်နေ့နံနက်ဥပုသ်ထွက်အရုဏ်စာအဖြစ် မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲစသည်ဖြင့် ဒါနပြုလေ့ရှိကြသည်ကိုလည်း ဆရာလေး ငယ်စဉ်ကတည်းကပင် မှတ်မှတ်သားသားရှိခဲ့ရ၏။

ထိုမျှလောက် ဘာသာတရား လေ့လာအားထုတ်သည့် မိဘနှစ်ပါးမှဖွားမြင်ခဲ့သည်ဆိုသည့်အခါ ဆရာလေးဒေါ်သုနန္ဒာလည်း လူမှန်းသိတတ်စ ငယ်စဉ်ကတည်းကပင် ကြီးလာလျှင်သီလရှင်ဝတ်မည်ဟု သန္နိဋ္ဌာန်ချထားခဲ့သူဖြစ်လာလေတော့၏။

ဆရာလေး၏ မိဘများက မပူမပင်မကြောင့်မကျနေနိုင်သည့် ကျေးလက်ကြေးရတတ်များဟု ဆိုရပေမည်။ ဆရာလေးတို့ပိုင်သော ထန်းအပင် ၅၀၀ကျော်ရှိသည့်ခြံကွက်ကြီးတစ်ကွက်တည်းမှ ထွက်သော ထန်းလျက်ကပင် ဆရာလေးတို့မိသားဖသားသုံးယောက်ကို ဖူဖူလုံလုံရှိသည်။ နှမ်းနှင့် မြေပဲစိုက်သော ယာကွက်လည်း ရှိနေသေးသည်ဆိုသည့်အခါလှူလိုတန်းလိုပေးလိုကမ်းလိုသမျှ စိတ်သွားရာကိုယ်ပါနိုင်ကြသူတွေလည်းဖြစ်လေ၏။

ထန်းအပင် ၅၀၀မှ ထွက်သောထန်းလျက်က ထန်းလုပ်သားနှင့် တစ်ယောက်တစ်ဝက်ဆိုသော်လည်းကိုယ်တွက်ကျန်သည်ကမနည်းလှ။ ထိုအထဲကမှပိဿာချိန် ၅၀၀လောက်ကို ဆရာလေး၏မိဘများက မရောင်းဘဲ တမင်ချန်ထားတတ်သေး၏။ ထိုပိဿာချိန်၅၀၀ကလိုအပ်လို့စားလိုသူများကို ဝေဖို့ငဖို့ပေးဖို့ ကမ်းဖို့ဖြစ်သည်။ အယုတ်အလတ်အမြတ်မရွေး စားလို၍တောင်းလျှင်ပေးသည်။

တကယ်တမ်း ကာလပေါက်ဈေးနှင့်တွက်ကြစို့ဆို ထန်းလျက်အချိန် ၅၀၀၏တန်ဖိုးကသေးလှသည်မဟုတ်။ ထိုတန်ဖိုးကိုဟိုနည်းနည်းသည် နည်းနည်းပေးကမ်း ပစ်ခြင်းဖြင့်မှတ်မှတ်သားသား အရာမထင်ဘဲ နှစ်စဉ်နှစ်တိုင်းပျောက် ပျက်သွားနေသလိုမျိုးဟု ဆရာလေးငယ်စဉ်က ထင်ခဲ့ဖူးသည်။ ဆရာလေး၏ဆန္ဒကမှတ်မှတ်သားသားအရာထင်ထင်ဖြစ်အောင် ကျောင်းဆောက်၍လှူသလို၊ သိမ်ဆောက်၍လှူသလိုမျိုးလှူစေချင်သည်။ သို့သော်. . .

"ကျောင်းဆောက်သိမ်ဆောက်ပြီး လှူတာလည်းကောင်းပါတယ်. . ဒါပေမဲ့ ထန်းလျက်ကလေးမှ ဝယ်မစားနိုင်ရှာလို့ တကယ်စားချင်စိတ်ကြောင့် ဒါမှမဟုတ်လည်း ဆေးလိုဝါးလိုလာပြီးတောင်းတဲ့ သူကိုပေးရလှူရတာလည်း မျက်မြင်အရထုနဲ့ထည်နဲ့မရှိပေမယ့် မွန်မြတ်တဲ့အလှူပါပဲ. . "ဟုဖခင်ဖြစ်သူ ပြောခဲ့သောစကားက ဆရာလေးနား၌စွဲနေခဲ့၏။

ထို့ပြင့် တစ်ခုသော မိသားစုထမင်းဝိုင်းတွင် ဆရာလေး၏ ဘဝ၌ တစ်ခါမျှမကြုံဖူးမတွေ့ဖူးသော ပျော့ပြဲပြဲဆန်ကွဲထမင်းကို တွေ့ရသဖြင့် ဆရာလေးအံ့ဩသည်။ သည်လိုထမင်းမျိုး တစ်ခါမျှမစားဖူးခဲ့။ ဆန်ကာအထပ်ထပ်ချထားသော အိနေအောင်လှသည့် ထမင်းကိုမှ ဆရာလေးတို့စားခဲ့ဖူး သည်။ သို့သော် သည်နေ့ကျခါမှ ဆန်ကွဲထမင်းနှင့်ကြုံရသည်။

"စားစရာဆန်မရှိလို့တဲ့ အမေ့ဆီဆန်လာချေးတာကွယ့်။ အိမ်မှာကလည်း ဆန်မဝယ်ရသေးလို့ ပြာပြီးတီးပြီးက တစ်ပြည်ပဲရှိတော့ အဲ့ဒါလေး အမေပေးလိုက်တယ်. . ."

ဆန်လာချေးသူကို ဆန်ကောင်းပေးလိုက်ပြီး အိမ်အတွက် ဆန်ကွဲထမင်းချက်ထားသည့်မိခင်ဖြစ်သူကိုလည်း ဆရာလေးငယ်စဉ်က စိတ်နှင့်မတွေ့ဘဲ ဆန်ကွဲထမင်းချက်ရကောင်းလားဟု အပြစ်တင်ပြောပြောခဲ့ဖူးသေးသည်။ သို့သော် . . .

" ဩော်. . သမီးရယ်၊ သူတို့မှာမရှိလို့မှ ဆန်လာချေးတဲ့ဟာကို ဆန်မပေးဘဲဆန်ကွဲပေးလိုက်လို့ဘယ်တော်ပ့ါမလဲ၊ သူ့ခများအားငယ်သွားရှာမှာပေ့ါ " ဟု ဆရာလေး၏မိခင်ပြောခဲ့ဖူးသည့်စကားကလည်း ဆရာလေး၏ နှလုံးအိမ်တွင် စွဲထင်နေခဲ့သေး၏။

ထိုသို့သော မိဘနှစ်ပါး၏ သမီးဖြစ်ခဲ့ရခြင်းကြောင့်ပင် ဆရာလေး၏ ရင်ထဲသို့ ပရဟိတစိတ်များ အခိုင်အမာဝင်ရောက်အခြေချလာခဲ့ပုံရလေသည်။

တစ်ဦးတစ်ယောက် ဒုက္ခရောက်နေသည်မြင်လျှင် ဆရာလေး မျက်နှာလွှဲမနေတတ်။ ကြီးနိုင်ငယ်ညှဉ်းလုပ်လျှင်လည်း ဆရာလေးမကြိုက်တတ်။ သို့ကြောင့်ပင် စာသင်သားဘဝကတည်းက ဒုက္ခရောက်သူတွေတွေ့လျှင် ကျောင်းသို့ခေါ်ခေါ်လာတတ်သဖြင့် ဆရာလေး၏ ဆရာရင်းဖြစ်သောအောင်သော်တာစာသင်တိုက် ပဓာန နာယကဆရာကြီးကပင် "အိမ်မရှိဘဲခွေးမွေးချင်သကိုး"ဟု ကရုဏာဒေါသော ပြောခဲ့ဖူးလေ၏။

ပသို့ဆိုစေ ဆရာလေးကမူ ကူလိုကယ်လိုသော စိတ်ဆန္ဒတို့ ပျောက်မသွားခဲ့။ ထို့ကြောင့်ပင် ၂၀၀၉ ဇန်နဝါရီလ ၄ ရက်တွင် ကျေးဇူးရှင် အောင်သော်တာစာသင်တိုက်ပဓာနနာယက ဆရာကြီးထံခွင့်ပန်ကာ **"မြိုင်"** သီလရှင်စာသင်တိုက်ကိုစတင်ပျိုးထောင်ခဲ့တော့သည်။

မြေဝယ်ဖို့ကျောင်းဆောက်ဖို့ ငွေအလုံအလောက်လက်ထဲမှာ ရှိ၍မဟုတ်။ရှိသမျှလေးနှင့်စရန် ချပြီးအကြွေးနှင့်စခဲ့ရ၏။ မတတ်သာသည့် အဆုံးတွင်တော့ အဖေစိုက်ပေးထားသည့် အညာမှသနပ်ခါးခြံနှင့် ထန်းတောကို ရောင်းဖို့တာစူထားရသည်။

ထို့ကြောင့်ပင် 'မြိုင်' သီလရှင်စာသင်တိုက်၏ ကနဦးအစ အခြေအနေက အဆင်သင့် လွယ်လင့်တကူလှလှပပမဟုတ်ခဲ့။အတူ ပါလာသူသီလရှင်ငယ် ၃၈ပါးတို့၏လုပ်အားဖြင့် ပေါင်းသင်မြေဖို့ ခုတ်ထွင်ရှင်းလင်းလျက် နေ့ညမဟူကြိုးစားအားထုတ်ခဲ့ကြရသည်။ ထိုသို့ ပင်ပန်းကြီးစွာကြိုးစားခဲ့ရသောမြေပေါ်တွင် ဓနိမိုးဝါးထရံ ကာဝါးကြမ်းခင်းတဲသာသာလေးထဲ၌ အသားဟင်းမပါသော ငါးပိရည်ကျဲကျဲကိုတို့စရာနှင့်လုံးထွေး မျိုချကာ 'မြိုင်သီလရှင်စာသင်တိုက်'ကိုတက်ညီလက်ညီ စတင်ခဲ့ကြရသည်။

ယခုအခါ ဆရာလေးဒေါ် သုနန္ဒာ၏မေတ္တာစေတနာတို့ရောင်ပြန်ဟပ်မှုကြောင့် ဆရာရင်းဖြစ်သည့်ရွှေပြည်သာမေတ္တာရှင်ဆရာတော်နှင့် ဒကာရင်းများဖြစ်သည့် ရှိုင်းဟုပ်ကုမ္ပဏီ၊ ရွှေပြည်သာမြို့သစ်မှ 'အောင်ဖြိုးဆန်း'ဆေးဆိုင်၊ 'ထွန်း'ဝါးဓနိဆိုင်တို့အပြင် ရန်ကုန် ဆင်မလိုက်မှ ကိုသန်းဝင်းနှင့်ဇနီးမစောစောမြင့်တို့၏ ဝိုင်းဝန်းလှူဒါန်းမှုဖြင့် ဆရာလေး၏ပရဟိတကျောင်းလေးမှာ ထူထူထောင်ထောင်ရှိ နိုင်လာခဲ့ပြီဖြစ်သော်လည်း ကြွေးတော့လည်းမကင်းလှသေး။ ကျောင်းဆောင်မကြီးတည်ဆောက်နေခြင်းကလည်း လက်စမသတ်နိုင်သေး။

"ကျောင်းမှာကအသားဟင်းရယ်လို့ လှူသူတန်းသူရှိမှ ကျွေးနိုင်ပါတယ်။ နေ့စဉ်ကတော့ အသီးအရွက်တစ်ခုခုပဲပေ့ါ။ အရင်တုန်းကတော့လည်း ငါးပိရည်တောင်မှ ပျစ်ပျစ်ကျိုပြီး မကျွေးနိုင်ပါဘူး။ အခုတော့ ချဉ်ပေါင်ဟင်းဆိုလည်း ပျစ်ပျစ်၊ ငါးပိရည်ဆိုလည်း ခပ်ပျစ်ပျစ်လေးတော့ ကျွေးနိုင်ပါတယ်၊ တို့စရာကတော့ ကွင်းတွေထဲမှာ ရေကနဖော့တွေပေါ်တော့ ခူးတို့ရတာပဲလေ. . ."

ငါးပိရည်လေး ပျစ်ပျစ်စားနိုင်လာသည်ကိုပင် ဆရာလေးက ဝမ်းသာအားရပြောရှာသည်။

အမှန်တကယ်တော့လည်း မြိုင်ပရဟိတကျောင်း၏ နေ့စဉ် ကုန်ကျစရိတ်ကမသေးလှ။ သို့သော် ဆရာလေးဒေါ်သုနန္ဒာ၏ စေတနာမေတ္တာများက မကုန်နိုင်သေး။ ကျောင်းပတ်ဝန်းကျင်မှ ဆင်းရဲနွမ်းပါးသူများ၏ ကျန်းမာရေးအတွက်လည်း ဆရာလေးက ပင်ဦးစီးလျက် အခမဲ့ဆေးခန်းလေးကိုပါ စနေနေ့တိုင်း ဖွင့်လှစ်ပေးခဲ့ပြန်သေးသည် ဆိုသည့်အခါ လူနာကကြည့်ပေးသော ဆရာဝန်လေးများကမေတ္တာဖြင့်ဆရာလေးကို ပါရမီဖြည့်ကြသော်လည်း အပတ်စဉ်ဆေးဖိုးချည်းကပင် ကျပ်ငါးသောင်းဝန်းကျင်ကုန်ကျနေပြန်သေး၏။

"လက်ထဲမှာရှိလို့ လုပ်နေတာတော့လည်း မဟုတ်ပါဘူး၊ ဒါပေမဲ့ လှူသူတန်းသူလေးတွေကလည်း မပြတ်တော့ လုပ်နိုင်နေတာပေ့ါနော်. . " ဟု ရွှေပြည်သာမြိုင် ပရဟိတကျောင်းလေး၏ ပဓာနနာယက ဆရာလေးဒေါ်သုနန္ဒာ၏ရင်ဝယ် ပီတိတွေအနန္တနှင့် မမောနိုင်မပန်းနိုင်ရှိနေပါတော့သည်။



စမူ

အသိတစ်လုံး
အမြတ်ဆုံး
တစ်လုံးသိ
အကျိုးရှိ၏

## မဇ္ဈိမပဋိပဒါ. . .

လူသားဟာ သဘာဝလောကကြီးထဲက သူရပ်တည်နေတဲ့နေရာကိုရော၊ သူဖြစ်တည်ရပ်တည် နေခြင်းဘဝရဲ့ အဓိပ္ပာယ်ကိုရော ကောင်းကောင်းသိနားလည်ဖို့လိုအပ်ပါတယ်။ မဇ္ဈိမပဋိပဒါအလယ်လမ်းဟာ ဖြောင့်မတ်မှန်ကန်တဲ့ အကျင့်လမ်း ဘဝနေနည်းဖြစ်တယ်။ မဇ္ဈိမပဋိပဒါကိုကျင့်သုံးတဲ့လူဟာ ကိုယ်ကျင့်တရားကောင်းအောင်၊ သီလစင်ကြယ်အောင်နေထိုင်လုပ်ကိုင်ရာမှာ လမ်းညွှန်အဖြစ် တန်ခိုးရှင်ကိုကြောက်လို့မဟုတ်ဘဲ အကျင့်သီလကောင်းစွာ နေထိုင်ပြောဆိုတွေးကြံခြင်းရဲ့တန်ဖိုးရှိပုံကို နားလည်လို့နေခြင်းမျိုးပဲဖြစ်တယ်။ ကိုယ်ကျင့်သိက္ခာရှိရှိနေရာမှာလည်း ဘာကိုကြောက်လို့မှမဟုတ်ဘဲ၊ ဘာကိုမှမမျှော်ကိုးဘဲ၊ ကိုယ့်ကိုယ်ကိုယ် စင်ကြယ်အောင်နေသင့်တယ်လို့ မိမိဘာသာ နားလည်သဘောပေါက်ပြီး၊ ကိုယ့်စည်းကမ်းကို ကိုယ်ပြဋ္ဌာန်းပြီး၊ ကိုယ့်အသိဉာဏ်နဲ့ကိုယ် လိုက်နာကောင်းတယ်ထင်လို့ လိုက်နာတာသာဖြစ်တယ်။

မဇ္ဈိမပဋိပဒါဟာ အဖွံ့တွတ္တပျိုးထောင်မှုနှင့် တိုးတက်မှုကို စီမံချက်ချပြီးလုပ်တဲ့ လုပ်ထုံးလုပ်နည်းဖြစ်တယ်။ မြတ်ဗုဒ္ဓကိုယ်တော်မြတ်ကြီးက တရားဓမ္မနှင့်အညီ နေထိုင်သူကို တရားဓမ္မက ပြန်လည်စောင့်ရှောက်တယ်လို့ ဟောတော်မူတယ်။

ရည်ညွှန်း-ဆန်းလွင်(ရှင်အာဒိစ္စရံသီ) 'ဗုဒ္ဓဘာသာဝင်တွေယုံကြည်ကြတာက'

## PSA မြန်မာမှ ရေးမြို့နယ်ရှိမွန်အမျိုးသားကျောင်းသို့ ငွေကျပ် ဆယ့်ငါးသိန်းကျော်လှူ

မော့ကနင်၊စက်တင်ဘာ-၁၇

စင်ကာပူနိုင်ငံ ဆိပ်ကမ်းအာဏာပိုင်တွင် အလုပ်လုပ်လျက်ရှိကြသည့် ပီအစ်အေ မြန်မာမိသားစုမှ ယခုလအတွက် အလှူငွေအား မွန်ပြည်နယ် ရေးမြို့နယ်ရှိ မော့ကနင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး မွန်အမျိုးသားကျောင်းသို့ အလှူငွေကျပ် တစ်ဆယ့်ငါးသိန်းခုနှစ်သောင်းအား ဆဲဗင်းဒေးနယူးစ်အယ်ဒီတာအဖွဲ့မှတစ်ဆင့် ပေးပို့လှူဒါန်းခဲ့သည်။

မွန်အမျိုးသားကျောင်းသည် မော့ကနင်ကျေးရွာတွင် ၁၉၉၉-၂၀၀၀ ပညာသင်နှစ်မှစတင်ဖွင့် လှစ်ခဲ့ခြင်းဖြစ်ပြီး ရပ်ရွာအတွင်းရှိ ပဓာနနာယက ဆရာတော်များနှင့်မွန်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့တို့မှကြီးကြပ်ဖွင့်လှစ်ထားသောကျောင်းတစ်ကျောင်းဖြစ်သည်။

လက်ရှိကျောင်းတွင် သူငယ်တန်းမှ အဌမတန်းအထိ ကျောင်းသားကျောင်းသူ စုစုပေါင်း၃၀၀ကျော်ပညာသင်ယူလျက်ရှိပြီး အစိုးရကျောင်းများမှ သင်ရိုးညွှန်းတမ်းများအပြင် မွန်စာပေနှင့် မွန်ဘာသာစကားပါ သင်ကြားပေးလျက်ရှိသောကျောင်းတစ်ကျောင်းဖြစ်သည်။ ကျောင်းတွင် စေတနာ့ဝန်ထမ်းဆရာမ၁၁ဦးက ကျောင်းသူကျောင်းသားများအား ပညာသင်ကြားပေးလျက်ရှိသည်။

## နယ်မြို့များတွင် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာဟောပြောပွဲများ လှည့်လည်ကျင်းပ

**အိဖြူမွန်**

ရန်ကုန်၊ စက်တင်ဘာ - ၁၃

မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲခြင်းနှင့်ပတ်သက်၍ နယ်မြို့များသို့လှည့်လည်၍ အမျိုးသားအဆင့် ပညာပေးဆိုင်ရာဟောပြောဆွေးနွေးမှုများကို ပြုလုပ်ပေးနေပြီဖြစ်ကြောင်း NCEA (အမျိုးသား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ)မှ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အဖွဲ့ခေါင်းဆောင်ဦးဝင်းမျိုးသူကပြောသည်။

ယင်းဟောပြောပွဲများကို NCEA ၏ Climate Change အဖွဲ့မှ ဦးဆောင်ကျင်းပခြင်းဖြစ်သည်။ ဌာနဆိုင်ရာများသို့ အဓိကထားဟောပြောမည်ဖြစ်သည်ဟု ဆို သည်။ ယင်းဌာနဆိုင်ရာမှတစ်



ဆင့် ဒေသတွင်းပျံ့နှံ့၍ ပညာပေးအစီအစဉ်များကို ဒေသခံပြည်သူများအားပေးရန် ရည်ရွယ်ထားကြောင်း ယင်းပုဂ္ဂိုလ်ကပြောသည်။ ပထမဦးဆုံးအနေဖြင့် ညောင်ရွှေမြို့နယ် အင်းလေးဒေသတွင်ဟောပြောပွဲပြုလုပ်ခဲ့သည်။ ယခုလ ၁၆ရက်နေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ဟောပြောမည်ဖြစ်ပြီး Climate Change အဖွဲ့ခေါင်းဆောင်ဦးဝင်းမျိုးသူနှင့်အတူ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဦးထွန်းလွင်တို့ ဟောပြောမည်ဖြစ်သည်။ ယင်းမှတစ်ဆင့် ရာသီဥတုဒဏ်ကြောင့် သဘာဝဘေးအန္တရာယ်အများ ဆုံးခံရသော ဧရာဝတီတိုင်းဒေသကြီးတွင် ဟောပြောပွဲဆက်လက်ပြုလုပ်မည်ဟု သတင်းရရှိသည်။

ရာသီဥတုပြောင်းလဲခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်မှ အမျိုးသားအဆင့်ရာသီဥတုနှင့် လိုက်လျောညီထွေစွာနေထိုင်ရန် စီမံကိန်းများရေးဆွဲခြင်းများဆောင်ရွက်လျက်ရှိသည်။ ယင်းစီမံကိန်းတွင် တစ်နိုင်ငံလုံးအဆင့် ပညာပေးဟောပြောခြင်းများလည်း ပါဝင် သည်။

ဟောပြောပွဲများတွင် ရာသီဥတုပြောင်းလဲမှုအခြေအနေများနှင့် ပြောင်းလဲမှုပေါ်မူတည်၍ မည်သို့နေထိုင်ရမည်၊ မည်သို့စိုက်ပျိုးလုပ်ကိုင်ရမည်များကို အဓိကထားဟောပြောမည်ဟု ယင်းကပြောသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ နိုင်ငံတကာစည်းဘောင်သတ်မှတ်ချက်ဆိုင်ရာညီလာခံသို့ ၁၉၉၂ ခုနှစ်တွင်စတင်ဝင်ရောက်ခဲ့သည်။ ထို့အပြင် ပထမဆုံးသော မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုအခြေအနေများအား အသေးစိတ်မှတ်တမ်းတင်ထားသည့် INC Report ကို ယင်းအဖွဲ့အစည်းသို့ ယခုနှစ်တွင် စတင်ပေးပို့ခဲ့သည်။

Health

7 DAY NEWS JOURNAL

Vol.9, No.28 • SEPTEMBER 30, 2010

# အစားအသောက်တံဆိပ်အချို့ကို စားသုံးရန်မသင့်ကြေညာ

ဝတ်ရည်

ရန်ကုန်၊စက်တင်ဘာ - ၂၃

မြို့နယ်အတွင်းရှိ ဈေးများတွင် ရောင်းချနေသည့် အစားအသောက်များကို ဓာတ်ခွဲစစ်ဆေးရာ ငရုတ်ဆီ၊ ငရုတ်သီးအစိမ်းမှုန့်၊ ငါးပိထောင်း၊ ဂျယ်လီစသည့် စားသောက်ကုန်ပစ္စည်းအချို့၌ ဘေးအန္တရာယ်ဖြစ်စေသော ပစ္စည်းများ ပါဝင်နေ၍ စားသုံးရန်မသင့်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာထားသည်။

ထုတ်ပြန်ကြေညာထားသည့် အစားအသောက်များထဲတွင် ဓာတုပစ္စည်းများ ပါဝင်နေခြင်း၊ အဏုဇီဝ သတ်မှတ်ချက်နှင့်မကိုက်ညီခြင်း၊ ငရုတ်သီးမှုန့် အစစ်အမှန်မဟုတ်ခြင်းတို့အား စစ်ဆေးတွေ့ရှိရပြီး စားသုံးသူများတွင် အန္တရာယ်ဖြစ်စေနိုင်ကြောင်း သိရသည်။

ထိုအစားအသောက်တချို့မှာ ဈေးကွက်အတွင်း လူသုံးများသည့် အမှတ်တံဆိပ်များလည်း ပါဝင်ကြောင်း သိရသည်။

ရောစပ်ထားသော အစားအသောက်များ၊ စံမညီအစားအသောက်များ ထုတ်လုပ်ရောင်းချခြင်း၊ အစားအသောက်တွင် သုံးစွဲခွင့်မရှိသော ဓာတုဆေးဝါးများ သုံးစွဲသည်ကို စစ်ဆေးတွေ့ရှိပါက အမျိုးသားအစားအသောက် ဥပဒေ ၂၈(က)အရ တရားစွဲဆို အရေးယူခံရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**အမှတ်တံဆိပ်နှင့်အစားအသောက်အမျိုးအစားများ**

| စဉ် | အစားအသောက်အမည် | အမှတ်တံဆိပ် |
|---|---|---|
| ၁။ | ငရုတ်ဆီ(ညို) | ရွှေပုံ့လွှား |
| ၂။ | ရှယ်ငရုတ်ဆီ | ကောင်းမှကောင်း |
| ၃။ | ငရုတ်ဆီ(အနီ)နှင့်ငရုတ်ဆီ(အညို) | စိန်ဟင်္သာ |
| ၄။ | ငရုတ်ဆီ | စိန်သရဖူ |
| ၅။ | ကြက်သွန်ဖြူငရုတ်ဆီ(အနီနှင့်အညို) | သရဖီပန်း |
| ၆။ | ကြက်သွန်ဖြူငရုတ်ဆီ | သန်းကြွယ် |
| ၇။ | ငရုတ်ဆီ(အနီ)နှင့်ငရုတ်ဆီ(အညို) | ရွှေလင်းယုန် |
| ၈။ | မန်ကျည်းငရုတ်ဆီ(အနီ)နှင့်(အညို) | မြားနတ်မောင် |
| ၉။ | မန်ကျည်းငရုတ်ဆီ | ယုဇန |
| ၁၀။ | ငရုတ်သီးအစိမ်းမှုန့် | မင်းသူကျော် |
| ၁၁။ | ငါးပိထောင်း | နတ်သုဒ္ဓါ |
| ၁၂။ | ဂျယ်လီ | Well |



# မီးဖွားပြီးမိခင်တွေ ခန္ဓာကိုယ်အလှ ဘယ်လိုထိန်း

ဝတ်ရည်

**မိခင်တွေအနေနဲ့ ကလေးတစ်ယောက်ပြီး တစ်ယောက် မွေးဖွားပြီးချိန်မှာတော့ ခန္ဓာကိုယ်ရဲ့အလှအပအချိုးအဆစ်တွေလည်း တဖြည်းဖြည်း ပြောင်းလဲလို့သွားတတ်သည်။**

**ကိုယ်ဝန်ဆောင်ချိန် ကြွက်သားအနေအထား ပြောင်းလဲမှုတွေကြောင့် ဝမ်းဗိုက်ကြွက်သားတွေ တဖြည်းဖြည်း ပျော့ပြီး ပူလာသလို တင်သားတွေ တဖြည်းဖြည်း လျော့ရဲသည့် ပုံစံသည် မီးဖွားပြီးအမျိုး သမီးတိုင်းလိုလိုကြုံတွေ့ရလေ့ရှိသည့် အခြေအနေဖြစ်ပါသည်။**

ထိုပြောင်းလဲမှုပုံစံတွေကို လက်မခံနိုင်သည့် အမျိုးသမီးအချို့တွေကတော့ ကလေးမယူဖို့ ဆုံးဖြတ်လိုက်တာမျိုးတွေ ရှိပေမယ့် မှန်ကန်သည့် လေ့ကျင့်ခန်းမျိုးသာ လုပ်ခဲ့မည်ဆိုလျှင် ထိုခန္ဓာကိုယ် ပြောင်းလဲမှုများကို လျှော့ချစေနိုင်မည်ဖြစ်ကြောင်း ပန်းလှိုင်ဆေးရုံကြီးမှ Sr.Physiothepapist ဒေါ်မာလာဆွေက ပြောသည်။

"ဒီက အမျိုးသမီးတော်တော်များများက ကလေးမွေးပြီးတာနဲ့ ခန္ဓာကိုယ်အလှအပတွေက လုံးဝမလိုအပ်တော့ဘူးလို့ သဘောထားလိုက်ကြတာ များတယ်။ အဲဒီတော့ပြန်ပြုပြင်ဖို့လည်း မကြိုးစားတော့ဘူး။ အများစုကလည်း လုပ်လို့ရနိုင်တဲ့ လေ့ကျင့်ခန်းတွေကို မသိကြဘူး" ဟု ဒေါ်မာလာဆွေကပြောသည်။

ကိုယ်ဝန်ဆောင်ချိန်၊ မီးဖွားချိန်တွင် ပြုလုပ်ရမည့် လေ့ကျင့်ခန်းများမှာ မီးဖွားပြီးချိန်တွင် ခန္ဓာကိုယ် ပုံစံပြောင်းလဲခြင်းအား ကာကွယ်နိုင်သလို ကိုယ်ဝန်ဆောင်မီးဖွားပြီးချိန်များတွင် ဖြစ်ပေါ်သည့် ကျန်းမာရေးပြဿနာများကိုပါ သက်သာစေနိုင်ကြောင်း သိရသည်။

ကိုယ်ဝန်ဆောင်ချိန်တွင် ဝမ်းဗိုက်တဖြည်းဖြည်း ရှေ့ထွက်လာသည့်အတွက် ကျောရိုးအနေအထားပြောင်းလဲပြီး ကိုယ်ဝန်လရင့်လာသည့်အခါ ဇက်များနာလာခြင်း၊ ပခုံးများ ကိုင်းလာခြင်း၊ သန္ဓေသား ကြီးထွားလာသည့်အတွက် သားအိမ်မှ သွေးကြောတစ်ခုအား ဖိမိ၍ ကိုယ်ဝန်ဆောင်မိခင်ပက်လက်အကြာကြီး အိပ်ပါက သွေးပေါင်များတက်ခြင်း၊ ဟော်မုန်းများကြောင့် ရေဓာတ်များ စုဝေး၍ ဖောရောင်လာသည့်အပြင် ထိုမှ ကြွက်တက်ခြင်း၊ သွေးကြောထုံးသည့် ဝေဒနာများကို ကိုယ်ဝန်ဆောင် မိခင်များ ကြုံတွေ့ကြရလေ့ရှိကြောင်း သိရသည်။

ထိုဝေဒနာများ သက်သာစေရန် ကိုယ်ဝန်ဆောင်ချိန်တွင် လေ့ကျင့်ခန်းအချို့ကို လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

စိတ်ဖိစီးမှု သက်သာစေရန် သာမက ကလေးအား အောက်ဆီဂျင်ပိုမို ရရှိစေရန် အဆုတ်အားကောင်းစေသည့် အဆုတ်အောက်ခြေအထိ လေရစေသည့် အသက်ရှူလေ့ကျင့်ခန်း၊ ကိုယ်ခန္ဓာသွေးလည်ပတ်မှု ကောင်းစေသည့် လေ့ကျင့်ခန်းများ လုပ်နိုင်သည်။

အချို့အားကစားခန်းမများတွင် ကိုယ်ဝန်ဆောင်များအတွက် လေ့ကျင့်ခန်းများ ပြုလုပ်စေသည့်အခါ ပြင်းထန်ပြီး နည်းစနစ်မမှန်ပါက အန္တရာယ်ရှိနိုင်ကြောင်း သတိပြုရန် လိုအပ်ကြောင်း သိရသည်။

စာ(၁၄)သို့



# အရွယ်မတိုင်မီ အရေပြားပျက်စီးခြင်းမဖြစ်စေဖို့

သီဟ

အရေပြားသည် လူ့ခန္ဓာကိုယ်တွင် အရေးကြီးသော ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုဖြစ်ပြီး လူ၏ အတွင်းအင်္ဂါများအား အကာအကွယ်ပေးသည့်အဓိက အင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်သည့်အပြင် လူလူချင်း ပေါင်းသင်းဆက်ဆံရာတွင် ပထမဆုံးအဆုံးအဖြတ်ပေးသည့်အရာလည်းဖြစ်သည်။

ယောကျ်ားဖြစ်ဖြစ်၊မိန်းမဖြစ်ဖြစ် အရေပြားလှပစေရန်အရေးကြီးပါသည်။ အရေပြားလှပမှသာ လူရာဝင် မျက်နှာပွင့်လန်းနိုင်ကြမည်ဖြစ်သည်။

ထို့အပြင် အရေပြားသည် လူ၏ခန္ဓာကိုယ်အတွင်းရှိရောဂါများကိုလည်း တစ်နည်းတစ်ဖုံဖြင့် ဖော်ပြပေးရာ နေရာလည်းဖြစ်သည်။ထို့ကြောင့် အရေပြားသည် သာမန်ကြည့်ပါက အပေါ်ယံဖြစ်သော်လည်း အတွင်းအင်္ဂါများ၏ ရောင်ပြန်ဟပ်ရာနေရာလည်းဖြစ်ကြောင်း အရေပြားပညာရှင်များကပြောသည်။

အရေပြားသည် လူ၏ခန္ဓာကိုယ်တွင် အလွှာသုံးလွှာဖြင့် ဖြစ်တည်လျက်ရှိပြီး အပေါ်ယံလွှာ၊အလယ်လွှာနှင့်အောက်ဆုံးလွှာဟူ၍ သုံးလွှာရှိသည်ဟုသိရသည်။

ထိုသုံးလွှာအနက်မှ အလယ်လွှာသည် အရေးအကြီးဆုံးအလွှာဖြစ်သည်။ အလယ်လွှာတွင် အရေပြားတွင် အရေးကြီးသည့် အင်္ဂါအစုံပါရှိသည်ဟု သိရသည်။ အလယ်လွှာတွင် အဆီအိတ်၊ ချွေးအိတ်၊ အာရုံကြောများ၊ ကိုလာဂျင်ဖိုင်ဘာ(Collagen Fiber),အီလာ စတင် ဖိုင်ဘာ (Elastin Fiber), အစရှိသည့် ပစ္စည်းများပါဝင်ကြကြောင်း ရန်ကုန်ဆေးရုံကြီး အထူးအရေပြားကုဌာနမှ ဆရာဝန်ကြီး ဒေါက်တာကျော်ကျော်ကပြောသည်။

အလယ်လွှာ၌ ပါဝင်သည့် ပစ္စည်းများထဲတွင် ကိုလာဂျင်နှင့် အီလာစတင်တို့သည် အရေပြားကောင်းမွန်စေရန်အတွက် အထူးအရေးကြီးသော ပစ္စည်းများဖြစ်ကြသည်။

ထို့အပြင် အရေပြားရှင်သန်လန်းဆန်းရန်အတွက်လည်း သွေးကြောများသည် အဓိကအရေးပါသောပစ္စည်းများဖြစ်ကြသည်။အ ရေပြားများ တင်းရင်းလန်းဆန်းနေရန်အတွက် ကိုလာဂျင်နှင့် အီလာစတင် အချိုးကျကျပေါင်းစပ်ဖွဲ့စည်းထားကြရန်လိုအပ်ပြီး အဆိုပါဖိုင်ဘာများ အားရှိစေရန် အတွက် သံဓာတ်နှင့်ဗိုက်တာမင်စီဓာတ်များလိုအပ်ကြောင်းသိရသည်။

လူတိုင်းသည် မိမိတို့၏အရေပြားများအား ထာဝစဉ်တင်းရင်းနေစေရန် အလိုရှိကြသော်လည်း ရှောင်လွှဲမရနိုင်သည့် ဇရာဒဏ်ကြောင့် တစ်နေ့နေ့တွင် မိမိတို့၏အရေပြားများသည် လျော့ရဲလာကြရမည်သာဖြစ်သည်။သို့သော် အရွယ်မတိုင်မီ လျော့ရဲမှုမဖြစ်စေရန်မှာမူ မိမိတို့ကိုယ်တိုင် ထိန်းသိမ်းကြရမည်သာဖြစ်သည်။

လျော့ရဲမှုများ မိမိတို့ထံမြန်မြန် ရောက်ရှိမလာစေရန် ကာကွယ်ထိန်းသိမ်းကြရမည်သာဖြစ်သည်။ သို့မှသာ နုပျိုကျန်းမာသည့် အရေပြားပိုင်ရှင်များအဖြစ် အချိန်ကြာကြာရပ်တည်နိုင်ကြမည်ဖြစ်သည်။

အရွယ်မတိုင်မီ အိုစာခြင်းသည် မိမိတို့၏ ဘဝနေထိုင်မှု Life Styleနှင့် အရေပြားထိန်းသိမ်းမှု Skin Care အပေါ်မူတည်ပြီး အနေးနှင့်အမြန်ဖြစ်ပေါ်လာကြမည်ဖြစ်သည်။

အရေပြားများ အိုစာလာခြင်းသည် အောက်ဆီဂျင် အရိုင်းပစ္စည်း Free Radicals များကြောင့်ဖြစ်သည်ဟု ဒေါက်တာကျော်ကျော်ကပြောသည်။ အရေပြားအတွင်း၌ Free Radicals များများရှိပါက ထိုသူသည် မြန်မြန်အိုစာမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ Free Radicals များသည် နေရောင်ခြည်၊ ဓာတ်ရောင်ခြည်များ၊အဏုမြူရောင်ခြည်များ၊ ဓာတုဗေဒပစ္စည်းများ စသည်များမှရရှိကြောင်းသိရသည်။

ထို့ကြောင့် အဆိုပါ Free Radicals များအားတိုက်ဖျက်ရန်အတွက် အောက်ဆီဂျင်ဓာတ်တိုးဆန့်ကျင်ပစ္စည်း Anti-oxidant များလိုအပ်ကြောင်းသိရသည်။

Anti-oxidant များသည် မတည်ငြိမ်သည့် အောက်ဆီဂျင် Free Radicals များတွင်လိုအပ်သည့်အောက်ဆီဂျင် အက်တန်များအားဖြည့်ဆည်းပေးသဖြင့် ခန္ဓာကိုယ်အတွင်း၌ အောက်ဆီဂျင်များ တည်ငြိမ်သွားစေပြီး အိုစာခြင်းမှကာကွယ်နိုင်ကြောင်း သိရသည်။

ထို့အပြင် အရေပြားအား ဖျက်ဆီးသည့် အခြားအရာများမှာ နေရောင်ခြည် (Sun)၊ ဆေးလိပ်သောက်ခြင်း (Smoke)၊ စိတ်ဖိစီးမှု(Stress)၊ အိပ်ရေးပျက်ခြင်း (Sleeplessness)၊ အညောင်းထိုင်ခြင်း (sedentary)၊ အစရှိသည့်အရာများလည်းရှိကြောင်း ဒေါက်တာကျော်ကျော်ကပြောသည်။

စာ(၁၄)သို့

7DAY NEWS JOURNAL
Vol.9, No.28 • SEPTEMBER 30, 2010

# HIV ပိုးရှိသူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် နေရာများကို သိရှိမှုနည်းနေသေး



ဝတ်ရည်

ရန်ကုန်၊ စက်တင်ဘာ – ၂၅

HIV, AIDS ရောဂါပိုး မိမိတို့ ကူးစက်ခံနေရကြောင်း သိရှိသူများတွင် လိုအပ်သောနှစ်သိမ့်ဆွေးနွေးမှု၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် နေရာများ HIV ပိုးရှိ၊မရှိ စစ်ဆေးနိုင်သည့် နေရာများအား သိရှိမှု နည်းပါးခြင်းတို့ကြောင့် မလိုလားအပ်သည့် ဆိုးကျိုးများ ခံစားနေရကြောင်း သိရသည်။

ထိုရောဂါဖြစ်ပွားသူများအား ပတ်ဝန်းကျင်က အမြင်တစ်မျိုးဖြင့် ရှုမြင်ခွဲခြားနှိမ့်ချမှုများရှိ၍ ဖြစ်ပွားသူများမှာ မိမိသဘောဖြင့် လက်လှမ်းမီရာ ဆေးဝါးအမျိုးမျိုး အသုံးပြုနေကြခြင်း၊ အခြားသူများသိရှိမည်ကို စိုးရိမ်၍ နေအိမ်တွင်ပင် အသက်အသေခံကြခြင်း၊ မိမိသဘောဖြင့် HIV ပိုးထိန်းဆေး ARV များဝယ်သောက်ခြင်း စသည်တို့ ရှိနေကြောင်း UN-AIDS တွင်တာဝန်ထမ်းဆောင်ခဲ့သူ ဒေါက်တာမျိုးလွင်ကပြောသည်။

ထို့ကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် HIV, AIDS ရောဂါနှင့်ဆက်စပ်အကြောင်းအရာများအား နှစ်သိမ့်ဆွေးနွေးခြင်း၊ ပညာပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ရောဂါစစ်ဆေးပေးခြင်း စသည့်လုပ်ငန်းများလုပ်ဆောင်နေသည့် အဖွဲ့အစည်းများနှင့် နေရာများအား 7Day News စာဖတ်ပရိသတ်များအတွက် ဖော်ပြပေးလိုက်ပါသည်။

| နေရာ | ဆက်သွယ်နိုင်သည့်လိပ်စာဖုန်းနံပါတ် | အဖွဲ့အစည်းအမည် |
|---|---|---|
| ဘိုကလေး | အမှတ်(၃၅)မနောသုခလမ်း(၃)ရပ်ကွက် ဖုန်း ၀၄၅ ၄၅၁၅၄ | MSI |
| ဟသ်ာတ | ခရိုင်ကျန်းမာရေးရုံး ဖုန်း ၀၄၄ ၂၁၀၉၆(၈\၀)၀၄၄ ၂၁၇၂၉ | STD Team (National AIDS Program) |
| ဒေးဒရဲစင်တာ (၁) | အမှတ်(၂၆)လမ်းမတော်လမ်း(၁)ရပ်ကွက် ဖုန်း ၀၉၈၆ ၁၀၁၄၅ | MSI |
| ဒေးဒရဲစင်တာ (၂) | အမှတ်(၅)နှင်းပန်းလမ်းသွယ်(၁)ရပ်ကွက် ဖုန်း ၀၉၈၆ ၁၀၁၄၅ | MSI |
| လပွတ္တာ | အမှတ်(၂၇/ခ)အောင်သုခလမ်း၊ (၅)ရပ်ကွက်၊ ဖုန်း ၀၉၈၅ ၅၀၆၁၀ | MSI |
| မအူပင် | အမှတ်(၄/ခ)အောင်ဇေယျလမ်း(၅)ရပ်ကွက် (၃လမ်းနှင့်၄လမ်းကြား) ဖုန်း၀၉၈၆၁၀၁၄၆ | MSI |
| မအူပင် | မအူပင်ဆေးရုံ | STD Team (National AIDS Program) |
| မြောင်းမြ | အထွေထွေရောဂါကုဆေးရုံ ဖုန်း- ၀၄၂ ၇၀၄၉၂ | STD Team (National AIDS Program) |
| ပုသိမ် | အမှတ်(၁၂၈၈) မဟာစေတီလမ်း၊ရရက(၅) ပုသိမ်၊ ဖုန်း- ၀၉၅၀ ၄၂၆၅၇ | MSI |
| ပုသိမ် | ပုသိမ်ကျန်းမာရေးဆေးရုံ ဖုန်း- ၀၄၂ ၂၂၀၀၄ | STD Team (National AIDS Program) |
| ပုသိမ် | အမှတ်(၃၃) ဇေရက်တန်းလမ်း၊ ပုသိမ် ဖုန်း-၀၄၂ ၂၄၂၃၀ | ပြည်ကြီးခိုင် |

## စာ – ၁၃၊ မီးဖွားပြီးမိခင်တွေ ခန္ဓာကိုယ်အလှ ဘယ်လိုထိန်းမှ

"ဘယ်လိုလေ့ကျင့်ခန်းတွေပဲလုပ်လုပ် ပြသနေတဲ့ မီးယပ်သားဖွားဆရာဝန်နဲ့ တိုင်ပင်ပြီး ကျွမ်းကျင်နားလည်တဲ့သူတွေရဲ့ လမ်းညွှန်မှုတွေနဲ့ပဲ လုပ်သင့်ပါတယ်။ ကိုယ့်သဘောနဲ့ ကိုယ်တော့ ဘာမှမလုပ်သင့်ပါဘူး"ဟု အဆိုပါပုဂ္ဂိုလ်ကပြောသည်။

မီးဖွားပြီးချိန်တွင်လည်း ပထမနေ့မှာပင် သားအိမ်ကြွက်သားများ လေ့ကျင့်ခန်း၊ ခြေထောက်လေ့ကျင့်ခန်းများ၊ အသက်ရှူလေ့ကျင့်ခန်းများ ဝမ်းဗိုက်ကြွက် သားလေ့ကျင့်ခန်းများအား ပေါ့ပါးလွယ်ကူသောပုံစံများဖြင့် ပြုလုပ်နိုင်ပြီး ထိုလေ့ကျင့်ခန်းများက ဝမ်းဗိုက်နှင့် တင်သားကြွက်သားများအား ကျစ်လျစ်စေနိုင်ကြောင်းသိရသည်။

"ရိုးရိုးမွေးတဲ့သူတွေဆို သားအိမ်ကြွက်သားလေ့ကျင့်ခန်းကြောင့် မွေးလမ်းကြောင်းမှာရှိတဲ့ ချုပ်ရိုးက အနာတွေကို ပိုအကျက်မြန်စေနိုင်တယ်။ ခွဲမွေးတဲ့သူတွေဆိုလည်း ဝမ်းဗိုက်လေ့ကျင့်ခန်းကြောင့် ချုပ်ရိုးကျက်တာမြန်တယ်"ဟု ဒေါ်မာလာဆွေကပြောသည်။

မွေးဖွားပြီး ၄၅ရက်အတွင်း လေ့ကျင့်ခန်းလုပ်လိုလျှင် ကျွမ်းကျင်သည့် ဆရာဝန်နှင့်တိုင်ပင်နိုင်ပြီး ပြင်းထန်သည့် လေ့ကျင့်ခန်းများအား မလုပ်သင့်ကြောင်း သိရသည်။

"တချို့တွေကျတော့ မွေးဖွားပြီးနောက်ရက်တွေမှာ ဗိုက်ပူမှာစိုးလို့ဆိုပြီး အိပ်ထမတင်လေ့ကျင့်ခန်းမျိုးတွေ လုပ်ကြတာတွေလည်းရှိတယ်။ အဲဒါတွေမျိုးတော့ မလုပ်ရပါဘူး"ဟု သားဖွားမီးယပ်အထူးကုဆရာဝန်တစ်ဦးကပြောသည်။

ကိုယ်ဝန်ဆောင်ချိန်၊ မီးဖွားချိန်များတွင် ကြွက်သားများ ပြန်လည်သန်စွမ်းစေသည့် လေ့ကျင့်ခန်းများ မရှိပါက ကြွက်သားများ ပျော့စိစိ ဖြစ်လာခြင်း၊ ကိုယ်ဝန်ဆောင်စဉ်က ကလေးအလေးချိန်ကြောင့် ဆီးအိမ်၊ သားအိမ်တို့အား ထိန်းထားသည့် ကြွက်သားတင်းအားလျော့ပြီး အသက်ကြီးလာပါက ရယ်လိုက်သည့်အခါများ၊ ချောင်းဆိုးသည့်အခါများတွင် ဆီးမထိန်းနိုင်ဖြစ်ခြင်းတို့မှာ လေ့ကျင့်ခန်းများ မလုပ်ခဲ့သည့်အတွက်ဖြစ်ကြောင်း သိရသည်။

"လေ့ကျင့်ခန်းတွေကြောင့် ကိုယ်ဝန်ကိုအန္တရာယ်မဖြစ်စေပေမယ့် နည်းစနစ်မှန်ဖို့နဲ့ ကျွမ်းကျင်သူနဲ့ တိုင်ပင်ဖို့ လိုအပ်ပါတယ်။ ဒါပေမဲ့ အရမ်းကြောက်ပြီး ဘာလေ့ကျင့်ခန်းမှ မလုပ်ဘဲ မနေသင့်သလို ဘာမှမကြောက်ဘဲနဲ့လည်း ဇွတ်မလုပ်ပါနဲ့လို့ အကြံပြုလိုပါတယ်"ဟု ဒေါ်မာလာဆွေကပြောသည်။

အမွှာကိုယ်ဝန်ဆောင်များ၊ သွေးဆင်းသူများ၊ ဗိုက်နာနေသည့်အချိန်များ၊ နာမကျန်းဖြစ်သူများ ကိုယ်ဝန်ဆိပ်တက်နေသူများ သွေးအားနည်းနေသူများအနေဖြင့် လေ့ကျင့်ခန်းများကို မလုပ်သင့်ကြောင်းသိရသည်။

## စာ-၁၃၊ အရွယ်မတိုင်မီ အရေပြားပျက်စီးခြင်းမဖြစ်စေဖို့ မှ

"ကျွန်တော်တို့ အရေပြားကို ဖျက်ဆီးနေတာတွေကို ကျွန်တော် (s) ငါးလုံးနဲ့ဥပမာပေးထားပါတယ်။ Skin ကောင်းဖို့အတွက် S ငါးလုံးကိုရှောင်ပါ" ဟု ဒေါက်တာကျော်ကျော်ကပြောသည်။

'S'ငါးလုံးနှင့်ပတ်သက်၍ ဒေါက်တာကျော်ကျော်က ဆက်လက်ရှင်းပြရာတွင် နေရောင်ခြည် Sun သည် လူတိုင်းနှင့်မကင်းနိုင်သည့် အရာဖြစ်သည်။ နေရောင်ခြည်ကြောင့်ကောင်းသည့်အရာများရှိသကဲ့သို့ အရေးပြားအား ဆိုးကျိုးပေးသည့်အရာများလည်းများစွာရှိကြောင်း သိရသည်။

နေရောင်ခြည်သည် ခန္ဓာကိုယ်အတွက်လိုအပ်သည့် ဗီတာမင် ဒီ အားပေးစွမ်းနိုင်သည်ဆိုသော်လည်း မိနစ် ၂၀ခန့် နေရောင်ခြည်ခံပေးပါက လုံလောက်ကြောင်းသိရသည်။

ထို့ကြောင့် နေရောင်ခြည်ကြာရှည်ခံပါက နေလောင်ကွက်များဖြစ်ခြင်း၊ တင်းတိပ်များထွက်ခြင်းစသည်များဖြစ်ပွားနိုင်သည်။ တင်းတိပ်ဖြစ်စေနိုင်သည့် အကြောင်း အရင်းများစွာရှိသည့်အနက် နေရောင်ခြည်သည် အဓိကအကြောင်းအရင်းဖြစ်ကြောင်း သိရသည်။

စိတ်ဖိစီးမှု ခံစားရပါကလည်း အရေပြားကိုထိခိုက်နိုင်ပြီး၊ တာရှည်စွာ စိတ်ဖိစီးမှုခံစားရသူများသည် ခန္ဓာကိုယ်ခုခံအား စနစ်များပြောင်းလဲသွားပြီး ခရုသင်းဖြစ်ပေါ်စေနိုင်သည်ဟုသိရသည်။

"ခရုသင်းဖြစ်တဲ့အကြောင်းထဲမှာ စိတ်ဖိစီးမှုနဲ့သိပ်ဆိုင်တယ်" ဟု ဒေါက်တာကျော်ကျော်က သူ၏အတွေ့အကြုံတစ်ခုအား ဥပမာပေး၍ရှင်းပြသည်။

ထို့အပြင် စိတ်ဖိစီးမှုကြောင့် အခြားအရေပြားရောဂါများလည်း ဖြစ်ပွားနိုင်ပြီး ဆံပင်ကျွတ်ခြင်း ရေယုန်ပေါက်ခြင်း၊ ဝက်ခြံထွက်ခြင်း စသည်များလည်း ဖြစ်ပွားစေနိုင်ကြောင်း သိရသည်။

အလားတူဆေးလိပ်သောက်သူများသည် ဆေးလိပ်တွင်ပါဝင်သည့် နီကိုတင်းဓာတ်ကြောင့်သွေးကြောများ ကျဉ်းမြောင်းသွားစေပြီး ပါးရေတွန့်ခြင်းများဖြစ်ပေါ်စေနိုင်သည်။ ထို့အပြင် ဆေးလိပ်ငွေ့သည် အရေပြားကိုခြောက်သွေ့စေသောကြောင့် အရေပြားကင်ဆာဖြစ်ပေါ်စေနိုင်ကြောင်းသိရသည်။ အချို့သောပညာရှင်များသည် ဆေးလိပ်ငွေ့နှင့် နေရောင်ခြည်သည်အရေပြားပျက်စီးစေနိုင်မှုတူညီကြသည်ဆိုကြောင်း သိရသည်။

ထို့အပြင် အိပ်ရေးပျက်ခြင်း၊ အိပ်မပျော်ခြင်းနှင့် အညောင်းထိုင်ခြင်းများသည်လည်း အရေပြားပျက်စီးစေခြင်းများ ဖြစ်ပေါ်စေနိုင်ကြောင်းသိရသည်။

ထို့ကြောင့် အရေပြားကို ထိန်းသိမ်းရန်နှင့် အရွယ်မတိုင်မီ အိုမင်းခြင်းများမဖြစ်ပေါ်စေရန် အထက်ပါ အချက်အလက်များအား ရှောင်ရှားသင့်ကြောင်းသိရသည်။

အလားတူ အရေပြားနုပျိုနေစေရန်အတွက် လိုအပ်သည့် လိုးရှင်းများလိမ်းကြရန် လိုအပ်ပြီး နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း ဖြစ်နိုင်ပါက အပြင်မထွက်ဘဲနေကြရန်လိုအပ်ကြောင်းသိရသည်။ အရေးအကြီးဆုံးအနေဖြင့် နေရောင်ခြည်အား အဓိထားကာကွယ်ကြရန်လိုအပ်သည်ဟု ဒေါက်တာကျော်ကျော်ကပြောသည်။

အလားတူ Anti-oxidant ပါဝင်သည့် အစားအစာများများစားကြရန်လိုအပ်သည်ဟု သိရသည်။ ထို့ကြောင့် မိမိတို့၏အရေပြားအားအရွယ်မတိုင်မီ ပျက်စီးခြင်း အိုမင်းခြင်းများ မဖြစ်ပေါ်စေရန် ဆောင်ရန်၊ရှောင်ရန်များ လိုက်နာကြရန် လိုအပ်ကြောင်း သိရသည်။






# Regional

7 DAY NEWS JOURNAL

Vol.9, No.28 • SEPTEMBER 30, 2010


## ရောဝတီနှင့် အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်များ၏ မန္တလေးဘဏ်ခွဲများဖွင့်လှစ်

စိုင်းသာအောင်

ရန်ကုန်၊စက်တင်ဘာ-၂၅

အထက်မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်မန္တလေးမြို့တွင် ယခုနှစ်အတွင်းလုပ်ကိုင်ခွင့်ရရှိခဲ့သော Max Myanmar groupကုမ္ပဏီ၏ ရောဝတီဘဏ်နှင့် ထူးကုမ္ပဏီပိုင် AGD ဘဏ်တို့အား ယခုလ ၂၃ ရက်တွင် တစ်ပြိုင်နက်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။



မန္တလေးမြို့တွင် လွန်ခဲ့သော သုံးနှစ်ခန့်က ရပ်နားထားခဲ့ရသော ပုဂ္ဂလိကဘဏ်များ၏ နောက်ပိုင်း ယခုထပ်မံဖွင့်လှစ်လိုက်သောဘဏ်သစ်နှစ်ခု ပေါ်ပေါက်လာခြင်းကို ဒေသခံများကကြိုဆိုလျက်ရှိကြောင်း မန္တလေးဈေးချိုမှ အထည်အလိပ်ကုန်သည်တစ်ဦးက ပြောသည်။

လက်ရှိတွင် မန္တလေး၌ပုဂ္ဂလိကဘဏ်များအဖြစ် ရိုးမဘဏ်၊ ကမ္ဘောဇဘဏ်၊ ရတနာပုံဘဏ် (မြို့တော်စည်ပင်)၊ မြန်မာ့အရှေ့တိုင်းဘဏ်၊ စီးတီးဘဏ်၊ ထွန်းဖောင်ဒေးရှင်းဘဏ်၊ မြဝတီဘဏ်၊ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်တို့ရှိပြီးဖြစ်သည်။ယခုဖွင့်လှစ်ခဲ့သော ဘဏ်ခွဲများတွင် ရောဝတီဘဏ်ဘဏ်ခွဲ(၁)အား ၂၆လမ်း၊၈၃×၈၄ လမ်းမကြီးတွင်လည်းကောင်း၊ အလားတူAGD (အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်)ကို၈၂လမ်း၊၂၇×၂၈ လမ်းကြား ယခင်အာရှဓနဘဏ်ဟောင်း အဆောက်အအုံနေရာတွင် ဖွင့်လှစ်ခဲ့ကြောင်း မန္တလေးတိုင်းကုန်သည်များနှင့်စက်မှုလက်မှုအသင်းချုပ်အမှုဆောင်တစ်ဦးက 7Day Newsသို့ပြောသည်။

မန္တလေးမြို့၏ ဘဏ်လုပ်ငန်းများတွင် လက်ရှိအနေဖြင့် ကမ္ဘောဇဘဏ်က ဘဏ်ခွဲ(၄)ခု၊ ရိုးမဘဏ်က ဘဏ်ခွဲ(၅)ခု၊ စီးတီးဘဏ်က ဘဏ်ခွဲ(၃)ခုဖြင့် မန္တလေးမြို့၏ ဘဏ်ဈေးကွက်ကိုဦးဆောင်လျက်ရှိကြောင်း ဘဏ်လုပ်ငန်းကျွမ်းကျင်သူတစ်ဦးက ပြောသည်။

## မန္တလေးတွင် ပြင်ပစက်သုံးဆီဆိုင် အရေအတွက် တိုးလာ

ကိုကိုဇော်

မန္တလေး၊ စက်တင်ဘာ- ၂၀

မန္တလေးမြို့တွင် မော်တော်ယာဉ်အစီးရေများပြားလာသော်လည်း စက်သုံးဆီအရောင်းဆိုင်ကြီးများနည်းပါးမှုကြောင့် ပြင်ပစက်သုံးဆီဆိုင်များသုံးဆခန့်ပိုမိုများပြားလာကြောင်း ကိုယ်တိုင်စက်သုံးဆီရောင်းချသူကိုမျိုးနိုင်က ပြောသည်။မန္တလေးမြို့ဧရိယာအတွင်း စက်သုံးဆီရောင်းချပေးနေသော ဆိုင်အရေအတွက်မှာ ၁၁ ဆိုင်သာရှိပြီး ထိုဆိုင်များမှာ စက်သုံးဆီလာရောက်ထုတ်ယူသူများနှင့် အမြဲတမ်းပြည့်ကျပ်လျက်ရှိသည်။ ထိုဆိုင်များတွင် ဓာတ်ဆီတစ်ဂါလန်လျှင် ၂,၅၀၀ ကျပ်ဖြင့် လိုသလောက်ဝယ်ယူနိုင်သော်လည်း အချိန်ကြန့်ကြာမှုများ၊ ယာဉ်မတော်တဆထိခိုက်မှုများကြောင့် ကိုယ်ပိုင်မော်တော်ကားမောင်းသူများနှင့် ဆိုင်ကယ်အများစုမှာ ပြင်ပစက်သုံးဆီဆိုင်များတွင်သာ ဝယ်ယူအသုံးပြုနေကြကြောင်း အဆိုပါပုဂ္ဂိုလ်မှ ဆက်လက်ပြောကြားသည်။

ပုဂ္ဂလိက ဆီဆိုင်ကြီးများ၌ ဆီဝယ်ယူရာတွင် ရှည်လျားစွာတန်းစီရမှုကြောင့်အချိန် ၂ နာရီနီးပါးကြာမြင့်ပြီး ဆိုင်ဆီဖြည့်တင်းချိန်များတွင် ၂ နာရီကျော်ကြာမြင့်ကြောင်း ကိုယ်တိုင်လာရောက်ဝယ်ယူသူယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

ယခုအခါ ပြင်ပဆိုင်အရေအတွက်မှာ အရင်ကထက် သုံးဆခန့်ပိုများပြားလာပြီး ဆိုင်သစ်များလည်း တစ်ဆိုင်ပြီး တစ်ဆိုင် ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသည်။ "ဆိုင်တွေကတော့ အများကြီးတိုးလာတယ်။ ဓာတ်တိုင်တစ်တိုင်ကို တစ်ဆိုင်လောက်ရှိတယ်'ဟုကိုမျိုးနိုင်က ဆက်လက်ပြောသည်။

ပြင်ပဆီဆိုင်များပိုမိုများပြားလာသော်လည်း ရောင်းချရမှု ပမာဏကျဆင်းမသွားဘဲ ယခင်က တစ်ရက်လျှင် ၁၅ လီတာခန့်သာ ရောင်းချရရာမှ ယခုအခါ လီတာ ၈၀ မှ ၁၀၀ ခန့်အထိပိုရောင်းလာရပြီး၊ တစ်လီတာလျှင် ၆၀၀ ကျပ်မှ ၈၀၀ ကျပ်အထိဈေးနှုန်းအမျိုးမျိုးဖြင့်ရောင်းချလျက်ရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

## အမျိုးသမီးများ ဆံကေသာယဉ်ကျေးမှုကို ထိန်းသိမ်းရန် မောင်တောဒေသကျေးရွာအချို့၌ ဆံပင် ဝယ်ယူရောင်းချခြင်းကို တားမြစ်

မောင်သန်းဝင်း

မောင်တော၊စက်တင်ဘာ-၂၂

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း ကျေးရွာအချို့၌ဆံပင်ကျွတ်လာရောက်ဝယ်ယူသူအချို့ကြောင့် အမျိုးသမီးများ၏ မူလဆံကေသာယဉ်ကျေးမှုကို ယိုယွင်းပျက်ပြားစေသဖြင့် ယခုအခါ ဒေသတွင်းအမျိုးသမီးများအားအသိပညာပေးကာ ဆံပင်၊ ဆံပင်ကျွတ်ရောင်းချခြင်းကို ကျေးရွာအမျိုးသမီးအဖွဲ့ဝင်များနှင့် တင်းကျပ်စွာတားမြစ်ထားကြောင်းသိရသည်။

ဆံပင်၊ ဆံပင်ကျွတ်လာရောက်ဝယ်ယူသူများမှာ အမျိုးသမီးများဖြစ်ပြီး ဒေသတွင်းအမျိုးသမီးများ၏ ရှည်လျားစင်းဖြောင့်သောမူလထားလေ့ရှိသော ဆံကေသာများအား လိုချင်သောအားဖြင့် ရင်းနှီးကျွမ်းဝင်ထဲထဲဝင်ဝင်ပေါင်းသင်းဆက်ဆံမှုများပြုလုပ်လေ့ရှိကြကြောင်းသိရသည်။ "ကျွန်မတို့ မောင်တောမြောက်ပိုင်းကျေးရွာအတော်များများမှာ အမျိုးသမီးတွေက အမျိုးသီလစောင့်ထိန်းကြတယ်ဆိုပေမယ့် မူလဆံကေသာယဉ်ကျေးမှုက ပခုံးထက်ထိရောက်ကုန်ပြီ။ ကျန်တဲ့ဆံကေသာတွေကိုလည်း အနောက်တိုင်းဆံကေသာယဉ်ကျေးမှုဆန်ဆန် ဆေးရောင်မျိုးစုံခြယ်ပြီး မူလဆံကေသာယဉ်ကျေးမှု တစ်စတစ်စယိုယွင်းပျက်စီးလာပြီ။ အခုဆိုရင် ဒေသတွင်းအမျိုးသမီးတွေကို အသိပညာပေးပြီး ဆံပင်၊ ဆံပင်ကျွတ်ဝယ်သူတွေကိုလည်းကျေးရွာဝင်ခွင့်ပြုမှာ မဟုတ်ပါဘူး"ဟု ကြိမ်ချောင်းဒေသမှ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်တစ်ဦးက ပြောသည်။

## ကျောက်မျက်ရတနာပြပွဲရွှေ့ဆိုင်းမှုကြောင့် အိမ်၊ ခြံ၊ မြေ အရောင်းအဝယ်ဈေးကွက် နေးကွေး

ထူးသန့်

နေပြည်တော်၊ စက်တင်ဘာ-၂၂

နေပြည်တော်တွင် ပထမဆုံးအကြိမ်ပြုလုပ်မည့် ကျောက်စိမ်းနှင့်ကျောက်မျက်အရောင်းပွဲကျင်းပမည့်ရက် ရွှေ့ဆိုင်းလိုက်ခြင်းနှင့်အတူ အိမ်၊ ခြံ၊မြေဈေးကွက်လည်း အနည်းငယ်တုံ့ဆိုင်းသွားခဲ့ကြောင်း နေပြည်တော်ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်မှ ဒေသခံများကပြောသည်။

မြန်မာနိုင်ငံရှိ ကျောက်မျက်လုပ်ငန်းရှင်များ စိတ်ဝင်စားမှုကြောင့်အရောင်းအဝယ် လှုပ်ရှားမှုအရှိန် မြင့်တက်ခဲ့သော အဆိုပါရပ်ကွက်တွင် ယခု ရက်သတ္တပါတ်အတွင်း အရောင်းအဝယ် အေးသွားခဲ့ကြောင်း၊ မေးမြန်းစုံစမ်းမှုများရှိသော်လည်း အရောင်းအဝယ် မဖြစ်လာသောကြောင့် ဝိုင်းခြံမြေပေါင်နှံခြင်းများ ဖြစ်လာခဲ့ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

"အရင်ကနဲ့ ကွာတာကတော့ အရောင်းအဝယ် မဖြစ်ဘူး။ လာမေးတာလောက်သာရှိပြီး မဝယ်ကြတော့ဘူး။ ပိုင်ရှင်တွေကလည်း ဈေးအမြင့်လိုချင်ကြတယ်။ ဝယ်မယ့်သူကလည်း သွေးအေးသွားတယ်။ ဒါကြောင့်အခက်အခဲရှိသူတွေက ၂၀/၃၀ လောက်နဲ့ အပေါင်ထားကြတယ်"ဟု ယင်းရပ်ကွက်တွင် နေထိုင်သူတစ်ဦးက ပြောသည်။ အလားတူပင် ယခင်ကအရောင်းအဝယ်ကောင်း၍ အဆိုပါရပ်ကွက်ရှိ ဈေးတွင် ရွှေထည်များဆိုင်ဖွင့်ရောင်းချခဲ့သည့် လုပ်ငန်းရှင်တစ်ဦးကလည်း "အခု ၂ ရက်၊ ၃ ရက်ရှိပြီ အေးသွားတယ်။ ဒီနေ့ဆိုရင် ရွှေဈေးကျတာတောင် အော်ဒါတစ်ခုပဲရတယ်။ လူတွေလည်း ငြိမ်သွားတယ်။ ဈေးသည်တွေလည်းပါးသွားတယ်"ဟု ပြောကြားသည်။ နေပြည်တော် အိမ်၊ ခြံ၊ မြေဈေးကွက်တွင် ကျောက်မျက်ပွဲတော်နှင့် နီးကပ်သည့်အဆိုပါရပ်ကွက်၌ အိမ်၊ခြံ၊မြေဈေးကွက် အနည်းငယ် တုံ့ဆိုင်းသွားခဲ့သော်လည်း ရာဇဌာနီလမ်းမကြီး ဝဲ၊ ယာရပ်ကွက်များရှိ သိန်းထောင်ချီတန်သော မြေကွက်အချို့နှင့် ကျေးရွာအချို့ရှိ တန်ဖိုးနည်း အိမ်ဝိုင်းခြံမြေများမှာမူ အရောင်းအဝယ်ဖြစ်ထွန်းလျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။




7 DAY NEWS JOURNAL
Vol.9, No.28 · SEPTEMBER 30, 2010

# နေပြည်တော်တွင် စည်းကမ်းပျက်ယာဉ်များကို မှတ်သားဖမ်းဆီးအရေးယူမည်ဟုဆို

**ထူးသန့်**
**နေပြည်တော်၊စက်တင်ဘာ- ၂၂**

နေပြည်တော်တွင် စည်းကမ်းချိုးဖောက်သည့် ယာဉ်များအား မှတ်သားဖမ်းဆီးစနစ်ဖြင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့ မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထိုသို့ မှတ်သားအရေးယူရာတွင် စည်းကမ်းချိုးဖောက်သည့် မော်တော်ယာဉ်၊မော်တော်ဆိုင်ကယ်များကို ယင်းတို့စည်းကမ်းချိုးဖောက်သည့်နေရာ၊ အချိန်နှင့် ချိုးဖောက်မှုပုံစံများကို မှတ်သားပြီး ယာဉ်နံပါတ်နှင့်တကွ ရေးသားကာကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ပေးပို့သွားမည်ဖြစ်သည်။ အဆိုပါယာဉ်များအား သက်တမ်းတိုး၊ လိုင်စင်အဝင်၊ အထွက် ပြုလုပ်လာသည့် အချိန်တွင် အထက်ပါအမှုများအတွက် ဒဏ်တပ် အရေးယူသွားမည်ဖြစ်ကြောင်း ယင်းကရှင်းလင်းပြောကြားသည်။

"မှတ်သားဖမ်းဆီးအရေးယူတဲ့နေရာမှာ မ. ယ. က ဥက္ကဋ္ဌတွေ၊ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကော်မတီက တာဝန်ရှိသူတွေကနေယာဉ်နံပါတ်အမှုအမျိုးအစား၊ အချိန်၊ နေရာတွေကို မှတ်သားပြီး ယာဉ်ထိန်းဌာနခွဲရုံးကနေ တစ်ဆင့် က. ည. န ကိုမှတ်သားဖမ်းဆီးချလန်နဲ့ ပေးပို့သွားမှာပါ။ က. ည. န ရုံးမှာ သက်တမ်းတိုး၊ နယ်ဝင်/ထွက် စတဲ့လုပ်ငန်းတွေလာလုပ်ပြီဆိုရင်တော့ ကျူးလွန်ခဲ့တဲ့ ယာဉ်ပိုင်ရှင်တွေအနေနဲ့ ကျူးလွန်ခဲ့တဲ့ အမှုအတွက် ဒဏ်ငွေပေးဆောင်ရမှာပေါ့"ဟု အဆိုပါ တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

ထိုကဲ့သို့ မှတ်သားဖမ်းဆီးစနစ်ကို ကျင့်သုံးမည့် အကြောင်းအရာကို အများပြည်သူသိရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ယင်းက ထပ်မံပြောကြားသည်။ ယခုကျင့်သုံးမည့် စနစ်နှင့် ပတ်သက်၍ ယာဉ်စည်းကမ်းလေးစားလိုက်နာသူများက ကြိုဆိုကြောင်း ပြောဆိုကြပြီး အချို့ကမူ ယာဉ်နံပါတ် အမှတ်မှားပြီး အရေးယူခံရမည်ကို စိုးရိမ်နေကြကြောင်း သိရသည်။ယာဉ်ကို ပေးစနစ်၊ ရက်ပြတ်စနစ်ဖြင့် ငှားရမ်းမည့်သူများကလည်း စိုးရိမ်လျက်ရှိကြသည်။




# မောင်တော-ဘင်္ဂလားဒေ့ရှ် နယ်စပ်ဖြတ်ကျော်သွားလာသူများ ရက်ပိုနေထိုင်ပါက တစ်ရက်လျှင် တာကာငွေတစ်ရာပေးဆောင်ရ

**မောင်ကံ** **မောင်တော၊ စက်တင်ဘာ-၂၂**

မောင်တောနယ်စပ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နယ်စပ်ဖြတ်ကျော်သွားလာခွင့်ပြုထားသည့် စီးပွားရေးဗီဇာတစ်ပတ်ဗီဇာဖြင့် သွားလာနေသူများမှာ အကြောင်းအမျိုးမျိုးကြောင့်သတ်မှတ်ရက်ထက် ကျော်လွန်နေထိုင်ပါက တစ်ရက်လျှင်တာကာငွေတစ်ရာပေးဆောင်ရကြောင်းသတင်းရရှိသည်။ ယင်းသို့တစ်ဖက်နိုင်ငံတွင် ရက်ပိုနေထိုင်သူများမှာမောင်တောနယ်စပ်၌သာမက ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း ရက်ပိုကြေးပေးဆောင်ရကြောင်း တစ်ပတ်ဗီဇာဖြင့် နယ်စပ်ဖြတ်ကျော်သွားလာနေသူတစ်ဦးကပြောသည်။မောင်တောနယ်စပ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တစ်ပတ်ဗီဇာဖြင့်နယ်စပ်ဖြတ်ကျော်သွားလာနေသူများမှာ တစ်ရက်လျှင် ဦးရေ ၁၀၀ ကျော်အထိရှိသည်။ ယခင်နှစ်များကထက် မောင်တောနယ်စပ်မှ သွားလာသူဦးရေများပြားလာသကဲ့သို့ ဘင်္ဂလားဒေ့ရှ်မှ ဝင်ရောက်လာသူဦးရေမှာလည်းများပြားလာသည်။ သို့သော်လည်း အကြောင်းပြချက်ခိုင်လုံမှသာလျှင် ရက်ပိုနေထိုင်ခြင်းကို ဆိုင်ရာကခွင့်ပြုပေးကြောင်း သိရသည်။

Malteser International

Public Tendering Announcement

Malteser International requests tenders from Myanmar registered contractors and suppliers in order to safe drinking water and sanitation in the target village as part of post-Nagis rehabilitation, in Laputta township, Ayeyarwaddy Division.

The requested tenders will consists of construction materials supply, transport, labour costs and the completion of construction works in accordance with Malteser approved designs, quality and standards for the water supply and sanitation structures in the Laputta Township.

AusAid Project (Cyclone Nargis Humanitarian Response Water Sanitation and Hygiene Activities)
(1) Supply of construction materials for household latrines - 1000 Sets
(2) Supply of concrete water containers - 800 Sets
(3) Supply of construction materials for village pond - 23 Ponds
(4) Renovation of village ponds - 13 Ponds
(5) Construction of tmaling wells - 32 Wells

Interested contractors and suppliers can collect detailed information at our Country Office in Yangon not later than 7th October 2010.
Malteser International, a Non Government Organization (NGO) based in Cologne, Germany, provides humanitarian aid worldwide.

Malteser International

Country Office
60, Thanyarwaddy Street,
Between Sayar San & New University Avenue street,
Bahan Township, Yangon.

7DAY NEWS JOURNAL
Vol.9, No.28 · SEPTEMBER 30, 2010

# နေပြည်တော်တွင် မိုဘိုင်းဖုန်းအသုံးပြုမှုများလာသော်လည်း အများသုံးဖုန်း သုံးစွဲသူမလျော့

**နန္ဒာအောင်**

**နေပြည်တော်၊စက်တင်ဘာ-၂၂**

နေပြည်တော်တွင် မိုဘိုင်းဖုန်းများ ကိုင်ဆောင်သုံးစွဲသူတိုးပွားလာသော်လည်း အများပြည်သူသုံး P.C.O ဖုန်းဆိုင်များကို အသုံးပြုသူမှာလျော့မသွားဘဲ များပြားလျက်ပင်ရှိကြောင်း သတင်းရရှိသည်။



“ကျွန်မတို့ ရန်ကုန်ကနေ နေပြည်တော်ကို ပြောင်းလာရတာ တစ်နှစ်လောက်ရှိပြီ။ ကျွန်မတို့ လစာနဲ့ စီဒီအမ်အေဖုန်းလည်း မဝယ်နိုင်သေးဘူး။ အဲဒီတော့ ကိုယ်ရေးကိုယ်တာလုပ်ငန်းကိစ္စမှန်သမျှကို အများသုံး P.C.O ဖုန်းတွေနဲ့ပဲ ဆက်သွယ်ရတယ်” ဟု နေပြည်တော်ရှိအစိုးရဝန်ထမ်းတစ်ဦးကပြောသည်။

“ကျွန်မဖုန်းဆိုင်ဖွင့်တာ တစ်နှစ်ခွဲလောက်တော့ရှိပြီ။ အဲဒီတုန်းက နေပြည်တော်မှာ မိုဘိုင်းဖုန်းတွေဆက်သွယ်လို့ မရသေးဘူး။ အခု မိုဘိုင်းဖုန်းတွေ သုံးလို့ရပေမယ့် ဝန်ထမ်းတွေ၊ လက်လုပ်လက်စားနဲ့ လူလတ်တန်းစားတွေကတော့ အများသုံးဖုန်းဆိုင်တွေပဲလာဆက်ကြတယ်။ အရင်တုန်းကနဲ့စာရင် အခုနေပြည်တော်ဖြစ်လာတော့ ဝန်ထမ်းတွေပိုများလာပြီး အလုပ်ကိစ္စတွေ ဆက်သွယ်ကြတာပိုများတယ်” ဟု နေပြည်တော်ပျဉ်းမနားမြို့ရှိ အများသုံးဖုန်းဆိုင် ဖွင့်လှစ်ထားသူတစ်ဦးကပြောသည်။

မြို့တွင်း ခေါ်ပါက ပထမ (၃)မိနစ်လျှင် ၁၀၀ ကျပ်နှင့် တစ်မိနစ်တိုးတိုင်း ၂၅ ကျပ်ယူ၍ နယ်ဝေးအတွက် ပထမ ၃ မိနစ်လျှင် ၂၀၀ ကျပ်၊ တစ်မိနစ်တိုးတိုင်း ၅၀ ကျပ်ယူသည်။ အဝင်ဆိုပါက ၅ မိနစ်လျှင် ၁၀၀ ကျပ်ယူကြောင်း၊ ဖုန်းသွားခေါ်၍လူမရှိပါက ဆက်သည့်သူက မှာထားခဲ့ချင်သည်များကို စာအုပ်ဖြင့် ရေးမှတ်ပေးထားကြောင်း ယင်းက ပြောသည်။

နေပြည်တော်တွင် CDMA 450 MHz နှင့် 800 MHz ဖုန်းများ ချထားပေးပြီး ဂျီအက်စ်အမ် ဖုန်းများပင် နေပြည်တော်၌အသုံးပြု၍ ရလာခြင်းကြောင့် မိုဘိုင်းဖုန်းကိုင်ဆောင်သူများလာသည်။

လိုင်းဖုန်းဖြင့် ဖွင့်လှစ်သော အများသုံး P.C.O ဖုန်းဆိုင်များက ၁ မိနစ်လျှင် ၅၀ ကျပ်ခန့်ယူ၍ CDMA 450MHz ဖုန်းဖြင့် ဖွင့်လှစ်သော အများသုံး P.C.O ဖုန်းဆိုင်များက တစ်မိနစ်လျှင် ၁၀၀ ကျပ်ခန့်ယူကြောင်း စုံစမ်းသိရှိရသည်။

# တရုတ်ဖြစ်သရီးဒီအခွေနှင့် မျက်မှန်တုစိတ်ဝင်စားသူများ

**နန္ဒာအောင်**

**နေပြည်တော်၊ စက်တင်ဘာ- ၂၂**

ကွန်ပျူတာအထူးပြုလုပ်ချက်ဖြစ်သော 3D Animation များကို ရုပ်ရှင်ရုံများတွင်သာမက မိမိတို့၏ အိမ်များတွင်ပါ ကြည့်ရှုနိုင်သည့် တရုတ်နိုင်ငံလုပ် သရီးဒီအခွေတုများကို ကြည့်ရှုသူများလာကြောင်း သတင်းရရှိသည်။

“သရီးဒီအခွေအစစ်တော့ မဟုတ်ပါဘူး။ ကြောက်စရာကောင်းတဲ့ပုံတွေ၊ ကာတွန်းတွေကို သရီးဒီမျက်မှန်အတုနဲ့ ကြည့်လို့ရအောင်လုပ်ထားတာ။ သရီးဒီအခွေထည့်လိုက်ရင် တီဗီရဲ့ မျက်နှာပြင်ပေါ်မှာ ကာလာရောင်စုံပေါ်လာပြီးတော့ သရီးဒီမျက်မှန်နဲ့ကြည့်လိုက်တော့မှ ဘာပုံလဲဆိုတာ ရှင်းရှင်းလင်းလင်းမြင်ရတယ်။ ကိုယ့်ရှေ့မှာဖြစ်ပျက်နေသလိုပဲခံစားရတယ်”ဟု နေပြည်တော်ပျဉ်းမနားမြို့ရှိ 3D Animation အခွေပါ အီးဗီဒီစက်ဝယ်ယူကြည့်ရှုသူတစ်ဦးက ပြောသည်။

တရုတ်နိုင်ငံထုတ် ZEC, Tokomo နှင့် LG စသည့်စက်အမျိုးအစားများတွင် သရီးဂျီအခွေများထည့်သွင်းထားကြောင်း ၎င်းအခွေပါ စက်များသုံးစွဲမှုတွင်ကျယ်လာသည်မှာ ခုနစ်လ၊ ရှစ်လခန့်သာရှိသေးကြောင်း နေပြည်တော်ပျဉ်းမနားမြို့ရှိ လပြည့်ဝန်း အီလက်ထရွန်နစ်ဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထိုစက်များကိုမန္တလေးဘက်မှတင်သွင်းပြီးဈေးနှုန်း၃၆,၀၀၀ ကျပ် ဝန်းကျင်ရှိကာ စက်အမျိုးအစားအလိုက် ဈေးကွာခြားကြောင်း ယင်းကဆက်လက်ပြောကြားသည်။

# ဇွန်လအတွင်း မိုးကြီး ရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် အက်ဖ်အေအိုက နွားကောင်ရေ ၄၀၀ နှင့် ဆိတ်ကောင်ရေ ၇၄၀ ဖြန့်ဝေပေးမည်

**မောင်ကံ**

**မောင်တော၊ စက်တင်ဘာ-၂၃**

ယခုနှစ်ဇွန်လအတွင်းက မိုးကြီး၊ ရေလျှံမှုကြောင့် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်ရှိ လယ်ယာမြေ၊ စိုက်ခင်းနှင့်မွေးမြူရေးတိရစ္ဆာန်အချို့ ပျက်စီးဆုံးရှုံးမှုများရှိခဲ့ရာ အဆိုပါဒေသများအတွက် နွားကောင်ရေ ၄၀၀ နှင့် ဆိတ်ကောင်ရေ ၇၄၀ ကို အက်ဖ်အေအို၏ အရေးပေါ်နှင့် ပြည်လည်ထူထောင်ရေးညှိနှိုင်းမှုယူနစ်က ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း အဆိုပါယူနစ်မှ အရာရှိတစ်ဦးက 7Day News သို့ပြောသည်။ ဖြန့်ဝေပေးမည့် နွားကောင်ရေ ၄၀၀ တွင်နွားထီးအကောင် ၂၀၀ နှင့် နွားမအကောင် ၂၀၀ ပါဝင်ပြီး လယ်ယာလုပ်ငန်းတွင် အထောက်အကူပြုရန်နှင့် ဒေသတွင်းခိုင်းနွားကောင်ရေ တိုးပွားလာစေရန်ရည်ရွယ်ပေးဝေခြင်းဖြစ်ကြောင်း သိရသည်။

“နွားတွေကိုတော့ နွားပျက်စီးဆုံးရှုံးခဲ့တဲ့ လယ်သမားတွေအပြင် လုပ်ကွက်ငယ်၊ လုပ်ကွက်လတ်၊ လယ်သမားတွေကိုလည်း ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်။ ဆိတ်တွေကိုတော့ ဆိတ်ပျက်စီးဆုံးရှုံးခဲ့သူတွေ၊ အမျိုးသမီးဦးဆောင်အိမ်ထောင်စုတွေနဲ့ လယ်ယာမဲ့အိမ်ထောင်စုတွေကို ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်” ဟု အထက်ပါအရာရှိက ဆက်လက်ပြောကြားသည်။ အဆိုပါနွားနှင့်ဆိတ်များကို ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့၏ အရေးပေါ်ကယ်ဆယ်ရေးဗဟိုရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

# အလုပ်လုပ်မည့်မသန်စွမ်းသူများကို အတိုးမဲ့ချေးငွေထုတ်ပေးနေ

**ညီညီဇော်**

**မန္တလေး၊ စက်တင်ဘာ- ၂၁**

မန္တလေးမြို့တွင် ကိုယ်အင်္ဂါမသန်စွမ်းသူများအား ရွှေမင်းသားဖောင်ဒေးရှင်းမှ ချေးငွေများကို အတိုးလုံးဝမယူဘဲစတင်ထုတ်ပေးနေပြီဖြစ်ကြောင်း ၎င်းဖောင်ဒေးရှင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချေးငွေရယူလိုသည့် မသန်စွမ်းသူများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခု လုပ်ကိုင်နေရမည်ဖြစ်ပြီး လုပ်ငန်းအမျိုးအစားကိုမူ မခွဲခြားဘဲ မိမိလုပ်ငန်းအတွက် လိုအပ်သလောက်ငွေကြေးကို ထုတ်ချေးပေးမည်ဟု ပြောသည်။ ချေးငွေကို ၆ လအတွင်း ၆ ကြိမ်ခွဲကာ ၁ လတစ်ကြိမ်ပြန်လည်ပေးသွင်းရမည်ဟု ပြောသည်။

ရန်ကုန်မြို့ရှိ မသန်စွမ်းသူများအား ရွှေမင်းသားဖောင်ဒေးရှင်းမှ ချေးငွေထုတ်ပေးမှုများကို ၂၀၀၈ ခုနှစ်ကတည်းက စတင်ထုတ်ပေးခဲ့ခြင်းဖြစ်ပြီး မန္တလေးမြို့တွင်မူ ယခုမှ စတင်လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း တာဝန်ရှိသူမှ ပြောကြားသည်။ ဆက်လက်ပြီး ချေးငွေများ ထုတ်ပေးရခြင်း၏ ရည်ရွယ်ချက်မှာ မသန်စွမ်းသူများလုပ်ကိုင်နေသော လုပ်ငန်းများ အဆင်ပြေစွာ တိုးချဲ့ဆောင်ရွက်နိုင်စေရန်ဖြစ်ကြောင်း၊ လူမျိုးဘာသာမခွဲခြားဘဲ ထုတ်ချေးပေးမည်ဖြစ်ကြောင်း နောင်တွင်လည်း ကိုယ်အင်္ဂါမသန်စွမ်းသူများကို ဆက်လက်ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့အပြင် မသန်စွမ်းသူများအတွက် အခြေခံကွန်ပျူတာသင်တန်းကို အောက်တိုဘာလ ၁ ရက်တွင် စတင်သင်ကြားပေးမည်ဟု ၎င်းကပြောကြားခဲ့သည်။ ရွှေမင်းသားဖောင်ဒေးရှင်း မန္တလေးရုံးခွဲကို အမှတ်(၄)၊ ၃၃ လမ်း၊ ၆၇ လမ်း×၆၈ လမ်းကြား ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့တွင် ဖွင့်လှစ်ထားသည်။

# သဘာဝပတ်ဝန်းကျင်အလှဆင်သူများက လာမည့်ပွင့်လင်းရာသီတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးပိုမိုလုပ်ဆောင်မည်

**ဂျွန်ကိုလင်း**

**စစ်တွေ၊ စက်တင်ဘာ- ၂၂**

သဘာဝပတ်ဝန်းကျင်ကို ချစ်ခင်ကြသောဝါသနာတူသူများဖွဲ့စည်းထားသည့် စစ်တွေမြို့မှ သဘာဝပတ်ဝန်းကျင်အလှဆင်သူများ (Environment Decorators) ED အဖွဲ့က လာမည့် မိုးအကုန်ပွင့်လင်းရာသီကာလတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအား ပိုမိုလုပ်ဆောင်သွားမည်ဟု သိရသည်။

အဆိုပါ သဘာဝပတ်ဝန်းကျင် အလှဆင်သူများအဖွဲ့အား စစ်တွေမြို့၌ လွန်ခဲ့သည့် နှစ်နှစ်ခန့်ကပင် ပတ်ဝန်းကျင်သဘာဝကို ထိန်းသိမ်းကာ မြတ်နိုးသည့် ဒေသခံများက စတင်ဖွဲ့စည်းခဲ့ပြီး စစ်တွေမြို့ဝန်းကျင်ရှိ အမှိုက်သရိုက်နှင့် ပလတ်စတစ်ကင်းရှင်းရေး၊ ဒီရေတောထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို ဝါသနာတူညီသူများက ပါဝင်လုပ်ကိုင်နေကြခြင်းဖြစ်သည်ဟု ED မှအဖွဲ့ဝင်တစ်ဦးကပြောသည်။

“မိုးတွင်းမို့ ခေတ္တရပ်ထားပါတယ်။ မိုးကုန်ရင်တော့ ဆက်လုပ်သွားမှာပါ”ဟု အဖွဲ့ဝင်တစ်ဦးက ပြောသည်။

စစ်တွေမြို့သို့ အလည်အပတ်ရောက်ရှိလာသော အီတလီနိုင်ငံသူ သဘာဝ ပတ်ဝန်းကျင်ဂေဟစနစ်ကို လေ့လာသူလည်းဖြစ်သူ အမျိုးသမီး တစ်ဦးက “ကျွန်မရောက်ဖူးတဲ့ နိုင်ငံတွေထဲက မြို့တွေမှာ စစ်တွေဟာ ထူးခြားလှပတယ်။ မြစ်နဲ့ ပင်လယ်အော်ဆုံတဲ့ အပိုင်းကို မြို့ပေါ်ကနေ မြင်တွေ့နေနိုင်တယ်။ ဒီလိုမျိုး ကမ္ဘာမှာ မြို့အနည်းငယ်ပဲရှိတယ်။ ဒါပေမဲ့ မြစ်ကြောင်းသန့်ရှင်းမှုတော့ အားနည်းနေတယ်” ဟု ယင်းအမြင်ကို ပြောကြားခဲ့သည်။

# ရခိုင်ဒေသ စိုက်ပျိုးရေး လုပ်သား ငှားရမ်းခ မြင့်တက်

**မောင်သန်းဝင်း**

**ကျောက်တော်၊ စက်တင်ဘာ-၂၂**

ရခိုင်ပြည်နယ်ကုလားတန်၊ လေးမြို့ဒေသ ဆောင်းသီးနှံစိုက်ပျိုးရေး ဇုန်ကြီးနှစ်ဇုန်အပါအဝင် အခြားမြို့နယ်ဒေသများကြား၌ယခုနှစ်အတွင်းဆောင်းသီးနှံ စိုက်ပျိုးရေးလုပ်ငန်းများစတင်ချိန် ဆောင်းသီးနှံစိုက်ပျိုးရိတ်သိမ်းခြွေလှေ့ပြီးချိန်တစ်ရာသီအတွင်း လုပ်သားတစ်ဦး၏ ငှားရမ်းခမှာ ကျပ် ၂၀၀,၀၀၀ ထိဈေးတက်သွားကြောင်း ဒေသတွင်း ဆောင်းသီးနှံစိုက်ပျိုးရေးလုပ်ငန်းရှင်များမှ စုံစမ်းသိရသည်။

ယခင်က ဆောင်းသီးနှံ စိုက်ပျိုးရေးလုပ်ငန်းတစ်ရာသီအတွင်း လုပ်သားတစ်ဦးကို ငှားရမ်းခမှာ အများဆုံး ကျပ် ၁၀၀,၀၀၀ ဝန်းကျင်သာရှိကြောင်း ပြီးခဲ့သည့် ၂၀၀၉ခုနှစ်မှစ၍ ကျပ် ၁၅၀,၀၀၀ မှ၁၆၀,၀၀၀ကျပ်ထိဈေးတက်လာခြင်းဖြစ်ကြောင်း သိရသည်။

“အရင်ကတော့ ဆောင်းသီးနှံစိုက်ပျိုးရေးရာသီ စက်တင်ဘာနှောင်းပိုင်းမှ ဇန်နဝါရီလကုန်အထိ လုပ်သားတစ်ဦးငှားရမ်းခကတော့ အများဆုံးတစ်သိန်းဝန်းကျင်ပါပဲ။ ၂၀၀၉ ခုနှစ်ကစပြီး တစ်သိန်းခွဲကနေတစ်သိန်းခြောက်သောင်းထိခုန်တက်လာပြီး ယခုနှစ်မှာဆို နှစ်သိန်းထိပေးရတယ်။ ဒါတောင် ထမင်းကို ကိုယ့်ဘက်ကကျွေးရပြီး မိုးစပါးထွန်တုံးပိတ်ပြီးချိန်ကစာချုပ်ချုပ်ဆိုငှားထားရတာ”ဟုကုလားတန် ဆောင်းသီးနှံ စိုက်ပျိုးရေးဇုန်မှ ဆောင်းသီးနှံစိုက်တောင်သူတစ်ဦးက ပြောသည်။

ယခုကဲ့သို့ လုပ်သားများ ငှားရမ်းခဈေးတက်လာခြင်းမှာ မိုးစပါး စိုက်ပျိုးရေးရာသီ၌လည်း အလားတူဖြစ်ပြီး ဒေသတွင်းရာသီစုံ(ရာသီတိုင်း) စိုက်ပျိုးရေးလုပ်ငန်းများ၌ လုပ်ကိုင်နေကြသော လယ်သမားအချို့မှာ မြန်မာပြည်တွင်းဒေသအချို့နှင့် ထိုင်း၊ မလေးရှားနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မှုများရှိလာသဖြင့် ဒေသတွင်း လုပ်သားများအရေးအတွက်နည်းပါးလာကာ ဈေးတက်ရခြင်းဖြစ်ကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.9, No.28 • SEPTEMBER 30, 2010

# နေပြည်တော်တွင် LCD Board များ ဆက်လက် စိုက်ထူမည်

ညိုညိုဝင်း

မန္တလေး၊ စက်တင်ဘာ - ၂၃

နေပြည်တော်ပျဉ်းမနားမြို့ လမ်းဆုံ၊ လမ်းခွကျသောနေရာများတွင် ယာဉ်စည်းကမ်းလမ်းစည်းကမ်း အထောက်အကူပြုပညာပေး LCD Broad များကို နေပြည်တော်ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက တာဝန်ယူစိုက်ထူပေးထားပြီး ဆက်လက်၍စိုက်ထူပေးသွားရန် အစီအစဉ်ရှိကြောင်း ကော်မတီဝင်တစ်ဦးကပြောကြားသည်။

လောလောဆယ်တွင် အရွယ်အစားအကြီးဆုံး ဖြစ်သည့် LCD Board တစ်ခုကို နေပြည်တော်၊ ပျဉ်းမနားမြို့ရှိ ရာဇဌာနီလမ်းနှင့် ရန်ကုန်-မန္တလေးကားလမ်းဟောင်းဆုံရာ မီးပွိုင့်အနီးတွင်စိုက်ထူထားပြီး အဆိုပါဘုတ်မှယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးအချက်အလက်များကို နေ့စဉ်ပြသပေးလျက်ရှိကြောင်း၊ ၎င်းအပြင် နောက်ထပ်လည်း LCD ဘုတ်များစိုက်ထူပေးသွားရန် အစီအစဉ်ရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

"နေပြည်တော်မှာ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရန် ရည်ရွယ်ပြီး LCD ဘုတ်စိုက်ထူရခြင်း ဖြစ်ပါတယ်။ ဒီ LCD ဘုတ်ကိုအခြားကုမ္ပဏီတစ်ခုရဲ့ စပွန်ဆာနဲ့ စိုက်ထူပေးထားတာဖြစ်ပြီး နောက်ထပ်လည်း သင့်တော်တဲ့ နေရာတွေမှာ စိုက်ထူထားဖို့ အစီအစဉ်ရှိပါတယ်" ဟု ယင်းကော်မတီဝင်က ရှင်းပြသည်။ နေပြည်တော်တွင် အဆိုပါ LCD ဘုတ်အပြင်အခြားနေရာအချို့တွင်လည်း LCD ဘုတ်အသေးများလည်းစိုက်ထူထားသည်။

# ရခိုင်ပြည်နယ်အတွင်း ဒီရေတောဧက နှစ်သောင်းကျော်စိုက်ပျိုးမည်

မောင်သန်းဝင်း

ဂွ၊ စက်တင်ဘာ- ၂၂

ဧရာဝတီတိုင်းဒေသကြီးနှင့် ထိစပ်လျက်ရှိသောရခိုင်ပြည်နယ်တောင်ပိုင်းဂွမြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့နှင့် ပြည်တွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးအင်န်ဂျီအို ၁၇ ဖွဲ့ (MERN) တို့ပူးပေါင်းပြီး အမေရိကန်ဒေါ်လာ ၃ သန်းကျော်အကုန်ကျခံကာ ဒီရေတောဧက ၂၀,၀၀၀ ကျော်အားသုံးနှစ်စီမံကိန်းများချ၍ စိုက်ပျိုးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။




အဆိုပါ စီမံကိန်းအား ယခုနှစ်ကုန်ပိုင်းတွင်စတင်အကောင်အထည်ဖော်မည်ဖြစ်ပြီး ဂွမြို့နယ်အတွင်းရှိကျေးရွာပေါင်း ၆၀ကျော်၌ ဒီရေရောက်မြစ်ကမ်းများအတွင်းရှိပြီးသားဒီရေတောပင်များအားပြုန်းတီးမှုမရှိစေရေးနှင့် လစ်ဟင်းနေသော နေရာများ၌ ဖြည့်ဆည်းစိုက်ပျိုးမည်ဖြစ်ကြောင်းသိရသည်။

စီမံကိန်း ကာလအားဖြင့် ၂၀၁၃ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပြီးဆုံးမည်ဖြစ်သည်။ စိုက်ပျိုးထူထောင်ပြီးစီးသော ဒီရေတောများအား ပျက်စီးမှုမရှိစေရန် ကျေးရွာပေါင်း ၆၀ ကျော်၌ ကျေးရွာသူရွာသားပေါင်း ရှစ်သောင်းကျော်က မိမိတို့ကျေးရွာဒေသနယ်မြေများအတွင်း ဒီရေတောပင်များအား မိမိတို့ကိုယ်တိုင်ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်းလည်းသိရသည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့အနေဖြင့် ထိုကျေးရွာသူကျေးရွာသားများ၏ စိုက်ပျိုးရေးမွေးမြူရေးကဏ္ဍများကိုလည်း တိုးမြှင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

# စပါးခင်းများတွင်ပိုးကျခြင်း သဘာဝနည်းလမ်းဖြင့်နှိမ်နင်းနည်း တောင်သူများသို့သင်တန်းပေး

မောင်ကံ

မောင်တော၊ စက်တင်ဘာ-၂၂

ယခုနှစ်အတွင်း ရာသီဥတုအပြောင်းအလဲကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များ၌ စပါးခင်းများတွင် စပါးဖျက်ပိုးများကျရောက်လျက်ရှိရာ စပါးဖျက်ပိုးများအား ပိုးသတ်ဆေးမသုံးစွဲဘဲ သဘာဝနည်းလမ်းများဖြင့် နှိမ်နင်းနိုင်သည့်နည်းလမ်းများကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ သီးနှံကာကွယ်ရေးဌာနခွဲမှ ကိမိလဗေဒပညာရှင်များနှင့် အက်ဖ်အေအိုတို့ပူးပေါင်းကာ မောင်တော ဘူးသီးတောင်၊ ရသေ့တောင်ရှိစပါးစိုက်တောင်သူများသို့ သင်တန်းများပို့ချပေးနေကြောင်း သိရသည်။

"ဩဂုတ်လအတွင်းက ရခိုင်ပြည်နယ် သီးနှံကာကွယ်ရေးဌာနစိတ်ကပညာရှင်တွေနဲ့ပူးပေါင်းပြီး မောင်တောမှာ သုံးကြိမ်၊ ဘူးသီးတောင်မှာ သုံးကြိမ်၊ ရသေ့တောင်မှာလေးကြိမ်နေရာအလိုက်ဖွင့်လှစ်ပို့ချခဲ့ပါတယ်။ အခု ဒုတိယအကြိမ်အဖြစ် (ရုံးချုပ်) သီးနှံကာကွယ်ရေးဌာနခွဲမှ ကိမိလဗေဒပညာရှင်တွေလာရောက်ပြီးတော့ ရသေ့တောင်မှာ သုံးကြိမ်၊ ဘူးသီးတောင်မှာသုံးကြိမ်ဖွင့်လှစ်ပေးခဲ့ပါပြီ။ မောင်တောမှာလည်း သင်တန်းတွေပေးနေပြီဖြစ်ပါတယ်"ဟု အက်ဖ်အေအိုရုံးမှ စီမံချက်မန်နေဂျာဦးလှအောင်က ပြောကြားသည်။


အဆိုပါ သဘာဝနည်းလမ်းများဖြင့် စပါးဖျက်ပိုးနှိမ်နင်းနိုင်သည့် နည်းလမ်းများတွင် ပိုးစားငှက်များကို ဆွဲဆောင်ခေါ်ယူခြင်းဖြင့် နှိမ်နင်းနည်း၊ တစ်ကောင်ချင်းကောက်ယူသည့် နည်းတို့ပါဝင်ကြောင်းသိရသည်။ အထက်ပါ နည်းလမ်းများကို အသုံးပြုကာ စပါးဖျက်ပိုးများကိုနှိမ်နင်းခြင်းဖြင့် ပိုးသတ်ဆေးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာသည့်နောက်ဆက်တွဲပြဿနာများနှင့် ပိုးသတ်ဆေးအတွက် ကုန်ကျစရိတ်များကို သက်သာစေကြောင်း သိရသည်။

# စာ(၃၇) မြစ်ချောင်းများသည် ဇီဝမျိုးစုံမျိုးကွဲများ ကျက်စားရာဖြစ်သည့်အတွက် စက်ရုံထွက်ပစ္စည်းများ သတိပြုစွန့်ပစ်သင့်ဟုဆို မှ

၂၀၀၆ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် အတည်ပြုထားသော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး ဥပဒေအရ ပို့ဆောင်ရေးဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ပုဒ်မ (၄)အပိုဒ် (၁၀)တွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းထိန်းသိမ်းရေးအတွက် မြန်မာနိုင်ငံက အကောင်ထည်ဖော်ဆောင်ရွက်ရန်ရှိသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဆိုင်သော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်များ၊ ဒေသဆိုင်ရာ သဘောတူစာချုပ်များ၊ နှစ်နိုင်ငံ သဘောတူ စာချုပ်များနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သည်။

ထိုကြောင့် တားမြစ်ချက်များပါ အခန်း(၅)ပုဒ်မ(၈) အပိုဒ်(က)တွင် မည်သူမျှ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိခိုက်ပျက်စီးစေရန် ရည်ရွယ်၍ တစ်စုံတစ်ရာပြုလုပ်ခြင်း (သို့မဟုတ်) ရေကြောင်းအား ပြောင်းလဲစေခြင်း မပြုရ၊ အပုဒ်(ခ)ရေအရင်းအမြစ်များကို တမင်ပြုန်းတီးစေခြင်း မပြုရဟု ဖော်ပြထားသည်။

မည်သူမဆို ပုဒ်မ(၈) ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၅၀၀၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်ဟု ဖော်ပြထားသည်။သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားလည်းဖြစ် မြန်မာနိုင်ငံ ရာသီဥတု ပြောင်းလဲခြင်းကို မှတ်တမ်းတင်သူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင် (NCEA)၏ အဖွဲ့ဝင်ဦးဝင်းမျိုးသူက "လူတစ်ယောက်ကိုသတ်ရင် ထောင်ကျရင်ကျမယ်၊ သဘာဝပတ်ဝန်းကျင်ကိုဖျက်ဆီးရင်တော့ ထာဝရလူသတ်သမားဖြစ်တယ်။ လူ့ဘဝသက်တမ်းတိုတိုလေးမှာ ထာဝရအကုသိုလ်မယူကြပါနဲ့" ဟု ပြောကြားသည်။ ။







# စစ်တွေ-အမ်း-ပဒါန်း-မင်းဘူးရထားလမ်းစီမံကိန်း မင်းဘူးမှစတင်

နန်နွေ

စစ်တွေ၊ စက်တင်ဘာ- ၂၂

စစ်တွေ-အမ်း-ပဒါန်း-မင်းဘူးရထားလမ်းစီမံကိန်း၏ ရိုးမအရှေ့ မင်းဘူး-ပဒါန်းလမ်းပိုင်းမြေကြီးလုပ်ငန်းဆောင်ရွက်မှုများကို ၂၀၁၀ ခုနှစ် ဩဂုတ်လမှ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ ဤရထားလမ်းမှာ အရှည် ၂၅၇ မိုင်ရှိပြီး၊ စစ်တွေ-ရေချမ်း ပြင်၊ ပုဏ္ဏားကျွန်း(ကွန်းတောင်)-ယိုးတရုတ်အပိုင်းကို ၂၀၁၀ ခုနှစ် မေလမှ စတင်ဖောက်လုပ်ကာရထားများပြေးဆွဲနေပြီဖြစ်ကြောင်းလည်းသိရသည်။

ယိုးတရုတ်-ကျောက်တော်ရထားလမ်းပိုင်းကိုလည်း လာမည့်ပွင့်လင်းရာသီတွင်ဖွင့်လှစ်ပြေးဆွဲနိုင်တော့မည်ဖြစ်ကာ ဤလမ်းပိုင်းရှိ ယိုးချောင်း မြစ်ဖြတ်ကူးတံတားကြီးမှာလည်း ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။ ဤရထားလမ်းတွင် ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်ပေ ၄၀၀၀ ကျော်ရှိသည့်ရေကန်အနက်အား ဥမင်များဖြင့် ဖောက်လုပ်ဖြတ်ကျော်ရမည်ဖြစ်ကြောင်းလည်း သိရသည်။

# Education

7DAY NEWS JOURNAL

Vol.9, No.28 · SEPTEMBER 30, 2010

## ဗြိတိသျှကောင်စီကပေးသည့် ဆေးပညာမဟာဘွဲ့ ပညာသင်ဆုကို ဆရာဝန်နှစ်ဦးရရှိ

နေလင်းထွန်း

ရန်ကုန်၊ စက်တင်ဘာ - ၂၂

ပထမဆုံးအကြိမ် ပေးအပ်သည့် ဗြိတိသျှကောင်စီ(မြန်မာ)၏ ပညာသင်ဆုအတွက် မဟာဘွဲ့ ဆေးပညာဆက်လက်သင်ယူမည့် အမျိုးသမီးဆရာဝန်နှစ်ဦးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ပညာသင်ဆုအတွက် လျှောက်ထားသူ ၂၇ဦးရှိခဲ့ပြီး ဘွဲ့လွန်ပညာအတွက် လျှောက်ထားသူ ပိုမိုများပြားကာ ဆေးပညာဆက်လက်လေ့လာဆည်းပူးလိုသူအများဆုံးပါဝင်ခဲ့ကြောင်း ဗြိတိသျှကောင်စီ(မြန်မာ)မှ သိရသည်။

"အခုပညာသင်ဆုအစီအစဉ်က အရှေ့တောင်အာရှဒေသမှာပထမဦးဆုံး စမ်းသပ်အစီအစဉ်ဖြစ်တာကြောင့် အချိန်ကာလတိုတိုနဲ့ လုပ်ရတဲ့အတွက် လျှောက်တဲ့ဦးရေက ထင်သလောက်များများ မရခဲ့ဘူး။ နောက်အကြိမ်တွေမှာတော့ လျှောက်လွှာတင်တဲ့ကာလကို ရှည်ရှည်ထားပေးဖို့ စီမံထားပါတယ်" ဟု ဗြိတိသျှကောင်စီ(မြန်မာ)မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပညာသင်ဆုရရှိသူများအတွက် ဗြိတိသျှကောင်စီ(မြန်မာ)မှ အမေရိကန်ဒေါ်လာ ၃၅၀၀ ကို တစ်စိတ်တစ်ပိုင်းကျောင်းလခအဖြစ် ၎င်းတို့တက်ရောက်မည့် ကျောင်းများသို့ တိုက်ရိုက်ပေးသွင်းမည်ဖြစ်ပြီး ကျန်လိုအပ်သော ကျောင်းလခကို မိမိအစီအစဉ်ဖြင့် ပေးသွင်းရမည်ဖြစ်သည်။

## ဗြိတိန်ကျောင်းသား ဗီဇာကြေး ဒုတိယအကြိမ် မြင့်တက်ပြန်

နေလင်းထွန်း



ဗြိတိန်ကျောင်းသား ဗီဇာကြေးသည် ယခုနှစ်မတ်လတွင် ၁၄၅ ပေါင်မှ ၁၉၅ ပေါင်သို့ မြင့်တက်ခဲ့ပြီး၊ ယခုအခါပေါင် ၂၂၀ သို့ထပ်မံမြင့်တက်သွားခြင်း ဖြစ်သည်။

ရန်ကုန်၊ စက်တင်ဘာ - ၂၅

ယခုနှစ်အတွင်း နိုင်ငံတကာကျောင်းသားများအတွက် ဗြိတိန်ကျောင်းသား ဗီဇာလျှောက်လွှာကြေး ဒုတိယအကြိမ်မြင့်တက်သွားကြောင်း ပြည်တွင်းပညာရေးဝန်ဆောင်မှု ကုမ္ပဏီများမှ သိရသည်။

ကျောင်းသားဗီဇာ လျှောက်လွှာကြေးအတွက် ပေါင် ၁၉၅ နှင့် ညီမျှသော မြန်မာကျပ်ငွေ ပေးသွင်းနေရပြီး၊ အောက်တိုဘာလ ၁ ရက်မှ စတင်၍ ပေါင် ၂၂၀ နှင့် ညီမျှသော မြန်မာငွေကျပ်ပေးသွင်းရတော့မည်ဖြစ်ကြောင်း သိရသည်။

"အောက်တိုဘာလ ပထမပတ်မှာ ကျောင်းသားဗီဇာလျှောက်တဲ့သူတွေ ပေါင် ၂၂၀ နဲ့ညီမျှတဲ့ မြန်မာကျပ်ငွေပေးရပါမယ်။ ကျပ် သုံးသိန်းသုံးသောင်းခြောက်ထောင်လောက်သွင်းရတော့မှာပါ။ ကျပ်နှစ်သောင်းလောက် တက်သွားတယ်။ သံရုံးက သတ်မှတ်တဲ့ ငွေလဲနှုန်းမှာလည်း မူတည်ပါတယ်" ဟုဗြိတိန်ပညာရေး ဝန်ဆောင်မှုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

## မြန်မာနိုင်ငံမှ ဆေးဘက်ဆိုင်ရာဘွဲ့တစ်ခုခုဖြင့် ဘွဲ့ရသူများ Clinical Research နှင့် Health Administration ဘွဲ့လွန်တက်ရောက်နိုင်

သီဟ

ရန်ကုန်၊စက်တင်ဘာ - ၂၂

မြန်မာနိုင်ငံမှ ဆေးပညာဘွဲ့ရများ သူနာပြုဘွဲ့ရများ၊ ဆေးဝါးကျွမ်းကျင်ဘွဲ့ရများနှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရများသည် အင်္ဂလန်၊ အမေရိကန်နှင့် စင်ကာပူနိုင်ငံများတွင် Master of Science in Clinical Research နှင့် Master in Health Administration ဘာသာရပ်များအား သွားရောက် သင်ကြားနိုင်ပြီဖြစ်ကြောင်းသိရသည်။

အဆိုပါအစီအစဉ်အား အင်္ဂလန်နိုင်ငံအခြေစိုက် ဆေးဘက်ဆိုင်ရာ ပညာရေးနှင့် သုတေသနအဖွဲ့အစည်းတစ်ခုဖြစ်သည့် International Clinical Research Institute နှင့် မြန်မာနိုင်ငံမှ ပညာရေးအေဂျင်စီတစ်ခုဖြစ်သည့် Crown Education တို့ပူးပေါင်းစီစဉ်ခြင်းဖြစ်သည်။ ဘာသာရပ်နှစ်ခုလုံးအတွက်ဘွဲ့များအား အမေရိကန်ရှိ Medical University of Sourth Carolina မှပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဘာသာရပ်နှစ်ခုလုံး အတွက်သင်တန်းကာလမှာ ၂နှစ်ကြာမြင့်မည်ဖြစ်ပြီး၊ တက်ရောက်လိုသူများသည် စင်ကာပူ၊ အင်္ဂလန်နှင့်အမေရိကန်တို့ရှိ ကျောင်းများသို့ တိုက်ရိုက်လျှောက်ထားနိုင်ကြောင်း သိရသည်။ ကျောင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များအား အောက်တိုဘာ ၂ရက်နေ့တွင် Crown Education၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်

## JLPT စာမေးပွဲပုံစံသစ်၏ အောင်မှတ်သတ်မှတ်ချက်များ ထုတ်ပြန်

နေလင်းထွန်း

ရန်ကုန်၊ စက်တင်ဘာ - ၂၂

လာမည့် ဒီဇင်ဘာ ၅ ရက်တွင် ပုံစံသစ်ဖြင့် ပြောင်းလဲကျင်းပမည့် ဂျပန်စာအရည်အချင်းစစ် စာမေးပွဲ(JLPT)၏ အောင်ချက်သတ်မှတ်ချက်များကို ထုတ်ပြန်ကြေညာလိုက်ကြောင်း ပြည်တွင်း ဂျပန်စာသင်တန်းကျောင်းတစ်ခုမှ သိရသည်။

ပုံစံသစ်စာမေးပွဲသည် ယခင်ပုံစံဟောင်းစာမေးပွဲနှင့် အောင်မှတ်သတ်မှတ်မှု စနစ်ကွာခြားပြီး ပုံစံဟောင်းတွင်အမှတ် ၄၀၀ ထိ ပေးခဲ့ရာမှ ပုံစံသစ်တွင် အမှတ် ၁၈၀ ဖြစ်လာကြောင်း သိရသည်။

"အခုလို အမှတ်ပေးစနစ်နဲ့ အောင်မှတ်အပြင် မေးခွန်းပုံစံပြောင်းလဲမှုတွေလည်းအများကြီးရှိလာတဲ့အတွက် သင်တန်းကျောင်းမှာလည်း ဂျပန်နိုင်ငံက နောက်ဆုံးထွက်ရှိတဲ့ မေးခွန်းပုံစံသစ်၊ နမူနာမေးခွန်းပုံစံစာအုပ်တွေနဲ့ စာမေးပွဲအတွက် ပြင်ဆင်လေ့ကျင့်မှုသင်တန်း ပို့ချသွားပါမယ်"ဟု JETC သင်တန်းမှ ဆရာဦးသန့်စင်နိုင်က ပြောသည်။

ယခုလာမည့် စာမေးပွဲတွင် N1, N2, N3, N4, N5 ဟူ၍ အဆင့်ငါးဆင့်ရှိရာ N1, N2, N3 တို့၏ စုစုပေါင်း ရမှတ်မှာ ၁၈၀ မှတ်ဖြစ်ပြီး၊ အောင်မှတ်မှာ N1 အတွက် အမှတ် ၁၀၀၊ N2 အတွက် အမှတ် ၉၀၊ N3 အတွက် ၉၅ မှတ်ဟူ၍ သတ်မှတ်ကြေညာခဲ့သည်။ N4 နှင့် N5 အတွက်ကိုမူ ထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ယင်းစာမေးပွဲကို ၁၉၉၉ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ဂျပန်သံရုံးနှင့် မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းများ အသင်း (MAJA)တို့ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယခင်နှစ်က စာမေးပွဲလျှောက်ထားသူဦးရေ ၃,၀၀၀ ခန့်ရှိကြောင်း သိရသည်။

### ပညာရေးသတင်းတိုများ

## လက်လီအရောင်း စီမံခန့်ခွဲမှု ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန်၊ စက်တင်ဘာ - ၂၀

ဈေးဝယ်စင်တာကြီးများ၊ စူပါမားကက်များ၊ စတိုးဆိုင်များမှ ပိုင်ရှင်နှင့်ဝန်ထမ်းများအတွက် လက်လီအရောင်းစီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲ (Retail Management Workshopကို အောက်တိုဘာ ၂၄ရက်တွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)တွင် ပြုလုပ်မည်ဖြစ်သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို OESC ပညာရေးဝန်ဆောင်မှုနှင့် စင်ကာပူနိုင်ငံရှိ AEC College Pte Ltd တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ပါမောက္ခဒေါ်လှမြင့်နှင့် အထက်ပါကျောင်းမှ Mr.Mogan Swamyတို့ ဆွေးနွေးဟောပြောမည်ဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လိုသူများအနေဖြင့် အောက်တိုဘာ ပထမပတ်နောက်ဆုံးထား၍ OESC ပညာရေးဝန်ဆောင်မှုတွင် စာရင်းပေးသွင်းတက်ရောက်နိုင်ကြောင်း သိရသည်။

## စာရင်းကိုင်ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်


ရန်ကုန်၊ စက်တင်ဘာ - ၂၅


စာရင်းကိုင်ဘာသာရပ်ဆိုင်ရာ ပညာရေးဟောပြောပွဲကို အောက်တိုဘာ၇ရက်တွင် ဗိုလ်တထောင်မြို့နယ်၊ ၄၅လမ်းရှိ MAS စာရင်းကိုင်သင်တန်းကျောင်း၌ ကျင်းပမည်ဖြစ်သည်။ စင်ကာပူနိုင်ငံရှိ စာရင်းကိုင်သင်တန်းကျောင်းအချို့တွင် ပညာသင်ယူနိုင်သော အခွင့်အလမ်းများကို ရှင်းလင်းဟောပြောမည်ဖြစ်ပြီး စိတ်ဝင်စားသူများ တက်ရောက်လေ့လာနိုင်သည်။

## BCA အကယ်ဒမီ ကျောင်းဝင်ခွင့် စာမေးပွဲကျင်းပမည်

ရန်ကုန်၊ စက်တင်ဘာ-၂၂

စင်ကာပူနိုင်ငံရှိ BCA Academy ကျောင်းဝင်ခွင့်စာမေးပွဲကို နိုဝင်ဘာ ၁၄ရက်တွင် ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပမည်ဟု Care Forever ပညာရေးဝန်ဆောင်မှုမှ သိရသည်။ ဝင်ခွင့်စာမေးပွဲအတွက် စာမေးပွဲကြေးမှာ စင်ကာပူဒေါ်လာ ၁၀၀ ဖြစ်ပြီး အောက်တိုဘာလကုန်နောက်ဆုံးထားစာရင်းပေးသွင်းရမည်ဖြစ်သည်။



7 DAY NEWS JOURNAL
Vol.9, No.28 · SEPTEMBER 30, 2010

# East-Westစင်တာမဟာဘွဲ့နှင့် ပါရဂူဘွဲ့ပညာသင်ဆုများ နိုဝင်ဘာ ၁ ရက် နောက်ဆုံးထား လျှောက်ရမည်

**ရန်ကုန်၊ စက်တင်ဘာ – ၂၀**

မြန်မာကျောင်းသားများ လျှောက်ထားနိုင်သော East-West Center ၏ မဟာဘွဲ့နှင့် ပါရဂူဘွဲ့များ ပညာသင်ဆုအတွက် နိုဝင်ဘာ ၁ ရက်နောက်ဆုံးလျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

East-West Center သည် ပညာရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ၎င်းမှ ပညာသင်ဆုရရှိပါက အမေရိကန်နိုင်ငံရှိ ဟာဝိုင်ယီတက္ကသိုလ်တွင် ပညာဆည်းပူးခွင့်ရရှိမည်ဖြစ်သည်။



အထက်ပါ မဟာဘွဲ့သင်တန်းသည် ၂၄ လနှင့် ပါရဂူဘွဲ့သင်တန်းသည် ၄၈ လကြာမြင့်မည်ဖြစ်သည်။ပညာသင်ဆုအတွက် အင်္ဂလိပ်စာလိုအပ်ချက်အနေဖြင့် IELTS 6.0 နှင့် TOEFL 550 လိုအပ်ပြီး မိမိတက်ရောက်မည့် ဘာသာရပ်ပေါ်မူတည်၍ GRE သို့မဟုတ် GMAT ရမှတ်များလည်း လိုအပ်သည်။

မဟာဘွဲ့သင်တန်းလျှောက်ထားလိုသူများသည် လေးနှစ်ကာလရှိ ဒီဂရီဘွဲ့သင်တန်း တက်ရောက်ထားရမည်ဖြစ်သည်။ ၎င်းပညာသင်ဆုတွင် ဆေးပညာ၊ အဆောက်အဦ ဒီဇိုင်းပညာနှင့် အိုင်တီပညာရပ်များကို လျှောက်ထား၍ မရနိုင်ကြောင်း သိရသည်။

အဆိုပါ ပညာသင်ဆုအစီအစဉ်နှင့်ပတ်သက်သော လိုအပ်ချက်များကို စက်တင်ဘာ ၂၀ ရက်တွင် အမေရိကန်စင်တာ၌ ထိုင်းနိုင်ငံရှိ နိုင်ငံတကာပညာရေးအဖွဲ့အစည်း (IIE)မှ တာဝန်ရှိသူက လာရောက်ရှင်းလင်းဟောပြောခဲ့သည်။

ပညာသင်ဆု လျှောက်ထားလိုသူများနှင့်ပညာသင်ဆု ဆိုင်ရာ သတင်းအချက်အလက် လေ့လာလိုသူများအနေဖြင့် www.eastwestcenter.org/studentprograms တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

## စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဘွဲ့အတွက် Newcastle က ပေးသည့်ပညာသင်ဆု နိုဝင်ဘာတွင်လျှောက်ရမည်

**သီဟ**

**ရန်ကုန်၊ စက်တင်ဘာ – ၂၂**

စင်ကာပူနိုင်ငံရှိ PSB Academy တွင် University of Newcastle မှတိုက်ရိုက်ချီးမြှင့်သည့် Bachelor of Engineering(Electrical) နှင့် Bachelor of Engineering (Mechanical) ဘွဲ့အတန်းသို့ တက်ရောက်သူများအား နှစ်စဉ်ပညာသင်ထောက်ပံ့ကြေး ပေးလျက်ရှိရာ လာမည့် ၂၀၁၁ ပညာသင်နှစ်တွင် အဆိုပါဘာသာရပ်များသို့ တက်ရောက်မည့်သူများသည် ပညာသင်ထောက်ပံ့ကြေးအတွက် ယခုနှစ် နိုဝင်ဘာလတွင် စတင် လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။



၂၀၁၁ တွင်လျှောက်ထားပါက ပညာသင်ထောက်ပံ့ကြေးအတွက် အကြုံးဝင်မည်မဟုတ်ကြောင်း သိရသည်။

အဆိုပါဘာသာရပ်များအား လေးနှစ်တက်ရောက်ရမည်ဖြစ်ပြီး ပထမနှစ်တွင် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာရပ်များအား အပိုင်းနှစ်ပိုင်းခွဲသင်ယူရမည်ဖြစ်ပြီး ကျန်နှစ်များတွင် အင်ဂျင်နီယာနှင့်သက်ဆိုင်သည့် ဘာသာရပ်များ သင်ယူရမည်ဖြစ်သည်။

အဆိုပါဘွဲ့များရရှိပြီးပါက အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် Bachelor of Engineering (Electrical) ရရှိပြီးသူများသည် Renewable Energy, Electrical Drives,Electronics, Power and Energy System အစရှိသည့် လုပ်ငန်းခွင်များတွင်လည်းကောင်း Bachelor of Engineering (Mechanical) ရရှိပြီးသူများသည် Power Generation, Mining, Mineral Processing စသည့်လုပ်ငန်းခွင်များတွင်လည်းကောင်း လုပ်ကိုင်နိုင်ကြောင်းသိရသည်။

## MDIS တွင် သိပ္ပံဘာသာရပ်ယူမည့်သူများအား သင်တန်းကြေးလျှော့ချလက်ခံမည်

**သီဟ**

**ရန်ကုန်၊စက်တင်ဘာ – ၂၂**

စင်ကာပူနိုင်ငံ Management Development Institute of Singapore (MDIS) တွင်ဇီဝဆေးသိပ္ပံဘာသာရပ်သင်ယူမည့်သူ များအား ပညာရေးအေဂျင်စီတစ်ခုဖြစ်သည့် AT & S မှသင်တန်းကြေးများ လျှော့ချလက်ခံပေးမည်ဟုသိရသည်။

ယင်း ဇီဝဆေးသိပ္ပံဘာသာရပ်တွင် B.Sc(Hons) in Biomedical Science နှင့် B.Sc (H ons) in Pharmaceutical Management ဟူ၍နှစ်မျိုးခွဲခြား သင်ယူနိုင်ပြီး University of Bradford မှ ဘွဲ့ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ပညာသင်လျှော့ကြေးမှာ MBBS ဘွဲ့ရများအတွက် စင်ကာပူဒေါ်လာ ၂,၀၀၀၊ ဆေးဝါးကျွမ်းကျင်ဘွဲ့ရများအတွက် စင်ကာပူဒေါ်လာ ၁,၇၀၀ နှင့် သွားဘက်ဆိုင်ရာဆရာဝန်ဘွဲ့ရများအတွက် စင်ကာပူဒေါ်လာ ၂,၀၀၀ အသီးသီးလျှော့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းလျှောက်ထားရန်အတွက် အင်္ဂလိပ်စာလိုအပ်ချက်မှာ IELTS 6.0 နှင့် TOEFL Internet Based ဖြင့်၂၁၃ နှင့် Paper Based ဖြင့် ၅၅၀ ရရှိရမည်ဖြစ်သည်။

ပညာသင်လျှော့ကြေးနှင့်ပတ်သက်သည့်အကြောင်းအရာများအား လာမည့်အောက်တိုဘာ ၂ရက်နှင့် ၃ရက်တွင် ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ကျင်းပမည့် ပညာရေးပွဲတော်၌စုံစမ်းနိုင်ကြောင်းသိရသည်။

## မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ စာတမ်းဖတ်ပွဲကျင်းပမည်

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ – ၂၂**

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၏ (၁၀) ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲတွင် တင်သွင်းဖတ်ကြားမည့် စာတမ်းအရေအတွက်သည် ယခင်နှစ်ထက် လျော့ကျသွားကြောင်း သိရသည်။

ယခုနှစ် သုတေသန စာတမ်းဖတ်ပွဲတွင် ဝိဇ္ဇာ၊ သိပ္ပံနှင့် လူမှုရေးဘာသာရပ်များအတွက် စာတမ်းပေါင်း ၂၄၉စောင်တင်သွင်းဖတ်ကြားမည်ဖြစ်ပြီး ယခင်နှစ်တွင် စာတမ်းပေါင်း ၂၈၂စောင် ဖတ်ကြားခဲ့ကြောင်း မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့မှသိရသည်။

စာကြည့်၊ သုတပညာဘာသာရပ်ကို ယခုအကြိမ်တွင် တင်သွင်းဖတ်ကြားမည့်သူမရှိဘဲ အခြားဘာသာရပ်ပေါင်း ၂၃ဘာသာကို ဖတ်ကြားကြမည်ဖြစ်သည်။

အဆိုပါ သုတေသနစာတမ်းဖတ်ပွဲကို ရန်ကုန်တက္ကသိုလ်၌ အောက်တိုဘာ ၂၅ ရက်မှ ၂၇ရက်ထိ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ၂၉ရက်တွင် အကောင်းဆုံး သုတေသနစာတမ်းဆုပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့သည် သုတေသနစာတမ်းဖတ်ပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ဖတ်ကြားပြီးသည့် စာတမ်းများကို တည်းဖြတ်၍ သုတေသနဂျာနယ်များအဖြစ် ပြုစုပုံနှိပ်ထုတ်ဝေလျက်ရှိသည်။

ဂျပန်စာတိုင်းပေသီးတွက်ချက်ခြင်းဖြင့်ကလေးတွေရဲ့ဖွံ့ဖြိုးရည်ကို မြင့်တင်ကြရအောင်
WIN JAPANESE LANGUAGE SCHOOL

TRADEMARK CAUTION
P.T. KALBE FARMA, TBK. a company incorporated in Republic of Indonesia at KAWASAN INDUSTRI DELTA SILICON, JL. M.H. THAMRIN BLOK A3-1, LIPPO CIKARANG, BEKASI 17550, REPUBLIC OF INDONESIA is the Owner and Sole Proprietor of the following Trademark:-
www.kalbefarma.com
Reg. No. 4/6528/2010
In respect of : Int'l Class 35 : "Promotion and marketing all pharmaceutical products and health services; promotion and marketing all pharmaceutical products and health services by website; management promotion and marketing services."
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL,
Post Graduate Diploma in Legal Aspects of Marine Affairs(UK)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 30.9.2010

TRADEMARK CAUTION
CHIESI FARMACEUTICI S.P.A a company incorporated in Italy at Via Palermo 26/A, 43100 PARMA, Italia, is the Owner and Sole Proprietor of the following Trademarks:-
BREXIN
Reg: No.4/2106/2003
CUROSURF
Reg: No.4/2107/2003
In respect of : Int'l Class 5: Pharmaceutical preparations and medicinal substances.
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Dip in Marine Affairs(UK)
MYINT.Advocate@mptmail.net.mm
Ph: 371 990 30.9.2010

7 DAY NEWS JOURNAL
Vol.9, No.28 · SEPTEMBER 30, 2010

## အွန်လိုင်းမှတစ်ဆင့် ဈေးဝယ်နိုင်မည့်စနစ်ကို ရတနာပုံဝက်ဘ်ပေါ်တယ်နှင့်ပုဂ္ဂလိကဘဏ်များ ပူးပေါင်းဆောင်ရွက်

**ယုဇနကိုကို**

**ရန်ကုန်၊စက်တင်ဘာ-၂၂**

ရတနာပုံဝဘ်ပေါ်တယ်အားလွှင့်တင်ထားသည့်ရတနာပုံတယ် လီပို့ကုမ္ပဏီလီမိတက်က မကြာသေးမီက စတင်ဖွင့်လှစ်ခဲ့သောပုဂ္ဂလိကဘဏ်များနှင့် ပူးပေါင်းပြီး အွန်လိုင်းမှတစ်ဆင့်ဈေးဝယ်နိုင်မည့် အီးကောမာ့စ် (e-Commerce)စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်နေပြီဖြစ်ကြောင်း အဆိုပါကုမ္ပဏီ၏တာဝန်ရှိသူတစ်ဦးက 7Day News သို့ ပြောသည်။

ရတနာပုံဝဘ်ပေါ်တယ်လ်က ဩဂုတ်လ ၁ ရက်ကမှဖွင့် လှစ်ခဲ့သည့် ပုဂ္ဂလိကဘဏ်များနှင့်ပူးပေါင်းပြီး အီးကောမာ့စ်စနစ်ကိုအကောင် အထည်ဖော်နိုင်ရန်အတွက် ဘဏ်များနှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်နေပြီဖြစ်ပြီး အဆိုပါဘဏ်များမှလည်း ယင်းစနစ်ကို သဘောတူလက်ခံကြကြောင်း သိ ရသည်။

"ပုဂ္ဂလိကဘဏ်တွေက အီးကောမာ့စ်စနစ်ကိုစိတ်ဝင်စားတယ်။ သဘောလည်းတူတယ်။ သူတို့တွေလည်းလုပ်ချင်တာ။ ကျွန်တော်တို့ကုမ္ပဏီနဲ့ ဘဏ်တွေကသဘောတူထားတာဆိုတော့ သက်ဆိုင်ရာဝန်ကြီးဌာနကခွင့်ပြုချင်ကျရင် လုပ်လို့ရပါပြီ" ဟု အထက်ပါပုဂ္ဂိုလ်ကဆက်လက်ပြောသည်။

ယခုကဲ့သို့ပြည်တွင်းတွင် အွန်လိုင်းမှတစ်ဆင့်ဈေးဝယ်ယူခြင်း ပြုလုပ်နိုင်မည့် အဆိုပါစနစ်အကောင်အထည်ဖော်ရန်အတွက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ချပေးမည့် အွန်လိုင်းငွေပေးချေမှုစနစ် (Online Payment)လိုင်စင်အား ရရှိမည်ဆိုပါကစတင် အကောင်အထည်ဖော်နိုင်



မည်ဖြစ်ကြောင်းအထက်ပါတာဝန်ရှိသူကပြောသည်။

အမျိုးသားအဆင့်ဝဘ်ပေါ်တယ်လ်တွင် အဆိုပါအီးကောမာ့စ်စနစ်အားလတ်တလောအချိန်တွင် အကောင်အထည်မပေါ်သေးသော်လည်း www.onlinemyanmarshopping.com ဟူသော ပြည်တွင်းဝဘ်ဆိုက် တစ်ခုက၄င်းတို့၏ဝဘ်ဆိုက်မှ တစ်ဆင့်ဈေးဝယ်ယူခြင်းပြုလုပ်နိုင်မည့် အွန်လိုင်းငွေချေစနစ်တစ်ခုကို ယခုလဆန်းပိုင်းမှစတင်ပြီး ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။

## စာ(၂၁) - မကွေးရှိ အင်တာနက်ဆိုင်များတွင် သုံးစွဲသူအများစုမှာ ဂျီတော့ခ်ကိုသာ အဓိကထားသုံးစွဲ မှ

"ကျွန်မက ဒီကိုအလုပ်ကိစ္စနဲ့လာတာပါ။ ရုံးကိစ္စနဲ့ပါ။ အဲဒါရုံးကို ဒီမှာအလုပ်လုပ်တဲ့အချက်အလက်တွေပို့ဖို့အတွက် မန်မိုရီစတစ်ခ်(Memory Stick)သုံးရမှာပါ။ ဆိုင်တစ်ဆိုင်ကိုရောက်သွားတဲ့အခါ မန်မိုရီစတစ်ခ်သုံးခါနီးကျတော့ သုံးလို့မရဘူးပြောတယ်။ အဲဒါနဲ့ စီဒီနဲ့ရောရလားဆိုတော့ စီဒီလည်းမရပြန်ဘူးတဲ့။ ဘာကိုမှလုပ်လို့ကို မရတာ။ အမှန်က အများပြည်သူသုံးအင်တာနက်ဆိုင်ဆိုတာ ဒီလိုအသုံးပြုမှုတွေကအသေးအမွှားတွေပါ။ ကွန်နက်ရှင်မကောင်းတာတော့ စိတ်ရှည်ရှည်နဲ့သုံးလို့ရပါတယ်။ အခုလို အခက်အခဲမျိုးကတော့ မရှိသင့်ဘူးထင်ပါတယ်"ဟု ရန်ကုန်မြို့မှ ယင်းဒေသသို့လာရောက်သည့် ကုမ္ပဏီဝန်ထမ်းအမျိုးသမီးတစ်ဦးကဆိုသည်။

ထို့အပြင် ယင်းဒေသကြီးရှိ အဆိုပါအင်တာနက်ဆိုင်အများစုတွင် ကြိုးမဲ့အင်တာနက်သုံးစွဲသည့်စနစ်ဖြစ်သောဝိုင်ဖိုင်(WiFi) မရရှိခြင်းကြောင့်လည်း ကိုယ်ပိုင်လက်ပ်တော့များဖြင့် လာရောက်သုံးစွဲသူများလည်း အခက်အခဲတွေ့ရကြောင်းသိရသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ အင်တာနက်ကဖေးဆိုင်များတွင် အသုံးပြုသည့်အင်တာနက်ဆက်သွယ်မှုစနစ်မှာ ADSL ဖြစ်ကြောင်းသိရသည်။

"ကျွန်တော်တို့ဆီမှာက အင်တာနက်သုံးရင် ဂျီတော့ခ်ပဲသုံးကြတာ။ ဂျီတော့ခ်သုံးလို့ရအောင်ကိုပဲ အဓိကဝန်ဆောင်မှုပေးတာ။ တခြားဝက်ဘ်ဆိုက်တွေသုံးတာမျိုး၊ အီးမေးလ်စစ်တာမျိုးဆိုရင်တော့ ကွန်နက်ရှင်နှေးတယ်"ဟု အသက် ၄၀ ဝန်းကျင်ရှိသော ယင်းဒေသခံတစ်ဦးကပြောသည်။

အဆိုပါဒေသကြီးရှိ အင်တာနက်ဆိုင်များ၌ စင်ကာပူနိုင်ငံသို့ ဖုန်းခေါ်ဆိုနိုင်သည့် ပီဖင်းဂိုး (Pfingo)စနစ်အား အသုံးပြုရာတွင် ရန်ကုန်တိုင်းဒေသကြီးရှိ အင်တာနက်ကဖေးဆိုင်များလောက် ဆက်သွယ်မှုကောင်းမွန်ခြင်းမရှိကြောင်းလည်း စုံစမ်းသိရသည်။






7DAY NEWS JOURNAL
Vol.9, No.28 • SEPTEMBER 30, 2010

# Commodity Watch

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 2.8 (E 5500) Processor | 62,400 |
| Intel P4 Core 2 Duo 2.93 (E 7500) (775)Processor | 110,400 |
| Intel P4 Core 2 Quad 2.66 GHz (Q9400) (775)Processor | 189,100 |
| Intel P4 Core i3 2.93 GHz (530) (1156)Processor | 107,500 |
| Intel P4 Core i7 2.8 Ghz (860)(1156)Processor | 281,300 |
| **Motherboard** | |
| MSI G31TM-P21(775) Motherboard | 49,900 |
| MSI G41 M-P33 (775) Motherboard | 60,500 |
| MSI P43- C51 (775) Motherboard | 79,700 |
| MSI P55A-GD65 (1156) Motherboard | 175,700 |
| ASUS P7H55D- M Pro (775) Motherboard | 116,200 |
| ASUS P7P55-LX (1156) Motherboard | 112,300 |
| ASUS P5P43 TD/USB3 (775) Motherboard | 103,700 |
| ASUS P5G41T-MLX (775) Motherboard | 60,500 |
| Gigabyte H57M-USB3 (1156) Motherboard | 133,400 |
| Gigabyte H55M-USB3 (1156) Motherboard | 123,800 |
| **Memory** | |
| 1 GB DDR2 (800) Kingston Memory | 23,000 |
| 2 GB DDR2 (800) Kingston Memory | 39,400 |
| 2 GB DDR3 (1333) Kingston Memory | 40,300 |
| **Harddisk** | |
| 250 GB Seagate SATA | 38,400 |
| 500GB Seagate SATA | 44,200 |
| **PCI Express Card** | |
| MS R5570-MD 1GB DDR3 1GB PCI Express Card | 95,000 |
| MSI N 220GT-MD1GB OC/D3 1GB PCI Express Card | 80,600 |
| MSI R5750-PM-2D 1GB PCI Express Card | 150,700 |
| ASUS EAH 5450 1GB PCI Express Card | 68,200 |
| ASUS EAH 5750 Formula 1GB PCI Express Card | 161,300 |
| ASUS EAH 4350 512 MB PCI Express Card | 43,200 |
| Gigabyte Geforce 250-1GI 1GB PCI Express Card | 139,200 |
| Gigabyte Geforce 240D3-1GDDR31GB PCI Express Card | 105,600 |
| **Memory Stick** | |
| Memory Stick Kingston 2GB | 9,000 |
| Memory Stick Kingston 4GB | 11,500 |
| Memory Stick Kingston 16GB | 31,500 |
| Memory Stick Toshiba 4GB | 12,000 |
| Memory Stick Toshiba 8GB | 20,000 |
| Memory Stick HP 8GB | 20,000 |
| Memory Stick Sony 4GB | 14,500 |
| Memory Stick Xporter 2GB | 8,000 |
| Memory Stick Trandscend 4GB | 11,000 |
| Memory Stick SanDick 16GB | 33,000 |
| **UPS** | |
| SVC (600VA) | 29,500 |
| Power Pro (650VA) | 36,500 |
| Allways (650VA) | 33,000 |
| STAR (650 VA) | 30,700 |
| STAR (650 VA) LCD Display | 36,500 |
| Orient (650 VA) | 36,500 |
| Orient (1.2KVA) | 63,500 |
| **DVD Writer** | |
| Sony (SATA) | 30,700 |
| ASUS (SATA) | 31,700 |
| **အိတ်ဆောင်တိပ်ငှကအဘိတန်** | 210,000 |

Technoland ဆိုင်မှ စက်တင်ဘာ (၂၄) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Dual Core 2.3Ghz 1GB DDR2,320GB HDD,14.0″ | 465,000 |
| Intel Corei3 2.27Ghz 2GB DDR3,320GB HDD,14.0″ | 534,000 |
| **Apple** | |
| Intel Core2Duo 2.26Ghz 2GB DDR3,250GB HDD,13.3″ | 980,000 |
| **Asus** | |
| Intel Core2Duo 2.1Ghz 2GB DDR3,320 GB HDD,14.0″ | 658,000 |
| **Dell** | |
| Intel Corei5 2.4Ghz 2GB DDR3,320GB HDD,14.0″ | 990,000 |
| **Fujitsu** | |
| Intel Corei3 2.27Ghz 4GB DDR3,500GB HDD,15.6″ | 871,600 |
| **MSI** | |
| Intel Corei3 2.13Ghz 2GB DDR3,320GB HDD,14.0″ | 668,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 235,000 |
| LG(LCD) | 22LH15R | 230,000 |
| Sony (LCD) | 22BH300 | 290,000 |
| Toshiba | LZE 21-28 | 130,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 28,000 |
| EVD(sukura) | DVK75 | 35,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 35,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 195,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 295,000 |
| Panasonic | NR.BT222 | 300,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာစက်တင်ဘာ(၂၄)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၃၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၅,၀၀၀ |
| ဘိလပ်မြေ (Blue Lion) | တစ်အိတ် | ၄,၉၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (ကုန်းအုတ်- ဒုတိယတန်းစား) | တစ်လုံး | ၇၀ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၇၆ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၁၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၅၀၀ |
| သဲ (အနု) | တစ်ကျင်း | ၅,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၅,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle (0.3mm) | ၁ ပေ | ၇၈၀ |
| ကာလာစတီးအမိုးပြား 4 angle (0.312mm) | ၁ ပေ | ၈၇၀ |
| ကာလာစတီးအမိုးပြား 4 angle (0.34mm) | ၁ ပေ | ၁,၀၂၀ |
| ကာလာစတီးအမိုးပြား 4 angle (0.346mm) | ၁ ပေ | ၁,၀၈၀ |
| ကာလာစတီးအမိုးပြား 4 angle (0.42mm) | ၁ ပေ | ၁,၄၀၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၀၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၁၀ |
| ရိုးရိုးသွပ်မိုးပြား (ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား (ဆင် 6/7/8) | ၁ ပေနှုန်း | ၃၅၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၉၅၀ |

အထက်ပါဈေးနှုန်းများမှာ စက်တင်ဘာ(၂၄)ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၁၄,၀၀၀-၁၅,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၃၀၀-၄၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၄၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၄၀၀-၁,၅၀၀ |
| ခရမ်းသီး | ၁ လုံး | ၅၀-၁၀၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၅၀၀-၃,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၅၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၂,၀၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၂,၃၀၀-၂,၇၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၂,၀၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ စက်တင်ဘာ(၂၄) ရက်က ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၈၀၀-၁,၂၅၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၈၀၀-၁,၂၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၅၀၀-၇၅၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၇၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၁၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား | တစ်ထုပ် | ၁၀၀-၁၂၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၃၅၀-၄၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၃,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၇၀၀- ၁,၈၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၁,၅၀၀-၁,၆၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀-၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၆၈၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၆၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၅၀- ၁,၄၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၁,၅၀၀-၅,၀၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၄,၂၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၆၀၀-၂,၄၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၆၀၀-၂,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၃,၀၀၀-၁၆,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၈,၀၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၅၀၀-၃,၃၀၀ |
| ငါးတန်(မွေးမြူရေး) | ၁ ပိဿာ | ၁,၃၀၀-၂,၂၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၃၀၀-၁,၈၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၀၀၀-၈,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၅၀၀-၄,၂၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၅၀၀-၅,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၂၀၀-၂,၅၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၃,၀၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၂၀၀-၁,၆၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၁၀,၀၀၀-၂၀,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၀,၀၀၀-၂၀,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၅၀၀ |

စက်တင်ဘာ(၂၄)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆ | ၅က | ၁၅၅ |
| စူဇူကီး ဝက်ဂွန် $R^+$ | - | ၁ဂ | ၂၂၀ |
| စူဇူကီး ဝက်ဂွန် $R^+$ | | စတိ | ၂၇၀ |
| စူဇူကီး $R^-$ (2 Way) | - | စတိ | ၁၄၀ |
| ဟိုင်းလပ်ဆဖ် | ၉၄ | ၃ဂ | ၈၅၀ |
| စူပါဆလွန်း | ၉၀ | ၄ဂ | ၃၀၀-၃၁၀ |
| မတ်ခ်တူး(ဒီဇယ်) | ၉၅/၉၆နယ်စပ်သွင်း | ၄ဂ | ၅၀၀ |
| ရှေ့ငါး | ၂၀၀၂ | ၄ဂ | ၈၅၀-၉၀၀ |
| | ၂၀၀၄ | ၄ဂ | ၁,၀၀၀ စွန်းစွန်း |
| တိုယိုတာလီမိတက် | ၉၀ | ၄ဂ | ၃၅၀-၃၇၀ |
| ပါဂျဲရို | ၉၆/၉၇ | ၄ဂ | ၁,၀၀၀ |

စက်တင်ဘာ(၂၄)ရက်ကရန်ကုန်မြို့ရှိကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသောမော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများအပြောင်းအလဲရှိနိုင်သည်။


## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Sep(18) | Sep(19) | Sep(20) | Sep(21) | Sep(22) | Sep(23) | Sep(24) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၂,၈၀၀ | ၂,၈၀၀ | ၂,၉၀၀ | ၂,၈၀၀ | ၂,၈၀၀ | ၂,၈၀၀ | ၂,၈၀၀ |
| Octane ဒီဇယ် | ၂,၉၀၀ | ၂,၉၀၀ | ၂,၉၀၀ | ၂,၉၀၀ | ၂,၉၀၀ | ၂,၉၀၀ | ၂,၉၀၀ |
| Premier ဒီဇယ် | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ |

7DAY NEWS JOURNAL
Vol.9, No.28 • SEPTEMBER 30, 2010

မေးခွန်းရှိရင်အဖြေရှိပါတယ်။ ဒါပေမဲ့အဖြေတိုင်းကတော့ အဖြေမှန်တွေဟုတ်ချင်မှ ဟုတ်ပေလိမ့်မယ်။ အဖြေမှန်မဟုတ်တဲ့အတွက် အဖြေတွေဟာလည်း ဘာမှအကျိုးမရှိနိုင်သလို သူတို့လက်ခံရရှိသွားမှာကတော့ ကြက်ခြေခတ်ပဲဖြစ်သွားတော့မှာ သေချာပါတယ်။ ဒါကြောင့် ဘယ်ကိစ္စမှာမဆိုအဖြေရှိတယ်လို့ပြောနေကြတဲ့အခါ အဲဒီအဖြေဟာ အဖြေမှန်ရောဟုတ်ရဲ့လားဆိုတဲ့ သံသယစိတ်ဟာ အမြဲပဲပေါ်လာလေ့ရှိပါတယ်။

ထက်ကျော်



# အဖြေဟာ အဖြေမှန်ဖြစ်ဖို့လိုတယ်

အဖြေမှန်တစ်ခုကို ရရှိတဲ့အခါမျိုးမှာ ကိုယ်ရင်ဆိုင်ဖြေရှင်းနေရတဲ့အခက်အခဲနဲ့ ပြဿနာတွေဟာ ပြေလည်သွားတတ်ပေမယ့် အဖြေမှန်မဟုတ်ဘူးဆိုရင် တစ်နည်းအားဖြင့် အဖြေမှားဖြစ်နေရင်တော့ ရှုပ်နေတဲ့အရာတွေဟာ ခေါင်းခဲခေါင်းကိုက်စရာတွေအဖြစ် ပြောင်းသွားတော့မှာအမှန်ပါပဲ။ ဒီတော့ ဘယ်ကိစ္စမဆို ရဲရဲဝံ့ဝံ့ပဲ အဖြေရှာသင့်ပါတယ်။ ဒါပေမဲ့ ရလာတဲ့အဖြေဟာ အဖြေမှန်ဖြစ်ဖို့လိုသလို၊ အဖြေမှန်ဟုတ်မဟုတ် တိုက်ဆိုင်စစ်ဆေးဖို့လိုအပ်တယ်ဆိုတာကိုလည်း သတိထားစေချင်တယ်။

တစ်ခါတလေမှာ ကိုယ်ကဒါဟာအမှန်ပဲလို့ လက်ခံယုံကြည်ထားတဲ့ကိစ္စတွေရှိတယ်။ ကာလတစ်ခုကိုဖြတ်သန်းပြီးတဲ့အခါ အဲဒီအမှန်လို့ ထင်မြင်ထားတဲ့အရာတွေဟာ အမှားတွေဖြစ်နေတတ်တယ်။ လက်တွေ့ထဲမှာ ကိုယ်ကအဖြူလို့ထင်ထားတာတွေဟာအမည်းဖြစ်နေတတ်သလို၊ ကိုယ်လက်မခံခဲ့တဲ့အခြင်းအရာတွေကလည်း အမှန်တရားရဲ့ဘက်တော်သားတွေ ဖြစ်နေတတ်ပြန်တယ်။ ဒါကြောင့် ပြောတာပေါ့။ အမှန်လို့ထင်တိုင်း မမှန်တတ်သလို၊ အမှားလို့ထင်ထားတာတွေကလည်း တစ်ခါတစ်ခါမှာ မှန်နေတတ်တာကို သတိထားစေချင်ပါတယ်။

ဟိုးအစောပိုင်းက ကာလတွေက ကျွန်တော်တို့ရဲ့ဘိုးဘေးတွေဟာ ကမ္ဘာကြီးကို အပြားကြီးလို့ထင်ခဲ့ကြတယ်။ ဒါကိုလည်း အမှန်တရားတစ်ခုလို့ ထင်ခဲ့ကြတယ်။ ဒါပေမဲ့ ကမ္ဘာဟာ အပြားမဟုတ်ဘူး။ လုံးဝန်းပြီး (၂၃ ၁/၂) ဒီဂရီတိမ်းစောင်းနေတဲ့ သူ့ရဲ့ ဝင်ရိုးပေါ်မှာ လည်နေတာဖြစ်တယ်ဆိုတာကို သိတဲ့သူတွေက စပြီးသိလာခဲ့တယ်။ ဒီတော့ ကမ္ဘာဟာအပြားမဟုတ်ဘူး၊ အပြားကြီးလို့ထင်ရင် မှားလိမ့်မယ်။ လုံးဝန်းတယ်ဆိုမှ မှန်တယ်လို့တင်ပြကြတယ်။ ရှေးရိုးစွဲတွေ၊ အသစ်ကို မလိုလားတဲ့သူတွေက ခေါင်းရမ်းကြတယ်။ ဘုရားသခင်မကြိုက်တဲ့ကိစ္စတွေကို အဲဒီလူတွေ တွေးနေကြတယ်ဆိုပြီး လက်ညှိုးငေါက်ငေါက်ထိုးပြီး ဒေါသထွက်ခဲ့ကြတယ်။

ဒါပေမဲ့ အမှန်တရားဆိုတာတားဆီးပိတ်ပင်လို့မရဘူး။ အကျိုးအကြောင်းအမျိုးမျိုးနဲ့ တားဆီးနိုင်တယ်ဆိုဦး၊ တစ်ခဏပဲဖြစ်လိမ့်မယ်။ ကမ္ဘာကြီးလုံးဝန်းတဲ့အကြောင်းကိုလည်း သက်သေပြစရာအချက်အလက်တွေနဲ့ သက်သေပြပြီး အဖြေဟာ အမှန်ဖြစ်တဲ့အကြောင်းပြခဲ့ရတယ်။ ကမ္ဘာကြီးဟာ ပြားသလား၊ မပြားပါဘူး။ လုံးဝန်းပါတယ်။ အဲဒီအဖြေဟာ အဖြေမှန်ပဲလား၊ အဖြေမှန်ပါပဲ။ အဖြေမှန်ဖြစ်တဲ့အကြောင်း ဟောဒီဟောဒီအချက်အလက်တွေကို စစ်ဆေးကြည့်ပါ။ ဒါဆိုရင် အဖြေမှန်ဖြစ်ကြောင်း သိလာကြပါလိမ့်မယ်ဆိုပြီး စမ်းသပ်စစ်ဆေးခံခဲ့ရတာပါ။ အခုတော့လည်း ဒါဟာအဖြေမှန်တစ်ခု၊ အမှန်တရားတစ်ခုဖြစ်တဲ့အကြောင်း အားလုံးလက်ခံနိုင်ပြီဖြစ်ပါတယ်။

ဆိုလိုတာက ဘယ်လိုကိစ္စမျိုးမဆို အမှား သို့မဟုတ် အမှန်ဆိုတဲ့'ဘောင်'ထဲမှာ ခိုအောင်းနေတတ်တယ်။ တစ်ခါတစ်ခါ အမှားတွေကို အမှန်လို့ထင်တတ်သလို၊ တကယ့်အမှန်တွေကို မျက်စိလျှမ်းနေတတ်တယ်။ ဒီလိုအချိန်မျိုးမှာ အမှားက အားကောင်းလာပြီး သဏ္ဍာန်လုပ် သရုပ်တူအောင် ဟန်ဆောင်တတ်ကြပါတယ်။ ဒါပေမဲ့ အမှားဟာ အမှားဖြစ်ပြီး အမှန်ဟာ အမှန်ဖြစ်တာကြောင့် အမှားဟာ အမှန်အဖြစ် သရုပ်ဆောင်လို့ ရေရှည်မရနိုင်ပါဘူး။

ကာလတစ်ခုကို ကျော်ဖြတ်လာတဲ့အခါ အမှန်အဖြစ် ခိုင်မာတဲ့သက်သေအထောက်အထားနဲ့ မတင်ပြနိုင်ခဲ့ရင် အမှားဟာ အမှားအဖြစ်နဲ့ပဲ ပွင့်ကျသွားပြီး အရှက်ရသွားတတ်တယ်။ ဒါတင်မက အဲဒီအမှားရဲ့ ကြောင်းကျိုးယှက်နွယ်မှုတွေအရ သက်ရောက်မှုရှိသမျှ နစ်နာဆုံးရှုံးမှုတွေဟာလည်း ဆိုးကျိုးတွေအဖြစ် ကျန်ရစ်ခဲ့တတ်တယ်။ ဒီအချိန်ရောက်မှ အဲဒါအမှားပါဆိုပြီး ကြက်ခြေခတ်လို့ရသည်ထားဦး အားလုံးဟာ ကျော်လွန်သွားပါပြီ။

ကျောင်းသားတစ်ယောက် စာမေးပွဲမှာ သင်္ချာတစ်ပုဒ်ကိုတွက်ခဲ့တယ်။ စာမေးပွဲခန်းက မထွက်မီ အဖြေလွှာမအပ်သေးချိန်အထိ သူတွက်ချက်ခဲ့တဲ့သင်္ချာရဲ့အဖြေဟာ လုံးဝမှန်ကန်တယ်လို့ပဲ အကြွင်းမဲ့ သူယုံကြည်နေတယ်။ အဆင့်ဆင့်တွက်ချက်လာတာတွေဟာ မှန်နေရုံမက နောက်ဆုံးအဖြေအထိလည်း အလွဲအချော်မရှိဘူးဆိုတဲ့ အတွေးနဲ့ပါပဲ။ ဒါပေမဲ့ အခန်းအပြင်ကိုရောက်လို့ ကိုယ်တိုင်ပြန်တွက်လို့ပဲဖြစ်ဖြစ်၊ နီးစပ်ရာရာတွေက ထောက်ပြလို့ပဲဖြစ်ဖြစ်၊ သူ့အဖြေဟာ မှားနေပြီဆိုတာသိရတဲ့အခါ အရာရာဟာ နောက်ကျသွားပါပြီ။ အဲဒီအမှားကို ပြင်ယူနိုင်ဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး။

နောက်ပြီး အမှားတစ်ခုကို အမှားမှန်းသိလို့ ရေရှည်ဆုပ်ကိုင်ထားတာ၊ မှားမှန်းသိလျက်နဲ့ မပြင်တာ၊ ပြင်ဖို့ကြိုးစားရင်း အချိန်တွေကုန်နေရတာဆိုတဲ့အခြင်းအရာတွေဟာလည်း မကောင်းပါဘူး။ သက်သေပြချက်ထုတ်မပြနိုင်တဲ့ အဖြေဟာလည်း အဖြေမှန်တစ်ခုမဟုတ်ဘူးဆိုတာ သဘောပေါက်သင့်ပါတယ်။

တိန့်တီဆိုတဲ့ တရုတ်စာပေပညာရှင်ကြီးက အမှားနဲ့ပတ်သက်ရင် ဒီလိုပြောဖူးပါတယ်။ "မမှားခင် မမှားအောင်ဆင်ခြင်ပါ။ မှားသွားပြီဆိုရင်လည်း အမှားကိုပြင်ဆင်ပါ"တဲ့။ အဓိပ္ပာယ်ကတော့ လူတိုင်း မှားတတ်တယ်။ အမှားကြီးနဲ့ အမှားလေးပဲကွာမယ်။ ဒီတော့ မှားတာကို ဗွေမယူပါနဲ့။ မှားလို့လည်း စိတ်ဓာတ်မကျနဲ့၊ အဲဒီလိုမမှားရအောင် မမှားခင်ကတည်းက ကိုယ့်တာကို ကိုယ်လုံအောင် ဆင်ဆင်ခြင်ခြင်ပြောဆိုနေထိုင်သင့်တယ်။ တစ်ခါတလေ ကိုယ်က အမှားကို အမှန်ထင်နေရင်လည်း အဲဒီအမှန်ထင်နေတဲ့ကိစ္စဟာ တကယ်မှန်ကန်ကြောင်းအထောက်အထားပြနိုင်တဲ့အဖြေမျိုးရှိနေသင့်တယ်။ အဲဒီအဖြေဟာ အဖြေမှန်ဖြစ်နေရင် မထောင်းသာလှပေမယ့် အဖြေမှန်မဟုတ်တဲ့ အဖြေသာဆိုရင်တော့ ဓမ္မတာပဲပြင်ကြရတော့မယ်ဆိုတာကို သိထားသင့်တယ်။

ဒါကြောင့် ဆရာကြီးတိန့်တီက လူတွေကို မမှားအောင်ဆင်ခြင်၊ မှားရင်ပြင်ဆင်လို့ ဆုံးမခဲ့တာဖြစ်ပါလိမ့်မယ်။ အဲဒီပြင်ဆင်မှုဆိုတာကလည်း ရထားတဲ့အဖြေဟာ အဖြေမှန်ဖြစ်ကြောင်း သက်သေပြနိုင်အောင် ကြိုးပမ်းအားထုတ်တင်ပြမှုမျိုးပဲ ဖြစ်ပါလိမ့်မယ်။ ဟုတ်တယ်လေ၊ မေးခွန်းရှိရင်အဖြေရှိတယ်။ ကိစ္စတိုင်းရဲ့ နိဂုံးအဆုံးမှာလည်း အဖြေတွေရှိတယ်လို့ ပြောနေကြပေမယ့် ရလာတဲ့အဖြေဟာ အဖြေမှန်ဖြစ်ဖို့တကယ်ပဲလိုအပ်ပါတယ်။

ဖြစ်တတ်တာလေးတွေ ရှိပါတယ်။ အချို့လူတွေက ဟိုဟာကလည်း အဓိက၊ ဒီဟာကလည်း အဓိကဆိုသလိုမျိုး လုပ်တတ်ပြောတတ်ကြတယ်။ တကယ်တော့ အဓိကဆိုတာ နှစ်ခုသုံးခုမရှိပါဘူး။ အဓိကဆိုတာ တစ်မျိုးပဲရှိတယ်ဆိုတာ သူတို့ မေ့နေကြတယ်။ ဒီလိုပဲ လောကမှာ အဖြေဆိုတာတွေ ရှိနေကြပါလိမ့်မယ်။ ဒါပေမဲ့ အဲဒီအဖြေတွေဟာ မှန်မမှန်ဆိုတာကိုတော့ စိစစ်ဖို့ မေ့နေတတ်ကြပြန်တယ်။

တကယ်ဖြစ်သင့်တာက ရှိနေတဲ့အဖြေတွေဟာ အဖြေမှန်တွေ ဟုတ် မဟုတ် ခွဲခြမ်းစိတ်ဖြာနိုင်ဖို့ပဲ ဖြစ်ပါလိမ့်မယ်။ ။

# ရေထွက်ကုန်များတွင် ဓာတုဓာတ်ကြွင်းကင်းစင်ရေးအတွက် သင်တန်းပေးမည်

**သန်းဌေး**

**ရန်ကုန်၊ စက်တင်ဘာ - ၂၄**

ပြည်ပသို့တင်ပို့သောမွေးမြူရေးရေထွက်ကုန်များတွင် ဆေးဝါးဓာတုဓာတ်ကြွင်းကင်းစင်ရေးအတွက် ကုလသမဂ္ဂအစားအစာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)က ယခုလကုန်တွင်သင်တန်းပေးမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စက်တင်ဘာ ၂၇ရက်နေ့မှ အောက်တိုဘာ ၁ရက်နေ့အထိ ၅ ရက်ကြာသင်တန်းသို့ ငါးလုပ်ငန်းဦးစီးဌာန ဓာတုဓာတ်ခွဲခန်းမှ ၂၀ဦး၊ ပြည်ပတင်ပို့မှုစစ်ဆေးရေးဌာနခွဲမှ ၁၅ဦး၊ ပျားလုပ်ငန်းမှ ၃ဦးနှင့် အဏုဇီဝဌာနခွဲမှ ၂ဦး စုစုပေါင်းသင်တန်းသား ၄၀ ဦးတက်ရောက်သင်ကြားကြမည်ဖြစ်ကြောင်း ပြည်ပတင်ပို့မှုစစ်ဆေးရေးဌာနခွဲမှ ညွှန်ကြားရေးမှူးဦးဝင်းမြင့်မောင်ကပြောကြားသည်။

"အီးယူ(ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ)က လိုအပ်တဲ့အခါ ညွှန်ကြားချက်ထုတ်ပြန်တာနဲ့ ကိုက်ညီအောင် အာဆီယံကိုတင်ပြပြီး သူတို့က ပံ့ပိုးကူညီနိုင်အောင်လို့ပါ။ အရင်က ဓာတ်ခွဲခန်းနဲ့ပတ်သက်ပြီး ဝန်ထမ်းတွေကို အမြဲတမ်းသင်တန်းပို့ချလေ့ရှိပါတယ်" ဟု ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးခင်ကိုလေးက ပြောကြားသည်။

ကုလသမဂ္ဂအစားအစာနှင့် စိုက်ပျိုးရေးအဖွဲ့မှ အင်္ဂလန်နိုင်ငံသား ကျွမ်းကျင်ပညာရှင်နှစ်ဦးက ပထမအကြိမ်သင်တန်းကို ၅ ရက်ကြာ ပို့ချပေးခြင်းဖြစ်သည်။ ထိုအခါ သင်တန်းဆင်းပညာရှင်များက မွေးမြူရေးကန်တိုင်းတွင် တစ်နှစ်လျှင် သုံးကြိမ် လေးကြိမ် စစ်ဆေးပေးပါက ယင်းကန်များမှ ပြည်ပတင်ပို့သော ရေထွက်ကုန်များအား ကွန်တိန်နာများတွင် ထပ်မံစစ်ဆေးရန်မလိုတော့သဖြင့် ကုန်ကျစရိတ်သက်သာမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

"ထိုင်းနိုင်ငံရဲ့ နည်းစနစ်ကို အခြေခံလုပ်မှာပါ။ မွေးမြူရေးကန်တွေထဲက ငါး၊ ပုစွန်တွေကို ကွင်းဆင်းစစ်ဆေးကောက်ယူမှုပမာဏလည်း ဖော်ပြရမှာဖြစ်ပါတယ်" ဟု ယင်းက ဖြည့်စွက်ပြောကြားသည်။

ပြည်ပတင်ပို့မှုတန်ချိန်ပမာဏ၏တစ်ထောင်ပုံတစ်ပုံကိုနမူနာကောက်ယူပြီး ဆေးဝါးဓာတုဓာတ်ကြွင်း ပါ၊မပါ စစ်ဆေးပေးရန် လိုအပ်ကြောင်းလည်းသတင်းရရှိသည်။ အီးယူမှ ပြီးခဲ့သည့်နှစ်က လိုအပ်သည့်ထပ်မံညွှန်ကြားချက်များအရ အချက်သုံးချက်ကို မြန်မာနိုင်ငံက ဖြည့်ဆည်းပြီး၍ ယခုကဲ့သို့ နည်းပညာပံ့ပိုးပေးခြင်းဖြစ်သည်။ ယခုသင်တန်းတွင် ဆေးဝါးဓာတုဓာတ်ကြွင်းကင်းစင်ရေးအတွက် ငါးကန်၊ ရေနှင့်အစာများကို စစ်ဆေးနည်းများ ပါဝင်မည်ဖြစ်ပြီး၊ ငါး၊ ပုစွန်မွေးမြူသူများ စစ်ဆေးခံမှုအောင်မြင်မှသာ ယင်းတို့၏ရေထွက်ကုန်များ အီးယူနိုင်ငံသို့ တင်ပို့ခွင့်ရရှိနိုင်ကြောင်း ရေလုပ်ငန်းပညာရှင်တစ်ဦးကပြောကြားသည်။

"ကျွန်တော်တို့က အခုကတည်းက စစ်ဆေးဖို့အသင့်ရှိပါတယ်"ဟု ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ငါးနှင့်ပုစွန်ဧက ၇၀၀ ခန့်မွေးမြူရေးလုပ်ကိုင်နေသောကုမ္ပဏီတစ်ခုမှ မန်နေဂျာက 7Day News သို့ပြောကြားသည်။

ယခုသင်တန်းသို့ ပျားလုပ်ငန်းမှ ပညာရှင်သုံးဦးကိုလည်း တက်ရောက်ခွင့်ပြုရခြင်းမှာ ပြီးခဲ့သည့်နှစ်က ဂျပန်သို့နိုင်ငံ တင်ပို့သော မြန်မာပျားရည်တွင် ဆေးဝါးဓာတုဓာတ်ကြွင်းပါဝင်ခဲ့သောကြောင့်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် နာယကဦးစိုးဝင်းကပြောကြားသည်။

"ပျားရောဂါကို ကုခဲ့တဲ့ ပဋိဇီဝဆေးမှာ ဓာတုဓာတ်ကြွင်းတွေပါသွားတာ" ဟု ယင်းကဆက်လက်ပြောကြားသည်။

7DAY NEWS JOURNAL
# Current Affairs
Vol.9, No.28 • SEPTEMBER 30, 2010

## ရပ်ကွက်ဘော်လီဘောကွင်းက အမတ်လောင်းတစ်ဦး၏ မဲဆွယ်ပွဲ

**ငြိမ်းငြိမ်းနိုင်**

**လက်ခုပ်သံ တဖြောက်ဖြောက်က လူတစ်ရပ်ကျော်ကျော် ကြက်ဆူပင်တော အုပ်တန်းကလေးနောက်မှ ခပ်သဲ့သဲ့ထွက်ပေါ်နေ၏။ ကြက်ဆူပင်တစ်ပင်၏ ပင်စည်တွင် ပို့က်ဘုတ်တစ်ခု ချိတ်ဆွဲထားသည်။ ပို့က်ဘုတ်တွင် မင်အပြာဖြင့် မညီမညာရေးသားထားသည်က "ဟောပြောပွဲ ဖိတ်ကြားခြင်း" ဟု ခေါင်းစဉ်တပ်ကာပြောမည့်အကြောင်းအရာ၊ လူနာမည်နှင့် နေရာ၊ အချိန်တို့ကို စီစဉ်တကျ ရေးသားထားခြင်းဖြစ်သည်။**

ကြက်ဆူပင်တန်းအဆုံးပြောင်လင်းနေသည့် မြေကွက်လပ်အလယ်၌ ခေါက်စားပွဲတစ်လုံးနှင့် အသံကုန်အော်ဟစ်ရင်းအားမာန်အပြည့်ဖြင့်စကားပြောနေသူ။ တစ်ချိန်တည်းမှာပင် ထိုလူနှင့် မျက်နှာချင်းဆိုင် ယူကလစ်ပင်အောက်သစ်ရိပ်တွင်ပလတ်စတစ်ခုံများကျကျနနချထိုင်နေကြသည့် လူလေးဆယ်ကျော်၏မျက်လုံးတွေကအသံခက်အက်အက်ပင်ဖြစ်နေလောက်အောင် အားမာန်အပြည့်နှင့်ပြောဆိုနေသည့် ထိုပုဂ္ဂိုလ်ဆီသို့ပင်။

ဟောပြောနေသည့် ပုဂ္ဂိုလ်၏ နောက်ကျောမလှမ်းမကမ်းရှိ တရုတ်စကားပင်နှင့်ညောင်ပင်ပေါက်တို့ကို ပီနံကြိုးနှင့်သွယ်တန်းထားသည့် အဝါရောင်အောက်ခံဗီနိုင်းစတစ်စက တလွင့်လွင့်ရှိသည်။ ဗီနိုင်းစပေါ်တွင် ရိုက်နှိပ်ထားသည်က ပါတီတစ်ခု၏အလံနှင့်တံဆိပ်ဖြစ်သည်။

ထိုနေရာက ထောက်ကြန့်သင်္ချိုင်းနောက်ကျောဓမ္မာရုံဘေးမြေကွက်လပ် ရပ်ကွက်ဘော်လီဘောကွင်း။ ဟောပြောနေသည့်ပုဂ္ဂိုလ်က ယခု၂၀၁၀ နိုဝင်ဘာ၇တွင် ကျင်းပမည့်ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၀)ဖြစ်သော မင်္ဂလာဒုံနှင့် အင်းစိန်မြို့နယ်တို့တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ ကိုယ်စားလှယ်ဦးနေမျိုးဝေပင်။

ထိုင်ခုံနှင့်အကျအနထိုင်ကာ တိတ်တိတ်ဆိတ်ဆိတ် နားထောင်နေသော သူ့ပရိသတ်ကို လှုပ်လှုပ်ရှားရှားဖြစ်အောင် အကြောင်းအရာတစ်ခုပြောပြီးတိုင်း ဦးနေမျိုးဝေက လက်ခုပ်ကိုအားရပါးရ တီးရင်း "ပရိသတ်ကြီး ဟုတ်ပါသလား" ဟု မေးခွန်းထုတ်သဘောတူညီမှုတောင်းခံလိုက်သေး၏။ ပရိသတ်ထံက "ဟုတ်ပါတယ်"ဟု မတိုးမကျယ် သံပြိုင်ထွက်ပေါ်လာကာ လက်ခုပ်သံခပ်ကျဲကျဲကိုလည်း တဖျပ်ဖျပ်ကြားရသည်။

ရပ်ကွက်လမ်းဆုံလမ်းခွတွင်ရှိသည့် ဘောလီဘောကွင်းထဲက ထိုလူစုကိုဖြတ်သွားဖြတ်လာတို့ကလည်း စူးစမ်းသလိုကြည့်ကြ၏။ အချို့ကလည်း စက်ဘီးဖြင့်ဖြတ်သွားကြရင်း ထိုနေရာအရောက်တွင် ခဏရပ်ကာ စူးစမ်းကြ၏။


ပရိသတ်လေးဆယ်ကျော်ကို အသံနှင့်သာမဟုတ် ဟန်ပန်နှင့်ပါ အားဖြည့်၍ မဲဆွယ်စည်းရုံးနေသည့် ဦးနေမျိုးဝေ။ ဓာတ်ပုံ- ငြိမ်းငြိမ်းနိုင်

ထိုအချိန်တွင် ရှေ့ခြင်းထဲဂျာနယ်များမျိုးစုံတစ်ထပ်ကြီးထည့်ထားသည့် စက်ဘီးတစ်စီးနှင့် အသက် ၃၀ကျော်တန်းအမျိုးသားတစ်ဦးက တန်းတန်းမတ်မတ်ဝင်လာပြီး စက်ဘီးထောက်ကိုထောက်ကာ ရှေ့ဆုံးတန်းအစွန်တွင် လွတ်နေသော ပလတ်စတစ်ခုံ၌ ဝင်ထိုင်လိုက်သည်။

ထိုင်ခုံများတွင် ထိုင်နေသူအများစုမှာ အမျိုးသားများဖြစ်ကာ အသက် ၅၀ ကျော် အမျိုးသမီး ၄၊ ၅ ဦးလည်းတွေ့ရသည်။ ပရိသတ်သည် အသက်အပိုင်းအခြားအရ လေးဆယ်ဝန်းကျင်နှင့် အထက်အများစုဖြစ်သည်။ ၂၀ ဝန်းကျင်လူငယ်အချို့လည်းပါ၏။

အချို့က ဘော်လီဘောကွင်းစပ်ခပ်လှမ်းလှမ်းမှပင် မိုးတိုးမတ်တတ် ခရီးသွားဟန်လွှဲပုံစံဖြင့်ကြည့်နေကြသည်။ အရှိန်တက်လာသော အမတ်လောင်းကလည်း လက်ခုပ် တဖျပ်ဖျပ်တီးလိုက်၊ ရှေ့က ခေါက်စားပွဲပေါ် လက်ထောက်လိုက်၊ ဓာတ်ပုံမှတ်တမ်းတင်နေသော မီဒီယာသမားများကိုကြည့်လိုက်ပရိသတ်ကို ကြည့်လိုက်ဖြင့် သူ့ဟောပြောမှုကို ဆက်တင်နေသည်။

"ကျွန်တော်တို့ခု ဒီလိုကွင်းပြင်မှာ ခုလိုတွေ့လို့ရတယ်။စကားတွေပြောလို့ရတယ်။ အဲဒါပြောင်းလဲမှုတစ်ပဲမဟုတ်ဘူးလား။ ပရိသတ်ကြီးဖြေပေးပါဦး"ဟုဆိုရင်း ပရိသတ်ထံ ဝေ့ဝိုက်ကြည့်လိုက်သည်။ ပရိသတ်ထံက အသံထွက်မလာ။ အမတ်လောင်းက ထပ်မံကြိုးစားပြန်၏။ "ကျွန်တော်ပြောတာဟုတ်ပါသလားဗျ"သည် တစ်ကြိမ်တွင်တော့ နောက်ဆုံးတန်းခုံတွင် ဆေးပြင်းလိပ်ဖွာရှိုက်ရင်း နားထောင်နေသည့် အသက် ၆၀ အရွယ်အမျိုးသားတစ်ဦးက "ဟုတ်ပါတယ်။ ဟုတ်ပါတယ်" ဟု ထအော်လိုက်ရာ ဦးနေမျိုးဝေက လက်ခုပ်လက်ဝါးသံ ပေးပြန်သည်။ ထိုအခါ ကျန်ပရိသတ်ထံမှ လက်ခုပ်သံခပ်ကျဲကျဲထွက်လာပြန်၏။

အမတ်လောင်းက သူ့အစီအစဉ်အတိုင်း အချက်တစ်ခုချင်းစီကို စီကာစဉ်ကာ ပြောကြားနေချိန်မှာပဲ နံနက်နေကျဲကျဲကရွေ့လျားလာသည့်အလျောက် နေကျဲကျဲအောက်တွင် ဟောပြောနေသော သူ့မျက်နှာက ချွေးသီးချွေးပေါက်များကျကာ နီရဲလာနေသည်။ အသံကုန်သုံးပြီး ပြောနေရခြင်းကြောင့်လည်းဖြစ်မည်။

ထို့ကြောင့် သူ့ပါတီဥက္ကဋ္ဌက ထိုင်ခုံမှထကာ စားပွဲကို နေနှင့်လွတ်ရာသို့ မကြာခဏဆွဲရွှေ့ပေးရသည်။ စားပွဲရွှေ့သွားသည့်အခါတိုင်း စားပွဲဆွဲရာနောက်သို့ တရွှတ်ထိုး လိုက်ရွှေ့ရင်း သူကတော့ အပြောမပျက်၊ အမူအရာမပျက်၊ ယူကလစ်ပင်ရိပ်အောက်က ပရိသတ်ကတော့ သူပြောသမျှ သစ်ပင်ရိပ်မှာ နားနားနေနေနားထောင်နေသည်။

ဘော်လီဘောကွင်းထောင့်က ဇရပ်သေးသေးလေးပေါ်တွင်လည်းလူတစ်ယောက်စနှစ်ယောက်စကနေ လေး၊ ငါးခြောက်ယောက်ဖြစ်လာသည်။ မိုးတိုးမတ်တတ် စူးစမ်းသူလည်း ခပ်ကျဲကျဲနှင့် တိုးလာ၏။ ပလတ်စတစ်ခုံတန်းများနောက် မြေကြီးပေါ်တွင်ထိုင်ကာ သဲမြေပွပွကို တုတ်တစ်ချောင်းနှင့် ဟိုဒီခြစ်ရင်း နားထောင်နေသည့် အသက်လေးဆယ်ကျော် အမျိုးသား တစ်ဦးကသည်လိုဟောပြောပွဲမျိုးသူတို့ရပ်ကွက်တွင် မရှိဖူးကြောင်းပြောဆိုသည်။

စာ(၂၈)သို့


တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းတစ်ဦးက မိတ်ဆက်နေစဉ်။ ဓာတ်ပုံ- အားမာန်

## တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များ စုစည်းထားသောကွန်ရက် စတင်တည်ထောင်

**အားမာန်**

**ရန်ကုန်၊ စက်တင်ဘာ - ၂၂**

နိုဝင်ဘာ ၇ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲဝင်မည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၁၄ဦးပါဝင်သော ကွန်ရက်ကို စတင်ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း ကွန်ရက်တွင်ပါဝင်သော တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများကပြောသည်။

အမှီအခိုကင်း၍ စစ်မှန်သော တစ်သီးပုဂ္ဂလကိုယ်စားလှယ်များကိုသာစုစည်းထားသည် ဟုဆိုသော ကွန်ရက်နှင့်ပတ်သက်၍ "ကျွန်တော်တို့က အဖွဲ့မဟုတ်ပါ။ ကွန်ရက်သာဖြစ်ပါသည်"ဟု ပုဇွန်တောင်မြို့နယ် ပြည်သူ့လွှတ်တော်တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းဦးရန်ကျော်ကပြောသည်။ ထိုကွန်ရက်တွင်ပါဝင်သော တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများက ကုန်သည်ကြီးများဟိုတယ်တွင် စက်တင်ဘာ ၂၁ရက်ကပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ၌ ဦးရန်ကျော်က အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းအချင်းချင်း သတင်းအချက်အလက်များမျှဝေရန်၊ အခက်အခဲရှိက ကူညီရန်၊ မဲဆွယ်စည်းရုံးရေးကာလများတွင် အချင်းချင်းကူညီကြရန် စသောအကြောင်းများကြောင့် ဒေသအနှံ့မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများပါဝင်သော ကွန်ရက်ထူထောင်ခြင်းဖြစ်သည်ဟု ကွန်ရက်တွင်ပါဝင်သော ကိုယ်စားလှယ်လောင်းများကပြောသည်။

အခြားသော တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများက အဆိုပါကွန်ရက်တွင် မည်ကဲ့သို့သောသတ်မှတ်ချက်များလိုပါသလဲဟု အမေးကို ဦးရန်ကျော်က "စစ်မှန်တဲ့တစ်သီးပုဂ္ဂလတွေ၊ အမှီအခိုကင်းတဲ့တစ်သီးပုဂ္ဂလတွေဖြစ်ဖို့ပဲလိုပါတယ်"ဟုဖြေသည်။

ကွန်ရက်တွင် ပါဝင်သူအချင်းချင်း ဂျာနယ်များကိုဖတ်၍ ဖုန်းဖြင့်ဆက်သွယ်ကြပြီး၊ အယူအဆချင်းတူညီကြ၍ ကာလတိုအတွင်း ကွန်ရက်ထူထောင်ဖြစ်သည်ဟုဆိုသည်။ ရွေးကောက်ပွဲအပြီးတွင်လည်း ကွန်ရက်မှာ ဆက်ရှိနေမည်ဖြစ်ပြီး၊ ရွေးကောက်ပွဲရလဒ်အရ မည်သို့ ဆက်လုပ်မည်ကိုဆုံးဖြတ်မည်ဟု ၎င်းတို့ကဆိုသည်။

"ကိုယ်က မဖြစ်ရင်လည်း (ရွေးကောက်ပွဲတွင် ရှုံးနိမ့်ရင်လည်း)ဒီကွန်ရက်ထဲက တစ်ယောက်ယောက်က လွှတ်တော်ထဲရောက်သွားရင်၊ သူကပြည်သူတွေအတွက်တင်ပြမယ်။ အဲဒါကြောင့် ကွန်ရက်ဖြစ်လာတာ"ဟု လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော်တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ဦးတင်အေးကလည်းပြောသည်။

တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းအားလုံးသည် ပါတီ၊ အဖွဲ့အစည်းနောက်ခံမရှိဘဲ ရွေးကောက်ပွဲဝင်ခြင်းဖြစ်၍ မိမိကိုယ်ကိုယုံကြည်မှုအပြည့်ရှိကာ ရွေးကောက်ပွဲတွင် အနိုင်ရရှိမည်ဟု ယုံကြည်ကြောင်း ၎င်းတို့ကဆိုသည်။ ထို့ကြောင့် ပါတီ ၃၇ပါတီနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၁၀၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည့် ရွေးကောက်ပွဲတွင် ပါတီအားလုံးမှာ မဟာမိတ်များဖြစ်သလို၊ ပြိုင်ဘက်များလည်းဖြစ်ကြောင်း ယင်းတို့က ဆိုသည်။

ဦးရန်ကျော်၊ ဦးတင်အေးတို့ အပါအဝင် ပြည်သူ့လွှတ်တော် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များမှာ မြောက်ဥက္ကလာပမြို့နယ်မှ ဦးဘတင့်ဆွေ၊ လေးမျက်နှာမြို့နယ်မှ ဒေါက်တာစိုးလွင်၊ တောင်ဥက္ကလာပမှ ဦးကောင်းမြင့်ထွဋ်၊ ဒလ မြို့နယ်မှ ဦးသန်းဇော်ဦးတို့ပါဝင်သည်။ ထို့အပြင် တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းများထဲမှ မော်လမြိုင်(၁)မှ ဦးလှရှိန်၊ လေးမျက်နှာ(၁)မှ ဦးဇော်မင်းသိန်း၊ အမရပူရ(၁)မှ ဒေါက်တာသန်းမြင့်၊ တောင်ဥက္ကလာပ(၁)မှ ဒေါက်တာစောနိုင်၊ ဒလ(၁)မှ ဦးဝင်းချို၊ သန်လျင်(၁)မှ ဦးဝင်းကိုကိုဝင်း၊ သံဖြူဇရပ်မှ ဦးသိန်းဌေးနှင့် မြောက်ဥက္ကလာပ(၂)မှ ဦးကြည်ဦးသိန်းတို့ပါဝင်ပြီး စုစုပေါင်း ၁၄ဦးဖြစ်သည်။ ကွန်ရက် စဖွဲ့သည့်ညနေမှာပင် သံဖြူဇရပ်(၁)မှ တစ်ဦးပုဂ္ဂလကိုယ်စားလှယ်လောင်း ဦးမြမောင်လည်း ပါဝင်လာ၍ ယခု ၁၅ ဦးရှိပြီဖြစ်ကာကွန်ရက်ဝင်များ ထပ်မံတိုးတက်လာရန်ရှိကြောင်း ယင်းတို့ကဆိုသည်။

တစ်သီးပုဂ္ဂလကိုယ်စားလှယ် လောင်းများဖြစ်၍ ပြည်သူများနှင့် ထိတွေ့ခွင့်ရရန် သတင်းစာရှင်းလင်းပွဲပြုလုပ်ခြင်းဖြစ်ပြီး၊ ရန်ကုန်မြို့၏ အဆင့်မြင့်ဆုံးဟိုတယ်များထဲမှ တစ်ခုတွင် ရှင်းလင်းပွဲလုပ်ကာ သတင်းထောက်နှင့် ပွဲတက်လာသူများကို ဧည့်ခံရသည့်အတွက် ကုန်ကျစရိတ်ကျပ်ခုနစ်သိန်းဝန်းကျင်ရှိခဲ့သည်ဆိုသည်။ ထိုစရိတ်များကို ကွန်ရက်ဝင်များက နည်းနည်းစိုက်နိုင်သူက နည်းနည်း၊ များများစိုက်နိုင်သူက များများ စိုက်ခံခဲ့ကြသည်ဟု ၎င်းတို့ကပြောသည်။ ထိုနေ့က ကွန်ရက်ဝင်များက အနာဂတ်မြန်မာနိုင်ငံတွင် အာဏာရှင်စနစ် မပေါ်ထွန်းရေး၊ ရွေးကောက်ပွဲနေ့တွင် ပြည်သူများမဲရုံသို့ ရဲရဲသွား၊ ရဲရဲတွေး၊ ရဲရဲဆုံးဖြတ်ပြီး မဲပေးရေးဟုဆိုသော "ကျွန်ုပ်တို့၏သဘောထား"ဟု ခေါင်းစဉ်တပ်ထားသည့် သဘောထားကိုလည်း ထုတ်ပြန်ခဲ့သည်။

# ကျေးလက်နေပြည်သူတို့နှင့် ရွေးကောက်ပွဲ

မြတ်စုမွန်၊ ယုနေကိုကို၊ အိပြုလွင်၊ အေးသူ၊ သန်းဌေး

**နှစ်ပေါင်း ၂၀ကျော်အတွင်း မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်ကျင်းပမည့် နိုဝင်ဘာ၇ရက်ရွေးကောက်ပွဲတွင် မြန်မာနိုင်ငံတစ်ဝန်း မဲပေးခွင့်ရှိသူ သန်း၃၀ကျော်ရှိသည်။ ထိုသန်း ၃၀ကျော်အနက်မှ နယ်မြို့များရှိ ကျေးလက်ဒေသများတွင် နေထိုင်ကြသည့် ပြည်သူတို့၏ ရွေးကောက်ပွဲအပေါ် ထင်မြင်ယူဆချက်တို့ကို ဖော်ပြခွင့်ရသလောက် စုစည်းတင်ပြအပ်ပါသည်။**

### ဦးထွန်းထွန်း (ကုန်သည်) မောင်းမကန်ကျေးရွာ၊ မင်းဘူး ခရိုင်၊ စကုမြို့



ကျွန်တော်တို့ကျေးရွာမှာ ရွေးကောက်ပွဲဥက္ကဋ္ဌရှိတယ်။ ရွေးကောက်ပွဲနဲ့ ပတ်သက်လို့တော့ ဘာလုပ်ကြမလဲဆိုတာ ကျွန်တော်တော့မသိဘူး။ ဥက္ကဋ္ဌမှပဲ သိမှာပဲ။ ဘယ်ပါတီကို မဲပေးရမလဲဆိုတာတော့ ဆုံးဖြတ်လို့မရသေးဘူး။ ကျွန်တော်တို့ဘက်မှာတော့နိုင်ငံရေးလုပ်တာ သိပ်မရှိဘူး။

၉၀ ရွေးကောက်ပွဲတုန်းက မဲမပေးခဲ့ပါဘူး။ အသက်မမီလို့ မဟုတ်ပါဘူး။ နားကိုမလည်လို့ပါ။

### ဦးသိန်းဌေး (၅၈ နှစ်)၊ တောင်သူ ကျေးရွာဥက္ကဋ္ဌ၊ သပြေစမ်း ကျေးရွာ၊ မကွေးတိုင်းဒေသကြီး



၉၀ ရွေးကောက်ပွဲတုန်းက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို မဲထည့်ခဲ့တယ်။ အဲဒီတုန်းက ကျွန်တော်က ပြည်သူ့ကောင်စီအလုပ်အမှုဆောင်ကိုး။ မဲပေးဖူးတဲ့အတွေ့အကြုံကတော့ တစ်ကြိမ်ရှိပါတယ်။

ရွေးကောက်ပွဲ အပြောင်းအလဲတွေကနေ ဘာမှမမျှော်လင့်ပါဘူး။ တောသူတောင်သားဆိုတော့ ရိုးရာအလုပ်လေးပဲလုပ်ရတာပဲ။ ကိုယ်လုပ်မှ ကိုယ်စားရတာပါ။ ကျွန်တော်တို့ အခက်အခဲဆိုတာကလည်း ကိုယ့်ဟာကိုယ်လုပ်တာပဲ။ ဘယ်မှလည်း မတင်ပြပါဘူး။ ကိုယ့်ကျေးရွာချင်းတည့်အောင်နေပဲ။

### ကိုမောင်မောင် (ရေလုပ်သား၊ မကျည်းငူကျေးရွာ၊ ဂွမြို့နယ်)

"ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ဒီဘက်မှာအသံတောင်သိပ်မကြားပါလား။ ကျွန်တော်တို့ဘက်က အေးချမ်းပါတယ်။ ကျွန်တော်ကတော့ ရှင်းပါတယ်။ နိုင်ငံရေးနဲ့ မပတ်သက်ဘူး။ ပင်လယ်ဆင်းတယ်။ ပြန်တက်လာတယ်။ ပိုက်ဆံရတယ်။ သားမယားနဲ့ စားတယ်သောက်တယ်။ ဒါပဲ။ ဘယ်ကိုမဲထည့်မယ်ဆိုတာ ခုထိမစဉ်းစားရသေးဘူး။ မဲနဲ့ပတ်သက်ပြီးတော့လည်း စည်းရုံးတာ၊ မဲဆွယ်တာ တစ်ယောက်မှလာမလုပ်ဘူး။ လူတွေကလည်း စိတ်မဝင်စားကြပါဘူး။ ရေဒီယိုတော့ နားထောင်ဖြစ်တယ်"

### ဦးဂုဏ်ရည်စိုး (၄၈ နှစ်၊ အိုင်သပြုရွာ၊ စာအုပ်အငှားဆိုင်နှင့်စာအခမဲ့စာဖတ်ခန်းဖွင့်ထားသူ)



"နိုဝင်ဘာ ၇ ရက်မှာ မဲထည့်ရမယ်လို့ သိပါတယ်။ အရင်ကတော့ နိုးအဖွဲ့ပေါ့။ အခု လိုအပ်တော့ရွေးချယ်ရမယ့် ပုဂ္ဂိုလ်ရှိတော့ဒေသအတွက် ဆောင်ရွက်သင့်သူကို မဲပေးရမယ်။ အခုလူမှုရေး၊ ရပ်ရေး၊ ရွာရေးအဓိကလုပ်မယ့်လူတက်ဖို့ မဲထည့်ရမယ်။ ကျွန်တော်တို့ဒေသက ဧရာဝတီတိုင်းဒေသရဲ့ မဲဇာပါ။ ဒီမဲဇာကို တိုးတက်အောင် လုပ်မယ့်ကိုယ်စားလှယ်လောင်းတွေ့ပြီ။ဦးဆောင်သူကောင်းမှ တိုးတက်မယ်။ ရွေးကောက်ပွဲပြီးရင် တစ်ချိန်တုန်းကလည်းတိုးတက်အောင် သူတို့လုပ်ခဲ့သလို ရပ်ရွာဒေသတိုးတက်အောင်ဆောင်ရွက်ပြီး ကျွန်တော်တို့ဒေသလေး တိုးတက်လာမှာပေါ့။ ၁၉၉၀ တုန်းက မဲထည့်ခဲ့ပေမယ့် နိုင်ငံတော်ရဲ့ ကံကြမ္မာပါ။ အခုရွေးကောက်ပွဲပြီးရင်လည်း ပြောတဲ့အတိုင်း ဖြစ်လာဖို့ နိုင်ငံတော်ရဲ့ ကံကြမ္မာပါပဲ။ တွန်းတွန်းတိုက်တိုက်နဲ့လုပ်မှ၊ လိုအပ်တာ ပြောတဲ့အတိုင်း လုပ်ရဲကိုင်ရဲဖို့လိုတယ်။ ခေါင်းစဉ်တပ်ထားတဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲလေးပဲဖြစ်ပေါ်စေချင်ပါတယ်။ ကျွန်တော်တို့ ပြည်သူတွေ အလိုလားဆုံးက ၉၀ကာလလို ရွေးကောက်ပွဲမဖြစ်ချင်ပါ ဘူး။ ပြည်သူတွေ အကြောက်တရားကင်းကင်းနဲ့ စဉ်းစားစေချင်တယ်။

### ကိုဇော်ဦး (၂၉ နှစ်၊ တောင်သူ၊ မောင်းမကန်ကျေးရွာ၊ မင်းဘူး ခရိုင်၊ စကုမြို့နယ်)



ကျွန်တော်တို့ကတော့ ဒါတွေဘယ်သိမတုံးဗျာ။ ကိုယ့်အလုပ်နဲ့ကိုယ် လုံးပန်းနေရတာလေ။ အဲဒါတော့ ဘယ်လိုလုပ်ရမှန်းလဲ မသိဘူး။ ရွေးကောက်ပွဲမှာ မဲပေးရမလား၊ မပေးရဘူးလားလည်း မသိဘူးလေ။ ပေးဆိုလည်း ပေးရမှာပေ့ါ။ ပါတီတွေအကြောင်းလည်း မသိဘူး။ ကျွန်တော်တို့ အဲဒါတွေ မလေ့လာဖြစ်ဘူး။ ကျွန်တော်တို့က ဈေးသည်လုပ်လိုက်၊ တောင်သူလုပ်လိုက်နဲ့ ဘာမှ မသိဘူး။ ၉၀ ရွေးကောက်ပွဲကို ဘယ်လိုနားလည်ထားလဲဆိုတာ လုံးဝမဖြေတတ်ဘူး။ နားလည်း မလည်ဘူးဗျ။

### ဦးဟုတ်လွင် (ကုန်ကြမ်းရှာဖွေ ရေးမန်နေဂျာ) Thandwe Marine Product ဂျိတ္တောရွာ၊ သံတွဲမြို့နယ်၊ ရခိုင်ပြည်နယ်



စည်းရုံးရေးဆင်းနေကြပြီ။ အသိတစ်ယောက် အမတ်ဝင်ရွေးမယ်ဆိုပြီး ပြောလို့ သိရတယ်။ ကိုယ့်အလုပ်ကိုယ်လုပ်နေတာဆိုတော့ ဒါတွေ မသိဘူး။ လေ့လာမိတာမျိုးမရှိပါဘူး။ နိုင်ငံရေးလည်း ကိုယ်နားမလည်ပါဘူး။

တစည ဖြစ်ဖြစ်၊ ကြံ့ခိုင်ရေးဖြစ်ဖြစ် တစ်ခုခုထည့်ရမှာပေ့ါ။ နောက်ပိုင်းဆိုတာက ဘာမှန်းမသိတာလေ။ လောလောဆယ် မျက်စိရှေ့မှာ မြင်နေရတာကိုပဲ အားပေးရမယ်လို့ထင်တယ်လေ။



7 DAY NEWS JOURNAL
Vol.9, No.28 · SEPTEMBER 30, 2010

**ဦးတင်မြင့် (သစ်ကောက်ကျေး ရွာ၊ သံတွဲမြို့နယ်၊ ရခိုင်ပြည် နယ်)**



ရွာမှာနိုင်ငံရေးပါတီတွေ လာစည်းရုံးတာမျိုး မရှိသေးဘူး။ ရပ်ကွက်လူကြီးတွေ ပြောတာဆိုတာလည်း မရှိသေးဘူး။ နိုင်ငံရေးနဲ့ပတ်သက်ပြီး ရေဒီယိုနားထောင်တာလောက်တော့ နည်းနည်းပါးပါးကြားတာရှိတာပေါ့။ တို့ဆီက လူတွေကတော့ ကိုယ့်လယ်ကိုယ့်ချောင်းမှာ ကိုယ့်နွားတွေ ကျွဲတွေနဲ့ပဲ အလုပ်လုပ်နေကြတာပဲ။ ဘယ်ပါတီကောင်းတယ်၊ ဘယ်လိုတွေလုပ်နေကိုင်နေကြတယ်ဆိုတာ မသိသေးဘူး။ မဲထည့်ဖို့ကိစ္စနဲ့ ပတ်သက်ပြီး ဘာမှမစဉ်းစားရသေးဘူး။ ဘာမှလည်းမသိသေးဘူး။ ဘယ်ပါတီထည့်ရမလဲ မစဉ်းစားရသေးဘူး။



**ဦးရဲမြင့် (မုန့်ဟင်းခါးရောင်းသူ) အိုင်သပြုရွာ၊ အသက် ၆၈ နှစ်၊ လေးမျက်နှာမြို့ ဧရာဝတီတိုင်း ဒေသကြီး**

မဲထည့်ရမယ့်နေ့ ၇ ရက်ဆိုတာသိတယ်။ ပါတီကမဟုတ်တဲ့ ရွာက တစ်သီးပုဂ္ဂလနှစ်ယောက်ကိုပဲ မဲထည့်မယ်။ တစ်နေ့လုပ်တာတောင် တစ်နေ့စားရဖို့ အလျှင်မမီကြဘူး။ လုပ်မှစားရတာ။ မဲထည့်ဖို့လူထု ကြားထဲဝင်ပြောဖို့ အချိန်သိပ်နည်းတယ်။ အချိန်နည်းနည်းပိုပေးပြီး စည်းရုံးမှုဟောပြောမှုကို လုပ်သင့်တယ်။ မဲထည့်ပုံထည့်နည်းလိုက်ပြောဖို့ အချိန်သိပ်မရကြဘူး။ ပညာရေး၊ ကျန်းမာရေးနဲ့ လမ်းပန်းဆက်သွယ်ရေးတိုးတက်ပြီး ပြည်သူတွေအေးအေးချမ်းချမ်းနဲ့ နေထိုင်ရဖို့အဓိကကျတယ်။ အလွယ်တကူတော့ မပြောင်းနိုင်ဘူး။ ဒီအခြေအနေကနေ စည်းရုံးရေးတော့ဆင်းတာ မရှိသေးဘူး။

**ဦးရွှေ (မိုးပျံပူဖောင်းလုပ်ရောင်း သူ၊ မတ်ပဲစိုက်တောင်သူ) ၇၉ နှစ်၊ ရှမ်းကုန်းရွာ၊ လေးမျက်နှာ မြို့ ဧရာဝတီတိုင်းဒေသကြီး**



မဲထည့်ရမယ့်နေ့မသိသေးဘူး။ ဘယ်သူ့မဲထည့်ရမယ်ဆိုတာ နောက်ပိုင်းမှ။ အခုနေမဆုံးဖြတ်ရသေးဘူး။ ဟိုတုန်းက ရွေးခဲ့တာပဲ ရွေးတာသာပြီးသွားတယ်။ ထူးခြားချက်မတွေ့ဘူး။ ဖြစ်ထွန်းမလာတာရှိတော့ မဲပေးဆိုရင်တော့လည်း ပေးလိုက်မှာပဲ။ ရွေးကောက်ပွဲပြီးရင်တော့ ထူးလာမယ်လို့တော့ အောက်မေ့တာပဲ။ ညကတော့ တီဗီကြေညာစာတွေ ကြည့်ရတာတော့အားလုံးကောင်းတယ်။ နောက်ပိုင်းဖြစ်မယ်၊ မဖြစ်မယ်မသိဘူး မပြောနိုင်သေးပေမယ့် ထူးတော့ထူးလိမ့်မယ် ထင်တာပဲ။ ရွာထဲကို ဘယ်သူမှတော့လာပြီး စည်းရုံးမှု မရှိသေးဘူး။



## တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်နှစ်ဦးရုံးခန်းဖွင့်ပွဲ ဒေသခံတစ်ထောင်ကျော်တက်ရောက်

**သန်းဌေး**

**အိုင်သပြု၊ စက်တင်ဘာ - ၂၅**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၊ အိုင်သပြုကျေးရွာ ရွာလယ်လမ်းမကြီးပေါ်ရှိ ရန်ကြီးအောင်ဆန်စက်တွင် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းနှစ်ဦး ပူးတွဲရုံးခန်းဖွင့်လှစ်လိုက်သည်။

အဆိုပါရုံးခန်းဖွင့်ပွဲကို စက်တင်ဘာလ ၂၅ ရက် နံနက်၄နာရီခန့်က စတင်ပြင်ဆင်ခဲ့ကြပြီး ရုံးခန်းဖွင့်လှစ်ချိန် နံနက် ၈နာရီခွဲတွင် လေးမျက်နှာမြို့နယ် မြို့ပေါ် ၅ရပ်ကွက်နှင့် ကျေးရွာ ၄၁အုပ်စုမှ ပြည်သူပေါင်း ၁၀၀၀ကျော် တက်ရောက်လာကြသည်။

"လာတဲ့ ပရိသတ်တွေက ဒိန်းဒေါင်း ၁၅စီး၊ ဆိုင်ကယ် ၁၀၀ကျော်နဲ့ စက်ဘီး ၂၀ကျော်လောက်ရှိမယ်" ဟုထိုဒေသခံဦးခင်မောင်လွင်က ပြောကြားသည်။

အဆိုပါဒေသတွင် မဲရုံ၂၁၃ရုံရှိပြီး မဲဆန္ဒနယ်မြေ(၁)တွင် လူဦးရေ ၃၈,၉၃၅ဦးနှင့် မဲဆန္ဒနယ်မြေ(၂)တွင် လူဦးရေ ၃၁,၃၅၃ဦးရှိသည်။ ပြည်သူ့လွှတ်တော်အတွက် ပါတီနှစ်ခုမှ ကိုယ်စားပြုသူနှစ်ဦးနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးလွင်က ဝင်ရောက်ယှဉ်ပြိုင်ပြီး၊ တိုင်းဒေသကြီး လွှတ်တော်မဲဆန္ဒနယ်မြေ (၁)တွင် ပါတီကိုယ်စားပြုသူတစ်ဦးနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်း(ခ)ဦးဇော်ဝင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း ဒေသခံများထံမှ စုံစမ်းသိရှိရသည်။ တိုင်းဒေသကြီး မဲဆန္ဒနယ်မြေ (၂)နှင့် အမျိုးသားလွှတ်တော်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပြိုင်ဘက်မရှိဘဲ အလိုအလျောက် အောင်နိုင်သူများဖြစ်သွားကြောင်း သတင်းရရှိသည်။



7 DAY NEWS JOURNAL
Vol.9, No.28 · SEPTEMBER 30, 2010

## နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံးရာတွင် ဗီနိုင်းများ စိုက်ထူလွှင့်တင်ခွင့်ပြုမည်

ကျော်သီဟ

**ရန်ကုန်၊စက်တင်ဘာ - ၂၂**
နိုင်ငံရေးပါတီများ၏ မဲဆွယ်စည်းရုံးဟောပြောမှုများတွင် ဗီနိုင်းများ စိုက်ထူလွှင့်တင်ခွင့် ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံးခွင့်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ စတင်ခွင့်ပြုခဲ့ပြီး စည်းရုံးဟောပြောမှုများတွင် ပါတီဝင်စည်းရုံးဟောပြောခွင့်ကို လွန်ခဲ့သောလများက စတင်ခဲ့ကာ ပြည်သူလူထုအား မဲဆွယ်စည်းရုံးဟောပြောခွင့်ကို ယခုသီတင်းပတ်အတွင်းခွင့်ပြုခဲ့သည်။

နိုဝင်ဘာ ၇ရက်တွင် ကျင်းပမည့်ပါတီစုံအထွေထွေရွေးကောက်ပွဲ အတွက် နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူလူထုကို စည်းရုံးဟောပြောခွင့်ရရှိပြီး၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ အပတ်စဉ်ဂျာနယ်များတွင် ကြော်ငြာထည့်သွင်းခြင်း၊ အားကစားရုံများတွင် စည်းရုံးဟောပြောခွင့်များအပြင် ဈေးနှုန်းသက်သာသည့် ဗီနိုင်းများ စိုက်ထူ ကာစည်းရုံးလုပ်ဆောင်ခွင့်ပေးသွားမည်ဖြစ်ကြောင်း ပါတီများသို့ အသိပေးခဲ့သည်ဟုသိရသည်။

ပါတီများ၏ လူထုစည်းရုံးဟောပြောမှုကို ရုပ်မြင်သံကြား၊ ရေဒီယိုမှတစ်ဆင့် ၁၅ မိနစ်ကြာ ဟောပြောခွင့်ပြုမည်ဖြစ်ပြီး၊ စက်တင်ဘာ ၂၄ရက်မှစတင်၍ နိုင်ငံရေးပါတီ ၂ခုထုတ်လွှင့်မည်ဖြစ်သည်။

ထို့အပြင် နိုင်ငံရေးပါတီများအား ဟိုတယ်ခန်းမများ၊ အားကစားကွင်းများ၊ အစည်းအဝေးခန်းမများတွင်လည်း ဟောပြောခွင့်များ ပေးထားကြောင်းသိရသည်။

## မဲပေးနိုင်သူဦးရေ ၅၀၀ လျှင် လျှို့ဝှက်ဆန္ဒပြုခန်းတစ်ခန်းနှုန်းထားရှိမည်ဆို

ကျော်သီဟ

**ရန်ကုန်၊ စက်တင်ဘာ - ၁၆**
နိုဝင်ဘာလတွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရမည့် လျှို့ဝှက်ဆန္ဒပြုခန်းတစ်ခန်းလျှင် လူဦးရေ ၅၀၀ နှုန်းသတ်မှတ်ပေး၍ လျှို့ဝှက်ဆန္ဒပြုခန်းများကို သက်ဆိုင်ရာက ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



"မဲပေးတဲ့လျှို့ဝှက်ဆန္ဒပြုခန်းကိုလည်း ဥပဒေပါပြဋ္ဌာန်းချက်တွေနဲ့အညီ လုပ်သွားရမယ်။ လျှို့ဝှက်ဆန္ဒပြုခန်းတွေကိုလည်း မဲရုံတွေမှာ မဲဆန္ဒနယ်မြေလူဦးရေကို အခြေခံပြီး လူဦးရေ ၅၀၀ အတွက်ဆိုရင် လျှို့ဝှက်ဆန္ဒပြုခန်းတစ်ခန်းနှုန်းနဲ့ သတ်မှတ်သွားမှာပါ"ဟု မဲရုံမှူးသင်တန်းဆင်းတစ်ဦးက 7Day News သို့ပြောကြားသည်။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူစာရင်းကို မြေပြင်လူဦးရေစာရင်းကောက်ယူစစ်ဆေးမှုဖြင့် ဆောင်ရွက်လျက်ရှိပြီး၊ သတ်မှတ်ကာလရောက်ရှိလာပါက ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စာရင်းကို သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာကော်မရှင်ရုံးများတွင် အများပြည်သူ မြင်သာအောင်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်းနှင့် လျှို့ဝှက်ဆန္ဒပြုခန်း အကြမ်းဖျင်းအကျယ်မှာ နှစ်ပေနှင့်နှစ်ပေခွဲရှိပြီး ပလတ်စတစ်ဖြင့် ပြုလုပ်ထားကြောင်း သိရှိရသည်။

"ကျွန်မတို့ ရန်ကင်းမြို့နယ်မှာတော့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက အသက်၁၈ နှစ်ပြည့်ပြီးသူ မဲပေးနိုင်သူလူစာရင်းတွေကို တစ်ခန်းစီလာကောက်သွားတယ်။ အဓိကကတော့ ဆန္ဒမဲပြုခဲ့ရင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကို မဲထည့်ပေးပါလို့ကမ်းလှမ်းသွားတယ်။ နောက်မဲဆန္ဒနယ်မြေမှာရှိတဲ့ မဲပေးနိုင်တဲ့အသက် ၁၈ နှစ်ပြည့်ပြီးသူတွေ စာရင်းလာကောက်သွားပါတယ်"ဟု ရန်ကုန်မြို့ ရန်ကင်းမြို့နယ်တွင်နေထိုင်သူတစ်ဦးကဆိုသည်။

ရွေးကောက်ပွဲတွင် မဲရုံများကိုလည်း သွားလာရလွယ်ကူမည့်နေရာများနှင့် စာသင်ကျောင်းများ စသည့်နေရာများတွင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

LIANG SHI CO.,LTD
FUTURE NEW ENERGY DEVELOPMENT CO.,LTD



Solar Power



အောင်ချမ်းမြေ
ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း
(Open 6:00 am to 9:00 pm)
http://www.acmnursing training.com
(I) 06:30 am to 08:30 am (V) 01:30 pm to 03:30 pm
(II) 07:30 am to 09:30 am (VI) 04:30 pm to 06:30 pm
(III) 09:30 am to 11:30 am (VII) 05:30 Pm to 07:30 pm
(IV) 12:30 Pm to 02:30 pm (VIII) 06:30 pm to 08:30 pm
9:30 am to 03:30 pm

မွန်မြတ်ဆေးခန်း

## စာ-၂၅၊ ရပ်ကွက်ဘော်လီဘောကွင်းက အမတ်လောင်းတစ်ဦး၏ မဲဆွယ်ပွဲ မှ

"ကျွန်တော်တို့ဆီမှာ ဒါမျိုးပြောတာပထမဆုံးပဲ။ သူနဲ့က အိမ်နီးချင်းလေ။ အဲဒါကြောင့် လာအားပေးတာ။ သူ့အပြင်ဒီနယ်မှာ ဘယ်သူတွေရှိလဲတော့ မသိဘူး။ ဘယ်သူမှ ဒီလိုလာမပြောဖူးဘူး။ သူခုပြောနေတာတွေကတော့ အိမ်နီးချင်းဆိုတော့ ခဏခဏ ကြားနေရတာပဲ"ဟု ဆိုရင်း သူ့စကားနှင့် သူသဘောကျနေသည်။

မီးသွေးရောင်းနေရင်း ဆိုင်လူစောင့်ရှိ၍ သည်ပွဲကိုလာနားထောင်သည်ဆိုသည့်အသက် ၆၅နှစ်အရွယ်အဘွားတစ်ဦးကတော့ "လာနားထောင်ကြည့်တာလေ။ ဘာတွေများပြောသလဲလို့။ အဘွားက ဒီမြို့နယ်မှာ သန်းခေါင်စာရင်းမရှိတော့ သူ့ကိုတော့ပေးရမှာမဟုတ်ဘူး။ ဒီပွဲရဲ့အစကိုတော့ မမီလိုက်ဘူး။ ခုနလေးကမှရောက်တာ"ဟု ဆိုသည်။

အမတ်လောင်း၏ အပြောအဟောအပေါ် သူ့ထင်မြင်ချက်ကို မေးရာ "သိဘူးလေ။သူ့ဟာသူ ပြောနေတာပဲ။ ကိုယ်ကတော့ နားထောင်တာပဲလေ။ ဗဟုသုတတော့ရပါတယ်။ မဆိုးပါဘူး"ဟု ဆိုသည်။

အမတ်လောင်းကတော့ သူ့ခေါက်စားပွဲနှင့်အတူ နေလွတ်ရာပတ်ချာလည်ရွှေ့ရင်း သူသာရွေးချယ်ခံရပါက လွှတ်တော်ထဲတွင်ပြောဆိုလိုသည့် လယ်ယာမြေဥပဒေတွေအကြောင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းသတ်မှတ်မှုအကြောင်း မီဒီယာလွတ်လပ်ခွင့်အကြောင်းစသဖြင့် စသဖြင့် မနားတမ်းပြောနေသည်။

တစ်နာရီကျော် ဆက်တိုက် သူပြောပြီးသည့်အခါ ပါတီဥက္ကဋ္ဌက အနည်းငယ်ဖြည့်စွက်စကားပြော၏။ ထို့နောက် ပရိသတ်ကို မေးခွန်းများမေးနိုင်ကြောင်း ဦးနေမျိုးဝေက ပြောလိုက်သည်။ ယခုကဲ့သို့ နိုင်ငံရေးဟောပြောပွဲများနှင့် အကျွမ်းတဝင်မရှိသေးသော်လည်း အမတ်လောင်းဟောပြောသမျှထဲက သူတို့သိလိုသမျှကို စိတ်လွတ်ကိုယ်လွတ်မေးကြသည်။

ခုံတန်းနောက်ကရပ်ကြည့်နေရင်း အသက် ၄၀ခန့်အမျိုး သားတစ်ဦးရှေ့သို့အနည်းငယ်တိုးဝှေ့ချဉ်းကပ်လာသည်။ သူမေးသည့် မေးခွန်းက "ဦးနေမျိုးဝေက နိုင်ငံခြားငွေကို တစ်ဒေါ်လာ ဘယ်လောက်နှုန်းနဲ့ သတ်မှတ်မှာပါလဲ"ဟူ၍ဖြစ်သည်။

ထိုအခါဦးနေမျိုးဝေက ငွေလဲနှုန်းကို ခုလိုသတ်မှတ်တာမျိုး မဟုတ်ဘဲ နှုန်းရှင်သတ်မှတ်ထားခြင်းဖြင့် မည်သည့်နေရာတွင်မဆို ဒေါ်လာပေါက်ဈေးတစ်ပြေးတည်းရှိနေကာ နေ့စဉ်လည်း ပြောင်းလဲနေမည့်ပုံစံမျိုး ကျင့်သုံးရန် ဆိုလိုခြင်းဖြစ်ကြောင်း စသဖြင့်ရှင်းပြသည်။

ထို့နောက် ရှေ့နေတစ်ဦးကလည်း လယ်ယာမြေဥပဒေအကြောင်း၊ ဂျာနယ်လက်ပွေ့ရောင်းသူတစ်ဦးကလည်း သူသိလိုသည့် မီဒီယာလွတ်လပ်ခွင့်နှင့် လွှတ်တော်ထဲတွင်လူများစု၊ လူနည်းစုပြောဆိုနိုင်ရေး အမတ်လောင်း၏ထင်မြင်ချက်တွေအကြောင်းမေးမြန်းဆွေးနွေးကြသည်။

ထိုဟောပြောပွဲက ယခုလိုရပ်ကွက်ထဲကဘော်လီဘောကွင်း တစ်ခုမှာပြုလုပ်ပြီး ဖြတ်သွားဖြတ်လာတို့အပါအဝင် ကြုံရာလူ ရပ်ကြည့်နားထောင်ဆွေးနွေးနိုင်သည့် ၂၀၁၀ ရွေးကောက်ပွဲဝင်မည့် ပါတီတစ်ခုက အမတ်လောင်းတစ်ဦး၏ မဲဆွယ်ပွဲတစ်ခုဟုပင်ဆိုရပေတော့မည်။ ။

CHICKEN SOUP

# ရိုက်ချက်နှင့် ပိုင်းဖြတ်ချက်များ

အိန်ဂျယ်လင်း

ကျွန်မဘယ်တုန်းကမှ ဂေါက်သီးမရိုက်ဖူးဘူးဆိုတာ ဝန်ခံရမည်။ ဂေါက်ကွင်းထဲသို့ တစ်ခါနှစ်ခါသာရောက်ဖူးပြီး အပျော်သဘောစမ်းရိုက်ဖူးတာသာရှိခဲ့သည်။ ဒါပေမဲ့ ဂေါက်သီးအားကစားနှင့် ကျွန်မဘဝ နောက်ပိုင်းမှာ ထဲထဲဝင်ဝင် ပတ်သက်ဖြစ်သွားလိမ့်မည်ဟု အဲဒီတုန်းက ကျွန်မမထင်ခဲ့ပေ။



ကျွန်မအသက် ၁၉ နှစ်သမီးအရွယ်တွင် ပထမဦးဆုံးရည်းစားတစ်ယောက်စရသည်။ ကျွန်မချစ်သူကလည်း ကျွန်မတို့လိုအရွယ်ပဲဖြစ်သည်။ သူ့ကိုကျွန်မလုပ်ငန်းခွင်ထဲတွင်တွေ့ခဲ့ခြင်းဖြစ်သည်။ ကျွန်မတို့ ချစ်သူဖြစ်သွားပြီးနောက်မှ ကျွန်မတို့နှစ်ယောက်အမှုအကျင့်ဝါသနာ အတော်တူကြောင်း တဖြည်းဖြည်းချင်းထပ်သိလာရသည်။ အဓိကတူသောအချက်တစ်ခုမှာ ယှဉ်ပြိုင်ရသော ကိစ္စများတွင်ဝါသနာထုံခြင်းပင်ဖြစ်သည်။ ကျွန်မတို့ချစ်သူဘဝ အချိန်တော်တော်များများကို ကစားနည်းများတွင် ယှဉ်ပြိုင်ခြင်းဖြင့် အချိန်ကုန်လွန်သွားခြင်းကများသည်။ ဘိုးလင်းကစားခြင်း၊ ဂိမ်းစင်တာများသို့ သွားပြီး နှစ်ယောက်ချင်း ယှဉ်ပြိုင်ရသောဂိမ်းများကစားခြင်း စသည်တို့ကို အသည်းအသန်လုပ်ကြလေ့ရှိသည်။ ကျွန်မတို့ နှစ်ယောက်မှာ ဝါသနာတူရုံသာမက နေရာအတော်များများတွင် လက်ရည်ချင်းလည်းတူပုံရသည်။ ကျွန်မကလည်းမိန်းကလေးဖြစ်၍ အညံ့ခံလိုခြင်းမရှိဘဲ သူတင်ကိုယ်တင် ယှဉ်ပြိုင်အနိုင်ယူနိုင်ရန်အမြဲကြိုးစားလေ့ရှိသည်။ ဒီလိုနှင့်ယှဉ်ပြိုင်ဆော့ကစားရင်းပျော်ရွှင်စရာချစ်သူဘဝကို နှစ်ဦးသားအတူပျော်ရွှင်စွာဖြတ်သန်းလာခဲ့ကြသည်။

တစ်ရက်တွင်ကျွန်မဆီသို့သူရောက်လာသည်။ သူအရင်လာနေကျအတိုင်းပင်အိမ်နေရင်းအဝတ်အစားနှင့်ပင် ဖြစ်သည်။ သူကဘယ်တုန်းကမှ တခမ်းတနားဝတ်စားလေ့မရှိ။ သူကဒီနေ့တော့အသစ်အဆန်းကစားနည်းတစ်ခုကိုပြောင်းကစားရအောင်ဟုအဆိုပြုလာသည်။ 'နင်ဂေါက်ကွင်းရောက်ဖူးလား' ဟု သူက မေးသည်။ ဂေါက်သီးကိုကျွန်မလုံးဝမကျွမ်းကျင်ကြောင်းပြန်ပြောလိုက်သည်။ သို့သော်ကျွန်မအတွက်သိပ်ခက်ခဲနေလိမ့်မည်ဟုတော့မထင်ပေ။ ကျွန်မ၏ပင်ကိုအားကစားပေါက်ရောက်မှုကိုဂေါက်သီးကစိန်ခေါ်နိုင်လိမ့်မည်မထင်မိခဲ့ပေ။ ဆယ့်ငါးပေါင်လောက်လေးသည့်ဘောလုံးကို ပေငါးဆယ်လောက်ရှိသည့်ပြေးလမ်းအတိုင်းလိမ့်ပြီး တုတ်ချောင်းသာသာတိုင်ကလေးတွေကိုထိအောင်ပစ်ရသည့် ဘိုလင်းအားကစားကိုကျွန်မကျွမ်းကျွမ်းကျင်ကျင်ကစားနိုင်နေသဖြင့်ဘောလုံးချင်းတူတူဂေါက်သီးကကျွန်မအတွက်ထူးထူးခြားခြားစိန်ခေါ်နိုင်လိမ့်မည်ဟုမထင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်သူနှင့်ဂေါက်သီးသွားရိုက်ရန်ချိန်းလိုက်သည်။

နောက်စနေနေ့တွင်သူနှင့်ချိန်းပြီးအိမ်နှင့်မလှမ်းမကမ်းကဂေါက်ကွင်းကို သွားကြသည်။ ထိုဂေါက်ကွင်းမှာ မီနီကွင်းလေးဖြစ်သော်လည်းအင်္ဂါစုံသည်။ ဂေါက်ကွင်းကြီးတစ်ကွင်းတွင်ရှိသင့်ရှိထိုက်သည့် ကလပ်၊ ကက်ဒီကား၊ ကက်ဒီ၊ စကြ်လမ်းတွေ၊ ဂေါက်ပစ္စည်းရောင်းသည့်ဆိုင်ကလေးတွေစသည်ဖြင့်အစုံအလင်ရှိသည်။ ကျွန်မတို့နှစ်ယောက်ကိုယ်ကစားမည့်ကွင်းကိုရွေးပြီး driving range ပေါ်ကိုတက်သွားကြသည်။ ဂေါက်တံရွေးတာ၊ ဘောလုံးရွေးတာတွေကိုလုပ်ပြီးကျွန်မချစ်သူက ကျွန်မကို 'ဘယ်လိုလွှဲ၊ ဘယ်လိုရိုက်' ဆိုတာတွေကို အကျဉ်းရှင်းပြသည်။ ကျွန်မကလည်းကိုယ့်ကိုယ်ကိုယ်ယုံကြည်သူဆိုတော့သိပ်မခက်ခဲဘဲအောင်မြင်စွာရိုက်နိုင်လိမ့်မည်ဟုသေသေချာချာထင်ထားလိုက်သည်။ ပထမလေးငါးဆယ်ချက်မှာဂေါက်သီးနှင့်ဂေါက်တံလုံးလုံးလွဲရင်လွဲ၊ မဟုတ်လျှင်ဂေါက်သီးဘေးနားရှိမြက်ခင်းအတုအခင်းကို အားကုန်ကျုံးရိုက်မိသလိုဖြစ်လျှင်ဖြစ်သွားသည်ချည်းပင်။ ကျွန်မလည်းစိတ်ခတ်ကျ၊ ကျွန်မချစ်သူလည်း 'ကဲ မဖြစ်ချေဘူး' ဟုဆိုကာ ကျွန်မကို ကိုယ်တိုင်လက်ထပ်သင်ပေးဖို့ကြိုးစားတော့သည်။

'ဂေါက်သီးကိုတည့်တည့်ကြည့်၊ အာရုံစူးစိုက်ထား၊ ဂေါက်တံကိုနောက်ကိုတဖြည်းဖြည်းချင်းလွှဲ'စသည်ဖြင့်ပါးစပ်ဖြင့်သက်သက်ပြောမနေတော့ဘဲ လက်တွေ့ညွှန်ကြားချက်များကိုပေးလေတော့သည်။ ပထမလေးငါးခါကတော့ အချည်းနှီးပင်ဖြစ်နေသေးသည်။ နောက်တော့ပထမဦးဆုံးဂေါက်သီးထွက်သွားစေသောထိချက်ကိုရိုက်လိုက်နိုင်သည်။ ဘောလုံးသည် လေထဲသို့ထိုးတက်သွားပြီး ကိုက်ငါးဆယ်အမှတ်နား နီးတစ်ဝိုက်တွင်သွားကျသည်။ ဂေါက်သီးအားကစားတွင် ဝင်ခွင့်စာမေးပွဲကိုတော့အောင်မြင်သွားပြီဟုဆိုနိုင်လေသည်။ နောက်ထပ်တစ်နာရီကျော်ကျော်လောက်ထပ်ကျင့်ပြီးသောအခါပထဆုံးထိချက်ထက်အများကြီးပိုကောင်းအောင်ရိုက်လာနိုင်သည်။ သို့သော်မအောင်မြင်သောရိုက်ချက်အများအပြားကြားတွင် ထိချက်မဆိုးသောရိုက်ချက်တစ်ချက်စ နှစ်ချက်စပါလာခြင်းမျိုးသာဖြစ်သည်။ တချို့ဂေါက်သီးများကို ဂွပ်ခနဲချော်ရိုက်မိပြီးကျွန်မရှေ့တကိုက်လောက်ကမျက်ခင်းပေါ်ကိုဖွတ်ခနဲကျသွားခြင်းမျိုး၊ တချို့ကျတော့လည်းလုံးဝမထိဘဲကပ်လွဲသွားသောကြောင့်လွဲချက်၏ လေအဟုန်ဖြင့်တီခုံပေါ်ကနေ အောက်မြက်ခင်းပေါ်ကို စလိုးမိုးရှင်းလင်းဖြင့်လိမ့်ကျသွားခြင်း၊ ဦးတည်ရာနှင့်ဒီဂရီ ၆၀ လောက်လွဲပြီး မဆိုင်ရာသို့လိမ်ဖယ်လိမ်ဖယ်နှင့် ထွက်သွားခြင်းမျိုးစသဖြင့်မအောင်မြင်မှုတွင် ပုံသဏ္ဌာန်အမျိုးအစားထွေပြားလွန်းလှသည်။ဂေါက်သီးဆိုသည်မှာကိုယ့်ကိုယ်ကိုယ် အလွယ်တကူအထင်သေးစိတ်ပျက်သွားနိုင်သောကစားနည်းတစ်ခုဖြစ်ကြောင်းကောင်းစွာသိလိုက်ရသည်။ အနည်းဆုံးတော့အစကမလိမ်မိုးမလိမ်မာကျွန်မထင်ထားသလိုအလွယ်တကူအပြင်းပြေ ကစားနည်းတစ်ခုလုံးဝမဟုတ်သည်ကတော့ သေချာလှသည်။

ကျွန်မကလည်းဇွဲတော့တော်တော်နှင့် မလျှော့ပေ။ တဖြည်းဖြည်းနှင့် ကျွန်မလေ့ကျင့်နေသော driving range တွင်တဖွဲဖွဲနှင့်ပုံမှန်ကစားသူများစည်ကားစပြုလာသည်။ အချို့ကလည်းကျွန်မကိုသတိမထားမိဘဲသာမန်သာကြည့်ပြီးသူတို့ရိုက်စရာရှိတာကိုဆက်ရိုက်သွားကြသည်။ တချို့ကတော့ ကျွန်မ၏အဖြစ်ကို စိတ်မသက် မသာနှင့်သတိထားမိကြပုံပေါ်သည်။ ဂေါက်သီးခြင်းတောင်းထဲက ဂေါက်သီးအသစ်တစ်လုံးကိုကျွန်မကောက်ပြီးတီခုံပေါ်တင်လိုက်တိုင်း ဘယ်လိုများတလွဲတချော်ထပ်ဖြစ်ဦးမလဲလို့စိတ်ဝင်စားနေကြပုံပေါ်သည်။ မသိမသာနှင့် ကျွန်မရိုက်ပုံကိုစောင်းငဲ့အကဲခတ်ကြသည်။ ပြီးရင်ခေါင်းတခါခါလည်တခါခါနှင့်ဖြစ်နေကြသည်ကိုကျွန်မကလည်းတွေ့ဖြစ်အောင် တွေ့လိုက်သေးသည်။ တချို့ကအသည်းယားလို့ထင့်။ ပါးစပ်ကတောင်အားမလိုအားမရနှင့် အသံထွက်၍ဝေဖန်ကြသည်။ 'ဒီကလေးမခြေထောက်ကြီးကိုတအားကားထားတာကိုး။' 'ဒူးကို နည်းနည်းထပ်ကွေးဦး' စသည်ဖြင့်အားမလိုအားမရ ပါးစပ်ကထုတ်ဖော်ဝေဖန်အကြံပေးကြသည်။ ကျွန်မအဖို့ သူတို့၏ကရုဏာဒေါသောအကြံပေးချက်များကဖိအားများလိုပင်ဖြစ်၍လာသည်။ ဘာကြောင့်မှန်းမသိ။ ကျွန်မရိုက်နေသည့်နောက်တွင် ပရိတ်သတ်တွေလေးငါးယောက်စုပုံလာသည်ကိုသတိထားမိလိုက်သည်။ သူတို့ကျွန်မကိုဂေါက်ကွင်းလူပျက်လိုများသဘောထားနေသလား။ ဒါမှမဟုတ်သူတို့အားကစားကိုအသရေဖျက်သဖြင့်ကွင်းထဲမှမောင်းထုတ်ရန်များစုရုံးတိုင်ပင်နေကြသလားစသည်ဖြင့်မလုံမလဲနှင့်တွေးချင်ရာတွေးနေမိတော့သည်။ ကျွန်မဘေးတစ်ဖက်တစ်ချက်စီမှာလည်း လှပစွာပျံဝဲသွားသောရိုက်ချက်များနှင့်ကိုက် ၂၀၀-၂၅၀ နှင့်အချို့ဆိုကိုက်သုံးရာ အမှတ်နားအထိရောက်အောင်ရိုက်နေကြသောဂေါက်သီးသမားကျားကျားမမများကိုယ်စီရှိနေတာထွက်နေကြသည်။ ကျွန်မရှေ့ခြေထောက်အောက်နားတွင်ရှိနေသောဖြူဖြူအလုံးသေးသေးကလေးမှာ ကျွန်မ၏စိတ်ထဲတွင် အစွယ်တွေချိုတွေထွက်နေသောမကောင်းဆိုးဝါးအကောင်တစ်ကောင်ဟုပင်ခံစားနေမိသည်။ ဒီအကောင်ကကျွန်မကိုသရော်လှောင်ပြောင်ဖို့တကူးတကချိန်းဆိုပြီးလာရောက်သလိုဖြစ်နေသည်။

'ဩော်၊ မဟုတ်ရသေးပါဘူး။ ငါကအသိဉာဏ်ရှိတဲ့လူပဲ။ ဒီအသက်မရှိတဲ့ဂေါက်သီးကိုရန်သူလိုသဘောထားလို့မဖြစ်သေးပါဘူး။ ဘောလုံးဆိုတာငါစေစားရာကိုသွားရမယ့်သက်မဲ့ပစ္စည်းတစ်ခုပဲ'။ ဒီအတွေးပေါက်သွားတော့မှသာခိုင်မာတဲ့ ဆုံးဖြတ်ချက်တွေကျွန်မကိုယ်တွင်းမှာဝင်လာသည်။ အသက်ကိုခပ်ပြင်းပြင်းရှူသွင်းလိုက်သည်။ တစ်မနက်လုံးကြားခဲ့ရသောလမ်းညွှန်ချက်များကို တစ်ချက်ချင်းပြန်ရွတ်သည်။

'ခြေထောက်တွေကို ပခုံးနဲ့တစ်တန်းတည်း ချထား'

'ဒူးကိုယောင်ယောင်ကလေးကွေး'

'ဂေါက်တံကိုနောက်ကိုဖြည်းဖြည်းချင်းလွှဲယူ'

'ဂေါက်သီးကိုအာရုံစူးစိုက်ပြီးကြည့်'

'နောက်ဆုံး အဆုံးသတ်ရိုက်တဲ့ အခါဂေါက်တံနဲ့လက်တစ်သားတည်းရှိတယ်လို့ အာရုံဝင်စားပြီးရိုက်'

အခုလိုစိတ်အာရုံကိုစုစည်းလိုက်နိုင်ပြီးနောက်မှာယုံကြည်ချက်က ပိုမိုခိုင်မာလာသည်။ဘောလုံးကိုတီပေါ်မှာအကျအနတည်လိုက်သည်။ ပြီးတော့ စိတ်အာရုံစုစည်း ရမည့်အဆင့်တိုင်းကိုတစ်ဆင့်ချင်းစိတ်ထဲမှာ လုပ်သွားသည်။ ထို့နောက်အတည်ငြိမ်ဆုံးလွှဲရိုက်လိုက်သည်။ ဂေါက်သီးပျံဝဲထွက်သွားပြီးသည်အထိကျွန်မ၏အာရုံကလွှဲရိုက်သည့်ဖြစ်စဉ်ပေါ်တွင်စုစည်းနေဆဲပင်ဖြစ်သည်။ စက္ကန့်အတန်ကြာမျှထိုအတိုင်းဆက်ကျန်ခဲ့သည်။ ထို့နောက်ပတ်ဝန်းကျင်မှ ဟေးခနဲလက်ခုပ်လက်ဝါးတီးသံများထွက်လာမှကိုယ့်ရိုက်ချက်ဘယ်လောက်ကောင်းသွားကြောင်းပထမဦးဆုံးစပြီးသတိထားမိခြင်းဖြစ်သည်။ ခေါင်းကိုမော့ပြီးဂေါက်သီးပျံသန်းထွက်ခွာသွားရာ လမ်းကြောင်းကိုမျက်စိတစ်ဆုံးလိုက်ကြည့်မိသည်။

စာ(၃၆) သို့

## နိုင်ငံရေးအဆိုအမိန့်များ

မောင်ဝံသ

The challenge is to practice politics as the art of making what appears to be impossible, possible.

***- Hillary Rodham Clinton***

စိန်ခေါ်ချက်က ဘာလဲဆိုတော့ မဖြစ်နိုင်ဘူးလို့ထင်နေရတာတွေကို ဖြစ်လာအောင်လုပ်တဲ့ပညာအဖြစ် နိုင်ငံရေးကိုကျင့်သုံးဖို့ပဲ။

*- ဟီလာရီရော့ဒ်ဟမ်ကလင်တန်*

In politics, what begins in fear usually ends in failure.

***- Samuel Taylor Coleridge***

နိုင်ငံရေးမှာ ကြောက်ကြောက်ရွံ့ရွံ့နဲ့ စလုပ်တာတွေဟာ အရှုံးနဲ့ ဇာတ်သိမ်းရစမြဲပဲ။

*- ဆင်မြူယယ်တေလာကိုးလ်ရစ်ချ်*

During war, the laws are silent.

***- Quintus Cicero***

စစ်ဖြစ်နေစဉ်အတွင်းမှာ ဥပဒေတွေတိတ်ဆိတ်နေရတယ်။

*- ကွင်တပ်စ်ဆီဇာရို*

Politicians should read science fiction, not westerns and detective stories.

***- Arthur C. Clarke***

နိုင်ငံရေးသမားတွေဟာ သိပ္ပံဝတ္ထုတွေဖတ်သင့်တယ်။ ဝက်စတန်သေနတ်ပစ် ကောင်းဘွိုင်ဝတ္ထုတွေနဲ့ စုံထောက်ဝတ္ထုတွေ မဖတ်သင့်ဘူး။

*- အာသာစီကလပ်*

War is not nothing but the continuation of politics with the admixture other means.

***- General Karl Von Clausewitz***

စစ်ပွဲဆိုတာတခြားမဟုတ်ဘူး။ နိုင်ငံရေးကို အခြားနည်းလမ်းများနဲ့ ဆက်လုပ်တာဖြစ်တယ်။

*- ဂျင်နရယ်ကားလ်ဗွန်ကလော့ဝစ်ဇ်*

I've never met a politician who didn't like free publicity.

***- William Cologie***

လူသိများအောင် အခမဲ့ကြော်ငြာခွင့်ရတာကိုမကြိုက်တဲ့နိုင်ငံရေးသမား ကျုပ်တော့တစ်ယောက်မှမတွေ့ဖူးသေးဘူး။

*- ဝီလျံကိုလိုဂီ*

History will be kind to me, for I intend to write it.

***- Wiston Churchill, British Prime Minister***

ကျွန်ုပ်အပေါ် သမိုင်းကသက်ညှာပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ကျုပ်ကရေးမှာကိုး။

*- ဝင်စတန်ချာချီလ်*

Avoid any specific discussion of public policy at public meetings.

***- Quintus Cicero***

အများပြည်သူတက်ရောက်တဲ့ အစည်းအဝေးတွေမှာ အများပြည်သူဆိုင်ရာမူဝါဒတွေကို သတ်သတ်မှတ်မှတ် ဆွေးနွေးတာတွေ ရှောင်ပါ။

*- ကွင်တပ်စ်ဆီဇာရို*

Never forget that no military leader has ever become great without audacity.

***- General Karl Von Clausewitz***

ဘယ်စစ်ခေါင်းဆောင်မှ လုပ်ရဲကိုင်ရဲမရှိဘဲနဲ့ ကြီးကျယ်လာခြင်း မရှိဘူးဆိုတာ မမေ့နဲ့။

*- ဂျင်နရယ်ကားလ်ဗွန်ကလော့ဝစ်ဇ်*

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.9, No.28 • SEPTEMBER 30, 2010



မောင်သာချို

# အမည်မဖော်လိုသူကိုစိုးမြင့်နှင့် ၇ ရက်သားသမီးများသို့

(တစ်)

အခုတလော လပွတ္တာမြို့သား ကျွန်တော့်မိတ်ဆွေကြီးတစ်ယောက်ကို မကြာခဏဆိုသလို ကျွန်တော်သတိရလျက်ရှိပါသည်။ ဆိုကြပါစို့ သူ့နာမည်ကိုစိုးမြင့်ဟု။

ကိုစိုးမြင့်က သမားရိုးကျလူ့အဖွဲ့အစည်းနှင့် မကြာခဏဆိုသလို ထိပ်တိုက်တွေ့လေ့ရှိသောလူ့ခွစာတစ်ယောက်လည်းဖြစ်ပါသည်။ သည်နေရာ၌ သူ့ခွကျပုံတစ်ကွက်ကို ကျွန်တော်က တစ်ဆင့်ဖောက်သည်ချလိုပါသည်။ ကျွန်တော်တို့နိုင်ငံ၌ အလှူခံမဏ္ဍပ်လေးတွေ ဟိုနားတစ်ခု သည်နားတစ်ခုနှင့် ရှောင်လို့မလွတ်အောင် ပေါများလှသည်ကို အများအသိပင်ဖြစ်ပါသည်။ လမ်းပြင်ဖို့၊ ကျောင်းပြင်ဖို့၊ ကထိန်ခင်းဖို့၊ အသံမစဲပဋ္ဌာန်းရွတ်ဖို့၊ သက်ကြီးပူဇော်ပွဲကျင်းပဖို့၊ ဓမ္မာရုံဆောက်ဖို့ စသည်စသည်ဖြင့် အကြောင်းအရာအမျိုးမျိုးခေါင်းစဉ်အသီးသီးအောက်ကနေ အသံချဲ့စက်ကလေးတညံညံနှင့် အလှူခံနေသံများကိုလည်း ကျွန်တော်တို့အကြားပင်ဖြစ်ပါ၏။

သို့ဖြစ်၍ လပွတ္တာဆိုသည်ကလည်း မြန်မာနိုင်ငံထဲက မြန်မာဆန်သောမြို့ကလေးတစ်မြို့ပဲဖြစ်ရာ သည်လိုအလှူခံတွေ အလှူသံတွေနှင့်မကင်းပါ။ ကိုစိုးမြင့်က ပေးကမ်းလှူဒါန်းသည့်ဓလေ့ကိုမမုန်းပါ။ အလှူခံပုဂ္ဂိုလ်တို့ကိုလည်း မဆန့်ကျင်ပါ။ သို့သော် ပေးလှူကြသူအချို့က ကိုယ်ရည်သွေးနေကြပုံတွေကိုကား မြင်ပြင်းကတ်ဟန်တူပါသည်။ အထူးသဖြင့် သူ့ရပ်ကွက်ထိပ် အလှူခံမဏ္ဍပ်တွင် ဝင်ဝင်လှူသွားကြသည့် အလှူရှင်များ။

"ဟုတ်ကဲ့ခင်ဗျာ၊ ဆားဖိုသူကြီးကတော်ဒေါ်လေးမြကလည်း အလှူတော်ငွေတစ်ရာကျပ်တိတိပါခင်ဗျ။ ဟုတ်ကဲ့ . . စင်ကာပူရောက်သားကြီးရဲ့ ၂၀ နှစ်မြောက်မွေးနေ့ကိုရည်မှန်းကာ ကိုမြင့်ဇော်တို့ဇနီးမောင်နှံက ငါးရာကျပ်ပါခင်ဗျ။ ခြောက်ဘာသာဂုဏ်ထူးရှင်သမီးလေးအိကလည်း အလှူငွေနှစ်ရာကျပ် ထည့်လာပါသဗျ"

ဒါတွေက အသံအချို့ကို ကျွန်တော် ချရေးပြသလိုက်ခြင်းဖြစ်ပါသည်။ သည်လိုအသံတွေကို ကျွန်တော့်မိတ်ဆွေကိုစိုးမြင့်က မကြိုက်ခြင်းဖြစ်ပါသည်။ လှူတာနည်းနည်းကြွားတာများများလို့ များသူခံစားနေရလေရော့သလား မသိ။ ဒါ့ကြောင့် သူက လောကကို အရွဲ့တိုက်ကာ အလှူခံမဏ္ဍပ်ကိုရောက်သွားပါသည်။ သူ့ကိုယ်သူ မထင်ပေါ်လိုသူ လူတစ်ယောက်ဟု အများက သိရှိသွားစေရန်အလို့ငှာ စိတ်ကြိုက်ကြေညာခိုင်းရာ အလှူခံအကျိုးဆောင်တို့ကလည်း ကြေညာပေးရှာပါသည်။

"သာဓုပါခင်ဗျာ. . အမည်မဖော်လိုသူ ကိုစိုးမြင့်ကလည်း အလှူတော်ငွေတစ်ထောင်ကျပ်တဲ့ဗျ"

ကိုစိုးမြင့်ကား သူ့ကိုယ်သူအမည်မဖော်လိုသူအဖြစ် လက်ခမောင်းခတ်ကာ ပီတိများ ဖိတ်လျှံ၍။ ကြားရသူအပေါင်းကလည်း ပြုံးစိစိ။ အော်. . အမည်မဖော်လိုသူကို ကိုစိုးမြင့်တဲ့လေလား။

(နှစ်)

ဆဲဗင်းဒေးသတင်းဂျာနယ်၌ ကျွန်တော် စာရေးဖြစ်ခဲ့သည်မှာ အပုဒ်ရေတော်တော်ကလေးများလာခဲ့ပါပြီ။ သည်အထဲမှာ ပရဟိတလုပ်ငန်းကလေးတွေအကြောင်းကိုလည်း ကျွန်တော် ထည့်သွင်းရေးသားခဲ့ပါသည်။ သည်မှာ ကျွန်တော်ကြည်နူးမိတာက ကျွန်တော့်စာများ၏ နောက်ကဂယက်ကလေးများပင်ဖြစ်ပါသည်။

ဆိုကြပါစို့၊ တွံတေးမြို့က ဓမ္မာလင်္ကာရဘုန်းတော်ကြီးကျောင်းသို့ ကျွန်တော်ရောက်သွားပြီးနောက် မိဘမဲ့ကလေးနှစ်ရာကျော် သုံးရာကို ပညာလည်းသင်ပေး၊ စားဝတ်နေရေးလည်း တာဝန်ယူနေရသည့် ဗုဒ္ဓဘာသာရဟန်းတော်များနှင့်တကွ ပရဟိတလုပ်ငန်းများအကြောင်းကို ရေးဖြစ်ခဲ့ရာ ထိုဆဲဗင်းဒေးဂျာနယ်ကို ဖတ်မိသူ အလှူရှင်တွေ ထိုဓမ္မာလင်္ကာရကျောင်းသို့ ရောက်လာကြလေသတဲ့။

"ဒကာကြီးတစ်ဦးက ငါးသိန်း၊ နောက် တစ်သိန်း နှစ်ယောက်၊ ငါးသောင်းတစ်ယောက် သာဓု . . ခေါ်ပါဒကာကြီး"

ဆရာတော်ဘုရားက ကျွန်တော့်ထံ၌သို့ဖုန်းဆက်ပါသည်။ အလှူရှင်တွေအားလုံး ရန်ကုန်ကတဲ့။ ဘယ်သူတွေမှန်းလည်း မသိ။

နောက်တစ်ခါ ကလေး ၄၅၀ ကျော်ကို ပညာသင်ပေးနေသည့် ရွှေပြည်သာ မြိုင်သီလရှင်စာသင်တိုက်ကအပြန် ဆဲဗင်းဒေးမှာပင် စာရေးဖြစ်ပါသည်။ ဤတွင် အမျိုးသမီး တစ်ယောက်က ဖုန်းဆက်လာပြန်ပါ၏။ သီလရှင်တိုက်၏ လိပ်စာဖုန်းနံပါတ် ကျွန်တော်က ပေးပါရန်။

သို့ဖြင့် သုံးလေးရက်အစွန်းမှာပင် သီလရှင်စာသင်တိုက်ဆရာလေးထံမှ ဖုန်းဝင်လာပြန်ပါသည်။ ကျွန်တော် အံ့သြရသောသတင်း။

"ငွေဆယ်သိန်း လာလှူသွားတယ် ဒကာကြီး. . ဆဲဗင်းဒေးက ဒကာကြီးဆောင်းပါးဖတ်ရလို့တဲ့"

ကျွန်တော်က ကျွန်တော့်ဆီကနေ သီလရှင်ကျောင်းလိပ်စာလှမ်းတောင်းသည့်အမျိုးသမီး၏ ဖုန်းနံပါတ်ရှိနေသေးသောကြောင့် လှမ်းဆက်ကာ အလှူရှင်အမည်ကိုမေးမိပါသည်။ သူက မပြောပါ။ မသိချင်ပါနှင့်. . တဲ့။ ထို့ပြင် အခြားပရဟိတဂေဟာကလေးတို့၏ လိပ်စာကိုပင် တောင်းနေ၍ ကျွန်တော်က ပေးလိုက်ရပြန်ပါသည်။

နောက်ထပ် ရောက်လာပြန်သည်က အင်န်ဂျီအိုပရဟိတလူငယ်တစ်စု။ ကျွန်တော့်ဆီက လိပ်စာလာတောင်းခြင်း။ ဒါကလည်း ဆဲဗင်းဒေးက ဆောင်းပါးကြောင့်တဲ့။ ကျွန်တော်ကြည်နူးရပါသည်။

(သုံး)

၇ ရက်သားသမီး စာဖတ်သူများအား ကျွန်တော် တစ်ခုပြောလိုပါသည်။

ကျွန်တော်က ကျွန်တော်လက်လှမ်းမီရာ ကျွန်တော့်အသိုင်းအဝိုင်းနှင့်နီးစပ်ရာ ပရဟိတဂေဟာကလေးများသို့ရောက်ကာ ထိုတွေ့ထိရာရာကလေးတို့ကိုသာ ရေးပြနေခဲ့ရခြင်းဖြစ်ပါသည်။ တကယ့်တကယ် မေတ္တာနှင့် ကရုဏာကိုပေးပါဟု လက်ဖြန့်တောင်းဆိုနေသူတို့က နေရာအနှံ့အပြားမှာရှိပါသည်။ သည်နေရာကလေးတွေမှာ ကိုယ့်နည်းကိုယ့်ဟန်နှင့် ပါဝင်ပတ်သက်ဆောင်ရွက် ပါဝင်ဖြည့်ဆည်းလှူဒါန်းနေသူတို့ အမြောက်အမြားရှိပါသည်။ ကျွန်တော့်မိတ်ဆွေကြီး အမည်မဖော်လိုသူ ကိုစိုးမြင့်လိုမဟုတ်ဘဲ တကယ့်ကို မိမိအမည်ကို ပဓာနမထား မှုန်ဝါးဝါးထားကာ ကောင်းမှုပြုနေသူ ၇ ရက်သားသမီးတို့ အများအပြား ရှိနေကြပါသည်။ သည်လို စိတ်နေမြတ်သူများကို ဦးညွှတ်လျက်ရှိပါကြောင်းလည်း ကျွန်တော် ဖော်ပြလိုပါသည်။

ကမ္ဘာကျော် ရုပ်ရှင်မင်းသား ကွန်ဖူးစတားဂျက်လီ၏ စကားတစ်ခွန်းကိုပဲ ထပ်မံကိုးကားပါရစေ။ If everyone gives one yuan every month, It will add up to billions. တဲ့။ တစ်လကို တစ်ယွမ်ပဲ လူတစ်ယောက်စီက ထည့်၊ သန်းထောင်ပေါင်းများစွာဖြစ်သွားမှာတဲ့။ ကျွန်တော်တို့ကရော။ တစ်လငွေတစ်ထောင် သိပ်မခက်သူတွေ တော်တော်များများရှိပါသည်။ မေတ္တာချင်းဆက်ပြီးဝန်းရံလိုက်လျှင်လူတော်တော်များများကို ပညာသင်ပေးနိုင်၊ လူတော်တော်များများကို စားဝတ်နေရေး ဖြေရှင်းပေးနိုင်၊ လူတော်တော်များများကို မျက်ရည်သုတ်ပေးနိုင်မည်ဆိုတာက ဧကန်မုချဖြစ်ပါသည်။ ကျွန်တော်တို့တစ်တွေ ဘာကြောင့် မဆက်စပ်မိကြသေးတာတဲ့လဲ။ ငွေတစ်ထောင်က မခက်၊ ဆက်စပ်မိဖို့က ခက်နေပုံရပါသည်။ ဘာပဲဖြစ်ဖြစ် အခု လောလောဆယ်မှာတော့ အမည်မဖော်လိုသော ဒါနရှင်တို့ကို ပရဟိတစခန်းကလေးများကိုယ်စား ကျွန်တော်က ကျေးဇူးတင်နေမိပါသည်။ လှပသော လိပ်ပြာပိုင်ရှင်များကို မကြာခဏ သတိရနေမိပါကြောင်း ဆဲဗင်းဒေးစာမျက်နှာများမှတစ်ဆင့် နှုတ်ခွန်းဆက်ပါရစေလား။

## JOKE

### မိန်းမချစ်ဆေး(၂)

၁။ မနက်တွေ့တွေ့ချင်း သူမကိုပြုံးပြပါ။
၂။ ကိုယ်ချွတ်ထားတဲ့အဝတ်တွေ ကိုယ့်ဟာကိုယ်သိမ်းပါ။
၃။ မီးဖိုချောင်သုံးပစ္စည်းတွေ ပြေးလွှားဝယ်ပေးပါ။
၄။ ချစ်ခင်ပါ။ ယုယပါ။
၅။ မထင်မှတ်တဲ့အချိန် လက်ဆောင်ပစ္စည်း အသေး၊ အမွှားလေးတွေ ဝယ်ပေးပါ။
၆။ ချစ်ခင်မှုခံယူပါ။ ယုယမှုခံယူပါ။ (ပါပီလေးလို)
၇။ မိန်းမဖျားနေရင် တစ်ရှူးယူပေးပါ။
၈။ မီးဖိုချောင်ကို သန့်ရှင်းရေးလုပ်ပါ။
၉။ ခြေသည်း၊ လက်သည်းဆိုးပေးပါ။
၁၀။ ညအိပ်ရာဝင် အနမ်းကိုလျှော့မတွက်ပါနဲ့။

### မန်နေဂျာ

လက်ဝှေ့ပွဲကြီးဝိုင်းစင်မြင့်သို့သွားနေသော လက်ဝှေ့သမားက ၎င်း၏မန်နေဂျာအား ယခုလိုပြောလိုက်သည်။

"အားကစားသမားတွေအခန်းနဲ့ စင်မြင့်ဆီသွားရတဲ့ လျှောက်လမ်းက ဝေးလှချည်လားဆရာ"

"စိတ်မပူပါနဲ့ကွာ။ အပြန်ကျရင် မင်းကထမ်းစင်နဲ့ပြန်ရမှာပါ" ဟု မန်နေဂျာကပြန်ပြောပါ၏။

အယ်ဒီတာချုပ်- သောင်းစုငြိမ်း။ အမှုဆောင်အယ်ဒီတာများ- အားမာန်၊ ငြိမ်းငြိမ်းနိုင်။ စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ - စောစည်သူမိုး၊ သတင်းအယ်ဒီတာများ- အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
အကြီးတန်းသတင်းထောက်- မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ နိုင်ငံတကာသတင်းဘာသာပြန်- ရဲမင်း၊ ကျော်မျိုးဦး။ စာပြင်အယ်ဒီတာ- လှထွဋ်ဦး။ သတင်းထောက်များ- သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ ကျော်သီဟ၊
အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းဌေး၊ အေးသူစံ။ နေပြည်တော်သတင်းထောက်- ထူးသန့်။ နယ်သတင်းထောက်များ- စိုင်းသာအောင်၊ မျိုးမင်းဦး၊
စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွန့်(ရေနံချောင်း)၊ အင်မိုင်ခ၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ သုတေသန- အောင်အောင်။ စာမျက်နှာဖွဲ့စည်းမှု- ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ ကွန်ပျူတာစာစီ- စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊
ဘုန်းမြင့်ဟန်။ သရုပ်ဖော်- စိုးသော်တာ။ ဓာတ်ပုံသတင်းထောက်- အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ ပြင်ပဆက်သွယ်ရေး- သက်ပိုင်ဌေး။ လိုဂိုဒီဇိုင်း- ကျောက်ဆည်။ ဘဏ္ဍာရေး- ကလျာအောင်။
ကြော်ငြာတာဝန်ခံ- မိုးပပ၊ လင်းလင်းဦး။ ထုတ်ဝေသူ- ဦးမျိုးလှိုင်အောင်။ ပုံနှိပ်စက်- သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ ဖလင်- Sunn Colour Separation. စောင်ရေ- ၁,၀၀၀။ ရောင်းဈေး- ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၀ ၅၇၀၊ ၂၄၃ ၅၄၂၊ ၃၈၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

# Business

7 DAY NEWS JOURNAL

Vol.9, No.28 · SEPTEMBER 30, 2010

## အိန္ဒိယတွင် ပဲဈေးကျဆင်းနေခြင်းက ပြည်တွင်းဈေးကွက်သို့ ရိုက်ခတ်

**သိမ့်သိမ့်စိုး**

ရန်ကုန်၊ စက်တင်ဘာ-၂၃ မြန်မာနိုင်ငံမှ ပဲအဓိကတင်ပို့နေသော အိန္ဒိယနိုင်ငံတွင် ပဲဈေးများ ကျဆင်းနေခြင်းကြောင့် ပြည်တွင်း အရောင်းအဝယ်ဈေးကွက်၌ပါ ကျဆင်းနေကြောင်း အရောင်း အဝယ်နေ့စဉ်ပြုလုပ်နေသော ပဲ ကုန်သည်များက ပြောသည်။

ယခုအချိန်သည် အိန္ဒိယနိုင်ငံတွင် ပဲပေါ်ရာသီဖြစ်၍ ပဲဈေးနှုန်းများ ကျဆင်းနေခြင်းဖြစ်ကြောင်း ပဲကုန်သည်များက ပြောသည်။ ထို့ အပြင် ပြည်တွင်းဈေးကွက်၌ လယ်သမားများမှ ပဲထုတ်ရောင်းသည့် ဈေးကွက်များနေခြင်းကြောင့်လည်း ဈေးနှုန်းများကျဆင်းနေခြင်းဖြစ်ကြောင်း အဆိုပါ ပဲကုန်သည်က ဆက်လက်ပြောသည်။

"တချို့ဒေသတွေမှာ တောင်သူတွေက စပါးရိတ်သိမ်းရမှာမို့ ငွေလိုတာကြောင့် ထုတ်ရောင်းလာကြတဲ့အတွက် အရောင်းများလို့ ကျတာလည်းပါတယ်"ဟု ဘုရင့်နောင် ကုန်စည်ဒိုင်၌ နေ့စဉ်အရောင်းအဝယ်ပြုလုပ်နေသော ပဲကုန်သည်တစ်ဦးက ပြောသည်။

ထို့ကြောင့် လက်ရှိအရောင်းအဝယ်ဖြစ်နေသော မတ်ပဲဈေးနှုန်းများမှာ ယခင်တစ်ပတ်ဈေးနှုန်းနှင့် ယှဉ်ပါက တစ်တန်လျှင် ၂၅,၀၀၀ ကျပ်ဝန်းကျင်ထိ ဈေးနှုန်းများကျဆင်းမှုရှိနေကြောင်း ဘုရင့်နောင် ကုန်စည်ဒိုင်အရောင်းအဝယ်ဈေးကွက်မှ သိရသည်။

မတ်ပဲဈေးနှုန်းများမှာ ယခင်တစ်ပတ်စက်တင်ဘာ ၁၈ ရက်တွင် မတ်ပဲ Raw အချိန် ၆၀ ဝင် တစ်အိတ်လျှင် ၈၂,၅၀၀ ကျပ်၊ RC မတ်ပဲတစ်တန်လျှင် ၈၂၃,၀၀၀ ကျပ်နှင့် SQRC တစ်တန်လျှင် ၉၇၈,၀၀၀ ကျပ်ဈေး ပေါက်ခဲ့သည်။

ယခု စက်တင်ဘာ ၂၃ ရက်တွင် မတ်ပဲ Raw ၇၈,၀၀၀ ကျပ်၊ RC မတ်ပဲ ၇၉၇,၀၀၀ ကျပ်နှင့် SQRC ၉၆၀,၀၀၀ ကျပ် အောက်ထိ ဈေးနှုန်းများကျဆင်းလာခဲ့ကြောင်း ပဲကုန်သည်များက ပြောသည်။

သို့သော် အရောင်းအဝယ်နည်းသော ပဲစင်းငုံနှင့် ပဲတီစိမ်း (မရမ်းရွှေဝါ)ဈေးနှုန်းများမှာ သိသာစွာပြောင်းလဲမှုမရှိကြောင်း အဆိုပါကုန်သည်များက ပြောသည်။

ယင်းနေ့တွင် ပဲစင်းငုံမှာ တစ်တန်လျှင် ၆၅၀,၀၀၀ ကျပ် ဈေးပေါက်ပြီး ခရမ်းရွှေဝါမှာ ၉၀,၀၀၀ ကျပ်ထိ ဈေးပေါက်နေသည်။



ဓာတ်ပုံ– ဂျေမောင်မောင်(အမရပူရ)

## မြန်မာ – ဘင်္ဂလားဒေ့ရှ်ဘဏ်လုပ်ငန်း ဝန်ဆောင်မှုနှင့် ပြည်ဝင်ခွင့်ကိစ္စများ ဆွေးနွေး

**အောင်သူရ**

**ရန်ကုန်၊ စက်တင်ဘာ - ၂၃**

မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံကူးသန်းရောင်းဝယ်ရေးအစည်းအဝေးတွင် ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများ တိုးချဲ့ရန်နှင့် ပြည်ဝင်ခွင့်ကိစ္စများ အောင်မြင်စွာဆွေးနွေးနိုင်ခဲ့သည်ဟု ဘင်္ဂလားဒေ့ရှ်ကုန်သွယ်ရေးအတွင်းရေးမှူးကပြောကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံထုတ် The New Nation သတင်းစာအရသိရသည်။

နှစ်နိုင်ငံကုန်သွယ်ရေးတွင် သတ်မှတ်ထားသော Letter of Credit (LC) ပမာဏ အမေရိကန် ဒေါ်လာနှစ်သောင်းမှ ငါးသောင်းအထိ တိုးမြှင့်ရန်ဆုံးဖြတ်ခဲ့သည်ဟု အဆိုပါသတင်းစာတွင်ဖော်ပြထားသည်။

"LC မြှင့်လိုက်တော့ Trade Volume တက်လာမှာပေါ့"ဟု သွင်းကုန်ပို့ကုန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ထို့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များကိုလည်း နေပြည်တော်အပါအဝင် အခြားသောမြို့များသို့ လာရောက်ခြင်းအား ခွင့်ပြုခဲ့သည်။

ယခင်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်များသည် မောင်တောမြို့သို့ ၇ ရက်ပြည်ဝင်ခွင့်ဖြင့်သာ လာရောက်နိုင်ကြောင်းသိရသည်။

ထို့အပြင် ယခုဆွေးနွေးပွဲ၌ လျှပ်စစ်ဓာတ်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပြီး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံက လိုအပ်ပါက မြန်မာနိုင်ငံမှ လျှပ်စစ်ဓာတ်အား ၄၀၀ မဂ္ဂါဝပ်တင်ပို့နိုင်သည်ဟု သိရသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံမှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုဝန်ကြီးဦးအောင်ထွန်း ဦးဆောင်သော ၁၈ ဦးအဖွဲ့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးအတွင်းရေးမှူးတို့က ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

၂၀၀၈-၀၉ ဘဏ္ဍာရေးနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၉၁ ဒသမ ၆၉ Lakh တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၆ ဒသမ ၆ Crore တင်သွင်းခဲ့သည်ဟုသိရသည်။

### ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၂ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၄၁၁ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၄. ၁၈ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၇၀၃၅ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၅. ၁၀ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၃၂၁၄ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၅၄. ၂၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၉၂ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၆၀ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၉၅၃. ၀၀ | ရူးပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၁၉,၄၈၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၁. ၀၂၄၃ | ဒေါ်လာ | (ကနေဒါ) |
| ၁ဒေါ်လာ | ၁. ၃၆၃ | ဒေါ်လာ | (နယူးဇီလန်) |

### အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၂၉၈. ၁၀၀ |
| ရေနံ | စည် | ၇၈. ၇၈၀ |
| ငွေ | ၁ အောင်စ | ၂၁. ၃၉၉ |
| ကြေးနီ | ပေါင် | ၃၆၁. ၈၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၉၀၅ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၀ ခုနှစ် စက်တင်ဘာ ၂၅ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## မြန်မာ-ဗီယက်နမ်ကုန်သွယ်ရေးတွင် မြန်မာအသာစီးရ

**အားမာန်**

**ရန်ကုန်၊ စက်တင်ဘာ - ၂၂**

မြန်မာ-ဗီယက်နမ်ကုန်သွယ်မှုတွင် မြန်မာနိုင်ငံက အသာစီးရနေကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ထုတ်ပြန်သော စာရင်းဇယားများအရသိရသည်။

၂၀၁၀ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လကုန်အထိ ရှစ်လတာကာလအတွင်း နှစ်နိုင်ငံကုန်သွယ်မှုမှာ ၇၃ သန်းရှိခဲ့ပြီး၊ ယမန်နှစ် အလားတူကာလကထက် ၅၈ ရာခိုင်နှုန်းပိုမိုများပြားခဲ့ကြောင်း ဗီယက်နမ် နယူးစ်အေဂျင်စီက စက်တင်ဘာ ၂၂ ရက်တွင် သတင်းဖော်ပြထားသည်။

ကုန်သွယ်မှုတွင် မြန်မာနိုင်ငံမှ သစ်၊ ရာဘာ၊ ရေထွက်ကုန်နှင့် လယ်ယာထွက်ကုန်များတင်ပို့ရာ မှအမေရိကန်ဒေါ်လာ သန်း ၅၀ ရရှိခဲ့ပြီး၊ ဗီယက်နမ်နိုင်ငံမှ ဒေါ်လာ ၂၃ သန်းတန်ဖိုးရှိသွင်းကုန်များ ပြန်လည်တင်သွင်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် အဆိုပါရှစ်လတာအတွင်း မြန်မာနိုင်ငံမှ ကုန်သွယ်မှုတွင် ဒေါ်လာ ၂၇ သန်းဝန်းကျင် အသာစီးရနေခြင်းဖြစ်သည်။

ဗီယက်နမ်နိုင်ငံမှ တင်သွင်းသောကုန်စည်များမှာ စတီးလ်ပစ္စည်း၊ အထည်ချုပ်လုပ်ငန်းသုံး ပစ္စည်းများ၊ ဆေးဝါး၊ မော်တော်ကားတာယာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ စသောကုန်စည်များပါဝင်ကြောင်း စာရင်းဇယားများတွင် ဖော်ပြထားသည်။ အာဆီယံတွင် စီးပွားရေးဖွံ့ဖြိုးမှုအမြန်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သော ဗီယက်နမ်မှာ ယခုနှစ်ပိုင်းတွင် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးအရှိန်အဟုန်တိုးမြှင့်လျက်ရှိသည်။



## ကြက်သွန်နီဈေးပြန်ကျ

**ညိုညိုဝင်း**

**နေပြည်တော်၊ စက်တင်ဘာ- ၂၂**

နေပြည်တော်တွင် ကြက်သွန်နီဈေးပြန်လည်ကျဆင်းလာပြီဖြစ်ကြောင်း နေပြည်တော် ကုန်စိမ်းဈေးကွက်မှ သတင်းရရှိသည်။

စက်တင်ဘာ ပထမပတ်တွင် တစ်ပိဿာ ၅၀၀ ကျပ်ခန့်ဈေးရှိသော ကြက်သွန်နီဈေးမှာ စက်တင်ဘာ တတိယပတ်တွင် တစ်ပိဿာ ၃၅၀ ကျပ်အထိကျဆင်းသွားကြောင်းအိမ်ရှင်မတစ်ဦးကပြောသည်။

မြင်းခြံဒေသတစ်ဝိုက်မှထွက်ရှိသော ကြက်သွန်များ အဝင်များလာသဖြင့် ကြက်သွန်နီဈေးများ ပြန်လည်ကျဆင်းလာခြင်းဖြစ်ကြောင်း ကြက်သွန်နီရောင်းချသူများကပြောကြားသည်။

7DAY NEWS JOURNAL
Vol.9, No.28 · SEPTEMBER 30, 2010

# မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အစည်းအဝေးသို့ UMFCCI ကိုယ်စားလှယ်များ တက်ရောက်


**ဇာဇာနို**

**ရန်ကုန်၊ စက်တင်ဘာ-၂၂**
မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ Toint Trade Commission ၏ လေးကြိမ်မြောက် အစည်းအဝေးသို့ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ ကိုယ်စားလှယ် ၁၃ ဦးတို့ တက်ရောက်ခဲ့ကြောင်း အဆိုပါ အသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းအစည်းအဝေးကို ယနေ့မှစတင်၍ ဒက္ကာမြို့တွင် နှစ်ရက်ကြားကျင်းပသွားမည်ဖြစ်ရာ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို အဓိက ဆွေးနွေးကြမည်ဖြစ်သည်ဟု ယင်းပုဂ္ဂိုလ်က ဆိုသည်။

ဆွေးနွေးမည့်အကြောင်းအရာများမှာ မြန်မာမှ ဘင်္ဂလားဒေ့ရှ်သို့ ဆန်တင်ပို့ရေးကိစ္စ၊ လျှပ်စစ်ဓာတ်အားဝယ်ယူရေးကိစ္စ၊ တိုက်ရိုက်ငွေလဲလှယ်နိုင်ရန်အတွက် နှစ်နိုင်ငံအကြားဘဏ်ဖွင့်လှစ်ရေးကိစ္စ၊ ရထားလမ်း၊ ကားလမ်း ဖောက်လုပ်ရေးကိစ္စ၊ နယ်စပ်ကုန်သွယ်ရေးနှင့် သင်္ဘောလုပ်ငန်းများ ပါဝင်သည်ဟု ဘင်္ဂလားဒေ့ရှ် ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်မှ မြန်မာသို့ ပို့ကုန်ပမာဏမှာ ၂၀၀၈-၀၉ ဘဏ္ဍာရေးနှစ်အတွင်း အမေရိကန်ဒေါ်လာ ၉ ဒသမ ၁၇ သန်းရှိပြီး၊ မြန်မာဘက်မှ သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၆၅ သန်းရှိသည်။ ၂၀၀၉-




၂၀၁၀ ဘဏ္ဍာနှစ်တွင် မြန်မာမှ ပို့ကုန်ပမာဏမှာ ကန်ဒေါ်လာသန်း ၇၀ ကျော်ရှိပြီး နှစ်နိုင်ငံ ကုန်သွယ်မှုစုစုပေါင်းမှာ ကန်ဒေါ်လာသန်း ၈၀ ကျော်ရှိကြောင်း ကုန်သွယ်ညွှန်ကြားမှုဦးစီးဌာနမှ သိရှိရသည်။

မြန်မာမှ ဘင်္ဂလားဒေ့ရှ်သို့ အဓိကတင်ပို့သော ကုန်ပစ္စည်းများမှာ ကြက်သွန်၊ ချင်း၊ နနွင်းခြောက်၊ ရေထွက်ကုန်များ၊ သားငါးစိမ်း၊ ငါးခြောက်၊ ကျွန်းသစ်၊ ပဲအမျိုးမျိုး၊ နွား၊ ဆိတ်၊ ကျွဲ၊ နွားသားရေ၊ ကျွဲသားရေတို့ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်မှ မြန်မာနိုင်ငံသို့ အဓိကတင်ပို့သော ပစ္စည်းများမှာ သံ၊ ဘိလပ်မြေ၊ ဓာတ်မြေသြဇာ၊ အထည်၊ ဆေးဝါးတို့ဖြစ်သည်။




# ရွှေဈေးအနည်းငယ်မြင့်လာ၍ ရောင်းအားပြန်တက်လာ


ဓာတ်ပုံ– ဂျေမောင်မောင်(အမရပူရ)

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ-၂၃**
ပြည်တွင်းရွှေဈေးနှုန်းများ တစ်ကျပ်သားလျှင် ကျပ် ၆၅၀၀၀၀ ကျော်သို့ ပြန်လည်မြင့်တက်လာခြင်းကြောင့် ဝယ်အားထက် ရောင်းအားပိုသောဈေးကွက်သို့ ပြန်လည်ရောက်ရှိလာကြောင်း ဈေးကွက်ကျွမ်းကျင်သူ ရွှေလုပ်ငန်းရှင်များကပြောသည်။

"အရောင်းအဝယ်က အများကြီးပြောင်းလဲတာတော့ မရှိသေးဘူး။ ဝယ်စုတဲ့ဈေးကွက်က ပြန်လျော့သွားတယ်။ လာရောင်းတာတော့ ပိုများလာတယ်"ဟု ပန်းဘဲတန်းမြို့နယ်၊ ၂၉ လမ်းရှိ ရွှေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းသည် တစ်ရက်လျှင် ၁၀ ဒေါ်လာဝန်းကျင်ထိ ဈေးနှုန်းမြင့်တက်နေခြင်းကြောင့် ယခုစက်တင်ဘာ ၂၃ ရက်တွင် တစ်အောင်စလျှင် ၁၂၉၀ ဒေါ်လာထိ မြင့်တက်နေသည်။

ထို့ကြောင့် ပြည်တွင်းရွှေဈေးနှုန်းမှာလည်း ယခုနှစ်၏ အမြင့်ပိုင်းရွှေဈေးနှုန်းထိ ပြန်လည်မြင့်တက်လာခဲ့သည်။ ယင်းနေ့တွင် ပြည်တွင်းရွှေဈေးနှုန်းမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၅၅,၀၀၀ ကျပ်ဈေးပေါက်နေသည်။ ၁၅ ပဲရည်ဈေးနှုန်းမှာလည်း တစ်ကျပ်သားလျှင် ၆၁၇,၀၀၀ ကျပ်ဈေးပေါက်နေသည်။

တစ်နှစ်ပတ်လုံးတွင် ကမ္ဘာ့ရွှေပေါက်ဈေးထက် ဈေးမြင့်နေခဲ့သော ပြည်တွင်းရွှေဈေးနှုန်းသည် လက်ရှိရွှေပေါက်ဈေးများအရ ကမ္ဘာ့ရွှေဈေးထက် ၄၀၀၀ ကျပ်ထိ ဈေးနည်းနေကြောင်း ရွှေဆိုင်ပိုင်ရှင်များကပြောကြားသည်။

"ကမ္ဘာ့ရွှေဈေးတက်ရင် ပုံမှန်အားဖြင့် ဒေါ်လာဈေးကျတယ်။ အခုကမ္ဘာ့ဈေးတက်သလောက် ဒေါ်လာဈေးမကျလို့ သူတို့ဈေး (ကမ္ဘာ့ရွှေဈေး)က ပိုနည်းနေတာ" ဟု ပြည်တွင်းဈေးထက် ကမ္ဘာ့ရွှေဈေးမြင့်နေပုံကို ရွှေလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောသည်။

ယခုကဲ့သို့ ပြည်တွင်းရွှေဈေးနှုန်းမှာ ကမ္ဘာ့ရွှေဈေးထက် နိမ့်နေခြင်းကြောင့် ယခုရက်ပိုင်း၌ လိုင်းဆွဲအားကောင်းနေကြောင်း မန္တလေးရှိ ရွှေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။


"လိုင်းကိုက်လို့ ဝယ်နေတာတော့ တစ်ပတ်လောက်ရှိသွားပြီ" ဟု အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

7DAY NEWS JOURNAL
Vol.9, No.28 • SEPTEMBER 30, 2010



## 7DAY BOOK REVIEW

# ဝေါမြို့က လာခဲ့တယ်
(မောင်ဝံသ)




စာရေးဆရာ၊သတင်းစာဆရာ၊ နိုင်ငံရေးသမားအဖြစ် ထင်ရှားသူမောင်ဝံသ၏ ကိုယ်တိုင်ရေး ဘဝကောက်ကြောင်းစာအုပ်ဖြစ်သည်။ သို့ရာတွင် အတ္ထုပ္ပတ္တိရေးသလို အခန်းစဉ်အလိုက်၊ အသက်အရွယ်အလိုက် အကွက်ချရေးခြင်းမဟုတ်ဘဲ သူ့ဘဝဖြတ်သန်းမှုများထဲမှ သတင်းစာအတွေ့အကြုံ၊စာပေနယ်အတွေ့အကြုံများကို ဖျက်ခနဲရေးခြစ်ထားသော စာများဖြစ်သည်။

ယခုစာအုပ်ပါ 'ဝေါမြို့ကလာခဲ့တယ်' ဆောင်းပါးများမှာ အတွေးအမြင်စာစဉ်တွင် ခြောက်နှစ်ကျော်ရေးသားလာခဲ့သည်များကိုတစ်စုတစ်စည်းတည်းထုတ်ဝေလာခြင်းဖြစ်သည်။ စာရေးသူမောင်ဝံသသည် သူ့မွေးရပ်မြေဝေါမြို့ကို မမေ့မလျော့ဘဲ ဝေါမြို့ကမိဝိုင်းသို့ ဟူသည့်ခေါင်းစဉ်ဖြင့် ဖတ်စရာဂျာနယ်၊ ကလျာမဂ္ဂဇင်းတို့တွင် ရေးသားခဲ့သည့်ဆောင်းပါးများကို ၂၀၀၇ ခုနှစ်ကလုံးချင်းအဖြစ်လည်း ထုတ်ဝေခဲ့ဖူးသည်။

ယခုစာအုပ်၏ထူးခြားမှုမှာ ယနေ့စာအုပ်လောကတွင်အတွေ့ရနည်းနေသည့် မျက်နှာဖုံးဒီဇိုင်းအညွှန်းကို ထည့်သွင်းပုံနှိပ်ပေးခြင်းဖြစ်သည်။ သတင်းစာဆရာ၊ အယ်ဒီတာဘဝများကို လုပ်သားပြည်သူ့နေ့စဉ်၊ မြန်မာ့အလင်း၊ ဟံသာဝတီ၊ ဗိုလ်တထောင်သတင်းစာများတွင် ဖြတ်သန်းခဲ့သူ မောင်ဝံသသည် လူချွန်လူမွန်၊ ဘက်စုံ၊ တော်ဝင်ဂျာနယ်၊ အတွေးအမြင်စာစဉ်များ တည်းဖြတ်ထုတ်ဝေခဲ့သလို ပြည်သူ့ခေတ်ဂျာနယ်အထိ စာနယ်ဇင်းလောကနှင့်လက်ရှိအချိန်ထိတိုင် အထိအတွေ့မပြတ်သူဖြစ်သည်။ စာအုပ်တွင် ဝေါမြို့ကလာခဲ့တယ်၊ ဝေါမြို့ကစာအုပ်ဆိုင်ကလေး၊ ဆရာကြီးဓူဝံကို ခပ်လှမ်းလှမ်းမှ၊ အထောက်တော်အတွေ့အကြုံ၊ ဆရာကြီးရွှေဥဒေါင်းသို့ ကန်တော့ပန်း၊ ဒေါက်တာလှဘေတမ်းချင်း၊ သတင်းထောက်နှင့်သတင်းဓာတ်ပုံစသဖြင့် ဆောင်းပါးပေါင်း ၄၄ ပုဒ်ကို တစ်စုတစ်စည်းထဲစုစည်းထားသည်။

ဝေါမြို့ကလာခဲ့တယ် ဆောင်းပါးတွင် မွေးရပ်မြေ၊ ပညာသင်ကြားရာအရပ်၊ ကြီးပွားရာအရပ်တို့ကို မမေ့အပ်သောအရပ်သုံးမျိုးအဖြစ် ဒေါက်တာလှဘေက ညွှန်းဆိုခဲ့မှုကိုစံနမူနာယူရင်း မောင်ဝံသက သူ့ဘဝအစဝေါမြို့၊ ထိုမှတစ်ဆင့် ပဲခူးမြို့နေရှင်နယ်ကျောင်းခေါ် အမျိုးသားတန်းမြင့်ကျောင်းတွင်ပညာသင်ကြားခဲ့ပုံများနှင့် အားကျအတုယူခဲ့ရသည့်ဒေါက်တာလှဘေ၊ဒေါက်တာထင်အောင်တို့၏အကြောင်း ဗဟုသုတဖြစ်ဖွယ် ခပ်ပါးပါးရေးသားထားသည်ကိုဖတ်ရှုရမည်ဖြစ်သည်။ဝေါမြို့ကစာအုပ်ဆိုင်ကလေးနှင့် နွေရာသီကျောင်းပိတ်ရက်ဝေါမြို့ဦးလေးတော်သူအိမ်တွင်နေထိုင်စဉ် စာပေဝါသနာအရ စာအုပ်များဖတ်ရှုခဲ့ပုံ၊စာကြည့်တိုက်မထောင်ဖြစ်စဉ်အတွင်းအိမ်သို့ရောက်နေသော စာအုပ်များအားတစ်နှစ်ကြာဖတ်ဖြစ်ခဲ့ပုံများကို အားကျအတုယူဖွယ်ဖတ်ရမည်ဖြစ်သည်။ မြန်မာစာပေလောက၊ ကဗျာဆရာအသိုင်းအဝိုင်းတွင်အထင်ကရကျော်ကြားသူဒေါင်းနွယ်ဆွေ၊နောင်၊နေသွေးနီတို့ကိုနှစ်သက်သဘောကျသဖြင့် သူ့ဘဝအစောပိုင်းတွင် နောင်နွယ်နီကလောင်အမည်ဖြင့် ကဗျာများရေးသားခဲ့သည်ကိုဖတ်ရသည်။ ထို့ပြင်အမေရိကန်ပြန်ကြားရေးဌာနမှထုတ်ဝေသည့်လင်းရောင်ခြည်မဂ္ဂဇင်းတွင်မောင်ဝံသကလောင်အမည် စတင်ခံယူခဲ့ပုံကိုလည်း ဖတ်ရှုရမည်ဖြစ်သည်။

ဆရာကြီးဓူဝံကိုခပ်လှမ်းလှမ်းမှ ဆောင်းပါးတွင် ဆရာကြီး၏ သတင်းစာဆရာ အတွေ့အကြုံလုပ်ရည်ကိုင်ရည်၊စည်းကမ်းတိကျပုံနှင့် လက်ရေးလက်သားမကောင်းပုံတို့ကို ဗဟုသုတဖြစ်ဖွယ်ဖတ်ရပါမည်။မြန်မာသတင်းစာဆရာလောကတွင် ပြောစမှတ်ပြုရသူ အထောက်တော်လှအောင်နှင့်ဆုံတွေ့ခဲ့ရပုံ၊အထောက်တော်ဦးအုန်းမြင့်ထံမှဦးလှအောင်က ပညာဆက်ခံပုံ၊ထိုစဉ်က အထောက်တော်သတင်းစာတိုက်တွင်းအဖြစ်အပျက်များနှင့်သူ၏ ပထမဆုံးသတင်းစာအတွေ့အကြုံတက္ကသိုလ်သတင်းထောက်အဖြစ် အလုပ်ဝင်လုပ်ခဲ့ပုံကို အထောက်တော်အတွေ့အကြုံဆောင်းပါးတွင်ဖတ်ရမည်ဖြစ်သည်။ အတွေးအမြင်စာစဉ် (၁၅၃)၂၀၀၂ ဖေဖော်ဝါရီလမှစတင်ရေးသားခဲ့သော ယခုဆောင်းပါးများသည် စာရေးသူမောင်ဝံသ၏ ဘဝဖြတ်သန်းမှု တစ်စိတ်တစ်ဒေသနှင့် သတင်းစာလောက၊ စာပေလောက၏ အချိုးအကွေ့များပါဝင်သော စာအုပ်ကောင်းတစ်အုပ်ဟု ဆိုချင်ပါသည်။ ဒေါင်းစာပေမှ တန်ဖိုး ၂,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

# သတို့သမီးလက်ကိုင်ပန်းရဲ့ရာဇဝင်ကိုသိသလား

မင်္ဂလာပွဲများတွင် သတို့သမီးများကိုင်ဆောင်လေ့ရှိသည့် မင်္ဂလာလက်ကိုင်ပန်းများကို အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးဖြင့်မြင်တွေ့ဖူးကြပေလိမ့်မည်။ သတို့သမီးလက်ကိုင်ပန်းများမှာ ရှေးဟောင်းခေတ်ကာလကတည်းကရှိခဲ့ပြီး မကောင်းဆိုးဝါးများအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် ကြက်သွန်ဖြူ၊ ဆေးမြစ်များစသည်တို့ဖြင့်သာ လက်ကိုင်ပန်းအဖြစ်ပြုလုပ်ခဲ့ကြသည်။ ရှေးဟောင်းဂရိနှင့်ရောမလူမျိုးသတို့သား၊ သတို့သမီးတို့သည် ဘဝသစ်စတင်ခြင်းအထိမ်းအမှတ်အဖြစ် ပန်းကုံးများဝတ်ဆင်လေ့ရှိသည်။ ကက်သလစ်ရိုးရာ သတို့သမီးလက်ကိုင်ပန်းများတွင် တိုက်ကယ်နွယ်ပင်၊ စကော့တလန်ဆူးလေပန်း၊ဟက်သာပင်တို့ပါဝင်သည်။ ပန်းကုံးမှာလည်း ပန်းဖြင့်ပြုလုပ်ထားခြင်းမဟုတ်ဘဲ အနံ့ပြင်းသည့်သစ်မြစ်၊ ဆေးမြစ်များနှင့်ပြုလုပ်ထားခြင်းဖြစ်ပြီး ယင်းအနံ့များက မကောင်းဆိုးဝါးများကို ဖယ်ရှားနိုင်စွမ်းရှိသည်ဟု ယုံကြည်ခြင်းကြောင့်ဖြစ်သည်။

ဗစ်တိုးရီးယားဘုရင်မနှင့် အဲလ်ဘတ်မင်းသားတို့လက်ထပ်ပွဲတွင် ဆေးမြစ်၊ သစ်မြစ်များအစား လတ်လတ်ဆတ်ဆတ်ပန်းများဖြင့် ပြုလုပ်ဝတ်ဆင်ခဲ့သည်။ ဗစ်တိုးရီးယားဘုရင်မအုပ်ချုပ်စဉ်ကာလကပန်းများမှာ ချစ်သူများအတွက်ချစ်သင်္ကေတများဖြစ်လာခဲ့ပြီး ပန်းအမျိုးအစားအလိုက် သူ့အဓိပ္ပာယ်နှင့်သူရှိခဲ့သည်။ ယနေ့ခေတ်တွင်မူ သတို့သမီးကစိတ်ကြိုက်ပန်းအမျိုးအစားကိုရွေးချယ်ပြီး ဒီဇိုင်းဆန်းများဖြင့် အဆောင်အယောင်တစ်ခုအဖြစ် အသုံးပြုလျက်ရှိသည်။ *—Source: perfectwedding.com*

# တစ်ပတ်တာကံကြမ္မာ
ဝိဇ္ဇာဟိန်းမင်း

**စက် တင် ဘာ ၃၀ ရက် မှ အောက် တို ဘာ ၆ ရက် အထိ**



## ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ထူးခြားသောအပြောင်းအလဲရှိမည်။ ငွေကြေးကံကောင်းမည်။ အကြံသစ်များ စတင်ဆောင်ရွက်နိုင်မည်။ ခက်ခဲသောပြဿနာများဖြေရှင်းနိုင်မည်။ ရုတ်တရက်ပေါ်ပေါက်လာသော စိတ်ကူးကိုလက်တွေ့အကောင်အထည်ဖော်နိုင်မည်။ စကားများရမည်။ ခရီးကိစ္စများပေါ်ပေါက်မည်။ ပြည်တွင်းသာမက ပြည်ပခရီးနှင့်ပတ်သက်သောကိစ္စများဆောင်ရွက်နိုင်မည်။ ပျိုရွယ်သူများ မေတ္တာရေးအညံ့ရှိမည်။



## TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အပြိုင်အဆိုင်များမည်။ အထင်လွဲမှုများဖြေရှင်းရမည်။ ရည်မှန်းထားသည်များမဖြစ်။ ဆောင်ရွက်သမျှဖရိုဖရဲကစဉ့်ကလျားဖြစ်တတ်သည်။ အိမ်တွင်းရေးအညံ့အဆိုးများရှိမည်။ အတွင်းပဋိပက္ခများရှိမည်။ ကိုယ့်ကိစ္စမဟုတ်ဘဲ သူတစ်ပါးကိစ္စများလိုက်၍ ဆောင်ရွက်ပေးနေရမည်။ ငွေကြေးကိစ္စ၊ စာရွက်စာတမ်းကိစ္စများတွင်သတိနှင့်ယှဉ်၍ဆောင်ရွက်အပ်သည်။ လက်စွပ်၊ နားကပ် စသည်တို့ပျောက်တတ်သည်။



## GEMINI မေထုန်ရာသီဖွား (မေ၂၂-ဇွန်၂၁)

အတတ်ပညာနှင့်ပတ်သက်သည့်ဆောင်ရွက်မှုများအောင်မြင်မည်။ ရည်ရွယ်ထားသည်များ အခိုင်အမာအောင်မြင်မည်။ ပဋိပက္ခများကြားမှ တိုးတက်မှုများရရှိမည်။ လုပ်ငန်းခွင်ရှိသူများ အလုပ်ပို၊ တာဝန်ပိုများကြုံမည်။ တစ်ခုထက်ပိုသောလုပ်ငန်းများ လုပ်ကိုင်ရမည်။ ကိုယ့်ကိစ္စမဟုတ်ဘဲ ဆောင်ရွက်ရသောကိစ္စများတွင် အလွန်အမင်းတာဝန်ယူခြင်း၊ အာမခံခြင်းများမပြုရ။



## CANCER ကရကဋ်ရာသီဖွား (ဇွန်၂၂-ဇူလိုင်၂၂)

နာမည်အောင်မြင်မှုများရရှိမည်။ ကိုယ်လုပ်သမျှ ကျော်ကြားသိများမည်။ ငွေမည်မျှဝင်စေ ပြန်ထွက်မည်။ အတတ်ပညာ၊ အတန်းပညာ သင်တန်းရေးရာအဖြာဖြာ၌ ပတ်သက်ဆက်နွယ်ပြီး တိုးတက်မှုအခိုင်အမာရရှိမည်။ အဖက်ဖက်မှ ကစဉ့်ကလျားဖရိုဖရဲဖြစ်နေသည်များကို အစီအစဉ်တကျစီမံလုပ်ကိုင်နိုင်ခြင်းရှိမည်။ အချည်းနှီးအကျိုးမဲ့ပကာသနဆန်သောအလုပ်များလုပ်ရမည်။



## LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

စိတ်ချမ်းသာစရာများ၊ စိတ်လှုပ်ရှားစရာများနှင့် စိတ်လှုပ်ရှားရမည့်ကာလဖြစ်သည်။ ငွေကြေးကိစ္စအတွက်ဆောင်ရွက်သမျှအောင်မြင်မည်။ ပေါ်ပေါက်လာသည့်အလုပ်အခွင့်အရေးများကို ဘဝတိုးတက်ရန်အတွက်လက်တွေ့ကျကျဆောင်ရွက်နိုင်သည်။ ခေါင်းမာမှု၊ တစ်ဇွတ်ထိုးနိုင်မှုကြောင့် အမှားအယွင်း၊ အခက်အခဲရှိနိုင်သည်မှအပ အရာရာအဆင်ပြေမည်။ ခရီးနှင့်ပတ်သက်သောစီစဉ်မှုများအဆင်ပြေမည်။



## VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အလောတကြီးစိတ်စောပြီး လုပ်ကိုင်ခြင်းမပြုရ။ စကားမှား၍ စိတ်ရှုပ်ရမည်။ မူလစီစဉ်ထားသည်များကိုလက်တွေ့အကောင်အထည်ဖော်ရာတွင် ရှေ့တိုးမရ။ အခက်အခဲနှင့်ကြုံမည်။ တစ်ဇွတ်ထိုးရှေ့တိုးလုပ်လေ အခက်အခဲကြုံလေဖြစ်သည်။ စိတ်အေးလက်အေးနှင့် ဦးတည်ချက်မပြောင်းဘဲ နည်းစနစ်ပြောင်းလဲဆောင်ရွက်ရမည်။ အသုံးအဖြုန်းကြီးသူများ၊ ပြဿနာမရှိလျှင်မနေနိုင်သူများပတ်ဝန်းကျင်တွင် ရှိနေမည်။



## LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

မျှော်မှန်းထားသည်ထက်ပို၍ အောင်မြင်မှု၊ တိုးတက်မှုများဖြစ်ထွန်းမည်။ လုပ်ငန်းရေးရာ အတတ်ပညာရေးရာပိုင်းတွင် အထူးကောင်းသောအနေအထားသို့ကျရောက်မည်။ ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းရမည့်ကိစ္စမှန်သမျှကို အမြော်အမြင်ကြီးစွာသုံးသပ်ဖြေရှင်းပါ။ အလျှော့ပေးပြီးမှ အနိုင်ယူနိုင်သောအနေအထားရှိသည်။ မိမိအကျိုးလိုလားသူများ ပေးလာသောအကြံများအားလက်ခံပါ။



## SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ဝေဖန်တိုက်ခိုက်မှုများကြားမှ ရှေ့တိုးဆောင်ရွက်ရမည့်ကာလဖြစ်သည်။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်နေမည်။ အားနာမှု၊ သနားလွယ်မှု၊ ယုံစားလွယ်မှုအပေါ် အခွင့်အရေးယူသောသူများနှင့်တွေ့တတ်သည်။ ပတ်ဝန်းကျင်တွင် ပြဿနာများ တစ်မျိုးပြီးတစ်မျိုးဖြစ်ပေါ်နေသည့်ကြားမှ ကိုယ်တိုင်တွင် အညံ့ကင်းဝေးမည်။ စာရွက်စာတမ်းငွေကြေးကိစ္စများတွင် လူယုံထားပြီးဆောင်ရွက်ခြင်းမရှိသင့်။



## SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အထူးကောင်းသည်။ ပြောရေးဆိုရေးအောင်မြင်မည်။ အခက်အခဲဟူသမျှပြေလည်အောင်ဆောင်ရွက်နိုင်မည်။ ငွေကြေးကံကောင်းမည်။ လက်လွှန်ထားသည့်ငွေများပြန်ရမည်။ မြှုပ်နှံဆောင်ရွက်ထားသည်များမှ ကောင်းသောအကျိုးရရှိမည်။ အရပ်ဝေး၊ နိုင်ငံခြားနှင့်ပတ်သက်သော ရေးရာအဖြာဖြာဆောင်ရွက်မှု အလုံးစုံအောင်မြင်မည်။ အလှူမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ လုပ်သမျှလူသိထင်ရှားဖြစ်မည်။



## CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ပြောင်းလဲနေသောအခြေအနေနှင့် လိုက်လျောညီထွေဆောင်ရွက်နေရမည်။ အမြင်မတူသောသူများ၊ ဆန့်ကျင်ဘက်သဖွယ်ဖြစ်နေသောသူများနှင့် ထိပ်တိုက်ရင်ဆိုင်ပြီး မိမိအလိုရှိရာများဆောင်ရွက်ရမည်။ ကိုယ်တိုင်သည်လည်း မူလတွဲဖက်ပူးပေါင်းထားသူများနှင့် လမ်းခွဲထွက်၍ ဦးတည်ချက်သစ်များ ဆောင်ရွက်ရမည်။ လုပ်ငန်းခွင်ရှိသူများ ပြောင်းလဲခြင်းနှင့်တိုးတက်ခြင်းများအဆင့်ဆင့်ဖြစ်ထွန်းမည်။



## AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ကောင်းသောအပြောင်းအလဲနှင့်တိုးတက်မည်။ လူမျိုးခြားနှင့်ဆက်နွယ်၍ လုပ်ငန်းများလုပ်ကိုင်နိုင်မည်။ ဆွေမျိုးသားချင်း မိသားစုရေးရာများနှင့်ပတ်သက်၍ စိတ်ပင်ပန်းရမည်။ အမှားအယွင်းအတိမ်းအစောင်းမဖြစ်စေရန် သတိပြုသင့်သည်။ လုပ်ဆောင်သမျှကိစ္စများသည်လည်း တစ်ခုပြီးတစ်ခု ချိတ်ဆက်မိအောင်ဆောင်ရွက်သင့်သည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ ခြံ၊ ကား၊ အခန်း အပြောင်းအလဲဖြစ်မည်။



## PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

စိတ်ချမ်းမြေ့စရာများရှိမည်။ မှန်းထားသည်ထက်ပိုသောအောင်မြင်မှုများရရှိမည်။ အခွင့်အရေးသစ်များတစ်မျိုးပြီးတစ်မျိုးရရှိမည်။ တွေဝေနှောင့်နှေးခြင်းမရှိပါနှင့်။ လက်ဦးအောင်ဆောင်ရွက်နိုင်လေ တိုးတက်လေဖြစ်မည်။ အသစ်အဆန်းများဆောင်ရွက်အောင်မြင်မည်။ မတော်လောဘထွက်လောက်အောင်ပင် ငွေကြေးကံပွင့်မည်။ လောဘစိတ်ကိုထိန်းသိမ်းလိုက်ပါ။

7 DAY NEWS JOURNAL
Vol.9, No.28 • SEPTEMBER 30, 2010

# ရွေးကောက်ပွဲ စကားဝိုင်း (၃)

သက်ခိုင်မြင့်

နံနက်ခင်း မိုးမရွာသဖြင့် ရာသီဥတုသာယာနေသည်။ လမ်းလျှောက် ထွက်ရင်းမောင်လှသန်းတို့အိမ်ရှေ့အရောက် အိမ်တွင်းသို့တစေ့တစောင်းကြည့်မိရာပက်လက်ကုလားထိုင်ပေါ်တွင်ငူစူစူကြီးထိုင်နေသည့်မောင်လှသန်းကိုတွေ့ရသဖြင့် . . .

"ဟေ့ . . မောင်လှသန်း၊ မင်းအလုပ်ရုံ မသွားဘူးလား။ အစ်မကောနေကောင်းလား" ဟု ကျွန်တော့်အမေးကြောင့် ဖျက်ခနဲမော့ကြည့်ရင်း

"ဟာ . . ဦးလေးပါလား။ အထဲဝင်ပါဦး၊ အမေနေကောင်းပါတယ်။ ဒေါင်ဒေါင်ကို မြည်နေတာပဲ။ မနက်ဖြန်ဆွမ်းဝတ်ကျလို့ ဈေးသွားလေရဲ့" ဟုပြန်ပြောသည်။

"ငါလဲလမ်းလျှောက်ထွက်ရင်း မရောက်တာကြာလို့ ဝင်လာတာ။ အစ်မနေကောင်းရင်ပြီးတာပဲ။ ငါလာသွားတဲ့အကြောင်းပြောလိုက်ဦး။ မထိုင်တော့ဘူးကွာ"

"နေပါဦး။ ဦးလေးရာ။ အမေက ကျွန်တော့်ကို ခဏခဏဆူနေလို့ ကြည့်ပြောပေးခဲ့ပါအုံး။ ပြန်လာခါနီးပါပြီ"

"ဘာအကြောင်းနဲ့ပတ်သက်ပြီး အဆူခံထိနေရပြန်တာတုံး။ မင်းကကော ဘာတွေရှုပ်ရှုပ်ယှက်ယှက်လုပ်နေလို့တုံး"

"ဘာမှ ရှုပ်ရှုပ်ယှက်ယှက်မလုပ်. . ဟာဟိုမှာ အမေပြန်လာပြီ" ဟုပြောရင်း ခြံဝသို့ ကမန်းကတန်းထွက်သွားသည်။ ဆွဲလာသည့်ခြင်းတောင်းကို လှမ်းယူရင်း၊ ဦးလေးသက်ရောက်နေတယ်ဟုပြောသံကြားရသည်။ အစ်မက နည်းနည်းမျက်စိမှုန်သဖြင့် အမှောင်ရိပ်ထဲတွင် ရပ်နေသည့် ကျွန်တော့်အားရုတ်တရက် မြင်ဟန်မတူသဖြင့် မောင်လှသန်းကကျွန်တော်ရောက်နေကြောင်း ပြောခြင်းဖြစ်သည်။

"မောင်သက်ခိုင်လားဟေ့။ မင့်မလဲပေါ်တော်မူပဲကိုး။ မင့်မိန်းမနဲ့ကတော့ ဈေးမှာခဏခဏတွေ့ပါရဲ့"

"ဟုတ်တယ်အစ်မရေ။ ကျွန်တော်လည်း ကော်မရှင်ကိစ္စနဲ့ ရုံးသွား၊ အစည်းအဝေးတက်၊ လုပ်နေရလို့ သိပ်မအားဘူး"

"အေး အဲဒါပြောတာပေါ့။ မင့်တူတော်မောင်ကိုလဲ ငါဆူဆူ နေရတာ။ အဲဒါပဲ။ တဆိတ်ရှိ ကော်မရှင်ရုံးနဲ့ဟာ။ နိုင်ငံရေးလုပ်တာငါမကြိုက်ပါဘူး။ ပြောထားရဲ့သားနဲ့၊ မင်းလဲပဲ နိုင်ငံရေးလုပ်နေတယ်ဆို၊ မိစန်းငွဲကို ပြောပြတယ်။ မလုပ်ကြပါနဲ့ဟာ ရှုပ်ကရှုပ်သနဲ့"

"ကျွန်တော်တို့ နိုင်ငံရေးသမားတွေ မဟုတ်ပါဘူး အစ်မရာ။ ကျွန်တော်က ခရိုင်ကော်မရှင်မှာဝင်ပြီး တာဝန်ယူသလို အစ်မသားက ရပ်ကွက်မှာ ဝင်တာဝန်ယူပေးရတာပါ"

"ဒါဆို နင်တို့အခုလုပ်ကိုင်နေတာက ဘာအတွက်တုံး။ အမတ်ဝင်ရွေးဖို့ မဟုတ်ဘူးလား"

"ဘယ်ကလာ အမတ်ဝင်ရွေးရမှာလဲ အစ်မရဲ့။ ကျွန်တော်တို့မောင်လှသန်းတို့ အခုလုပ်နေကြတာက ပါတီနိုင်ငံရေးမဟုတ်ဘူး။ အမျိုးသားနိုင်ငံရေးလို့ ပြောရမယ်။ နိုင်ငံတော်အတွက် လိုအပ်လို့လုပ်နေတာ။ ကျွန်တော်တို့က အမတ်လည်းဝင်မရွေးဘူး။ ရှင်းအောင်ပြောရရင် လွှတ်တော်ကိုယ်စားလှယ် အဲ အစ်မပြောတဲ့အမတ်ပဲထားပါတော့ဗျာ။ အဲဒီလိုဝင်အရွေးခံမယ့် ပုဂ္ဂိုလ်တွေ လွတ်လွတ်လပ်လပ်အရွေးခံပြီး မျှမျှတတဖြစ်အောင် ကြီးကြပ်လုပ်ဆောင်ပေးရမဲ့ ဒိုင်လူကြီးပဲဆိုပါတော့။ ဒိုင်လူကြီးဆိုတာ သမာသမတ်မျှရမယ်လေ။ ဒီတော့ ကျွန်တော်တို့က ဘယ်နိုင်ငံရေးပါတီနဲ့မှပတ်သက်လို့မရဘူး။ ပါတီထဲလည်းဝင်လို့မရဘူး။ ရိုးရိုးရှင်းရှင်းလေးပြောရရင် ကျွန်တော်တို့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် အဆင့်ဆင့်ဟာ နိုင်ငံရေးပါတီတွေရဲ့ ရန်သူတွေလဲမဟုတ်ဘူး။ မိတ်ဆွေ အဲမိတ်ဆွေဆိုတဲ့နေရာမှာလည်း ဘက်လိုက်ပေးမယ့် မိတ်ဆွေလည်းမဟုတ်ဘူး။ နိုင်ငံရေးပါတီအားလုံးရဲ့ စစ်မှန်တဲ့မိတ်ဆွေ၊ မှန်ကန်သမမျှတတဲ့ မိတ်ဆွေလို့ပြောရမယ်။ ရွေးကောက်ပွဲ ကော်မရှင်အဆင့်ဆင့်ထဲက ဥက္ကဋ္ဌ၊ အဖွဲ့ဝင်တို့ကို အများပြည်သူလေးစားကြည်ညိုပြီး နိုင်ငံ့ဝန်ထမ်းမဟုတ်တဲ့ ပုဂ္ဂိုလ်တွေကိုပဲ တာဝန်ပေးထားတာသာကြည့်တော့"

"အင်း မင်းရှင်းပြတော့လဲ အရှင်းသားကပဲ။ ဒါဆိုငါမောင်လှသန်းကိုဆူဆူပူပူလုပ်နေတာမှားနေပြီပေါ့"

"မအေနဲ့သားပဲ အစ်မရာ။ သဘောမရှင်းသေးခင်က စိုးရိမ်လို့ဆူတာပူတာဟာ ပြဿနာမဟုတ်ပါဘူး။ အခု အစ်မနားရှင်းသွားပြီပဲ။ မဆူတဲ့အပြင် အားတောင်အားပေးရဦးမှာဟုတ်ဘူးလား"

"ဟုတ်ပါတော်ဟုတ်ပါ။ ဒါ့ထက် မင်းမနက်စာစားပြီးမှ ပြန်ဟုတ်လား။ ငါမုန့်လာဥနဲ့ ငါးရံ့ဟင်းချဉ်စပ်လေး ချက်ဖို့လုပ်လိုက်ဦးမယ်။ မင်းတို့တူဝရီးနှစ်ယောက် စကားပြောနေကြအုံး"

"ကျေးဇူးတင်ပါတယ် ဦးလေးရယ်။ အခုမှပဲ သက်ပြင်းချနိုင်တော့တယ်။ အမေကဆူကျွန်တော်က ပြန်မရှင်းတတ်၊ ဒီလိုဖြစ်နေတော့ နားအေးရင် ပြီးရောဆိုပြီး စက်ရုံမှာသွားသွားထိုင်နေရတဲ့ဒုက္ခ အခုမှပဲကျွတ်တော့တယ်"

"အေး အဲဒါပေါ့ ငါ့တူရယ်။ မင်းတိုတွေစာများများဖတ်ဖို့လိုတယ်။ မင်းတို့ကို ဖြန့်ဝေပေးထားတဲ့ လွှတ်တော် ၃ ရပ်နဲ့ သက်ဆိုင်တဲ့ ဥပဒေ နည်းဥပဒေတွေ လုပ်ငန်းလမ်းညွှန်တွေကိုဖတ်ပြီး မင်းတို့အချင်းချင်းလဲ ဆွေးနွေးနေကြဖို့ အရေးကြီးဆုံးပဲဟေ့။ ဒါမှ တကယ့်လုပ်ရမယ့်ပွဲမှာ အမှားအယွင်းမရှိမှာ"

"ဟုတ်ပါတယ် ဦးလေး။ ကိုယ်တာဝန်ယူထားပြီးရင် ယောင်တိယောင်ဝါးလုပ်လို့ မရဘူးဆိုတာ သိပါပြီ။ ဒါကြောင့် ဦးလေးဆီနေ့တိုင်းလာနေရတာ။ ဦးလေးပြောပြတဲ့ အချက်အလက်တွေကို အစည်းအဝေးမှာကျွန်တော်ပြောပြရှင်းပြတော့ အဖွဲ့ဝင်တွေတောင် တော်တော်အံ့ဩကြတယ်။ အထင်တကြီးဖြစ်လာတယ်။ ဦးလေးနဲ့ ဆွေးနွေးရကျိုးနပ်ပါတယ်ဗျာ"

"အေး မင်းကတစ်ဆင့်သိသင့်သိထိုက်တဲ့ လူတွေသိခွင့်ရတာ ငါလည်းဝမ်းသာတယ်ကွ။ အခုတင်ပဲကြည့် မင့်အမေတောင်အမြင်မှန်ရသွားပြီမဟုတ်လား"

"ဟုတ်တယ်ဦးလေး။ ကျွန်တော်လည်းအစွမ်းကုန် လေ့လာသွားပါမယ်။ ဒါမှလဲ လုပ်ကိုင်ရတာလွယ်ကူမယ်။ ဒါနဲ့ဦးလေး အချိန်လည်းရသားပဲဟာ။ မနေ့ကရှင်းပြတဲ့ နိုင်ငံရေးပါတီတွေကိစ္စဆက်ရှင်းပြပါဦး"

"အင်းမနေ့က မင်းကိုပြောတာ ဘယ်နေရာရောက်သွားပြီလဲ"

"ဟိုဟာလေ သာသနာ့ဝန်ထမ်းဆိုတာ ဦးလေးရှင်းပြပြီးပြီ သာသနာ့ဝန်ထမ်းတွေဟာ မဲဆန္ဒပေးခွင့်မရှိဘူး။ ပါတီဝင်အဖြစ်လည်း စည်းရုံးမခံစေရဘူး။ ပါတီတည်ထောင်လို့မရဘူး။ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခွင့်မရှိဘူးဆိုတဲ့နေရာရောက်သွားပြီ"

"အေးအေး ဟုတ်ပြီ။ ဆက်ပြောရရင်ကွာ အဲဒီပါတီ တည်ထောင်ခွင့်လျှောက်တဲ့ ပုဂ္ဂိုလ် ၁၅ ဦးဟာ တည်ထောင်မယ့် ပါတီအမည်ကိုဖော်ပြပြီး ပါတီဝင်တွေကို ဥပဒေနဲ့ အညီစည်းရုံးခွင့်ပြုဖို့ ကော်မရှင်ကိုလျှောက်ရမယ်။ အဲဒီလိုလျှောက်တဲ့အခါမှာ ကျွန်တော်တို့က ခွင့်ပြုထားတဲ့မှတ်ပုံတင်လက်မှတ် တစ်ခုခုကို ကိုင်ဆောင်ထားသူတွေဖြစ်တဲ့အကြောင်း၊ အသက် ၂၅ နှစ်ပြည့်ပြီးတဲ့အကြောင်း၊ ဒီ ၁၅ ဦးထဲမှာလည်း သာသနာ့ဝန်ထမ်းတွေ မပါဝင်ကြောင်း၊ ထောင်ကျနေသူတွေ မပါဝင်တဲ့အကြောင်း၊ နိုင်ငံတော်ကို လက်နက်စွဲကိုင် ဆန့်ကျင်နေတဲ့သူတွေ မပါကြောင်း သူတို့နဲ့လဲ တစ်စုံတစ်ရာ မပတ်သက်ကြောင်း၊ မူးယစ်ဆေးဝါးဥပဒေနဲ့လည်း မငြိစွန်းကြောင်း၊ နိုင်ငံခြားသားတွေ နိုင်ငံခြားသားအဖြစ်ခံယူထားသူတွေ မပါကြောင်း တိတိကျကျဖော်ပြရတယ်"

"ပြီးတော့ကော ဦးလေး"

"နောက်ပြီးတော့ အဲဒီလျှောက်လွှာမှာ ဝန်ခံချက်တွေထည့်သွင်းဖော်ပြရသေးတယ်ကွ"

"ဘာဝန်ခံချက်တွေလဲ ဦးလေး"

"ပါတီတည်ထောင်ခွင့် လျှောက်လွှာမှာ ဒို့တာဝန်အရေးသုံးပါးကိုထိန်းသိမ်းစောင့်ရှောက်ပါမယ်ဆိုတဲ့ ဝန်ခံချက်၊ တရားဥပဒေစိုးမိုးရေးနဲ့ အေးချမ်းသာယာရေးကို ထိန်းသိမ်းစောင့်ရှောက်ပါမယ်ဆိုတဲ့ ဝန်ခံချက်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ပါမယ်ဆိုတဲ့ ဝန်ခံချက်၊ လူမျိုးဘာသာ သာသနာလူပုဂ္ဂိုလ် တစ်ဦးတစ်ယောက် ဒါမှမဟုတ် လူအများနဲ့ပတ်သက်ပြီး ကိုယ်ကျင့်သိက္ခာကို ထိခိုက်မယ့်ရေးသားဟောပြောစည်းရုံးမှုတွေ မလုပ်ပါဘူးဆိုတဲ့ဝန်ခံချက်၊ ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားမလုပ်ပါဘူးဆိုတဲ့ဝန်ခံချက်နဲ့ နိုင်ငံခြားအစိုးရ၊ အဖွဲ့အစည်းတစ်ခုခု၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဆီက ဘာအထောက်အပံ့မှ မယူပါဘူး။ ဩဇာလည်းမခံပါဘူးဆိုတဲ့ ဝန်ခံချက်တွေ ထည့်သွင်းဖော်ပြပြီး လက်မှတ်ထိုးထားရမယ်ကွ"

"ဒီအချက်တွေ ဆိုရင် ဘာမလုပ်နိုင်စရာရှိလဲ ဦးလေးရာ။ နိုင်ငံတော်အတွက် ရိုးရိုးသားသား လုပ်မယ့်ပါတီတည်ထောင်လိုတဲ့ လူတွေအတွက် Easy Going (အီးဇီးဂိုးရင်း) ပဲမဟုတ်လား"

"မှန်တယ်ငါ့တူ။ ကတိဆိုတာ လွယ်လွယ်ပေးပြီး လွယ်လွယ်ဖျက်လို့မရဘူး။ ကတိပေးပြီးရင် အဲဒီကတိကို တည်အောင်ထိန်းပါမှ နိုင်ငံကြီးသားပီသမယ်။ နိုင်ငံ့ခေါင်းဆောင် လုပ်ဖို့အရည်အချင်း ပြည့်မီမယ်လေကွာ။ ပြီး ပြီးရောသဘောထားရင်တော့ သိက္ခာကျသွားမှာပေါ့"

"အဲဒါတွေ ပြည့်စုံရင် ပါတီတည်ထောင်ခွင့် ရပြီပေါ့ဟုတ်လား"

"ကော်မရှင်အနေနဲ့ စိစစ်အုံးမယ်လေကွာ။ သတ်မှတ်ချက်နဲ့ညီရင် ခွင့်ပြုမယ်။ အဲ မညီရင်တော့ ငြင်းပယ်နိုင်ခွင့်ရှိတယ်"

"ကော်မရှင်က ပါတီတည်ထောင်ခွင့်ပြုလိုက်ရင် ပြီးပြီမဟုတ်လား ဦးလေး။ ဘာဆက်လုပ်ရဦးမလဲ"

"ဟရှိသေးတယ်ကွ။ ပါတီတည်ထောင်ခွင့် ရပြီးရင် အဲဒီပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးဖို့ ထပ်လျှောက်ရဦးမယ်"

"ကော်မရှင်ကိုပဲ လျှောက်ရမှာလား"

"ဒါပေါ့ ကော်မရှင်ကိုပဲ လျှောက်ရမှာ။ ဒီနေရာမှာတော့ အဲဒီလို လျှောက်တဲ့အခါမှာ ဒီပါတီဟာ တစ်နိုင်ငံလုံး စည်းရုံးမယ်။ ဒါမှမဟုတ် တိုင်းတစ်တိုင်း၊ ဒါမှမဟုတ် ပြည်နယ်တစ်ခုမှာပဲ စည်းရုံးမယ်ဆိုတာ ထည့် သွင်းဖော်ပြရဦးမယ်"

"အဲဒါက ဘာကြောင့်လဲ။ အကြောင်းတော့ရှိမယ် ထင်တယ်"

"ရှိတာပေါ့။ တစ်နိုင်ငံလုံး စည်းရုံးရင်ပါတီဝင် အင်အား ၁၀၀၀၊ တိုင်းတစ်တိုင်း၊ ဒါမှမဟုတ် ပြည်နယ်တစ်နယ်ပဲ စည်းရုံးရင် အင်အား ၅၀၀ ကိုရက်ပေါင်း ၉၀ အတွင်း စည်းရုံးရရှိထားတဲ့ အမည်စာရင်း တင်ပြရမှာကွ"

"အော် ဒါ့ကြောင့်ကိုး။ သတင်းစာတွေထဲမှာ ပါတီတချို့က သူတို့ပါတီစည်းရုံးရရှိထားတဲ့ အင်အားစာရင်းတွေ ကော်မရှင်ကို လာရောက်တင်ပြ ဆိုတာတွေ ဖတ်မိတယ်။ အခုမှပဲ ရှင်းတော့တယ်။ အခုဆိုရင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရထားတဲ့ပါတီ ၄၀ လောက်ရှိပြီနော်"

"ဟုတ်တယ် စိစစ်ဆဲပါတီတွေလဲ ရှိသေးတယ်လေ"

"ဒါနဲ့ ဦးလေး ၁၉၈၈ ခုနှစ်နောက်ပိုင်းတုန်းကလဲ နိုင်ငံရေးပါတီတွေစည်းရုံးကြတာတွေရှိတယ်နော်။ အဲဒီတုန်းက အခုလို ဥပဒေတွေ စည်းမျဉ်းတွေ ထုတ်ခဲ့သေးလား"

"အဲသည်တုန်းက နဝတ အစိုးရလက်ထက်ပေါ့။ နဝတအစိုးရလက်ထက်တုန်းက ပါတီတည်ထောင်ဖို့ ဥပဒေအမှတ် (၄/၈၈) နဲ့ နိုင်ငံရေးပါတီတွေနဲ့ ပတ်သက်တဲ့ ဥပဒေပြဋ္ဌာန်းခဲ့တယ်။ အခုနိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီရဲ့ ဥပဒေအမှတ် ၂/၂၀၁၀ နဲ့အဲဒီ ၄/၈၈ ဥပဒေကို ကျော်လွှန်ပယ်ဖျက်လိုက်ပြီလေ"

"ဒါဆို အဲဒီ ၄/၈၈ အရဖွဲ့စည်းထားတဲ့ ပါတီတွေ တရားဝင်ပါဦးမလား"

"ဒီလိုရှိတယ်။ ၄/၈၈ အရ ဖွဲ့စည်းထားတဲ့ ပါတီတွေဟာ နိုင်ငံရေးပါတီအဖြစ်နဲ့ ဆက်လက်တည်ထောင်ဖို့လျှောက်ရမယ်။ ကာလအပိုင်းအခြားကတော့ ၂/၂၀၁၀ ဥပဒေထုတ်ပြန်ပြီး ရက်ပေါင်း ၆၀ အတွင်း လျှောက်ထားရမယ်လေ"

"ထပ်ပြီးလျှောက်တဲ့ ပါတီတွေကောရှိရဲ့လား ဦးလေး"

"ရှိတယ်ကွ။ လျှောက်ကြပါတယ်။ ကော်မရှင်ကလဲ စိစစ်ပြီး ခွင့်ပြုနေတယ်"

"မလျှောက်ရင်ကော ဘာဖြစ်မလဲ ဦးလေး။ သိချင်လို့မေးတာနော်"

"ရက်ပေါင်း ၆၀ အတွင်းမှာ ထပ်မလျှောက်ရင်တော့ အဲဒီပါတီကို နိုင်ငံရေးပါတီအဖြစ်က အလိုအလျောက် ပျက်ပြယ်သွားပြီလို့ မှတ်ယူရမယ်ဆိုပြီး ဥပဒေပုဒ်မ ၂၅ မှာဖော်ပြထားတယ် ငါ့တူရေ"

"အင်း ကျွန်တော်တော့ အတော်လေးကို ဗဟုသုတ ရသွားပြီ။ ကျေး ဇူးတင်ပါတယ် ဦလေးရာ"

"ဟဲ့ တူဝရီးနှစ်ယောက်၊ ထမင်းပွဲပြင်ပြီးပြီလာကြ။ နောက်မှ နင်တို့နိုင်ငံရေးကိစ္စတွေ ဆက်ပြောကြ"

"ဟုတ်ကဲ့ အစ်မ"

"ဟုတ်ကဲ့ အမေ"

## စာ(၂၉) ရိုက်ချက်နှင့် ပိုင်းဖြတ်ချက်များ မှ

တောက်ပသည့်နေရောင်ကြောင့် ခရီးလမ်းအစအဆုံးကိုတော့ မြင်တွေ့နိုင်ခြင်းမရှိပေ။ ဒီရိုက်ချက်က ကိုက် ၃၀၀ အမှတ်နားနီးတစ်ဝိုက်အထိရောက်သည်။ ဝမ်းသာလွန်း၍ဝေးခနဲအော်ကာထခုန်လိုက်မိသည်။ ကျွန်မချစ်သူကိုလည်း 'ကဲ၊ တွေ့တယ်မဟုတ်လား' ဆိုသောအကြည့်မျိုးနှင့်ကြည့်လိုက်မိသည်။ 'နောက်ဆုံးတော့ကျွန်မလုပ်လိုက်နိုင်ပြီလေ'ဟု မထိမဲ့မြင်မျက်နှာပေးမျိုးဖြင့် ပြောလိုက်သည်။ သူနှင့်ကျွန်မဂေါက်သီးမှာ ကောင်းကောင်းဆက်ပြိုင်ရပြီပေါ့လေ။ ကျွန်မချစ်သူက အားရပါးရဟားတိုက်ရယ်နေသဖြင့် ကျွန်မ၏ဝမ်းသာပီတိများနည်းနည်းတော့ ကြောင်တောင်တောင်ဖြစ်သွားရသည်။ ဘေးကပရိသတ်တွေတောင် အားပေးကြရသည့် ကျွန်မ၏အောင်မြင်မှုတွင်ဘာရယ်စရာပါလို့လည်း။ ဒါသက်သက်စတာ၊ မနာလိုတာမျိုးပဲဖြစ်ရမည်။ သူကကျွန်မ၏တီခုံပေါ်ကိုအားရပါးရရယ်ရင်းလက်ညှိုးထိုးပြသည်။ အလိုလေး။ မှင်စာဂေါက်သီးလုံးကဟန်မပျက်ပြန်ရောက်နေပါပေါ့လား။ နောက်မှဘေးဘီကြည့်ပြီး ကျွန်မချက်ချင်းသဘောပေါက်လိုက်မိသည်။ လူတိုင်းကအာမေဋိတ်သံထွက်ပြီးအားပေးရလောက်အောင်ကောင်းသော ကိုက် ၃၀၀ ရိုက်ချက်ကိုရိုက်သူမှာကျွန်မမဟုတ်ပေ။ ကျွန်မဘယ်ဘက်ဘေးမှဂေါက်သမားအမျိုးသားကြီးဖြစ်နေသည်။ သူကိုယ်တိုင်ကလည်းကျွန်မအဖြစ်ကို ဟန်မဆောင်နိုင်ဘဲအားရပါးရရယ်လျက်ရှိသည်။ တဖြည်းဖြည်းနေမြင့်သွားသောအခါ ပရိသတ်လည်း တဖြည်းဖြည်းလျော့ပါးသွားသည်။ ကျွန်မလည်းကိုက်သုံးရာ စပယ်ရှယ်ရိုက်ချက်ရဖို့နေနေသာသာ ဂေါက်သီးနှင့်ဂေါက်တံထိတွေ့ဂဟေဆက်ကြရန်အရေးကိုပင် အသည်းအသန် ကြိုးစားနေရဆဲဖြစ်သည်။ နောက်ပိုင်းတွင်လည်းအောင်မြင်သောဂေါက်သီးသမားတစ်ယောက်ကျွန်မဖြစ်မလာခဲ့ပါဆိုသည်ကို ထူးထူးခြားခြားထည့်ပြောစရာ လိုမည်မထင်ပေ။ ထိုစဉ်ကကျွန်မချစ်သူမှာ ယခုကျွန်မခင်ပွန်း၊ ကျွန်မတို့ကလေးနှစ်ဦး၏ဖခင်ဖြစ်လာခဲ့သည်။ နောက်ပိုင်းတွင်လည်းထိုနေ့ကဂေါက်ကွင်းထဲတွင်တွေ့ခဲ့ကြရသလိုကျွန်မ၏စိတ်ဓာတ်မာကျောမှု၊ သူ၏ရယ်ပွဲဖွဲ့တတ်မှု စသည်တို့ကိုဘဝသက်တမ်းတစ်လျှောက်ဆက်လက်တွေ့ကြုံသွားခဲ့ကြရသည်။ ကျွန်မတို့နှစ်ဦး၏ပြိုင်ဆိုင်လိုစိတ်မှာလည်း ဆက်လက်ရှင်သန်နေခဲ့သည်။ သို့သော်အနိုင်ရလိုမှုတစ်ခု၊ တန်ဖိုးတစ်စုံတစ်ရာအတွက်မဟုတ်တော့ဘဲ ရယ်မောပျော်ရွှင်ဖွယ်ရာကိစ္စတစ်ခုအနေဖြင့်သာ ဆက်လက်ဖြတ်သန်းသဘောထားခဲ့ကြလေသည်။

*Ref: 'Drive and Determi-nation' by Daniels Eisenhu-th*

# Environment

7 DAY NEWS JOURNAL

Vol.9, No.28 · SEPTEMBER 30, 2010


## နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာဆွေးနွေးပွဲ မြန်မာနိုင်ငံအပါအဝင် မဲခေါင်နိုင်ငံများ တက်ရောက်

အိဖြူမွန်

ရန်ကုန်၊ စက်တင်ဘာ-၂၀

အာဆီယံမဲခေါင်ဒေသခွဲနိုင်ငံများ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ နည်းပညာဆိုင်ရာ အစည်းအဝေး ကျင်းပခဲ့ကြောင်း စက်တင်ဘာ ၂၁ ရက်ထုတ်နိုင်ငံပိုင်သတင်းစာတွင်ကြေညာထားသည်။

ယင်းဆွေးနွေးပွဲသည် နည်းပညာလုပ်ငန်းအဖွဲ့၏ ခြောက်ကြိမ်မြောက် အစည်းအဝေးဖြစ်ပြီး အာဆီယံမဲခေါင်ဒေသခွဲ နိုင်ငံများမှ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံ၊ စင်ကာပူနိုင်ငံအခြေစိုက်အာဆီယံမိုးလေဝသအထူးပြုဌာနမှကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။ အာဆီယံမဲခေါင်ဒေသခွဲနိုင်ငံများတွင်တောမီးလောင်ကျွမ်းခြင်းနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျော့နည်းပပျောက်စေရေးအတွက် လုပ်ဆောင်ရမည့် လုပ်ငန်းအခြေအနေများ၊ ယင်းသဘောတူညီချက်ကို အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများနှင့် လိုက်နာမည့်ကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံနယ်စပ်အကြား နယ်စပ်ဖြတ်ကျော် မီးခိုးငွေ့နှင့်တောမီးလောင်ကျွမ်းမှုထိန်းသိမ်းလျှော့ချခြင်းကို ယခုနှစ်တွင် နှစ်နိုင်ငံကြား လက်မှတ်ရေးထိုးခဲ့သည်။ ယင်းဆွေးနွေးပွဲကို နေပြည်တော် ရွှေနန်းတော်ဟိုတယ်တွင်ပြုလုပ်ခဲ့ပြီး စက်တင်ဘာ ၂၀ နှင့် ၂၁ ရက်အထိ နှစ်ရက်အကြာပြုလုပ်ခဲ့ကြောင်း သိရသည်။

## အမာမြို့နယ်တွင် ဒေသအခြေခံ အစုအဖွဲ့ပိုင် သစ်တော စတင်အကောင်အထည်ဖော်မည်

အိဖြူမွန်

ရန်ကုန်၊ စက်တင်ဘာ-၁၄

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ဧရာဝတီတိုင်း၊ ဖျာပုံခရိုင် အမာမြို့နယ်တွင် (BANCA) ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းမှ ဒေသအခြေခံ အစုအဖွဲ့ပိုင်သစ်တော(Community Forest -CF)ဧက ၁၀၀ စိုက်ပျိုးရန်ပျိုးပင်များ ထောက်ပံ့မည်ဖြစ်ကြောင်း ယင်းအသင်းမှ သတင်းရရှိသည်။

ဒီရေတော ပျိုးပင်ပေါင်းတစ်သောင်းနှစ်ထောင်ကို အပင်ပျိုးထားကြောင်း၊ သစ်တောများ ပြုန်းတီးနေသည့် သဘာဝတောများတွင် ပြန်လည်စိုက်ပျိုးမည်ဖြစ်ပြီး ယခုအခါစီအက်ဖ်တွင်ပါဝင်မည့် ဒေသခံပြည်သူများအားဟောပြောဆွေးနွေးမှုများ ပြုလုပ်နေကြောင်း BANCA အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယင်းဧက ၁၀၀ ကို အိမ်ခြေ ၁၅၀၀ ကျော်ရှိသော အမာမြို့နယ်၊ အရှေ့ဖျား ကျေးရွာတွင် ဒေသအစုအဖွဲ့ပိုင် သစ်တောအဖြစ်ထူထောင်ပေးမည်ဖြစ်သည်။

စီအက်ဖ်နှင့် ပတ်သက်သော စီအက်ဖ်လျှောက်ထားခွင့်ကို သက်ဆိုင်ရာသစ်တောဦးစီးဌာနတွင် လျှောက်လွှာတင်ထားပြီးဖြစ်သည်။

ပြန်လည်စိုက်ပျိုးပြီး ထိန်းသိမ်းမည့် စီအက်ဖ်တောများတွင် အကြီးမြန်ပြီး ရေတိုက်စားမှု ကာကွယ်ပေးသော ဖြူးအုပ်စုဝင် ဖြူးအူတစ်လုံး၊ ဖြူးကြက်တက်၊ ဖြူးခြေထောက်၊ ဖြူးရွှေဝါ၊ မဒမ၊ကန်ပလာ၊ သမုဒ္ဒဖြူတို့ကို ပြန်လည်စိုက်ပျိုးပေးမည်ဖြစ်သည်။

# မြစ်ချောင်းများသည် ဇီဝမျိုးစုံမျိုးကွဲများကျက်စားရာဖြစ်သည့်အတွက် စက်ရုံထွက်ပစ္စည်းများ သတိပြုစွန့်ပစ်သင့်ဟုဆို

အိဖြူမွန်

ရန်ကုန်၊ စက်တင်ဘာ-၂၀

မြစ်ချောင်းများတွင် ဇီဝမျိုးစုံမျိုးကွဲများ ကျက်စားကြသည့်အတွက် စက်မှုလက်မှုလုပ်ငန်းများသည် စက်ရုံထွက်စွန့်ပစ်ပစ္စည်းများကို စနစ်တကျသန့်စင်ပြီးမှသာ မြစ်ချောင်းများ၌သာ စွန့်ပစ်သင့်ကြောင်း သဘာဝပတ်ဝန်းကျင်ပညာရှင်များက ပြောသည်။



ပြည်ပနိုင်ငံရှိ စက်ရုံတစ်ခုမှ စွန့်ပစ်ပစ္စည်းများ မြစ်အတွင်းသို့ စွန့်ထုတ်နေပုံ။

စစ်တောင်းမြစ်နှင့် ပဲခူးမြစ်တို့ရှိ အချို့သောနေရာများတွင် ရေထုညစ်ညမ်းမှုများဖြစ်ပေါ်နေပြီး ယင်းရေထုညစ်ညမ်းမှု အကျိုးဆက်ကြောင့် ရေချိုမျိုးစိတ်အချို့ ပျောက်ကွယ်နေကြောင်း ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ညောင်တုန်းနားတစ်ဝိုက်ဆိုရင် ငါးသလောက် မထွက်တော့ဘူး။ အရင်ငါးသလောက်ပေါလွန်းလို့ အလျှုအတန်းလုပ်ရင် ငါးသလောက်ပဲ ကျွေးကြတာ။ အခု ငါးသလောက်ကို ရန်ကုန်တက်ဝယ်ရတယ်။ သူတို့ကျေးရွာတွေမှာ ငါးသလောက်နဲ့ အလှူကျွေးတာ အဆင့်အတန်းတစ်ခုကို ပြတဲ့အနေနဲ့ပေါ့" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ငါးသလောက် ငါးမျိုးစိတ်များသည် ပင်လယ်ပြင်တွင်ကျက်စားပြီး ငါးဥချမည်ဆိုပါက ရေချိုရှိရာ မြစ်ချောင်းများတွင် လာရောက်ဥချလေ့ရှိသည်။

မြစ်ချောင်းများတွင် ရေညစ်ညမ်းမှု အနေအထားကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ နှစ်စဉ်တိုင်းတာလျက်ရှိသည်။ ယင်းသို့တိုင်းတာရာ၌ ရူပစမ်းသပ်ခြင်းတွင် အရောင်၊ နောက်ကျိမှု၊ အနံ့၊ အရသာ၊ ဓာတုစမ်းသပ်ခြင်းတွင် ပီအိပ်ချ်၊ စုစုပေါင်း အနည်၊ ကယ်လဆီယမ်၊ မဂ္ဂနီဆီယမ်၊ သွပ်တို့ကို အဓိကထား စမ်းသပ်စစ်ဆေးကြောင်း သိရသည်။ ၂၀၀၉ ခုနှစ် အတွင်းတိုင်းတာချက်များအရ စစ်တောင်းမြစ်နှင့် ပဲခူးမြစ်ဖြတ်သန်းစီးဆင်းရာ မြို့များအနီးတွင် ရေထုညစ်ညမ်းမှုကိုတွေ့ခဲ့ရကြောင်း ရေအရင်းအမြစ်နှင့်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သို့သော် ယင်းညစ်ညမ်းမှုသည် လူ၏အသက်အန္တရာယ်အား ထိခိုက်စေသော အနေအထားတွင်မရှိကြောင်း ညစ်ညမ်းမှုသည် မြစ်တစ်ခုလုံး မဟုတ်ဘဲ အချို့နေရာများတွင် ဖြစ်ပေါ်လျက်ရှိကြောင်း ၎င်းတို့၏ စမ်းသပ်ချက်ရလဒ်တွင် ဖော်ပြထားသည်။ တောင်သမန်အင်းသည်လည်းစက်ရုံ၊ အလုပ်ရုံမှထွက်ရှိသောရေဆိုးစွန့်ပစ်မှုကြောင့် ရေနက်ပိုင်းနေရေသတ္တဝါများ အင်းပြင်သို့တက်လာကြောင်း၊ ယင်းအပြင် အသားစားငှက်များ လာရောက်မှုများသည်ကို တွေ့ရှိရကြောင်း မန္တလေးမြို့ခံ သဘာဝပတ်ဝန်းကျင် စောင့်ကြည့်လေ့လာသူတစ်ဦးက ပြောသည်။

ဇီဝမျိုးစုံ မျိုးကွဲများကို မြင်နိုင်သည့်တန်ဖိုးနှင့် တွက်ချက်၍ မရနိုင်သော်လည်း သဘာဝတရားအား ပုံမှန်လည်ပတ်နိုင်ရန် အထောက်အကူပြုသောကြောင့် ပြောပြရန် ခက်ခဲကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အနှစ် ၂၀ လုပ်ကိုင်နေသော သဘာဝပတ်ဝန်းကျင် နည်းပညာအကြံပေးသူတစ်ဦးကပြောသည်။

"ဇီဝမျိုးစုံမျိုးကွဲတစ်ခု ပျောက်သွားရင် ဘာဖြစ်မလဲဆိုတာ ရှင်းပြရတာ ခက်ခဲတယ်။ အသုံးကျကြောင်း မတွေ့သေးလို့ အသုံးကျတယ်လို့ မပြောနိုင်သေးတာ" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ရေထုညစ်ညမ်းမှုကို ကာကွယ်ရန်အတွက်စက်ရုံလုပ်ငန်းများအနေဖြင့်အက်ဆစ်ဓာတ်လွန်ကဲခြင်း၊ အယ်လ်ကာလီဓာတ် လွန်ကဲခြင်း၊ အပူချိန်မြင့်မားခြင်းနှင့်အဆိပ်အတောက်ဖြစ်စေသော ဓာတုပစ္စည်းများ(ဥပမာ-ဆိုင်ယာနိုက်၊ အာဆင်းနစ်၊ ပြဒါး၊ ကက်ဒမီယမ်၊ ခဲ၊ ခရိုမီယမ်၊ ပီစီဆီများ) ကို မသန့်စင်ဘဲ မြစ်ချောင်းများသို့ တိုက်ရိုက်စွန့်ပစ်ရန် မသင့်ဟုသိရသည်။

"ကြိုတင်ပြင်ဆင်ခိုင်းတာတော့ရှိတယ်။ ပတ်ဝန်းကျင်က တိုင်တယ်။ တိုင်စာရှိတယ်ဆိုရင် နှစ်ဖက်ကိုခေါ်တယ်။ စည်ပင်နဲ့ စက်မှုကို အကြောင်းကြားတယ်။ ပြီးတော့ အရေးယူတယ်။ အရေးယူတဲ့အခါ စက်ရုံကို လည်ပတ်မှုစနစ်ပြောင်းဖို့ပြောတယ်။ မရရင်တော့ ရပ်ဆိုင်းခိုင်းတယ်" ဟု ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန်ကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရန်ကုန်မြို့ရှိ စက်မှုဇုန်များတွင် အနံ့၊ အသံနှင့် ဓာတုဗေဒဓာတ်ငွေ့နှင့် ရေဆိုးစွန့်ပစ်မှုများကို စက်ရုံမတည်ဆောက်ခင်ကတည်းက လိုက်နာရန်ပြောပြထားကြောင်း၊သို့သော် စွန့်ပစ်ပစ္စည်းများကိုပြန်လည်သန့်စင်သည့် နည်းလမ်းသည် ကုန်ကျစရိတ်များသောကြောင့် လုပ်ငန်းရှင်အချို့သည်လိုက်နာမှုအားနည်းနေသေးကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။သဘာဝပတ်ဝန်းကျင်ပညာရှင်များကမူ စက်ရုံအလုပ်ရုံများ တည်ဆောက်လိုပါက နိုင်ငံတကာတွင် ပြုလုပ်နေကြသည့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုရှိ၊ မရှိ လေ့လာသုတေသနပြုနည်း (EIA-Environment Impact Assessment) ကို ပြုလုပ်သင့်ကြောင်း အကြံပြုကြသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အများပြည်သူလိုက်နာစေရန်အတွက် အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း ဥပဒေကို ရှေ့နေချုပ်ရုံးသို့ တင်ပြထားကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းအသိုင်းအဝိုင်းမှ စုံစမ်းသိရှိရသည်။

စာ(၁၈) သို့







# Tourism

7DAY NEWS JOURNAL

Vol.9, No.28 • SEPTEMBER 30, 2010


ပူလွန်းလှသည့် အညာဒေသဟုသိထားသော မြန်မာနိုင်ငံအလယ်ပိုင်းမကွေးမြို့သို့ စတင်ခြေချမိသည်ဆိုသည်နှင့် အဆက်မပြတ်တွေ့လာရသည်က စိမ်းစိုလှပနေသည့် သစ်ပင်များပင်ဖြစ်သည်။ မိုးတွင်းကာလ၊ မိုးမရွာသည့် အချိန်ကာလ အပူချိန်ကထင်မှတ်ထားသလောက် ပူမနေဘဲ နေသာရုံအသင့်အတင့်သာရှိနေသည့် မကွေးမြို့ထဲတွင် နောက်ထပ်တွေ့ မြင်လာရသည်က မော်တော်ဆိုင်ကယ်များနှင့် တုတ်တုတ်ဟုခေါ်သည့် သုံးဘီးယာဉ်များဖြစ်ပါသည်။ ရန်ကုန်မြို့ကဲ့သို့ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင်အသုံးပြုသည့် မော်တော်ယာဉ်များမဟုတ်ဘဲ အဆိုပါ မော်တော်ဆိုင်ကယ်နှင့်သုံးဘီးယာဉ်များသာဖြစ်သည်။ ဤသည်က မကွေးမြို့၏ ထင်ရှားသည့် အမှတ်အသားတစ်ခုပင် ဖြစ်ပါသည်။

## အညာရန့်တို့ ပီပြင်ရာ
# မကွေးမြို့ကိုအခြေပြု၍

**ယုဇနကိုကို၊အေးသူ**



ဓာတ်ပုံ- ယုဇနကိုကို

ရန်ကုန်တိုင်းဒေသကြီးနှင့်မိုင်သုံးရာကျော်ဝေးကွာသောမြန်မာပြည်အလယ်ပိုင်းတစ်နေရာတွင်တည်ရှိသည့် မကွေးမြို့၏အဓိကစီးပွားရေးလုပ်ငန်းမှာစိုက်ပျိုးရေးဖြစ်သည်။ အဓိကစိုက်ပျိုးသီးနှံများမှာပဲအမျိုးမျိုးနှင့်နှမ်းဖြစ်ပါသည်။

အလည်လာသူဧည့်သည်များအဆင်ပြေစေမည့်ဟိုတယ်နှင့်တည်းခိုခန်းများလည်းပေါများသည့်မကွေးမြို့တွင်လည်ပတ်စရာနေရာများကပေါများလွန်းလှသည်။ ယင်းနေရာများအားလုံးလိုလိုမှာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လူသိများထင်ရှားလှသည့်ခရီးသွားဒေသကြီးတစ်ခုပင်ဖြစ်ပါသည်။

မြစိမ်းရောင်တဖားဖား သစ်ပင်ကြီးများ အနှံ့အပြားရှိနေသည့် မကွေးမြို့ကိုအခြေတည်ပြီးဒေသတွင်းထင်ရှားသည့်တန်ခိုးကြီးဘုရားများသာမက အနီးပတ်ဝန်းကျင်ရှိတန်ခိုးကြီးဘုရားများသို့ပါနေ့ခြင်းသွားရောက်လည်ပတ်နိုင်မည်ဖြစ်သည်။ မကွေးမြို့သို့ရောက်သည်နှင့်ပထမဆုံးသွားရောက်လည်ပတ်သင့်သည့်နေရာမှာ ဧရာဝတီမြစ်ကြီးကို မေးတင်တည်ထားသည့်မြို့အစွန်မှ တန်ခိုးကြီးဘုရားမြသလွန်ဖြစ်သည်။လူစည်ကားသည့်မကွေးမြို့ထဲမှ အချိန်နာရီအားဖြင့် မော်တော်ဆိုင်ကယ်နှင့်သွားမည်ဆိုပါက ဆယ့်ငါးမိနစ်ခန့်၊သုံးဘီးယာဉ်များဖြင့် သွားမည်ဆိုပါက နာရီဝက်ကျော်ဖြင့် ရောက်ရှိနိုင်မည်ဖြစ်သည်။ နှစ်စဉ် မြသလွန်ဘုရားပွဲတော်အား မိုးလေကင်းလွတ်သည့် သီတင်းကျွတ်ကာလတွင် ကျင်းပလေ့ရှိသည်။

မကွေးမြို့၏အထင်ကရ မြသလွန်စေတီကိုဖူးမြော်အပြီး မဖြစ်မနေထပ်မံလည်ပတ်သင့်သည့်နေရာမှာ မကွေးမြို့နှင့်ဧရာဝတီမြစ်တစ်ဖက်ကမ်းခြားတွင် (ဧရာဝတီတံတား-မကွေး)သာခြားသည့် မင်းဘူးမြို့မှတစ်ဆင့် သွားရောက်နိုင်သည့် ကျောင်းတော်ရာ ဘုရားနှင့်မြတ်စွာဘုရားရှင်၏ ခြေတော်ရာများကိုဖူးမြော်နိုင်မည့် သမိုင်းဝင် ရွှေစက်တော်ဘုရားတို့ပင်ဖြစ်သည်။ ဝါတွင်းကာလရောက်ပြီဆိုလျှင် ဘုရားသို့ ဥပုသ်စောင့်ရန်လာရောက်တတ်သည့် ဘုရားဖူးငါးကြီးများကိုမြင်တွေ့၊ အစာကျွေးကုသိုလ်ယူနိုင်မည့်ကျောင်းတော်ရာဘုရားနှင့် နှစ်စဉ်သကြန်ကာလတွင် ဘုရားပွဲကျင်းပသည့် ရွှေစက်တော်ဘုရားတည်ရှိရာ မင်းဘူးဒေသသို့ရောက်ပြီဆိုလျှင် နောက်ထပ်မဖြစ်မနေသွားသင့်သည့်နေရာမှာ စက္ကိန်းတဲစေတီတော်နှင့် လူသိများထင်ရှားသည့် နဂါးပွက်တောင်တော်ပင်ဖြစ်သည်။

ယင်းနေရာများသို့ သွားရောက်နိုင်ရန်အတွက် ဘုရားဖူးကားများကို အလွယ်တကူ စိတ်ကြိုက်ငှားရမ်းနိုင်မည်ဖြစ်သည်။


မကွေးမြို့တွင်အခြေစိုက်ပြီး ဒေသတွင်းတန်ခိုးကြီးဘုရားများအပြင် မင်းဘူးဘက်မှဘုရားများကိုပါဖူးမြော်ပြီးပါကဆက်လက်ခရီးထွက်နိုင်သော ထင်ရှားသည့်နေရာတစ်ခုရှိပါသေးသည်။ သမိုင်းဝင်ရှေးဟောင်းအမွေအနှစ်များစုဝေးရာ အညာဒေသရှိ ပုဂံဘုရားများပင်ဖြစ်သည်။ မကွေးမှပုဂံသို့ နေ့တစ်ဝက်ခန့်ဖြင့်သွားရောက်နိုင်မည်ဖြစ်ပြီး ယင်းမှတစ်ဆင့် မိမိသွားလိုသည့် နေရာဒေသများသို့ အလွယ်တကူဆက်လက်သွားရောက်နိုင်မည် ဖြစ်သည်။

ဘုရားဖူးခရီးမဟုတ်သည့် ရေနံချောင်းမြို့သို့လည်း တစ်ဦးလျှင် ကျပ်တစ်ထောင်သာပေးရသော မော်တော်ကားကြီးများဖြင့် အကြောင်းကိစ္စရှိပါက အလွယ်တကူ သွားလာနိုင်မည်ဖြစ်သည်။

အလွန်ပူပြင်းသည့်ရာသီဥတုရှိသော မြို့တစ်မြို့ဟုထင်ရသော်လည်း မန်ကျည်းပင်များအများဆုံးပေါက်ရောက်ပြီး ရန်ကုန်ထက်ပင် သစ်ပင်ကြီးများ ပေါများသည့် မကွေးမြို့သို့ အလည် တစ်ခေါက် ရောက်ခဲ့မည်ဆိုလျှင် အထက်ဖော်ပြပါ နေရာဒေသများကိုပါ တစ်ဆက်တည်းသွားရောက်လည်ပတ်သင့်ပြီး မကွေးမြို့၏အထင်ကရ စားသောက်ဖွယ်မြေပဲယို၊ နှမ်းယို၊ မြေပဲလိပ်နှင့် မကွေးခေါက်ဆွဲသုပ်များကိုနှစ်သက်စွာစားသောက်သင့်ပါသည်။ မကွေးမြို့သို့ သွားရောက်လည်ပတ်မည့်သူများအတွက် အဆင်ပြေဆုံးဖြစ်စေမည့်အချက်မှာ ယင်းမြို့ရှိ ထမင်းဆိုင်များ အများစုသည် အသားဟင်းတစ်မျိုး၊ အသီး အရွက်ကြော်များအပါအဝင် အခြားသောဟင်းများပါဝင်မည့် ထမင်းတစ်ပွဲအတွက် ငါးရာကျပ်သာ ကုန်ကျမည်ဖြစ်သည်။

တန်ခိုးကြီးဘုရားများတည်ရှိရာမကွေးမြို့သို့သွားရောက်တော့မည်ဆိုလျှင် မိမိတို့ စီးနင်းမည့် ယာဉ်လိုင်းကို သေချာစွာ စိစစ်ရွေးချယ်ရန်လိုအပ်ပြီး ယာဉ်စီးခဈေးနှုန်းမှာ တစ်ဦးလျှင် ခုနစ်ထောင့်ငါးရာကျပ်သာ ကျသင့်မည်ဖြစ်သည်။ ။

## မြောက်ဦးမြို့ရှေးဟောင်းကိုးသောင်းပုထိုးတော်ကြီး၏ မြောက်ဘက်ပစ္စယံအားရှေးမူအတိုင်းပြုပြင်



**ဖြူငြိမ်းအေး**

**မြောက်ဦး၊ စက်တင်ဘာ-၂၂**

ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ ကိုးသောင်းပုထိုးတော်ကြီးအား မြောက်ဦးမြို့ရှေးဟောင်းသုတေသနဌာနမှ ရှေးမူအတိုင်းပြန်လည်တူးဖော်ပြုပြင်လျက်ရှိကြောင်းသိရသည်။ ကိုးသောင်းပုထိုးတော်ကြီးမှာ ရာစုနှစ်များစွာ ကြာမြင့်လာခြင်းနှင့်အတူ သဘာဝဘေးဒဏ်များကြောင့် ပြိုကျပျက်စီးခဲ့ရပြီး မြေများ၊ ချုံနွယ်များဖုံးလွှမ်းလျက်ရှိနေခဲ့ရာ ရှေးဟောင်းသုတေသနဌာနမှ ၁၉၉၆ စက်တင်ဘာ ၉ ရက်မှ စတင်ကာ ပြန်လည်တူးဖော်ခဲ့ကြောင်း သိရသည်။

ယခုအခါ ပုထိုးတော်ကြီး၏ အရှေ့ဘက်၊ အနောက်ဘက်နှင့် တောင်ဘက်ပစ္စယံများပြုပြင်ပြီးစီးခဲ့ပြီဖြစ်ပြီး ယခုနှစ်တွင် ကျန်ရှိနေသေးသော မြောက်ဘက်ပစ္စယံကို ဖေဖော်ဝါရီလမှ စတင်ကာ ပြုပြင်ခဲ့ရာ မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါမြောက်ဘက် ပစ္စယံကျောက်တံတိုင်းကြီးတည်ဆောက်မှုပြီးစီးပါက အရံစေတီငယ်များနှင့် အတွင်းဘက်ရှိ လိုဏ်ပတ်လမ်းများနှင့် အမိုးများကိုပါ လာမည့်နှစ်များတွင် ဆက်လက်ပြုပြင်သွားမည်ဖြစ်ကြောင်း မြောက်ဦးမြို့ ရှေးဟောင်းသုတေသနဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ကိုးသောင်းပုထိုးတော်ကြီးမှာဘုရင်မင်းတိက္ခနှင့်မိဖုရားကြီးစောသန္တာတို့ကကောဇာသက္ကရာဇ် ၉၁၅ ခု၊ အေဒီ- ၁၅၅၃ တွင် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပြီးမြောက်ဦးမြို့နန်းတော်ရာကုန်း၏ အရှေ့ဘက် ၁ မိုင်ခန့်အကွာတွင်တည်ရှိသည်။






## အဲအေးရှားက လေဆိပ်တွင် အချိန်ကြာကြာစောင့်ရန်မလိုသည့် ဝက်ဘ်ဆိုက်မှတစ်ဆင့် Check In လုပ်နိုင်သော စနစ်သုံးမည်

**အောင်သူရ**

**ရန်ကုန်၊ စက်တင်ဘာ - ၂၁**

ပြည်ပနိုင်ငံများသို့ သွားရောက်မည့်သူများအတွက် လေဆိပ်အတွင်းရှိ လေကြောင်းလိုင်းတွင် အချိန်ကြာမြင့်စွာစောင့်ဆိုင်းစရာမလိုဘဲ Check In လုပ်နိုင်သောစနစ်တစ်ခုအား အောက်တိုဘာ ၆ ရက်မှစတင်၍ ဝန်ဆောင်မှုပေးမည်ဟု အဲအေးရှားလေကြောင်းလိုင်းက သတင်းထုတ်ပြန်သည်။

"Web Check In လို့ခေါ်ပါတယ်။ အင်တာနက်ဝက်ဘ်ဆိုက်ကနေ မိမိရဲ့ Boarding Pass ကို Print ထုတ်လို့ရတဲ့စနစ်ပါ"ဟု အဆိုပါလေကြောင်းလိုင်းတာဝန်ရှိသူကပြောသည်။

အဲအေးရှား လေကြောင်းလိုင်း၏ ဝက်ဘ်ဆိုက်ရှိ Self Check In ခေါင်းစဉ်အောက်တွင်ရှိသော Web Check In အားကလစ်နှိပ်၍ မိမိ၏လေယာဉ်လက်မှတ်တွင်ရှိသည့် Booking Code ကို ရိုက်ထည့်ကာ အဆင့်သုံးဆင့်ပြုလုပ်ပြီးနောက် Boarding စာရွက်အား ထုတ်ယူနိုင်မည်ဖြစ်သည်။ထိုကဲ့သို့ကြိုတင် Check In ပြုလုပ်ခြင်းအား လိုက်ပါမည့်ခရီးစဉ်နှင့် ၇ ရက်မှ လေယာဉ်မထွက်ခွာမီ ၄ နာရီအထိ ကြိုတင်ပြုလုပ်နိုင်ပြီဖြစ်သည်။

"ဒီစာရွက်ပါလာရင် ဗီဇာကြည့်ပြီး တံဆိပ်တုံးထုပေးလိုက်ရုံပဲ။ စက္ကန့်သုံးဆယ်လောက်ပဲကြာတော့မယ်"ဟု အဆိုပါလေကြောင်းလိုင်းမှ တာဝန်ရှိသူကပြောသည်။

ထိုကဲ့သို့ ကြိုတင်မပြုလုပ်လာဘဲ လေဆိပ်အတွင်းရှိ လေကြောင်းလိုင်းကောင်တာတွင် Check In ပြုလုပ်ပေးရပါက အောက်တိုဘာ ၆ ရက်မှစ၍ တစ်ဦးလျှင် ၅ ဒေါ်လာပေးဆောင်ရတော့မည်ဖြစ်သည်။ ဗီးချဲနှင့် ကိုယ်ဝန်ဆောင်များအတွက်မူ ပေးဆောင်စရာမလိုကြောင်း သိရသည်။ အဆိုပါစနစ်ဖြင့် အဲအေးရှားလေကြောင်းလိုင်း ပျံသန်းသော ခရီးစဉ်အားလုံးတွင်ကြိုတင် Check In ပြုလုပ်နိုင်ပြီး၊ အခြားသော နိုင်ငံများတွင် မိုဘိုင်းCheck In အပြင် Mobile Check In(တယ်လီဖုန်းဖြင့်) နှင့် Kiosk of Check In စနစ်ဖြင့်ပါ ပြုလုပ်နိုင်သည်။

7DAY NEWS JOURNAL
Vol.9, No.28 · SEPTEMBER 30, 2010

The Cartoon Logo


























7 DAY NEWS JOURNAL
Vol.9, No.28 • SEPTEMBER 30, 2010

# သာမန်အာလူးထက် ပရိုတိန်းဓာတ်ပိုမိုပါဝင်သော စူပါအာလူးမျိုးသစ်ကို အိန္ဒိယပညာရှင်များ တီထွင်



**လန်ဒန်၊ စက်တင်ဘာ - ၂၀**

အိန္ဒိယသိပ္ပံပညာရှင်များသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကြုံတွေ့နေရသောငတ်မွတ်ခေါင်းပါးမှု ဘေးဒဏ်ကို ဖြေရှင်းနိုင်မည့် ပရိုတိန်းဓာတ်ပါဝင်သော 'စူပါအာလူး' မျိုးစိတ်သစ်ကို တီထွင်ဖန်တီးနိုင်ခဲ့ကြောင်း သိရသည်။ မျိုးရိုးဗီဇ ပြုပြင်ကာ ဖန်တီးထားသည့် အဆိုပါ 'စူပါအာလူး' များမှာ သာမန်အာလူးများထက် ပရိုတိန်းဓာတ် ၆၀ ရာခိုင်နှုန်းကျော် ပါဝင်သည်ဟုဆိုသည်။ ပညာရှင်များသည် amaranth အပင်မှ မျိုးရိုးဗီဇကို ထုတ်ယူကာ အာလူးများထဲတွင် ပေါင်းစပ်ဖန်တီးခဲ့ခြင်း ဖြစ်သည်။

အဆိုပါအပင်သည် ပရိုတိန်းဓာတ်ကို ထုတ်လုပ်ပေးပြီး လိုင်စင်းနှင့် Methionine ကဲ့သို့သော လူ့ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သည့် အမိုင်နိုအက်ဆစ်များ ရရှိနိုင်မည်ဖြစ်သည်။ ဤသုတေသနကို နာမည်ကျော် သုတေသနဂျာနယ်ဖြစ်သည့် Proceedings of the National Academy of Sicences တွင်ဖော်ပြခဲ့ခြင်းဖြစ်သည်။

သုတေသနကို ဦးဆောင်ခဲ့သည့် နယူးဒေလီမှ အမျိုးသားအဆင့်အပင်မျိုးဗီဇ အင်စတီကျုဒ်မှ ဒေါက်တာ ဆူဘရာချက်ကရာဘာတီက "ပရိုတိန်းကို အသုံးပြုပြီး အာလူးတွေမှာ အာဟာရ အရည်အသွေး တိုးတက်အောင်လုပ်ဖို့ကျွန်တော်တို့ ကြိုးစားခဲ့တာ အောင်မြင်ခဲ့ပါတယ်။ ဒီလေ့လာမှုဟာမျိုးဗီဇပြုပြင်ထားတဲ့ အသီးအနှံတွေမှာ ပရိုတိန်းဓာတ်ပါဝင်မှု အများဆုံး ဖြစ်အောင်လုပ်နိုင်ခဲ့ပါတယ်" ဟု ပြောသည်။ အာလူးသည်ကမ္ဘာပေါ်တွင် စားသုံးမှုများပြားသော သီးနှံတစ်မျိုးဖြစ်ပြီး ကမ္ဘာ့စားသုံးသီးနှံ ထုတ်လုပ်မှုတွင် စတုတ္ထနေရာ၌ ရှိကြောင်း သိရသည်။ သာမန်အားဖြင့် သဘာဝအာလူးများတွင် ပရိုတိန်းပါဝင်မှုမှာ အာလူးတစ်လုံး ၁၀၀ ဂရမ်ဟုဆိုလျှင် ပရိုတိန်း ၂ ဂရမ်သာပါဝင်ရာ ယခုမျိုးဗီဇပြင်ထားသည့် စူပါအာလူးများတွင်မူ ပရိုတိန်းဓာတ်ပိုမို များပြား၍ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အာဟာရချို့တဲ့မှုများကို ကာကွယ်နိုင်မည်ဖြစ်သည်။

—*Ref: Dailymail*




## စင်ကာပူ ချန်ဂီလေဆိပ် အကောင်းဆုံးလေဆိပ်ဆု ခြောက်ခုရရှိ



**စင်ကာပူ၊ စက်တင်ဘာ - ၂၁**

စင်ကာပူနိုင်ငံ၏ဂုဏ်ဆောင် ချန်ဂီလေဆိပ်သည် နိုင်ငံတကာခရီးသွားလုပ်ငန်းကုမ္ပဏီများနှင့် ဧည့်လမ်းညွှန် စာအုပ်ထုတ်ဝေရေးအဖွဲ့များကချီးမြှင့်သည့် ကမ္ဘာ့အကောင်းဆုံးလေဆိပ်ဆုပေါင်းခြောက်ခုကို ယခုနှစ်အတွက်ရရှိသွားခဲ့ကြောင်း သိရသည်။

အဆိုပါဆုများတွင် ဗြိတိန်မှ Business Traveller ခရီးသွားလမ်းညွှန်ထုတ်ဝေရေးအဖွဲ့၏ 'အကောင်းဆုံးလေဆိပ်ဆု'ကို ၁၉၈၈ ခုနှစ်မှစ၍ ၂၃ နှစ်ဆက်တိုက်အဖြစ်လည်းကောင်း၊ အမေရိကန်ခရီးသွားအေဂျင်စီအဖွဲ့ Readers of Conde Nast Traveler မှပေးအပ်သော အကောင်းဆုံးနိုင်ငံတကာလေဆိပ်ဆုကို ခုနစ်ကြိမ်မြောက်အဖြစ်လည်းကောင်း၊ အာရှပစိဖိတ် ခရီးသွားလုပ်ငန်းအဖွဲ့ 'ကမ္ဘာ့အကောင်းဆုံးလေဆိပ်'ဆုကို ၁၉ နှစ်ဆက်တိုက်အဖြစ်လည်းကောင်း ရရှိသောဆုများပါဝင်သည်။ ထို့ကြောင့် ချန်ဂီလေဆိပ်သည် ယခုနှစ်အတွင်း အဖွဲ့အစည်းပေါင်းစုံမှ ပေးအပ်ချီးမြှင့်သည့် ဆုပေါင်း ၁၆ ခု ရရှိထားသည်။ စင်ကာပူ၏ နိုင်ငံတကာလေဆိပ်ချန်ဂီသည် ၁၉၈၁ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အချိန်အထိ အကောင်းဆုံးလေဆိပ်ဆုပေါင်း ၃၅၀ ခန့်ရရှိပြီးဖြစ်ကြောင်း သိရသည်။

—*Ref: CNA*

7DAY NEWS JOURNAL
Vol.9, No.28 • SEPTEMBER 30, 2010



# ကမ္ဘာ့အိုဇုန်းလွှာ ပါးလွှာမှု ယခုရာစုနှစ် အလယ်တွင် ပြန်လည်ကောင်းမွန်နိုင်ဟုဆို

**လန်ဒန်၊ စက်တင်ဘာ - ၂၀**

ကမ္ဘာ့လေထုကို ကာကွယ်ပေးထားသည့် အိုဇုန်းလွှာပါးလွှာနေမှုသည်နောက်ထပ် ကျယ်ပြန့်စရာမရှိတော့ဘဲ ယခုရာစုနှစ်အလယ်ပိုင်း၌ပင် မူလအခြေအနေအတိုင်းပြန်လည် ကောင်းမွန်လာနိုင်ကြောင်း ကုလသမဂ္ဂ သိပ္ပံပညာရှင်များက အတည်ပြုပြောကြားလိုက်သည်။ ပြီးခဲ့သည့် အပတ်က ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂအစီရင်ခံစာ အသစ်အရ ယင်းသို့ဖြစ်ရခြင်းမှာ တစ်ချိန်က ရေခဲသေတ္တာများနှင့် ပိုးသတ်ဆေးဘူးများတွင် အသုံးပြုခဲ့သည့် အိုဇုန်းလွှာ ပါးလွှာမှုဖြစ်စေသည့် ဓာတ်ပစ္စည်း ၁၀၀ ခန့်ကို ယခုအခါလေထုထဲ ထုတ်လွှတ်မှု လျော့ပါးလာသောကြောင့်ဖြစ်သည်ဟုဆိုသည်။

အစီရင်ခံစာက ကမ္ဘာ့ဝင်ရိုးစွန်း မဟုတ်သည့်နေရာများတွင် ရှိနေသော အိုဇုန်းလွှာပါးလွှာမှုသည် ၁၉၈၀ မတိုင်ခင်အကောင်းအတိုင်းအခြေအနေသို့ ပြန်ရောက်ရန် ၂၀၄၈ ခုနှစ်တွင် ဖြစ်နိုင်ခြေရှိကြောင်း၊ သို့သော် အန္တာတိကတိုက်ပေါ်တွင် ရှိနေသောအိုဇုန်းလွှာအပေါက်မှာမူ ၂၀၇၃ ခုနှစ်မတိုင်မီအထိ ပြန်လည်ကောင်းမွန်လာဖွယ် မရှိကြောင်းဆိုထားသည်။ ကုလသမဂ္ဂ၏ UNEP အဖွဲ့နှင့် ကုလသမဂ္ဂကမ္ဘာ့မိုးလေဝသအဖွဲ့ (WMO) တို့ပူးပေါင်းဖော်ပြခဲ့သော ယခုအစီရင်ခံစာသည်အိုဇုန်းလွှာ ကာကွယ်ရေးအတွက်ဗီယင်နာ ကွန်ဗင်းရှင်းညီလာခံအပြီး လေးနှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့် အချက်အလက်သစ်များကို ပထမဆုံးအကြိမ်အဖြစ် ပြည့်စုံစွာ တင်ပြထားခြင်းဖြစ်သည်။ *—Ref: Dailymail*

# အမေရိကန် စီးပွားရေးကျဆင်းမှုမှာ ဒုတိယကမ္ဘာစစ်နောက်ပိုင်း အကြာဆုံးဖြစ်ဟုဆို

**ဝါရှင်တန်၊ စက်တင်ဘာ - ၂၂**

အမေရိကန် စီးပွားရေးကျဆင်းမှုသည် ၁၈ လတာကြာမြင့်ခဲ့ရာ ယင်းမှာ ဒုတိယကမ္ဘာစစ်နောက်ပိုင်း အကြာရှည်ဆုံး စီးပွားပျက်ကပ်ဖြစ်ကြောင်း အမေရိကန် အမျိုးသား စီးပွားရေးသုတေသန အစီရင်ခံစာက သုံးသပ်တင်ပြခဲ့သည်။

စီးပွားရေး ကျဆင်းမှုမှာ ၂၀၀၇ တွင် စတင်ခဲ့ပြီး ၂၀၀၉ ဇွန်လတွင်မှ ပြန်လည်နာလန်ထူလာခဲ့သည်ဟု အစီရင်ခံစာက ဖော်ပြသည်။ အမေရိကန် အမျိုး သား စီးပွားရေးဗျူရို၏ အမြင် များကို အမေရိကန်တွင် အလေး ထားကြကြောင်း ဘီဘီစီ စီးပွား ရေးအယ်ဒီတာ အင်ဒရူး ဝေါလ်ကာက ပြောကြားသည်။

အမေရိကန် ဗျူရိုကလည်း ၎င်း၏ သုံးသပ်မှုများတွင် ရိုးရှင်းသောဂျီဒီပီအပြင် အခြားအချက်အလက်များကိုလည်း ထည့်သွင်းတွက်ချက်ခဲ့သည်။ တစ်ဦးချင်းဝင်ငွေ၊ အလုပ်အကိုင်ရရှိမှု၊ စက်မှုကုန်ထုတ်လုပ်မှု၊ လက်လီ လက်ကားရောင်းဝယ်မှု စသည့် အချက်အလက်များအား၎င်း၏ ခွဲခြမ်းစိတ်ဖြာမှုတွင် ထည့်သွင်းတွက်ချက်လေ့ရှိကြောင်း သိရသည်။

ဒုတိယကမ္ဘာစစ်နောက်ပိုင်း ဖြစ်ပေါ်ခဲ့သည့် အခြားစီးပွားရေးကျဆင်းမှုကာလများမှာ ၁၉၇၃-၇၅ နှင့် ၁၉၈၁-၈၂ ကာလများအတွင်းဖြစ်ပြီး ၎င်းနှစ်ကြိမ်လုံးတွင် စီးပွားကျဆင်းမှု ကာလမှာ ၁၆ လသာကြာမြင့်ခဲ့သည်။

*—Ref: BBC*

## နောက်ကျောဖုံး - ငွေကြေးနှင့်ပတ်သက်၍ တရုတ်အား ဒဏ်ခတ်ရန် အမေရိကန်လွှတ်တော်ပြင်ဆင် မှ

ယင်းမှာ အခြားနိုင်ငံတစ်နိုင်ငံအနေဖြင့် ၎င်း၏ငွေကြေးကို ခြယ်လှယ်ကိုင်တွယ်နေကြောင်းတွေ့ရှိရပါက ကူးသန်းရောင်းဝယ်ရေးဌာနအနေဖြင့် အခွန်အတုပ်များစည်းကြပ်ခွင့်ရှိကြောင်း အောက်လွှတ်တော် Ways and Means ကော်မတီက အတည်ပြုပေးလိုက်ခြင်းဖြစ်သည်။ Ways and Means ကော်မတီမှာ အခွန်ဥပဒေများကိုရေးသားသော အဖွဲ့ဖြစ်သည်။ သာမန်စည်းမျဉ်း စည်းကမ်းများအရမူ ကူးသန်းရောင်းဝယ်ရေးဌာနအနေဖြင့် နိုင်ငံတစ်နိုင်ငံက ၎င်း၏ နိုင်ငံခြားတင်ပို့ကုန်များအပေါ်တွင် အမတော်ကြေးများတိုက်ရိုက်ထောက်ပံ့နေပါက ၎င်းကုန်ပစ္စည်းများအပေါ် အခွန်အတုပ်များချမှတ်ခွင့်ရှိသည်။

Ways and Means ကော်မတီက အတည်ပြုလိုက်သော ဥပဒေကြမ်းကို ယခုအခါအောက်လွှတ်တော်သို့တင်ပြထားပြီး ယင်းကို အောက်လွှတ်တော်က လာမည့်ရက်သတ္တပတ်တွင်မဲခွဲဆုံးဖြတ်မည်ဖြစ်ကြောင်း အောက်လွှတ်တော်အာဏာရ အမတ်များ၏ခေါင်းဆောင် စတန်နီဟွိုင်ယာကပြောကြားသည်။ *—Ref: AFP*



Leader's Profile

# ဖေ့စ်ဘွတ်လူမှုရေးဝက်ဘ်ဆိုက်ပူးတွဲ တည်ထောင်သူ မာ့ခ်ဇက်ကာဘာ့ဂ်

ရဲမင်း

မာ့ခ်အီလီယော့ ဇက်ကာ့ဘာ့ဂ်သည်အမေရိကန် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး လူကြိုက်များသောလူမှုရေး ကွန်ရက် Facebook ကိုပူးတွဲတည်ထောင်သူ အဖြစ်လူသိများသည်။ ဇက်ကာဘာ့ဂ်သည်ဟားဗတ်တက္ကသိုလ် တက်နေစဉ် အခြားသူငယ်ချင်း ၃ ဦးနှင့်အတူ Facebook ကိုတည်ထောင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မတ်လတွင် ကမ္ဘာ့အသက်ငယ်ဆုံးဘီလျံနာဖြစ်လာသည်။

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ၁၉၈၄ မေလတွင် မွေးဖွားခဲ့သော ဇက်ကာဘာ့ဂ်သည် နယူးယောက်မြို့မှာပင် ကြီးပြင်းခဲ့သည်။ ဇက်ကာဘာ့ဂ်သည် အလယ်တန်း ကျောင်းတက်နေစဉ်မှာပင်ကွန် ပျူတာပရိုဂရမ်များ စတင်ရေးသားခဲ့ပြီး အထူးသဖြင့် ဆက်သွယ်ရေးအစီအစဉ်များနှင့် ဂိမ်းများအတွက် ကွန်ပျူတာပရိုဂရမ်များ ဖော်ထုတ်ရသည်ကို နှစ်သက်ခဲ့သည်။

အထက်တန်းကျောင်း၌ လက်တင်ဘာသာရပ်ကိုလည်း သင်ယူခဲ့သော မာ့ခ်သည် ၎င်း၏ဖခင်ရုံးမှ အလုပ်သမားများ တစ်ဦးနှင့် တစ်ဦး ဆက်သွယ်နိုင်ရန် ပရိုဂရမ် တစ်ခုရေးဆွဲပေးခဲ့သည်။ Synapse မီဒီယာပလေယာကိုလည်းဖန်တီးခဲ့ရာ နာမည်ကျော် ပီစီမဂ္ဂဇင်းက ငါးမှတ်တွင် သုံးမှတ်ပေးခဲ့သည်။ တစ်ဦးတစ်ယောက်၏သီချင်းနားထောင်ပုံကို လေ့လာနိုင်ရန် လူလုပ်မှတ်ဉာဏ်တစ်မျိုးလည်း ၎င်း၏ ပလေယာတွင် မာ့ခ်ကထည့်သွင်းခဲ့သည်။ ထို့အတွက်မိုက်ကရိုဆော့ဖ်ကုမ္ပဏီနှင့် အမေရိကအွန်လိုင်း (AOL) ကုမ္ပဏီတို့က မာ့ခ်အား အလုပ်ခန့်အပ်ရန် ကြိုးစားခဲ့ကြသည်။ သို့သော်မာ့ခ်က ပညာဆက်သင်ရန် ဆုံးဖြတ်ခဲ့ပြီး ၂၀၀၂ ခုနှစ် စက်တင်ဘာလတွင် ဟားဗတ်တက္ကသိုလ်တွင် စတင်တက်ရောက်ခဲ့သည်။

ဇက်ကာဘာ့ဂ်သည် Facebook ဆိုက်အား ၎င်း၏ကျောင်းသားဘဝအဆောင်မှနေ၍ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်တွင် စတင်လွှင့်တင်ခဲ့သည်။ သူငယ်ချင်းတစ်ဦးနှင့် တစ်ဦး ဆက်သွယ်ရေးအိုင်ဒီယာကို မာ့ခ်အထက်တန်းကျောင်း တက်ရောက်သည့်ကျောင်းအစဉ်အလာမှ ပေါ်ထွက်ခဲ့ခြင်းဖြစ်ပြီး ကျောင်းသားများ၏ မျက်နှာပုံများ ပါသည့် ဓာတ်ပုံများဖြင့် နှစ်စဉ် မှတ်တမ်းစာအုပ်ထားရှိကာ ယင်းကို 'Facebook' ဟုခေါ်ဝေါ်ခြင်း ဖြစ်သည်။

ဟားဗတ်ကောလိပ်တွင်လည်း facebook မှာအစပထမတွင် ဟားဗတ်အသုံးအဆောင်အဖြစ်သာရှိနေခဲ့သည်။ သို့သော် အခြားကျောင်းများသို့လည်း ဖေ့စ်ဘွတ်ပျံ့နှံ့စေရမည်ဟု ဇက်ကာဘာ့ဂ်က ဆုံးဖြတ်ခဲ့ပြီး ၎င်း၏ အခန်းဖော် ဒပ်စတင်မော့စ်ကိုဗစ်၏ အကူအညီကို ရယူခဲ့သည်။ ယင်းမှနေ၍ ဖေ့စ်ဘွတ် ဝက်ဘ်ဆိုက်သည်စတန်းဖို့ဒ်၊ ဒါ့းမောက်၊ ကိုလံဘီယာ၊ နယူးယောက်ယူနီဗာစီတီ၊ ကော်နယ်လ်၊ ဘရောင်း၊ ယေးလ် စသော တက္ကသိုလ်များသို့ ပျံ့နှံ့ခဲ့ရာမှ အခြားဟားဗတ်နှင့် အဆက်အသွယ်ရှိသော ကျောင်းများသို့ ပါပျံ့နှံ့သွားခဲ့သည်။

ဇက်ကာဘာ့ဂ်နှင့် သူငယ်ချင်းများလည်း ကယ်လီဖိုးနီးယားပြည်နယ်သို့ပြောင်းရွှေ့လာခဲ့ပြီး ၂၀၀၄ ခုနှစ်နွေရာသီတွင် ၎င်းတို့၏ ပထမဆုံးရုံးခန်းအဖြစ် အိမ်ငယ်တစ်လုံးအားငှားရမ်း ဖွင့်လှစ်ခဲ့သည်။ ဆောင်းဦးပေါက်တွင် ကျောင်းပြန်တက်ကြရန် ဖြစ်သော်လည်း နောက်ပိုင်းတွင် ဇက်ကာဘာ့ဂ်တို့အုပ်စုမှာ ကယ်လီဖိုးနီးယားတွင် သာဆက်နေရန် ဆုံးဖြတ်ခဲ့ကြသည်။

Facebook တည်ထောင်ခဲ့ခြင်းအတွက် ဟားဗတ်တက္ကသိုလ်ကျောင်းသား ၃ ဦးက ဇက်ကာဘာ့ဂ်သည် ၎င်းတို့ အားလှည့်စားခဲ့သည်ဟု တရားစွဲဆိုခဲ့ကြရာမှ ဇက်ကာဘာ့ဂ်ကလည်း အခြားပရောဂျက်တစ်ခုနှင့် ပတ်သက်၍ ၎င်းတို့ကို တန်ပြန် တရားစွဲဆိုခဲ့ပြီး ၂၀၀၈ ခုနှစ်တွင်မူငွေသား ကန်ဒေါ်လာသန်း ၂၀ နှင့် ဖေ့ဘွတ်စ်၏ သာမန်ရှယ်ယာ ၁ ဒသမ ၂ သန်းကိုပေးအပ်၍ဖြေရှင်းခဲ့သည်။

ဖေ့စ်ဘွတ်ခ်၏ ရှယ်ယာ ၂၄ ရာခိုင်နှုန်း အပါအဝင် ပိုင်ဆိုင်မှုအရပ်ရပ်ပေါင်း ကန်ဒေါ်လာ ၄ ဘီလီယံချမ်းသာသော မာ့စ်ဇက်ကာဘာ့ဂ်သည် ဖေ့စ်ဘွတ်၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်အဖြစ်လည်း တာဝန်ယူထားသည်။

*—Ref: Wikipedia*

## နောက်ကျောဖုံး - ကင်းလှည့်လှေများ ပျက်စီးမှုအတွက် ပေးလျော်ရန် ဂျပန်တောင်းဆို မှ



ဂျပန်နိုင်ငံတွင် ဆန်ကာကုဟု ခေါ်ပြီး တရုတ်နိုင်ငံတွင် ဒိုင်အိုယုဟုခေါ်သော ကျွန်းစုများအနီး တရုတ်ငါးဖမ်းလှေ မာလိန်မှူးအား စက်တင်ဘာ ၈ ရက်တွင် ဂျပန်အာဏာပိုင်များက ထိန်းသိမ်းခဲ့သည်။ ယင်းအဖြစ်အပျက်ကြောင့် ကမ္ဘာ့နံပါတ် ၂ နှင့် နံပါတ် ၃ စီးပွားရေးနိုင်ငံကြီးများ၏ ဆက်ဆံရေးမှာ နှစ်ပေါင်းများစွာအတွင်း အနိမ့်ဆုံးသို့ ရောက်ရှိခဲ့သည်။

ငါးဖမ်းလှေ မာလိန်မှူးအားလွှတ်ပေးရန် တရုတ်နိုင်ငံက ဂျပန်အား ဖိအားပေးခဲ့ပြီးနောက် ဂျပန်နိုင်ငံက ၎င်းအား လွှတ်ပေးခဲ့သည်။ ယင်းသို့ လွှတ်ပေးခဲ့ခြင်းအတွက် ဂျပန်ဝန်ကြီးချုပ် နာအိုတိုကန်မှာ အကြီးအကျယ်ဝေဖန်ခံခဲ့ရသည်။ ငါးဖမ်းလှေ မာလိန်မှူးအား ဖမ်းဆီးထိန်းသိမ်းထားခဲ့ခြင်းအတွက် လျော်ကြေးပေးရန်နှင့် တောင်းပန်မှုပြုရန် ဘေဂျင်းက တောင်းဆိုမှုရှိခဲ့သော်လည်း ယင်းကို ဂျပန်ဝန်ကြီးချုပ်က ပယ်ချခဲ့သည်။ *—Ref: AP*

တရုတ်ငါးဖမ်းလှေမာလိန်မှူးမှာ ဂျပန်နိုင်ငံက လွှတ်ပေးခဲ့ပြီးနောက် တရုတ်နိုင်ငံသို့ ပြန်သွားပြီဖြစ်သည်။


သို့သော် ယင်းအချိန်မှစ၍ သံတမန်ရေးအပြန်အလှန်ပြောဆိုမှုများသည် ငါးဖမ်းလှေအဖြစ်အပျက်မှ ထွက်ပေါ်လာသော အမျိုးသားရေးဆန်ဆန် ခံစားချက်များ ယုတ်လျော့မသွားခြင်းကို ပြသနေကြောင်း အေပီသတင်းက ဖော်ပြသည်။

"ကမ်းခြေစောင့် ရေယာဉ်တွေမှာဖြစ်ပေါ်ခဲ့တဲ့ အပျက်အစီးတွေအတွက် တရုတ်ကပေးလျော်ဖို့ ကျွန်တော်တို့တောင်းဆိုပါမယ်" ဟု မစ္စတာဆန်ဂိုခုက သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားသည်။

ယင်းတောင်းဆိုချက်အား သံတမန်ရေးလမ်းကြောင်းများမှ တစ်ဆင့် ဘေဂျင်းအား အကြောင်းကြားလိုက်ပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

7 DAY NEWS JOURNAL

Vol.9, No.28 • SEPTEMBER 30, 2010



# “ကျွန်တော်က အကောင်းမြင်သူပါ။ ဘာ့ကြောင့်လဲဆိုတော့ လူတွေကို ကျွန်တော်ယုံကြည်တယ်။

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်နှင့် ထောင်စုနှစ် ရည်မှန်းချက်များအကြောင်း

ကျော်မျိုး

ပြီးခဲ့တဲ့ ၂၀၀၀ ပြည့်နှစ်တုန်းက နိုင်ငံတကာအသိုင်းအဝိုင်းဟာ ၂၁ ရာစုထဲ ဝင်ရောက်လာခဲ့တဲ့အတွက် နိုင်ငံအားလုံးစုစည်းကာ “ထောင်စုနှစ်ရည်မှန်းချက်များ” Millennium Goals ဆိုတာကို အကောင်အထည်ဖော်ကြဖို့ သဘောတူခဲ့ကြပါတယ်။ ဒီရည်မှန်းချက်တွေမှာပါဝင်တာကတော့ ငတ်မွတ်မှု၊ ဆင်းရဲမွဲတေမှုနဲ့ ရောဂါဘယတွေကို ၂၀၀၀ ပြည့်နှစ်ကစလို့ ၁၅ နှစ်အတွင်း လျှော့ချသွားနိုင်ဖို့ပါ။ ထိုစဉ်က ရည်မှန်းချက်တွေကိုချမှတ်ခဲ့တဲ့ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ အတွင်းရေးမှူးချုပ်ကတော့ မစ္စတာ ကိုဖီအာနန်ဖြစ်ပါတယ်။ ဒါ့ကြောင့် ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်ဖြစ်ပေါ်လာမှု သမိုင်းစဉ် ၁၀ နှစ်တာကာလအတွင်း ဘာတွေတိုးတက်ခဲ့ပြီလဲဆိုတာနဲ့ ပတ်သက်လို့ လူတွေသိရှိခွင့်ရအောင် ဂျာမန်စပိုင်းဂဲလ်မီဒီယာက ကုလအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်နဲ့ တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ မစ္စတာ ကိုဖီအာနန်ကတော့ သူ့ရဲ့သုံးသပ်ချက်အရ ကမ္ဘာ့နိုင်ငံအများစုဟာ ထောင်စုနှစ် ရည်မှန်းချက်တွေကို အပြည့်အဝ မလိုက်နာနိုင်သေး၊ မဖြည့်စွမ်းနိုင်သေးဘူးလို့ ဆိုပါတယ်။

**မစ္စတာအာနန်ခင်ဗျာ။ ၂၀၀၀ ပြည့်နှစ်တုန်းက ကမ္ဘာ့ဆင်းရဲမွဲတေမှုနဲ့ ငတ်မွတ်မှုပြဿနာတွေကို လျှော့ချနိုင်ဖို့ ကုလသမဂ္ဂမှာ နိုင်ငံအားလုံး သဘောတူခဲ့ကြတုန်းက လူကြီးမင်းဟာ အထွေထွေအတွင်းရေးမှူးချုပ်တာဝန်ယူနေခဲ့တာပါ။ အခုတော့ နယူးယောက်မှာ မကြာခင်စုဝေးကြတော့မယ့် နိုင်ငံတကာခေါင်းဆောင်တွေဆီကို ဘယ်လိုတိုးတက်မှုအစီရင်ခံစာမျိုး တင်သွင်းချင်နေပါသလဲ။**

ရလဒ်တွေကတော့ ရောထွေးနေပါတယ်။ ရည်မှန်းချက်တွေနဲ့ ပတ်သက်လို့ တချို့တိုင်းပြည်တွေလည်း အများကြီးအောင်မြင်ခဲ့ကြတယ်။ ဒါပေမဲ့ လာမယ့် ငါးနှစ်အတွင်းကာလနဲ့ အဲဒီအလွန်ကာလရဲ့ စိမ်ခေါ်မှုအကျပ်အတည်းတွေကတော့ အများကြီးရှိနေဦးမှာ။ အိန္ဒိယ၊ တရုတ်နဲ့ ဘရာဇီးလို တိုင်းပြည်တွေဟာလည်း လူသန်းပေါင်းများစွာကို ဆင်းရဲတွင်းကလွတ်အောင် စီမံခန့်ခွဲနိုင်ခဲ့တယ်။ တိုင်းပြည်တော်တော်များများမှာလည်း ကလေးတွေကို ပိုပြီး ကျောင်းထားလာနိုင်ကြတယ်။ သန့်ရှင်းတဲ့ သောက်သုံးရေဖြန့်ဝေမှုတိုးတက်လာသလို၊ မွေးကင်းစကလေးသေဆုံးမှုနှုန်းတွေလည်းကျဆင်းခဲ့ရတယ်။ ဒါပေမဲ့ တချို့တိုင်းပြည်တွေ၊ အထူးသဖြင့် အာဖရိကနိုင်ငံတွေမှာဆိုရင် တချို့တိုးတက်သလို တချို့ပိုဆိုးဝါးလာနေတာတွေလည်း ရှိနေတယ်။ ငတ်မွတ်ခေါင်းပါးမှုပြဿနာကလည်း ပိုကြီးထွားလာနေတယ်။ တစ်ခါ ကမ္ဘာ့အဝန်းမှာလည်း ငတ်မွတ်သူဦးရေ တစ်ဘီလီယံ (သန်းတစ်ထောင်)နား ကပ်နေပါတယ်။ အခုခေတ်လို ကြီးမားတဲ့ ကြွယ်ဝမှုနဲ့ နည်းပညာတိုးတက်မှုမြင့်မားနေတဲ့ကာလမှာ ဒါမျိုးဟာ လက်ခံနိုင်စရာမဟုတ်ဘူး။

**နယူးယောက် ထိပ်သီးဆွေးနွေးပွဲအပြီး ထုတ်ပြန်ခဲ့တဲ့ ကြေညာချက်မှာလည်း ထောင်စုနှစ်ရည်မှန်းချက်တွေကို အဆင်းရဲဆုံးတိုင်းပြည်တွေမှာတောင် အောင်မြင်အောင် ပြုလုပ်နိုင်မယ်လို့ ဖော်ပြခဲ့တယ်။ ဒါပေမဲ့ အဲဒီအတွက် ထိရောက်တဲ့ဘဏ္ဍာရေးနဲ့ လက်တွေ့စီမံရေးအစီအစဉ်တွေ မရှိသေးပါဘူး။ အဲဒါကိုလူကြီးမင်း အကောင်းမြင်နေဆဲပဲလား။**

နိုင်ငံအားလုံးက ဒီရည်မှန်းချက်တွေကို အောင်မြင်မယ်ဆိုရင်တော့ကျွန်တော် သိပ်ဝမ်းသာမိမှာပါ။ ရှေ့တိုးတက်ဖို့ ကြီးမားတဲ့ခြေလှမ်းတွေရှိမှာလည်း အသေအချာပဲ။ ဒါပေမဲ့ အောင်မြင်မှုတွေက နေရာတိုင်းမှာ တစ်ပုံစံတည်းဖြစ်နိုင်ဖို့ မလွယ်ဘူး။ ပြီးတော့ တကယ်လို့ ၂၀၁၅ မှာ ရည်မှန်းချက်အားလုံးကို ကျွန်တော်တို့တိုင်းပြည်မီတယ်ဆိုရင်တောင်မှ ဆင်းရဲမွဲတေမှုနဲ့ ငတ်မွတ်ခေါင်းပါးမှုကင်းစင်တဲ့ ကမ္ဘာဆီရောက်ဖို့ ကျွန်တော်တို့ ခရီးအရှည်ကြီးဆက်သွားရဦးမှာပါ။ ဒါပေမဲ့ ဒီရည်မှန်းချက်တွေကို ရအောင်လုပ်နိုင်တယ်လို့ ကျွန်တော်အကောင်းမြင်ထားတယ်။ အကောင်းဆုံးသော စီးပွားရေးနဲ့ လုံခြုံရေးအကျိုးစီးပွားကို ဖြစ်ထွန်းစေဖို့ပါ။

**ဒီလိုဖြစ်ဖို့ ဘာတွေလိုအပ်ပါသလဲ။**

အရေးအကြီးဆုံးကတော့ ဖွံ့ဖြိုးဆဲနဲ့ ဖွံ့ဖြိုးပြီးနိုင်ငံတွေက အစိုးရတွေဟာ တစ်ဖက်နဲ့တစ်ဖက် ပေးထားတဲ့ ကတိတွေကို အကောင်အထည်ဖော်ပြီး ရည်မှန်းချက်တွေ ပေါက်မြောက်ဖို့ ပူးတွဲလုပ်ဆောင်ကြရပါမယ်။ အားလုံးနားလည်ထားတဲ့အတိုင်းပဲ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအကျပ်အတည်းနဲ့ သူ့ရဲ့ အကျိုးသက်ရောက်မှုတွေကလည်း ပြီးခဲ့တဲ့ ၂ နှစ်အတွင်းအဓိကနေရာတွေမှာ ရှိနေခဲ့တယ်။ ပြည်တွင်းပြဿနာတွေကလည်း ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးရေးပေါ်လစီကို ပိုကောင်းအောင်လုပ်ဖို့တွန်းအားပေးခဲ့ပါတယ်။ အခုတော့ ဂျာမနီအပါအဝင် နိုင်ငံအများအပြားမှာ စီးပွားရေးအခြေအနေတိုးတက် ကောင်းမွန်လာပါပြီ။ ဒီတိုင်းပြည်တွေဟာ သူတို့ပေးခဲ့တဲ့ ထောင်စုသစ်မျှော်မှန်းချက်ကတိတွေကို မမေ့သေးသလို ဒီရည်မှန်းချက်တွေက လူတိုင်းအတွက်အကျိုးဖြစ်ထွန်းစေမယ်ဆိုတာသဘောပေါက်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။

**ဂျာမနီအပါအဝင် နိုင်ငံတော်တော်များများဟာ သူတို့ကတိပေးထားတာထက် ပိုနည်းတဲ့ ဖွံ့ဖြိုးရေးအကူအညီတွေပေးနေကြပြီး ယခင်ကတိပေးခဲ့တဲ့ စုစုပေါင်းအမျိုးသားထုတ်ကုန် GNP ရဲ့ ၀ ဒသမ ၇ ရာခိုင်နှုန်းကို ဖွံ့ဖြိုးရေးအကူအညီတွေအတွက်ဖယ်ထားပေးမယ်ဆိုတာလည်း တကယ်မဖြစ်သေးပါဘူး။ ပြီးခဲ့တဲ့ နယူးယောက်ဆွေးနွေးပွဲအပြီး ကြေညာချက်မှာလည်း ဒီရည်မှန်းချက်ကို ညွှန်းဆိုတာတစ်ခုမှ မပါခဲ့ပါဘူး။ အဲဒါရဲ့အကျိုးဆက်က ဘာတွေဖြစ်လာနိုင်ပါသလဲ။**

ဒါဟာ တကယ်တော့ ငွေကြေးကြောင့်တင်မကဘဲ ကူညီထောက်ပံ့မှုတွေရဲ့ အကျိုးသက်ရောက်မှုနဲ့လည်း သက်ဆိုင်ပါတယ်။ ဒါပေမဲ့ဒီနှစ်ခုဟာ အတူတွဲဖြစ်ပေါ်နေပြီး၊ တစ်ခုနဲ့တစ်ခုလည်း လက်ညှိုးထိုးအပြစ်မရှာသင့်ပါဘူး။ သေချာတာကတော့ ကမ္ဘာ့ဘဏ္ဍာရေးနဲ့စီးပွားရေး အကျပ်အတည်းဟာ နိုင်ငံအတော်များများရဲ့ ဘတ်ဂျက်တွေကို လျှော့ချစေခဲ့ပြီး၊ တချို့အစိုးရတွေဆို သူတို့ကတိပေးထားသလောက်ကို ထောက်ပံ့နိုင်ဖို့ ခက်ခဲခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ ဂလိုဘယ်ဆန်လာတဲ့ ကမ္ဘာကြီး၊ အပြန်အလှန် နီးကပ်စွာဆက်သွယ်နေတဲ့ ကမ္ဘာကြီးမှာ ဖွံ့ဖြိုးရေး အကူအညီတွေလုပ်တာဟာအလှူရှင် နိုင်ငံတွေနဲ့ လက်ခံသူနိုင်ငံတွေ နှစ်ဖက်စလုံးကို အကျိုးဖြစ်ထွန်းစေမှာပါ။ ဒါဟာ မလွယ်ကူဘူးဆိုပေမယ့် ရိုးရိုးလှူဒါန်းလိုက်တဲ့ သဘောမျိုး မဟုတ်ပါဘူး။ ပိုလုံခြုံတဲ့၊ ပိုမျှတတဲ့၊ အဆုံးစွန် ကြွယ်ဝတဲ့ကမ္ဘာဖြစ်လာဖို့လိုအပ်တဲ့၊ အသုံးဝင်တဲ့ ရင်းနှီးမြှုပ်နှံမှုဖြစ်ပါတယ်။



**အေ့ဒ်စ်ရောဂါ၊ တီဘီနဲ့ ဝမ်းရောဂါ သုံးမျိုးတိုက်ဖျက်ရေးဆောင်ရွက်နေတဲ့ နိုင်ငံတကာအဖွဲ့အစည်းကြီးဖြစ်တဲ့ Global Fund ဟာ နိုင်ငံအများအပြားမှာ ဖြစ်နိုင်ခြေရှိတဲ့ ထောင်စုသစ်ရည်မှန်းချက်တွေရအောင် ကူညီပေးနေပါတယ်။ အစိုးရအများစုဟာလည်း ရန်ပုံငွေထည့်ဝင်မှုတွေ ပိုတိုးမြှင့်လုပ်ဆောင်ပေးနေပါတယ်။ ဒါပေမဲ့ ဂျာမနီကတော့ လာမယ့် ၂၀၁၂ မှာ သူ့ရဲ့ လက်ရှိဘဏ္ဍာရေးထည့်ဝင်မှု ယူရိုသန်း ၄၀၀ ကို သုံးပုံနှစ်ပုံလောက် လျှော့ချချင်နေပါတယ်။ ဒီအပြောင်းအလဲကိုရော လူကြီးမင်း နားလည်နိုင်ပါရဲ့လား။**

ဂျာမနီက Global Fund အတွက် ရန်ပုံငွေထည့်ဝင်မှုဖြတ်တောက်မယ်ဆိုရင်တော့ ဝမ်းနည်းစရာပါပဲ။ ၂၀၀၇ တုန်းက ဘာလင်မှာ Global Fund အတွက် ရန်ပုံငွေပေးဖို့ ကျွန်တော်တို့ နောက်ဆုံးဆွေးနွေးခဲ့ကြတုန်းကတော့ ဂျာမနီအဓိပတိ မစ္စမာကယ်က အခြားနိုင်ငံတွေက သူ့ရဲ့ လုပ်ဖော်ကိုင်ဖက် ခေါင်းဆောင်တွေကို ရန်ပုံငွေတွေ ပိုထည့်ဝင်ကြဖို့ အောင်မြင်စွာ နှိုးဆော်ပေးခဲ့ပါတယ်။ ဒါ့ကြောင့် လာမယ့် အောက်တိုဘာမှာ လုပ်မယ့် ကွန်ဖရင့်မှာလည်း သူမရဲ့ အဲဒီလို ခေါင်းဆောင်မှု အခန်းကဏ္ဍကို ပြန်ယူပြီး ဂျာမနီအနေနဲ့နောက်သုံးနှစ်လောက် လက်ရှိပေးနေတဲ့ နှုန်းအတိုင်း ပေးသွားဖို့ သဘောတူမယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။ Global Fund အဖွဲ့ကြီးဟာ ကမ္ဘာအနှံ့က လူပေါင်းငါးသန်းလောက်ကို ဆေးဝါးအကူအညီတွေပေးနေတာ ဖြစ်ပါတယ်။

**ဖွံ့ဖြိုးပြီးနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာဆင်းရဲတဲ့ ကမ္ဘာရဲ့ အကျိုးအတွက် အာရုံပြုဆောင်ရွက်ဖို့ နိုင်ငံရေးအရ စိတ်ဆန္ဒအားနည်းမှုတွေများ ရှိနေပါသလား။**

ကျွန်တော် မကြာသေးမီကပဲ မက္ကဆီကို ရောက်ခဲ့တယ်။ အဲဒီမှာအစိုးရဟာ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံကိုဒီနှစ်ကုန်မှာကျင်းပပြီး တိုးတက်မှုတွေရအောင် ပြင်းပြင်းထန်ထန် ကြိုးပမ်းလုပ်ဆောင်နေပါတယ်။ တချို့ကတော့ ဒါကို သံသယရှိကောင်းရှိမယ်။ ဒါပေမဲ့ နိုင်ငံတော်တော်များများက ပြည်သူတွေက ပတ်ဝန်းကျင် ထိန်းသိမ်းရေးကိစ္စကို ထိပ်တန်းဦးစားပေးအဖြစ် သတ်မှတ်ဆွေးနွေးဖို့ တွန်းအားပေးကြလိမ့်မယ်လို့ ကျွန်တော်တို့မြင်ပါတယ်။ ကျွန်တော်က အကောင်းမြင်သူပါ။ ဘာ့ကြောင့်လဲဆိုတော့ လူတွေကို ကျွန်တော် ယုံကြည်တယ်။ သူတို့ရဲ့ အစိုးရတွေကိုသူတို့ကိုယ်တိုင်တွန်းအားပေးသွားကြမှာပါ။

*—Ref: Kofi Annan on the UN Millennium Goals*

7 DAY NEWS JOURNAL

# Entertainment

Vol.9, No.28 · SEPTEMBER 30, 2010

## Miss People 2010 ဆုကို ရန်ကုန်မှ ခြူးသက်နွယ်ဆွတ်ခူး



ဓာတ်ပုံ - People

အေးသူ

**ရန်ကုန်၊ စက်တင်ဘာ ၂၄**

Myanmar People မဂ္ဂဇင်းမှ ကြီးမှူးကျင်းပသည့် Miss People Style Competition 2010 နောက်ဆုံးအဆင့်ရွေးချယ်ပွဲကို စက်တင်ဘာ ၂၄ ရက်နေ့ညက ဆီဒိုးနားဟိုတယ်တွင် ကျင်းပခဲ့ရာ ပြိုင်ပွဲဝင်ဆန်ခါတင် ၂၀ ဦး အနက် Miss People 2010 ကို ရန်ကုန်မှ ခြူးသက်နွယ်က ရရှိသွားသည်။

ယခုနှစ်ပြိုင်ပွဲတွင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်၊ ပြည် စသည့်မြို့ ၆ မြို့မှ ပြိုင်ပွဲဝင်များကို အဆင့်ဆင့်ရွေးချယ်ခဲ့ပြီး နောက်ဆုံး အဆင့်ရွေးချယ်သည့် ပြိုင်ပွဲ၌ ရန်ကုန်၊ မန္တလေး၊ ပြည်နှင့်ပုသိမ်မှ ပြိုင်ပွဲဝင် ၂၀ ဦးအနက် Miss People ဆုကို ခြူးသက်နွယ်က ရရှိခဲ့ခြင်းဖြစ်သည်။ Miss People 1st Runner Up ဆုကို မန္တလေးမှ ခမ်းအိအိမွန်နှင့် 2nd Runner Up ဆုကို ရန်ကုန်မှ နှင်းပွင့်ဧကရီတို့က ရရှိခဲ့ပြီး ပရိသတ်က ရွေးချယ်သည့် People's Choice ဆုကို ခင်ရူပက မဲအများဆုံးဖြင့်ရရှိခဲ့သည်။ အကောင်းဆုံးဝတ်စုံဒီဇိုင်းဆု Best Stylist ဆုကို ဒီဇိုင်နာကျော်စိုးအောင်နှင့် 1st Runner Up ကို ဒီဇိုင်နာမေရင်းတို့က ရရှိခဲ့သည်။

နောက်ဆုံးအဆင့် ပွဲစဉ်တွင် ဒိုင်လူကြီးများအဖြစ် ဓာတ်ပုံမိုးမင်း(Ray)၊ ဒါရိုက်တာမောင်မျိုးမင်း (ရင်တွင်းဖြစ်)၊ မို့မို့မြင့်အောင်၊ မေခလာ၊ မေကဗျာနှင့် မိုးဟေကိုတို့က ဆောင်ရွက်ခဲ့သည်။

၂၀၁၀ Miss Peopleဆွတ်ခူးသွားသူ ခြူးသက်နွယ်သည် အသက် ၁၉နှစ်အရွယ်ရှိပြီး ပထမနှစ် ဥပဒေတက်ရောက်နေသူဖြစ်သည်။ ရေကူးခြင်း၊ စာဖတ်ခြင်းနှင့် ရွက်လွှင့်ခြင်းတို့ကို ဝါသနာပါသူဖြစ်သည်။ အရပ် ၅ ပေ ၁၁ လက်မဖြစ်ကာ နောက်ဆုံးဆန်ခါတင်ဆယ်ဦးအနက်မှ သုံးဦးကို ရွေးချယ်ချိန်တွင် မေးမြန်းသည့် ဉာဏ်စမ်းမေးခွန်းများအနက် ပညာရေးနှင့်ပတ်သက်သည့်မေးခွန်းအား လှလှပပနှင့် အချိန်တို့ဆိုင်းခြင်းမရှိဘဲ ဖြေကြားသွားနိုင်ခဲ့ခြင်းကြောင့် ပရိသတ်၏ လက်ခုပ်သံကို ရရှိခဲ့သည်။

နိုးအဖွဲ့ကိုအစဉ်တစိုက်အားပေးခဲ့ကြတဲ့ အမာခံပရိသတ်တွေအတွက်ရည်ရွယ်ပြုလုပ်ခဲ့တဲ့ No Unplugged Show ကိုလွန်ခဲ့တဲ့ ၂နှစ်ကျော်က ယူတိုပီးယားတာဝါမှာ ပြုလုပ်ခဲ့ကြတာကို အမှတ်ရမိကြမှာပါ။ အဲဒီအစီအစဉ်မှာ Noနဲ့အတူ စည်သူလွင်၊ ရွှေထိုက်၊ သံသာဝင်း၊ ဖြိုးကြီးတို့က အားဖြည့်သီဆိုပေးခဲ့ကြပြီး ကွန်ပျူတာနဲ့ပဲတောက်လျှောက်ဖန်တီးခဲ့တဲ့ နိုးရဲ့ အယ်လ်ဘမ်နှစ်ချပ်ထဲက သီချင်းတွေကို The Trees တီးဝိုင်းက Unplugged ပုံစံတီးပေးထားလို့ ဒီခွေလေးက တစ်မျိုးတစ်ဖုံထူးခြားတဲ့ရသကိုပေးနိုင်မလား ဆိုတာ ခွေထွက်မယ့်အောက်တိုဘာလ ၂ ရက်နေ့ကျရင် သိရတော့မှာဖြစ်ပါတယ်။

## 'NOအဖွဲ့မှာ အဖွဲ့ဝင်ထပ်တိုးဖို့ မရှိတော့ပါဘူး'



### No အဖွဲ့နှင့် တွေ့ဆုံခြင်း

အေးသူ

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**နိုးအန်ပလက်အခွေက နှစ်ချီပြီး ကြာသွားပြီး အခုခွေပြန်ထွက်တော့မယ်ဆိုတော့ ကြန့်ကြာသွားတဲ့ကြောင်းက ဘာကြောင့်ပါလဲ။**

**ရတနာ** - ဒီခွေက လက်ထဲမှာကိုင်ထားတာ ၂နှစ်လောက်ကြာပြီ။ ကြားထဲမှာ နိုးအဖွဲ့ရဲ့မငြင်းပါနဲ့ အခွေကို ထွက်လိုက်ချင်တာကြောင့်ပါ။ ဒီခွေမှာသီချင်းက ၁၁ ပုဒ်မှာ အဟောင်းက ရှစ်ပုဒ်ကပေါက်ခဲ့တဲ့၊ ပရိသတ်လက်ခံပြီးသားသီချင်းတွေကို စုပြီးပြန်လုပ်ထားတာဆိုတော့သိပ်မစိုးရိမ်ဘူး။ နောက်ပြီးသီချင်းတွေအားလုံးကို တီးဝိုင်းနဲ့ပြန်လုပ်ထားတယ်ဆိုတော့ ပရိသတ်တွေကိုရသတစ်ခုပေးနိုင်မယ်လို့ထင်တယ်။

**နိုးအဖွဲ့မှာ အဖွဲ့ဝင်ထပ်တိုးဖို့အစီအစဉ်ရှိလား။**

အဲဒါတော့မရှိတော့ပါဘူး။ စဆိုကတည်းကလည်း နှစ်ယောက်တည်းပဲဆိုတော့။

**ရတနာနဲ့ရည်မွန်တို့နှစ်ယောက် ဘယ်လိုနားလည်မှုတွေနဲ့ ရှေ့ဆက်လက်တွဲဖြစ်နေလဲ။**

တစ်ယောက်နဲ့တစ်ယောက် ပွင့်ပွင့်လင်းလင်းတိုင်ပင်တယ်။ နားလည်မှုလည်းရှိကြတယ်။ တွဲလာကြတာလည်း ၂၀၀၃ ခုနှစ်တည်းကဆိုတော့ ခုနစ်နှစ်ကြာပြီလေ။ တစ်ယောက်အကြောင်းကို တစ်ယောက် ကောင်းကောင်းသိပြီးသား။ ဘာမှသိပ်အခက်အခဲမရှိတော့ပါဘူး။

**ရည်မွန်က တစ်ကိုယ်တော်ခွေလုပ်မယ်လို့ ပြောတယ်။ ရတနာ အနေနဲ့ရော တစ်ကိုယ်တော်ခွေလုပ်ဖို့ အစီအစဉ်ရှိလား။**

မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ နိုးအနေနဲ့ပဲလုပ်ချင်တယ်။ တစ်ယောက်တည်းဆိုရင်ခုတောင်မှ စင်ပေါ်တက်ရတာကြောက်နေတာ။ တစ်ယောက်တည်းတော့ မလုပ်ဖြစ်လောက်ဘူး။

**ရတနာ့ကို ဖေ့စ်ဘွတ်မှာ ဓာတ်ပုံတွေ တွေ့တယ်နော်။ မဒါတို့၊ မမေသူတို့နဲ့ ရှော့ပင်းထွက်တာတွေလည်း တွေ့ရတယ်။ ရပ်ရှင်ဘက်က သူတွေနဲ့ ဘယ်လို ခင်မင်ဖြစ်သွားတာလဲ။**

အယ်ပိုင်းက မဂျူးလီနဲ့က စခင်တယ်။ အယ်ပိုင်းရဲ့ရတနာပုံ ဘောလုံးပွဲရှိရင်သွားသွားကြည့်ဖြစ်တယ်။ ရတနာနဲ့ ကိုလွင်မိုးမိန်းမ မမေသူနဲ့ကအမြဲလိုက်သွားဖြစ်တော့ ပိုပြီးတွဲဖြစ်သွားတာပေါ့။ မဒါ(စိုးမြတ်နန္ဒာ)နဲ့ မဂျူးလီနဲ့က လည်းခင်တယ်။ ရတနာတို့နဲ့လည်း မျက်မှန်းတန်းမိနေတော့ နောက်ပိုင်းပိုတွဲဖြစ်သွားတာပေါ့။ ဘန်ကောက်နဲ့စင်ကာပူကို ဈေးသွားဝယ်ဖြစ်တယ်။ ညတိုင်းလည်း သူတို့နဲ့မုန့်သွားစားတယ်။

**ဒီနှစ်ထဲမှာရင်သွေးယူဖို့ရှိလား။**

ယူမှာ။ ယူမယ်ဆိုပေမယ့် ရတနာက ခွေတွေဘာတွေထွက်တာနဲ့ မအားတာနဲ့ မယူဖြစ်ဘူး။ တကယ်တမ်း ယူရင်နားရမှာလေ။ ချိန်နေတာပေါ့နော်။ သကြန်ဆိုလည်းသီချင်းဆိုချင်သေးတယ်။ လုပ်နေရတဲ့အလုပ်လေးကို မပြတ်သွားချင်ဘူး။

**အန်ပလက်ခွေထွက်တော့မယ့်အတွက် ခံစားချက်လေးပြောပြပေးပါ။**

**ရည်မွန်** - နိုးကိုအစဉ်တစ်စိုက်အားပေးကြတဲ့ပရိသတ်တွေအတွက် နိုး သီချင်းတွေကို အန်ပလက်ပုံစံလေး တီးဝိုင်းနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်လေး ဖျော်ဖြေချင်တဲ့စိတ်နဲ့ လက်မှတ်မရောင်းဘဲ တကယ်အားပေးထားတဲ့

စာ(၄၅)သို့




## ခရစ္စမတ်အယ်လ်ဘမ်အသစ်ထုတ်မယ့် မာရိုယာကာရေး

လော့စ်အိန်ဂျလိစ်၊ စက်တင်ဘာ - ၂၀

နာမည်ကျော် ပေါ့ပ်အဆိုတော် မာရီယာကာရေးသည် သူမ၏ ဒုတိယမြောက် ခရစ်စမတ်အယ်လ်ဘမ်ကို လာမည့်နိုဝင်ဘာလတွင် ဖြန့်ချိသွားတော့မည်ဖြစ်ကြောင်း သိရသည်။ Merry Christmas II You ဟုအမည်ပေးထားသည့် ယင်းအယ်လ်ဘမ်ကို နိုဝင်ဘာ ၂၂ရက်တွင် ဖြန့်ချိမည်ဟုဆိုသည်။ အယ်လ်ဘမ်အသစ်တွင် အမေရိကန် Idol အဆိုပြိုင်ပွဲဒိုင် ရန်ဒီဂျက်ဆင်၊ ဆုရတေးရေးဆရာမာ့က်ရှိုင်းမန်းတို့အပြင် မာရီယာကိုယ်တိုင် ရေးသားသော သီချင်းလေးပုဒ်လည်း ပါဝင်မည်ဖြစ်သည်။

ထို့ပြင် မာရီယာ၏ နာမည်ကျော် Am I want for Christmas is You သီချင်းဟောင်းကိုလည်း ပုံစံသစ်ဖြင့် ပြန်လည်တီးခတ်ထားသည်ဟု ဆိုသည်။ အဆိုပါ သီချင်းမှာ ၂၀၀၅ မှ ၂၀၀၈ အထိ ခရစ္စမတ်ရာသီများတွင် ထိပ်တန်းဆင်ဂယ်လ်ခွေများ စာရင်းဝင်ခဲ့သည်။ မာရီယာကာရေးသည် မကြာသေးမီက ကိုယ်ဝန်ဆောင်ထားရသည်ဟု သတင်းများ ထွက်ပေါ်ခဲ့သော်လည်းသူမဘက်ကမူ အတည်ပြုခြင်း၊ ငြင်းဆိုခြင်းများ မပေါ်ထွက်သေးကြောင်းသိရသည်။ —Ref: Showbiz

7DAY NEWS JOURNAL
Vol.9, No.28 · SEPTEMBER 30, 2010



## ကုလသမဂ္ဂရုံးမှာ ဖျော်ဖြေပွဲလုပ်မယ့် တေလာဆွစ်ဖ်

**နယူးယောက်၊ စက်တင်ဘာ - ၂၀**

အမေရိကန်ကျေးလက် ဂီတအဆိုတော် တေလာဆွစ်ဖ်သည် သူမ၏ အယ်လ်ဘမ်သစ်ထုတ်ဝေမှုကို အရှိန်မြှင့်သည့်အနေဖြင့် မကြာမီရက်ပိုင်းအတွင်း နယူးယောက်မြို့တော်ရှိ ကုလသမဂ္ဂရုံးတွင် ဖျော်ဖြေသွားမည်ဟု သိရသည်။အဆိုတော်တေလာဆွစ်ဖ်သည် သူမ၏အယ်လ်ဘမ်သစ် JSYK ကိုဖြန့်ချိမည့် အောက်တိုဘာ၂၅ရက်တွင် ကုလသမဂ္ဂရုံး၌ဖျော်ဖြေသီဆိုသွားမည်ဖြစ်ကာ ထိုပွဲသို့ တက်ရောက်မည့် ပရိသတ်များသည်လည်း အဆိုတော်နှင့်အတူ လေယာဉ်စီးခွင့်၊ ရေဒီယိုမှ ထုတ်လွှင့်မည့် တိုက်ရိုက်အင်တာဗျူးတွင် မေးမြန်းခွင့်ကိုဆုအဖြစ်ပေးအပ်မည့် အွန်လိုင်းပြိုင်ပွဲတစ်ခုသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

ကုလရုံးတွင်ဖျော်ဖြေမည့် ယင်းပွဲကို တေလာဆွစ်ဖ်၏ အွန်လိုင်းဝက်ဘ်ဆိုက်များတွင်လည်း ထုတ်လွှင့်ပြသသွားမည်ဟု သိရသည်။

—Ref: hollywoodnews




## မူးယစ်ဆေးမှုကြောင့် ပဲရစ်ဟီလ်တန်ကို ဂျပန် ပြည်ဝင်ခွင့် ပိတ်ပင်

**နာရီတာ (ဂျပန်)၊ စက်တင်ဘာ - ၂၃**

အမေရိကန် ဟောလိဝုဒ်၏ နာမည်ကျော် မင်းသမီး ပဲရစ်ဟီလ်တန်သည် ပြီးခဲ့သောရက်များအတွင်း လာ့စ်ဗေးဂတ်စ်၌ မူးယစ်ဆေးလက်ဝယ်တွေ့မှု စွဲချက်တင်ခံခဲ့ရပြီးနောက် ဂျပန်သို့နိုင်ငံ ရောက်ရှိလာရာတွင် ဂျပန်လူဝင်မှု ကြီးကြပ်ရေးအာဏာပိုင်များက ပြည်ဝင်ခွင့်မပေးဘဲ ငြင်းဆန်ခဲ့ကြောင်း သိရသည်။ အသက် ၂၉နှစ်အရွယ်ရှိ ပဲရစ်ဟီလ်တန်သည် ဂျပန်နိုင်ငံတိုကျိုမြို့တွင်ကျင်းပမည့် သူမ၏ဖက်ရှင်နှင့်ရေမွှေးထုတ်ကုန်များအရောင်းမြှင့်တင်ရေး သတင်းစာရှင်းလင်းပွဲတက်ရောက်ရန် ဂျပန်သို့ရောက်လာခဲ့ခြင်းဖြစ်သည်။

သူမသည် ရက်ပိုင်းအတွင်းကပင် အမေရိကန်၌ မူးယစ်ဆေးမှုဖြင့်တရားစွဲခံထားရသောကြောင့် လေဆိပ်အာဏာပိုင်များ၏ တားမြစ်မှုခံခဲ့ရပြီး နာရီတာလေဆိပ်အနီးရှိ ဟိုတယ်တစ်ခုတွင် ဂျပန် အာဏာပိုင်များ၏မေးမြန်းမှုများကို ဖြေကြားကာ တစ်ညတာကုန်လွန်ခဲ့ရသည်။ ထို့နောက် နောက်နေ့တွင်မူအာဏာပိုင်များက သူမကို ဂျပန်ပြည်ဝင်ခွင့် ပိတ်ပင်လိုက်ကြောင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ပိတ်ပင်ခံရမှုနှင့် ပတ်သက်၍ ပဲရစ်က သတင်းထောက်များအား "ကျွန်မအိမ်ပြန်ရတော့မှာပါ။ အနာဂတ်တစ်ချိန်မှာတော့ ဂျပန်ကို ကျွန်မပြန်လာဦးမှာပါ" ဟုပြောကြားသည်။ ဂျပန်လူဝင်မှုကြီးကြပ်ရေးအာဏာပိုင်များ သည်ယခင်ကလည်း မူးယစ်ဆေးသုံးစွဲသည့် ဘောလုံးအကျော်အမော်ဒီယေဂိုမာရာဒိုနာအား ပြည်ဝင်ခွင့်ပိတ်ပင်ခဲ့သော်လည်း ၂၀၀၂ ကမ္ဘာ့ဖလားဂျပန်၌ ကျင်းပချိန်တွင်မူ ချွင်းချက်အဖြစ် ရက် ၃၀ ဗီဇာပေးကာ ပြည်ဝင်ခွင့်ပေးခဲ့ဖူးသည်။

—Ref: AP

## လက်တွဲဖော်အသစ်ကို စပိန်မှာပွဲထုတ်လာတဲ့ ကိတ်ဝင်းဆလက်



**မက်ဒရစ်၊ စက်တင်ဘာ - ၂၀**

ကွာရှင်းမှုပြုလုပ်အပြီး အများမြင်ကွင်းရှေ့မှ ပျောက်ကွယ်နေသော အော်စကာဆုရ မင်းသမီး ကိတ်ဝင်းဆလက်သည် ယခုအခါ သူမ၏ ချစ်သူသစ် လူးဝစ်ဒေါင်လာနှင့်အတူ ပြန်လည်ပေါ်လာခဲ့ကြောင်း သိရသည်။

Peopleမဂ္ဂဇင်း ဝက်ဘ်ဆိုက်၏အဆိုအရ ကိတ်နှင့်ဒေါင်လာတို့ စုံတွဲသည် မကြာမီရက်ပိုင်းက စပိန်နိုင်ငံတွင် ကျင်းပခဲ့သော ဆန်ဆီဘတ်စတီယန် နိုင်ငံတကာရုပ်ရှင်ပွဲတော်၏ ၅၈ ကြိမ်မြောက်နှစ်ပတ်လည် အခမ်းအနားသို့ တက်ရောက်လာခဲ့ပြီး ကိတ်မှာ အနက်ရောင် ဝတ်စုံအတို၊ ဒေါင်လာမှာ အနက်ရောင် ကုတ်အင်္ကျီဝတ်စုံပြည့်ကို ရှပ်အင်္ကျီအဖြူကို ကြယ်သီးဖြုတ်ကာ ဝတ်ဆင်သည့်စတိုင်ဖြင့် ပွဲတက်လာကြောင်း သိရသည်။

ကိတ်ဝင်းဆလက်သည် ပြီးခဲ့သည့် မတ်လမှစ၍ ခုနစ်နှစ်ကြာအောင် ပေါင်းသင်းလာခဲ့သောခင်ပွန်းသည် ဆမ်မန်းဒတ်စ်နှင့်တရားဝင်ကွာရှင်းခဲ့သူ ဖြစ်သည်။ ထို့နောက် ငါးလအကြာ ပြီးခဲ့သည့် ဩဂုတ်လတွင် အသက် ၃၄ နှစ်အရွယ်ရှိ ထိုမင်းသမီးသည် ၎င်းနှင့် လူးဝစ်ဒေါင်လာနှင့် ချစ်ဇာတ်လမ်းစတင်ခဲ့ပြီး လန်ဒန်မြို့ နိုက်ကလပ်အချို့တွင် ပွဲတက်နေခဲ့သည်ကို စတင်တွေ့ခဲ့ရခြင်း ဖြစ်သည်။

—Ref: People

Sports
7DAY NEWS JOURNAL
Vol.9, No.28 • SEPTEMBER 30, 2010

# ရန်ကုန်ယူနိုက်တက်နည်းပြချုပ် မျိုးလှိုင်ဝင်းအစား အသင်းနည်းစနစ်အကြံပေး အဲရစ်အား နည်းပြချုပ်ပြောင်းခန့်



ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ စက်တင်ဘာ-၂၄

မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးပြိုင်ပွဲတွင် ရလာဒ်များကျဆင်းနေသော ရန်ကုန်ယူနိုက်တက်အသင်းသည် အသင်း၏ နည်းစနစ်အကြံပေးဖြစ်သူ အဲရစ်ဝီလျံအား နည်းပြချုပ်အဖြစ် ခန့်အပ်လိုက်ကြောင်း သတင်းရရှိသည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ၎င်းတို့၏ နည်းပြချုပ်ဦးမျိုးလှိုင်ဝင်းနေရာတွင် အဲရစ်ဝီလျံအား အစားထိုးခန့်အပ်လိုက်ခြင်းဖြစ်သည်။ ဦးမျိုးလှိုင်ဝင်း ကိုင်တွယ်ခဲ့သော ၂၀၁၀ အမ်အင်န်အယ်လ် အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် ၄ ပွဲတွင် ၂ ပွဲနိုင်၊ ၂ ပွဲသရေကျကာ ထိပ်ဆုံးမှ ရတနာပုံအသင်းနှင့် (တစ်ပွဲလျော့) ၈ မှတ်ကွာဟသွားခဲ့ပြီး၊ MFF Cup ရှုံးထွက်ပြိုင်ပွဲတွင်လည်း ပထမအဆင့်မှာပင် ပြိုင်ပွဲမှ ထွက်ခဲ့ရ သည်။

"ဦးမျိုးလှိုင်ဝင်းဟာ လက်ထောက်နည်းပြအဖြစ်နဲ့ အသင်းမှာ ဆက်ရှိနေမှာပါ။ AFC က မကြာမီ ဖွင့်လှစ်မယ့် ဘီလိုင်စင်နည်းပြသင်တန်းကို သူတက်ရောက်ဖို့ ရှိပါတယ်" ဟု ရန်ကုန်ယူနိုက်တက်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ဦးမျိုးလှိုင်ဝင်းသည် ၂၀၁၀ အမ်အင်န်အယ်လ် အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ကာလတွင် နည်းပြချုပ်ဖြစ်သူ ဘတ္တလာရာထူးမှ ထုတ်ပယ်ခံခဲ့ရသောကြောင့် နည်းပြချုပ်အဖြစ် ပြန်လည်တာဝန်ယူခဲ့ရသူဖြစ်သည်။

အဲရစ်ဝီလျံသည် ၂၀၀၉ ခုနှစ်က ရန်ကုန်ယူနိုက်တက် အရန်အသင်း၏ နည်းပြချုပ်အဖြစ် ဆောင်ရွက်ခဲ့ဖူးသူဖြစ်ပြီး၊ အရန်အသင်းပြိုင်ပွဲတွင် ချန်ပီယံဖြစ်အောင် ဆောင်ရွက်ပေးခဲ့သူဖြစ်သည်။ ၎င်းအား ယခုနှစ် အမ်အင်န်အယ်လ် ဒုတိယအကျော့ပြိုင်ပွဲတွင် အသင်း၏ နည်းစနစ်အကြံပေးအဖြစ် ရန်ကုန်ယူနိုက်တက်အသင်းကပြန်လည်ခေါ်ယူခြင်းဖြစ်ကြောင်း သိရသည်။

ဓာတ်ပုံ- အောင်အောင်

# ရွေးကောက်ပွဲကျင်းပမည့်ရက်နှင့် တိုက်ဆိုင်နေခြင်းကြောင့် မြန်မာလိဂ်ပွဲစဉ်များရွှေ့ဆိုင်း

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ စက်တင်ဘာ-၂၂

လာမည့် နိုဝင်ဘာ ၇ ရက်၌ ရွေးကောက်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်သည့်အတွက် နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက်တွင် ယှဉ်ပြိုင်ကစားမည့် မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်များကို ရွှေ့ဆိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (အမ်အက်ဖ်အက်ဖ်)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ရွေးကောက်ပွဲရှိတဲ့ နေ့နဲ့ မတိုင်ခင်တစ်ရက်(နိုဝင်ဘာ ၆ ရက်နဲ့ ၇ ရက်) ပွဲစဉ်တွေကိုရက် ရွှေ့ပြီးပြောင်းလဲကျင်းပသွားမှာပါ။ ဒါပေမဲ့ ဘယ်နေ့ကို ပြောင်းလဲကျင်းပမယ်ဆိုတာကတော့ ခုလောလောဆယ် မသိသေးပါဘူး" ဟု မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကျင်းပရေးတာဝန်ခံ ဦးဝင်းသူမိုးက ပြောသည်။




ဓာတ်ပုံ- အောင်အောင်

MNL 2010 အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များ၏ ပွဲစဉ်ဇယားရေးဆွဲထားမှုအရ နိုဝင်ဘာ ၆ ရက် (စနေ)တွင် ဇေယျာရွှေမြေအသင်းနှင့် ရတနာပုံအသင်းတို့သည် မုံရွာကွင်း၌လည်းကောင်း၊ ကမ္ဘောဇအသင်းနှင့် ဥဿာယူနိုက်တက်အသင်းတို့သည် တောင်ကြီးကွင်း၌လည်းကောင်း၊ ဆောက်သမ်းမြန်မာအသင်းနှင့် မနောမြေအသင်းတို့သည် ရန်ကုန်မြို့၊ သုဝဏ္ဏကွင်း၌လည်းကောင်း၊ နိုဝင်ဘာ ၇ ရက် (တနင်္ဂနွေ)တွင် နေပြည်တော်အသင်းနှင့် မကွေးအသင်းတို့သည် သုဝဏ္ဏကွင်း၌လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အထက်ပါ ပွဲစဉ်များအား ရက်ပြောင်းလဲကျင်းပမည် ဖြစ်သော်လည်း ပြိုင်ပွဲကျင်းပမည့်ကွင်းနေရာများကိုမူ ပြောင်းလဲမည်မဟုတ်ကြောင်း ဦးဝင်းသူမိုးက ပြောသည်။ AFC President's Cup 2010 နောက်ဆုံးအဆင့်ပြိုင်ပွဲများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသောကြောင့် MNL အမှတ်ပေးပြိုင်ပွဲများအား စက်တင်ဘာ ၁၃ ရက် ပွဲစဉ် ၁၆ အပြီးတွင် ခေတ္တရပ်နားထားပြီး၊ ပွဲစဉ် ၁၇ အား အောက်တိုဘာ ၂ ရက်တွင် စတင်၍ ပြန်လည်ကျင်းပသွားမည်ဖြစ်သည်။

# မန္တလေးမြို့တွင် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ပထမဆုံးအကြိမ်ကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ စက်တင်ဘာ - ၂၂

ယခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘိလိယက်နှင့်စနူကာပြိုင်ပွဲကို မန္တလေးမြို့တွင် ပထမဆုံးအကြိမ်အဖြစ် လာမည့်အောက်တိုဘာ ၂၄ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲတွင် ဘိလိယက်တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲ၊ စနူကာတစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲများပါဝင်မည်ဖြစ်ပြီး၊ ဆုကြေးများအဖြစ် ပထမဆုကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်းနှင့် တတိယဆု ကျပ်တစ်သိန်းဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

"နှစ်စဉ်ပြုလုပ်တဲ့ ဒီပြိုင်ပွဲကို အရင်နှစ်တွေက ရန်ကုန်မှာပဲလုပ်တာပါ။ ဒီနှစ် ဒသမအကြိမ်မြောက်ပြိုင်ပွဲကိုတော့ မန္တလေးမြို့ ဒိုမိနိုဘိလိယက်စင်တာမှာ ပြုလုပ်သွားမှာပါ။ နောက်နှစ်ပြိုင်ပွဲတွေကိုလည်း တခြားပြည်နယ်နှင့်တိုင်းဒေသကြီးမြို့တွေမှာ ကျင်းပဖို့ အစီအစဉ်ရှိပါတယ်။ ပြိုင်ပွဲကို အဆင့်မီစွာကျင်းပနိုင်တဲ့ ဘိလိယက်စင်တာရှိတဲ့ဒေသတွေကလည်း အဖွဲ့ချုပ်ကိုဆက်သွယ်နိုင်ပါတယ်" ဟု မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယင်းပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အားကစားသမားဖြစ်ဖူးသူများအား စနူကာနှစ်ယောက်တွဲပြိုင်ပွဲနှင့် ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲများတွင် တစ်ဦးစီဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲမှ လက်ရည်ကောင်း၍အလားအလာရှိသည့် မျိုးဆက်သစ်ကစားသမားများအား အဖွဲ့ချုပ်မှ စခန်းသွင်းလေ့ကျင့်ပေးသွားရန် အစီအစဉ်ရှိကြောင်း အဆိုပါတာဝန်ရှိသူက ပြောကြားသည်။






7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.9, No.28 · SEPTEMBER 30, 2010

# အေအက်ဖ်စီဥက္ကဋ္ဌဖလားရတနာပုံအသင်းရရှိ

## အာရှအဆင့် ကလပ်အသင်းပြိုင်ပွဲများ၌ ဝင်ပြိုင်ဖူးသည့်မြန်မာကလပ်အသင်းများတွင် ရတနာပုံအသင်းသည် ပထမဆုံးအကြိမ် ဗိုလ်စွဲသည့်အသင်းဖြစ်



ဓာတ်ပုံ- အောင်အောင်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ စက်တင်ဘာ - ၂၆**

၂၀၁၀ အာရှဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား(AFC President's Cup 2010)နောက်ဆုံးဗိုလ်လုပွဲစဉ်တွင် ရတနာပုံအသင်းသည် ဒိုဗွိုင်းဒိုင်နမိုအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူကာ ယခုပြိုင်ပွဲတွင် ရှုံးပွဲမရှိ၊ ပေးဂိုးမရှိစံချိန်ဖြင့် ဗိုလ်စွဲခဲ့ကြောင်းသိရသည်။

အဆိုပါနောက်ဆုံးဗိုလ်လုပွဲစဉ်ကို စက်တင်ဘာ ၂၆ရက်က ရန်ကုန်မြို့၊ သုဝဏ္ဏအားကစားကွင်းတွင်ကျင်းပခဲ့ပြီး ပုံမန်ကစားချိန်မိနစ် ၉၀ ၌ ဂိုးမရှိ သရေကျနေသောကြောင့် အချိန်ပိုဆက်လက်ယှဉ်ပြိုင်ခဲ့ရသည်။ ရတနာပုံအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ၉၇ မိနစ်တွင် ထွန်းထွန်းဝင်း ကန်တင်သည့်ထောင့်ကန်ဘောမှ တစ်ဆင့်ကိုနေးက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။

၂၀၀၅ ခုနှစ်မှ စတင်ကျင်းပခဲ့သည့် ယင်းပြိုင်ပွဲ၌ ခြောက်ကြိမ်စလုံးဗိုလ်လုပွဲတက်ရောက်ခဲ့ပြီး ချန်ပီယံဆုနှစ်ကြိမ်ရထားသည့် ကာဂျစ္စတန်ကလပ် ဒိုဗွိုင်းဒိုင်နမိုအသင်းအား ယခုနှစ်မှစတင်ဝင်ရောက်ယှဉ်ပြိုင်သည့်ရတနာပုံအသင်း(မြန်မာ)က အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ယင်းပြိုင်ပွဲသို့ အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဘင်ဟာမန်းနှင့်အတူ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌချောင်မွန်ဂျွန်းလည်း လာရောက်ကြည့်ရှုခဲ့ပြီး ဆုများချီးမြှင့်ခဲ့ကြောင်းသိရသည်။ ပထမဆုရရတနာပုံအသင်းသည် ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာငါးသောင်း၊ ဒုတိယဆုရ ဒိုဗွိုင်းဒိုင်နမိုအသင်းက ဆုကြေးငွေ အမေရိကန်ဒေါ်လာနှစ်သောင်းခွဲ ရရှိခဲ့သည်။

ထို့အပြင် ပြိုင်ပွဲ၏ အသန့်ရှင်းဆုံးအသင်းဆုအား ဒိုဗွိုင်းဒိုင်နမိုအသင်း၊ ဂိုးသွင်းအများဆုံးဆုအား အူစမာနော့ဗ်(ဗာကက်ရှ်အသင်း)၊ အကောင်းဆုံးဘောလုံးသမားဆုအား မာလင်(ဒိုဗွိုင်းဒိုင်နမို)တို့က ရရှိခဲ့ကြောင်း သိရသည်။

ရတနာပုံအသင်းသည် ယခုပြိုင်ပွဲ၏ အုပ်စုပွဲစဉ်များတွင် ဒရက်စတား(ဘူတန်)အား ၁၁ ဂိုး-ဂိုးမရှိ၊ အက်ရှ်ကာဘတ်(တာ့ခ်မင်နစ္စတန်)အား ဂိုးမရှိသရေကျကာ အုပ်စုပထမဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်ပြီး၊ အကြိုဗိုလ်လုပွဲစဉ်တွင် ဗာကက်ရှ်(တာဂျစ်ကစ္စတန်)အသင်းအား နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်(AFC)သည် အာရှဒေသတွင်း ဘောလုံးဖွံ့ဖြိုးမှုအားနည်းသောနိုင်ငံများမှ အမှတ်ပေးချန်ပီယံကလပ်များ ပါဝင်ယှဉ်ပြိုင်နိုင်သည့် AFC President's Cup ပြိုင်ပွဲအား ၂၀၀၅ ခုနှစ်မှစတင်၍ နှစ်စဉ် ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲအဆင့်အတန်းအနေဖြင့် AFC Champion League၊ AFC Cup တို့၏နောက် တတိယအဆင့်ပြိုင်ပွဲဖြစ်ပြီး အာရှအဆင့်ကလပ်အသင်းပြိုင်ပွဲသုံးခုထဲတွင် အဆင့်အနိမ့်ဆုံးပြိုင်ပွဲဖြစ်ကြောင်း သိရသည်။

ယခုပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သောရတနာပုံအသင်းသည် အာရှအဆင့်ကလပ်အသင်းပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ဖူးသည့် မြန်မာကလပ်အသင်းများထဲတွင် ပထမဆုံးဗိုလ်စွဲနိုင်ခဲ့သည့် အသင်းဖြစ်လာကြောင်းသိရသည်။

## အရှေ့တောင်အာရှ မြားပစ်ပြိုင်ပွဲတွင် မြန်မာအသင်း ရွှေတံဆိပ် ၁၃ဆု အပါအဝင် ဆုတံဆိပ် ၃၅ ဆုရ

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ စက်တင်ဘာ-၂၂**

စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအသင်းသည် ရွှေတံဆိပ် ၁၃ ဆုအပါအဝင် စုစုပေါင်း ဆုတံဆိပ် ၃၅ ဆုရရှိခဲ့ပြီး နိုင်ငံအလိုက် ပထမနေရာရရှိခဲ့ကြောင်း သိရသည်။



အဆိုပါ ပြိုင်ပွဲကို ရန်ကုန်မြို့ ကျိုက္ကဆံအမှတ်(၅)ဂိတ်ရှိ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်၊ မြားပစ်ပြိုင်ကွင်း၌ စက်တင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့ပြီး အိမ်ရှင်မြန်မာမြားပစ်အသင်းအပါအဝင် အိန္ဒိယ၊ ထိုင်း၊ မွန်ဂိုလီးယားနှင့် လာအိုနိုင်ငံတို့မှ အားကစားသမား ၄၀ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် မြန်မာအသင်းက ရွှေတံဆိပ် ၁၃ ဆု၊ ငွေ တံဆိပ် ၁၅ ဆု၊ ကြေးတံဆိပ် ၇ ဆု၊ စုစုပေါင်းဆုတံဆိပ် ၃၅ ဆုဖြင့် ပထမ၊ ထိုင်းအသင်းက ရွှေတံဆိပ် ၄ ဆု၊ ငွေတံဆိပ် ၂ ဆု၊ ကြေးတံဆိပ် ၁ ဆု စုစုပေါင်းဆုတံဆိပ် ၇ ဆုဖြင့် ဒုတိယ၊ မွန်ဂိုလီးယားအသင်းက ရွှေတံဆိပ် ၁ ဆု၊ ကြေးတံဆိပ် ၂ ဆုစုစုပေါင်းဆုတံဆိပ် ၃ ဆုဖြင့် တတိယ၊ အိန္ဒိယအသင်းက ငွေတံဆိပ် ၁ ဆု၊ ကြေးတံဆိပ် ၅ ဆု စုစုပေါင်းဆုတံဆိပ် ၆ ဆုဖြင့် စတုတ္ထ၊ လာအိုအသင်းက ကြေးတံဆိပ်တစ်ဆုဖြင့် ပဉ္စမရရှိကြကြောင်း သတင်းရရှိသည်။

## အာဆီယံဖလား ဂေါ့ဖ်ပြိုင်ပွဲတွင် မြန်မာအသင်း ပထမရ

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ စက်တင်ဘာ - ၂၅**

နိုင်ငံပေါင်း ၇ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် Etiqa Asean Cup 2010 ပြိုင်ပွဲ၌ မြန်မာဂေါက်သီးရိုက်အသင်း ပထမရရှိခဲ့ကြောင်း သတင်းရရှိသည်။

မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ယခုလ ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သော အဆိုပါပြိုင်ပွဲသို့ မြန်မာ၊ ထိုင်း၊ ဖိလစ်ပိုင်၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နိုင်ငံတို့ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာအသင်းသည် ၄ ရက်ပေါင်း စုစုပေါင်းရိုက်ချက် ၂၈၁ ချက်ဖြင့် ဒုတိယရရှိခဲ့သည့် ထိုင်းအသင်းထက် ၂ ချက်လျော့ရိုက်ကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာဂေါက်သီးရိုက်အသင်းတွင် အားကစားသမားများအဖြစ် နေဗလဝင်းမြင့်နှင့် မျိုးဝင်းအောင်တို့ပါဝင်ပြီး၊ နည်းပြအဖြစ် ဦးစိုးကျော်နိုင်က တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ၎င်းပြိုင်ပွဲသို့ တစ်သင်းလျှင် အားကစားသမား ၂ ဦးနှုန်းဖြင့် စုစုပေါင်း (၁၄) ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်းသိရသည်။ အဆိုပါမြန်မာဂေါက်သီး ကစားသမားများသည် စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ကျင်းပပြုလုပ်မည့် ပူထရာဖလားပြိုင်ပွဲသို့ ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

## ယူ-၁၇ ကမ္ဘာ့ဖလားတွင် ဝင်ပြိုင်ရန် မြန်မာယူ-၁၅ အသင်းဖွဲ့စည်းပြီး စခန်းသွင်းလေ့ကျင့်နေ

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ စက်တင်ဘာ-၂၂**

လာမည့် ၂၀၁၂ ခုနှစ်၌ ကျင်းပမည့် ယူ-၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ရည်ရွယ်၍ မြန်မာလူငယ် ယူ-၁၅ အသင်းဖွဲ့စည်းကာ စခန်းသွင်း လေ့ကျင့်လျက်ရှိကြောင်း သတင်းရရှိသည်။

အဆိုပါ ယူ-၁၅ လူငယ်ဘောလုံးအသင်းသည် ပြီးခဲ့သည့် ဇွန်လက မလေးရှားနိုင်ငံတွင် ပြုလုပ်ခဲ့သည့် ယူ-၁၄ ဘောလုံးပွဲတော်၌ အောင်မြင်မှုရရှိခဲ့သောအသင်းအား အခြေခံ၍ ဖွဲ့စည်းထားခြင်းဖြစ်သည်။ အဆိုပါ အသင်းတွင် နည်းပြချုပ်အဖြစ် ဦးဘုန်းနိုင်၊ လက်ထောက်နည်းပြများအဖြစ် ဦးမျိုးဝင်းသန်းနှင့် ဦးဖြိုးမောင်မောင်တို့က တာဝန်ယူကာ ကစားသမား ၁၉ ဦးဖြင့် အထက(၁)လမ်းမတော်၌ စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်း သိရသည်။

"ပြည်တွင်းပြိုင်ပွဲတွေကနေ ခြေစွမ်းထက်ပြီး အလားအလာရှိတဲ့ကလေးတွေကို ဒီအသင်းအတွက် ထပ်ဖြည့်သွားဖို့ရှိပါတယ်။ အသင်းကို ပြီးခဲ့တဲ့ ဩဂုတ် ၁ ရက်ကစပြီး အထက(၁)လမ်းမတော်မှာ စတင်စခန်းသွင်းလေ့ကျင့်တာပါ။ ကလေးတွေကို ဘောလုံးအားကစားသာမက ပညာရေးပါ ထူးချွန်အောင် ကျောင်းအိပ်၊ ကျောင်းစားသဘောမျိုးနဲ့ ဆရာ၊ ဆရာမတွေကပါ အနီးကပ်ကြီးကြပ်ပေးနေပါတယ်။ ဘောလုံးပညာနဲ့ပတ်သက်ပြီးတော့လည်း အခြေခံနည်းစနစ်တွေကို ကျေညက်အောင် အဓိကသင်ကြားပေးနေပါတယ်" ဟု နည်းပြချုပ်ဦးဘုန်းနိုင်က ပြောသည်။

လေးနှစ် တစ်ကြိမ်ကျင်းပသော ယူ-၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ရောက်ခွင့်ရရှိရန်အတွက် မြန်မာယူ-၁၅ အသင်းသည် ၂၀၁၁ ခုနှစ်တွင် ကျင်းပမည့် အာဆီယံဇုန်ခြေစစ်ပွဲများကို ဦးစွာယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယင်းခြေစစ်ပွဲ အောင်မြင်ပါက ယူ-၁၆ အာရှဖလားဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး၊ ယင်းပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲရောက် လေးသင်းမှာ ၂၀၁၂ ယူ-၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ တိုက်ရိုက်ဝင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.9, No.28 · SEPTEMBER 30, 2010

# အမှားမခံတဲ့ ချယ်လ်ဆီး၊ အာဆင်နယ်၊ လန်ဒန်ဒါဘီနဲ့ ပရီးမီးယားလိဂ်ပွဲစဉ်(၇) ပွဲကြိုခန့်မှန်းချက်

ကိုထိုက်


ပရီးမီးယားလိဂ်ပွဲစဉ် ၅ ပြီးတဲ့အချိန်မှာ ထိပ်ဆုံးက ချယ်လ်ဆီးတို့ ဒုတိယနေရာက အာဆင်နယ်ကို လေးမှတ်ဖြတ်ပြီး ၁၅ မှတ်နဲ့ ဦးဆောင်နေခဲ့ပါပြီ။ ဒါကြောင့် ပွဲစဉ် ၆ မှာ ချယ်လ်ဆီးတို့ မတော်တဆရှုံးခဲ့ရင်တောင်မှ ဒီတစ်ပတ်ပွဲစဉ် ၇ မှာလည်း တစ်မှတ်အသာနဲ့ ဇယားကို ဦးဆောင်မှာဖြစ်ပါတယ်။ ဒီတစ်ပတ်ရဲ့ပွဲစဉ်တွေကို လေ့လာကြည့်လိုက်ရင် ဆန်းဒါးလန်း-မန်ယူ၊ စပါး-ဗီလာ၊ မန်စီးတီး-နယူးကာဆယ် ထိပ်တိုက်တွေ့ဆုံမှုတွေက အကြိတ်အနယ်ပွဲတွေဖြစ်လာနိုင်သလို လန်ဒန်အခြေစိုက် နှစ်သင်းဖြစ်တဲ့ ချယ်လ်ဆီး-အာဆင်နယ်တို့ရဲ့ ထိပ်တိုက်တွေ့ဆုံမှုကလည်း တနင်္ဂနွေနေ့ရဲ့ အဓိကပွဲစဉ်တစ်ရပ်ဖြစ်လာမှာပါ။

**အောက်တိုဘာ-၂၊ စနေနေ့၊ (ညနေ ၆း၁၅ နာရီ)**

**ဝီဂန်-ဝုလ် (ယမန်နှစ် ရလဒ် - ဝ-၁)**

ဝီဂန်ဟာ ပြီးခဲ့တဲ့ မန်စီးတီးနဲ့ အိမ်ကွင်းပွဲမှာ နှစ်ဂိုးပြတ်ရှုံးနိမ့်ထားပါတယ်။ ဒါကြောင့် ၎င်းတို့က ဒီရာသီရဲ့အိမ်ကွင်းသုံးပွဲစလုံးမှာ ဆန်းဒါးလန်းနဲ့ သရေကျတာကလွဲလို့ ယခုအထိနိုင်ပွဲမရသေးပါဘူး။ ဧည့်သည်ဝုလ်ကလည်း ပြီးခဲ့တဲ့ အဝေးကွင်းသုံးပွဲစလုံးမှာ အဲဗာတန်နဲ့ တစ်ပွဲပဲသရေရပြီး နိုင်ပွဲလုံးဝမရှိသေးပါဘူး။ ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံမှု သုံးကြိမ်မှာလည်း ဝီဂန်က နှစ်ကြိမ်နိုင်ထားတယ်။ ခြေစွမ်းအနည်းငယ်ပိုသာတယ်ထင်ရတဲ့ ဝီဂန်ဘက်က နေချင်ပါတယ်။ ဂိုးမပြတ်တဲ့ပွဲပဲဖြစ်မှာပါ။





**(ည ၈း၃၀ နာရီ)**

**ဘာမင်ဂမ်-အဲဗာတန် (ယမန်နှစ်ရလဒ် - ၂-၂)**

ဘာမင်ဂမ်က ရာသီအဖွင့်ကစလို့ အိမ်ကွင်း ခြေစွမ်းကောင်းမွန်နေပြီး ဧည့်သည် အဲဗာတန်အသင်းဟာလည်း ဒီရာသီအစမှာ နိုင်ပွဲတွေပျောက်ဆုံးနေခဲ့ပါတယ်။ နောက်ထပ်သတိထားသင့်တာက ဘာမင်ဂမ်ဟာ ၂၀၀၈ ကစလို့ အဲဗာတန်နဲ့ထိပ်တိုက်တွေ့ဆုံတိုင်း ရှုံးပွဲမရှိသေးဘူးဆိုတာပါ။ အဲဗာတန်ရဲ့ ယာကူကူနဲ့ ဆာဟာတို့ ဂိုးပေါက်ပျောက်နေချိန် အဝေးကွင်းပွဲကိုကြုံလာရတာမို့ အသင်းလိုက်မာကျောတဲ့ ဘာမင်ဂမ်တို့နိုင်ပွဲရသွားမှာပါ။

**(ည ၈း၃၀ နာရီ)**

**စတုတ်စီးတီး-ဘလက်ဘန်း (ယမန်နှစ်ရလဒ် - ၃-ဝ)**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ တစ်ကြိမ်သာ သရေပွဲဖြစ်ခဲ့ပြီး ကျန်နှစ်ကြိမ်လုံး စတုတ်က အိမ်ကွင်းမှာ အနိုင်ယူနိုင်ခဲ့တယ်။ နှစ်သင်းလုံး ရုန်းကန်နေရဆဲဖြစ်ပြီး ဘလက်ဘန်းက လက်ရှိမှာလည်း အဝေးကွင်းနိုင်ပွဲမရှိသေးတာမို့ အစဉ်အလာအတိုင်း အိမ်ရှင်စတုတ်တို့ အနိုင်ရနိုင်ခြေရှိတယ်။ နှစ်ဂိုးလောက်ရသွားနိုင်ပါတယ်။

**(ည ၈း၃၀ နာရီ)**

**ဆန်းဒါးလန်း-မန်းယူ (ယမန်နှစ်ရလဒ် - ဝ-၁)**

ဆန်းဒါးလန်းဟာ ၂၀၀၇ ကစလို့ မန်ယူနဲ့နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ သရေတစ်ပွဲကလွဲလို့ လေးပွဲစလုံးရှုံးထားပါတယ်။ ဒါပေမဲ့ ဒီရာသီအိမ်ကွင်းသုံးပွဲမှာ သရေနှစ်ပွဲ၊ အနိုင်တစ်ပွဲရထားလို့ ဆန်းဒါးလန်းတို့ အခြေအနေကောင်းဆဲပါ။ မန်ယူတို့ ရွန်းနေ၊ ဘာဘာတော့ဗ် တိုက်စစ်အတွဲနဲ့ပဲ ပွဲထွက်လာနိုင်ပြီး ကပ်နိုင်ခြေရှိပါတယ်။

**(ည ၈း၃၀ နာရီ)**

**စပါး-ဗီလာ (ယမန်နှစ်ရလဒ် - ဝ-ဝ)**

ယမန်နှစ်က အိမ်ကွင်း၊ အဝေးကွင်းနှစ်ကျော့စလုံး သရေကျခဲ့တဲ့ အသင်းတွေဖြစ်ပါတယ်။ ဒါပေမဲ့ လန်ဒန်မြို့ခံ စပါးဟာ ဒီပွဲမှာ ပီတာခရောက့်ချ်၊ ပက်ဘလျူချင်ကို၊ ရော်ဘီကိန်းတို့ရဲ့ တိုက်စစ်နဲ့ ဗန်ဒါဗတ်၊ ဟပ်ဒယ်စတုန်းတို့ရဲ့ ကွင်းလယ်နဲ့ ခြေစွမ်းမငြိမ်သေးတဲ့ စပါးကို ဖိအားပေးမှာပါ။ တိုက်စစ်ထက်မြက်တဲ့ စပါးတို့ နှစ်ဂိုးလောက်ရသွားမှာပါ။ ဖြစ်နိုင်ဖွယ်ရလဒ်က ၂-၁၊ ၃-၁ စသဖြင့် ရှိနိုင်တယ်။

**(ည ၈း၃၀ နာရီ)**

**ဝက်စ်ဘရွန်း-ဘော်လ်တန် (ယမန်နှစ်ရလဒ် - မရှိ)**

တန်းတက်ဝက်စ်ဘရွန်းတို့ ရာသီအစမှာ အိမ်ကွင်းသုံးပွဲစလုံး အရှုံးမရှိသေးဘူး။ ဘော်လ်တန်ကလည်း ပြီးခဲ့တဲ့ အဝေးကွင်းသုံးပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဆိုတော့ အမှားမခံတဲ့ပွဲပါပဲ။ ဒါပေမဲ့ ခြေစွမ်းပိုင်းအရ ကီဗင်ဒေဗီးစ်၊ အယ်မန်ဒါ၊ လီယောင်ပျို၊ ပီးထရော့ဗ်တို့ရဲ့ ဧည့်သည်ဘော်လ်တန်ကို ရွေးသင့်ပါတယ်။ နှစ်သင်းစလုံး ပေါင်း သွင်းဂိုးများနိုင်တယ်။

**(ည ၈း၃၀ နာရီ)**

**ဝက်စ်ဟမ်း-ဖူလ်ဟမ် (ယမန်နှစ်ရလဒ် - ၂-၂)**

ဝက်စ်ဟမ်းတို့ ရာသီအဖွင့်စလို့ ဗီလာ၊ ချယ်လ်ဆီး၊ မန်ယူ၊ ဘော်လ်တန်တို့နဲ့ ဆက်တိုက်တွေ့ဆုံခဲ့ပြီး ဇယားအောက်ခြေမှာ ရုန်းကန်နေရပါတယ်။ ဖူလ်ဟမ်ကလည်း ပြီးခဲ့တဲ့ အဝေးကွင်းသုံးပွဲလုံး သရေပွဲတွေ ဆက်တိုက်ဖြစ်ခဲ့တယ်။ ဝက်စ်ဟမ်းတို့ အိမ်ကွင်းမှာ ဖိကစားနိုင်ပေမယ့် ဖူလ်ဟမ်နောက်တန်းပိတ်ဆို့မှု ကောင်းမွန်တာမို့ သရေပွဲလည်း ဖြစ်နိုင်တယ်။ ဒါမှမဟုတ် ဖူလ်ဟမ်ကပ်နိုင်သွားနိုင်တယ်။

**အောက်တိုဘာ -၃၊ တနင်္ဂနွေ၊ (ည ၇ နာရီ)**

**မန်စီးတီး-နယူးကာဆယ် (ယမန်နှစ်ရလဒ် - မရှိ)**

မန်စီးတီးဟာ ၂၀၀၇ ခုနှစ်ကစလို့ နယူးကာဆယ်နဲ့ ငါးကြိမ်တွေ့ဆုံဖူးရာမှာ တစ်ကြိမ်သာသရေကျဖူးပြီး လေးကြိမ်နိုင်ထားတယ်။ တီဗက်စ်၊ တိုရေး၊ ဂျိုတို့ရဲ့ မန်စီးတီးက အိမ်ကွင်းမှာ ဖိကစားမှာပါ။ မန်စီးတီးကို ဂိုးအနည်းနဲ့ ရွေးထားချင်တယ်။

**(ည ၈း၃၀ နာရီ)**

**လီဗာပူး-ဘလက်ပူး (ယမန်နှစ်ရလဒ်- မရှိ)**

လီဗာပူးတို့ အိမ်ကွင်းမှာ အနိုင်ကစားရမယ့်ပွဲပါ။ ဘလက်ပူးတို့ တန်ပြန်တိုက်စစ်နဲ့ ဒုက္ခပေးနိုင်ခြေရှိတယ်။ ဒါပေမဲ့ ပရီးမီးယားလိဂ်ဝါရင့် အိမ်ရှင်လီဗာပူးတို့ အဖွင့်ဂိုးစောစောရရင် အနည်းဆုံး ၂ ဂိုးအသာလောက်နဲ့ ပြီးဆုံးသွားမှာပါ။ ဒါပေမဲ့ ဘလက်ပူးတို့ နှစ်သိမ့်ဂိုးတစ်ဂိုးလောက်တော့ ရနိုင်ခြေရှိတယ်။

**(ည ၉း၃၀ နာရီ)**

**ချယ်လ်ဆီး-အာဆင်နယ် (ယမန်နှစ်ရလဒ်- ၂-ဝ)**

အာဆင်နယ်ဟာ ၂၀၀၉ အက်ဖ်အေဖလားပွဲကစလို့ ချယ်လ်ဆီးနဲ့ တွေ့ဆုံမှုလေးကြိမ်လုံး ရှုံးထားတယ်။ ချယ်လ်ဆီးတို့ အသင်းလိုက်ကစားကွက်ကောင်းမွန်ကာ အာဆင်နယ်ထက် သမ္မာရင့်ကစားသမားတွေ ပိုပါဝင်နေတာမို့ ချယ်လ်ဆီးအနည်းငယ်သာနေပါတယ်။ အာဆင်နယ်ရဲ့ နာဆရီ၊ ရိုဆစ်စကီး၊ ဖာဘရီဂတ်စ်တို့ ချယ်လ်ဆီးကို ထိန်းချုပ်ဖို့ မလွယ်ပါဘူး။ ချယ်လ်ဆီးတို့ နှစ်ဂိုးလောက်ရနိုင်ပြီး အာဆင်နယ်အမြင့်ဆုံးရရင် အပြန်အလှန်သွင်းဂိုးတွေနဲ့ သရေပွဲ ပုံစံမျိုးပဲဖြစ်မှာပါ။







7DAY NEWS JOURNAL
Vol.9, No.28 · SEPTEMBER 30, 2010

# မယ်လမင်းပါဝင်သော နို့မှုန့်ထုတ်လုပ်မှုဖြင့် လူခုနစ်ဦးကို တရုတ်အာဏာပိုင်များ ဖမ်းဆီး



ဘေကျင်း၊ စက်တင်ဘာ - ၂၀

တရုတ်အာဏာပိုင်များသည် မယ်လမင်းပါဝင်သော နို့မှုန့်များ ထုတ်လုပ်မှုဖြင့် နိုင်ငံမြောက်ပိုင်း နို့မှုန့် စက်ရုံတစ်ခုမှ လူခုနစ်ဦးကို ဖမ်းဆီးထားကြောင်းသိရသည်။ အာဏာပိုင်များက ရှန်ဇီးပြည်နယ်မှအဆိုပါ နာမည်ဖော်ပြခြင်းမရှိသော နို့မှုန့်စက်ရုံ၏ အထွေထွေမန်နေဂျာ အပါအဝင် လူခုနစ်ဦးအားစက်မှုလုပ်ငန်းသုံး ဓာတုဗေဒပစ္စည်း မယ်လမင်းဓာတ်ပါဝင်သော နို့မှုန့်များ ထုတ်လုပ်ခဲ့သည်ဟုဆိုကာ ဖမ်းဆီးတရားစွဲဆိုထားခြင်း ဖြစ်သည်။

ယင်းစက်ရုံသည် မယ်လမင်းပါဝင်သည့် နို့မှုန့် ၂၆ တန်ခန့်ကို တရုတ်ပြည်အလယ်ပိုင်း၊ ဟူနန်နှင့်ဟီနန်ပြည်နယ်များသို့ ဖြန့်ချိခဲ့သည်ဟုဆိုသည်။ မယ်လမင်းဓာတုဗေဒ ပစ္စည်းများသည် ပလတ်စတစ်များ၊ ဓာတုမြေဩဇာများနှင့် ဘိလပ်မြေများ ပြုလုပ်ရာတွင် အသုံးပြုသော ပစ္စည်းများဖြစ်ပြီး ၎င်းကိုနို့မှုန့်များတွင် ထည့်သွင်းခြင်းဖြင့် ပရိုတိန်းဓာတ်ပါဝင်မှုမြင့်မားစေသော်လည်း အသည်းခြောက်ခြင်း၊ အသည်းကျောက်တည်ခြင်းကဲ့သို့ ရောဂါများ ဖြစ်စေနိုင်သည်ဟု သိရသည်။ တရုတ်ပြည်တွင် ပြီးခဲ့သည့် ၂၀၀၈ ခုနှစ်က နို့မှုန့်ကုမ္ပဏီ ၂၂ ခုမှ ထုတ်လုပ်သော နို့မှုန့်များတွင် မယ်လမင်း ပါဝင်မှုများတွေ့ရှိခဲ့ပြီးနောက်လူပေါင်း ၂၀ ဦးကိုပြစ်ဒဏ်များအသီးသီးချမှတ်ခဲ့ကာ နှစ်ဦးကိုသေဒဏ်စီရင်ခဲ့သည်။

—*Ref: BBC*

# မြောက်ကိုရီးယား ထိပ်တန်းနျူကလီးယား သံတမန်အား ဒုတိယဝန်ကြီးချုပ် ရာထူးတိုးမြှင့်

ဆိုးလ်၊ စက်တင်ဘာ - ၂၃

လက်ရှိအုပ်ချုပ်နေသောပါတီ၏ ခေါင်းဆောင်သစ်များ ရွေးချယ်ရေးအစည်းအဝေးတစ်ရပ်အတွက် ပြင်ဆင်နေစဉ်မှာပင် မြောက်ကိုရီးယား နျူကလီးယားလက်နက်အစီအစဉ် ဗိသုကာဖြစ်သူအား ဒုတိယဝန်ကြီးချုပ်နေရာသို့ ရာထူးတိုးမြှင့်ပေးခဲ့ကြောင်း မြောက်ကိုရီးယား နိုင်ငံပိုင်မီဒီယာက ပြောကြားသည်။

ပထမလက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကန်ဆောက်ဂျူသည် မြောက်ကိုရီးယားခေါင်း ဆောင်ကင်ဂျုံအီနှင့် အနီးကပ်ရင်းနှီးသူလည်းဖြစ်ပြီး မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားအစီအစဉ်ကို အဓိကအကောင်အထည်ဖော်ခဲ့သူဖြစ်ကြောင်း သိရသည်။

"ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံထိပ်သီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ စက်တင်ဘာ ၂၃ ရက်နေ့စွဲပါ အမိန့်ကြေညာစာအရ ကန်ဆောက်ဂျူအား ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးအဖွဲ့၏ ဒုတိယဝန်ကြီးချုပ်အဖြစ် ခန့်အပ်လိုက်ကြောင်း" မြောက်ကိုရီးယားနိုင်ငံ၏ ကေစီအန်အေ သတင်းဌာနက ကြေညာခဲ့သော်လည်း အခြားအသေးစိတ်အချက်အလက်များမပါရှိပေ။

မြောက်ကိုရီးယား၏ ထိပ်တန်းလက်နက်ရေးရာ ဆွေးနွေးညှိနှိုင်းသူ ကင်ကျဲဂွမ်းအား မစ္စတာကန်ဆောက်ဂျူ၏ နေရာတွင် အစားထိုး၍ ပထမလက်ထောက်နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်လိုက်ကြောင်း ယင်းသတင်းဌာနကပင် ကြေညာခဲ့သည်။

—*Ref: Reuters*

# အမျိုးသမီးများနှင့် ကလေးသူငယ်များအား ကူညီရေး အစီအစဉ် ကုလသမဂ္ဂဖော်ထုတ်

ကုလသမဂ္ဂ၊
စက်တင်ဘာ - ၂၃

ကမ္ဘာလုံးဆိုင်ရာ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးကို ရည်မှန်း၍ လာမည့်ငါးနှစ်အတွင်း အမျိုးသမီးများနှင့်ကလေးသူငယ်ပေါင်း ၁၆ သန်းကိုကယ်တင်ရေး ကန်ဒေါ်လာ ဘီလီယံ ၄၀ သုံးစွဲမည့် အစီအစဉ်ကို ကုလသမဂ္ဂအကြီးအကဲဘန်ကီမွန်းက ဖော်ထုတ်ခဲ့ကြောင်း သိရသည်။

ယင်းအစီအစဉ်ဖြင့် မိခင်များနှင့် ကလေးများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် သိသာသော တိုးတက်မှုများ ရရှိရန် ဆောင်ရွက်မည်ဖြစ်သည်။ ယင်း ကျန်းမာရေး စောင့်ရှောက်မှု အစီအစဉ်မှာ လွန်ခဲ့သော ဆယ်နှစ်က ချမှတ်ခဲ့သော ထောင်စုနှစ်ရည်မှန်းချက်များတွင် တိုးတက်မှု အနှေးကွေးဆုံး အစီအစဉ်ဖြစ်သည်။

"ဒီအခြေအနေတွေဟာ လက်ခံနိုင်ဖွယ်ရာ မရှိပါဘူး" ဟု တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် အာဖရိကခေါင်းဆောင် အများအပြားတက်ရောက်သော အစည်းအဝေးတွင် မစ္စတာဘန်ကီမွန်းက ပြောကြားသည်။

ထောင်စုနှစ် ရည်မှန်းချက်များကို ပြန်လည်ဆန်းစစ်ရန်နှင့် ၎င်းတို့အား အောင်မြင်အောင် စွမ်းဆောင်ရေးအတွက် ကမ္ဘာ့နိုင်ငံပေါင်း ၁၄၀ တက်ရောက်နေသည့်ကုလသမဂ္ဂ ထိပ်သီးဆွေးနွေးပွဲနောက်ဆုံးနေ့တွင် ယခုအစီအစဉ်ကို မစ္စတာဘန်ကီမွန်းက ကြေညာခြင်းဖြစ်သည်။

အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်သလို စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကိုလည်း နှိုးဆွပေးရာရောက်ကြောင်း ကုလသမဂ္ဂက ခံယူထားပြီး ယင်းအစီအစဉ်အတွက် ပံ့ပိုးကူညီရန်အစိုးရများနှင့် အခြားအဖွဲ့အစည်းများက ကန်ဒေါ်လာ ဘီလီယံ ၄၀ ကတိကဝတ်ပြုခဲ့ကြောင်း ကုလကြေညာချက်တစ်ရပ်က ဖော်ပြသည်။

—*Ref: Reuters*





7 DAY NEWS JOURNAL
Vol.9, No.28 · SEPTEMBER 30, 2010

# အိန္ဒိယတွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်၍ လူနှစ်သန်းခန့် အိုးမဲ့အိမ်မဲ့ဖြစ်ကာ သီးနှံများပျက်စီး



**လက်နောင်း၊ စက်တင်ဘာ - ၂၂**

အိန္ဒိယနိုင်ငံတွင် မုတ်သုံမိုးသည်းထန်စွာ ရွာသွန်း၍ ဂင်္ဂါနှင့် အခြား မြစ်အများအပြားတွင် မြစ်ရေလျှံမှုများ ဖြစ်ပေါ်၍ ရေထိန်းနံရံများ၊ တာဘောင်များ ပြိုကျခဲ့ရာ ကျေးရွာများနှင့် လယ်ကွင်းများရေနစ်မြုပ်၍ လူနှစ်သန်းခန့် အိုးမဲ့အိမ်မဲ့ဖြစ်သွားကြောင်း သိရသည်။

ကြံထုတ်လုပ်မှု အများဆုံးဖြစ်သော ဥတ္တရပရာဒက်ရှ်ပြည်နယ်တွင် စိုက်ပျိုးမြေ ဟက်တာ ၅ သိန်းခန့် ရေလွှမ်းမိုးခံခဲ့ရကြောင်းနှင့်မိုးရွာသွန်းမှု များပြားခြင်းကြောင့်ပန်ဂျပ်နှင့် ဟာယာနာ ပြည်နယ်များတွင် ဝါထုတ်လုပ်မှုများကို ထိခိုက်နိုင်ကြောင်း ပြည်နယ်အရာရှိများက ပြောကြားသည်။

ဥတ္တရပရာဒက်ရှ်ပြည်နယ်တွင်ဖြစ်ပေါ်သည့် ရေကြီးမှုမှာ နှစ်ပေါင်းများစွာအတွင်း အဆိုးဝါးဆုံးဖြစ်ပြီး ကြံစိုက်ခင်းများ ပျက်စီးမှုကို စာရင်းကောက်လေ့လာနေဆဲဖြစ်ကြောင်း အရာရှိများကပြောကြားသည်။ ကြံထွက်ရှိမှု လျော့ပါးပါက အိန္ဒိယနိုင်ငံ၏ သကြားထွက်ရှိမှုကို ထိခိုက်မည်ဖြစ်သည်။ အိန္ဒိယမှာ ကမ္ဘာပေါ်တွင် သကြားအများဆုံး ထုတ်လုပ်ရာနိုင်ငံဖြစ်သောကြောင့် ကမ္ဘာ့သကြားဈေးနှုန်းများ မြင့်တက်လာနိုင်သည်။

ဂင်္ဂါမြစ်နှင့် ၎င်းမြစ်လက်တက်များတွင် စံချိန်တင် ရေအမှတ်နီးပါးမြင့်တက်နေပြီး ယင်းဒေသများတွင် နောက်ထပ် နှစ်ရက်ကြာ မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်း မိုးလေဝသအရာရှိများက ခန့်မှန်းထားသည်။ ဥတ္တရပရာဒက်ရှ်ပြည်နယ်တွင် စိုက်ပျိုးမြေများနှင့် ကားလမ်းများမှာ ရေမြုပ်နေဆဲဖြစ်သည်။ တယ်လီဗေးရှင်းပုံရိပ်များတွင်လည်း ရွာသားများသည် ရေမြုပ်နေသောလမ်းမများတွင် လှည်းများဖြင့် ပစ္စည်းများတင်ဆောင်သွားလာနေပုံနှင့် ယောကျ်ား၊ မိန်းမအများအပြားမှာ ခါးလယ်ခန့်အထိ ရောက်နေသောရေပြင်တွင် ကလေးများနှင့် အထုပ်အပိုးများ သယ်ယူသွားလာနေကြသည်ကို တွေ့ရသည်။

*—Ref: Reuters*

## ငွေကြေးကိစ္စနှင့်ပတ်သက်၍ တရုတ်အား ဆက်လက်ဖိအားပေးမည်ဟု ကန်ကိုယ်စားလှယ်ပြောကြား



**ဘော်တီမိုး၊ စက်တင်ဘာ - ၂၁**

ငွေကြေးမူဝါဒနှင့် ပတ်သက်၍ တရုတ်နိုင်ငံအား ဆက်လက်ဖိအားပေးသွားမည် ဖြစ်ကြောင်း အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ်ရွန်ကာ့တ်က ကတိပြုပြောကြားလိုက်သည်။ သို့သော် ကုန်သွယ်ရေးခြယ်လှယ်ခြင်းများကို ပစ်မှတ် ထား၍ပြဋ္ဌာန်းဖွယ်ရှိသည့် အမေရိကန်၏ ဥပဒေမှာမူ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ စစ်ဆေးမှုကို ခံယူနိုင်မည်လားဆိုသည်မှာ မသေချာကြောင်း ၎င်းကပြောကြားသည်။

ဆွေးနွေးနေသည့် တရုတ်အရာရှိများကိုမူ 'ချိန်ခွင်ပေါ်မှအစိုးရ၏လက်မကို ဖယ်ရှားရေး' ဆက်လက်သတိပေးသွားမည်ဟု အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်ကသတင်းထောက်များအား ပြောကြားသည်။

တရုတ်နိုင်ငံအနေဖြင့် ၎င်း၏ငွေကြေးအား ဈေးကွက်အခြေခံသဘောတရားများအတိုင်း ရွေ့လျားခွင့်ပြုရန် မစ္စတာရွန်ကာ့က်ကပြောကြားပြီး အသိဉာဏ်ပညာဆိုင်ရာ ပိုင်ဆိုင်မှု အခွင့်အရေးလျော့ရဲခြင်းအပေါ် စိုးရိမ်မှုများရှိနေကြောင်း ပြောကြားသည်။

အမေရိကန်သမ္မတ အိုဘားမားကလည်း တရုတ်နိုင်ငံ၏ ငွေကြေးမူဝါဒမှာ 'တကယ့်ပြဿနာ' အဖြစ်ဆက်လက်ရှိနေပြီး လုံလောက်သော အရေးယူ ဆောင်ရွက်မှုမရှိဟု ပြောကြားသည်။

အမေရိကန် ကူးသန်းရောင်းဝယ်ရေးအတွင်းဝန် ဂယ်ရီလော့ခ်သည် လာမည့်နိုဝင်ဘာလတွင် ပြုလုပ်မည့်ကူးသန်းရောင်း ဝယ်ရေးနှင့် ကုန်သွယ်ရေး အမေရိကန်-တရုတ်ပူးတွဲကော်မရှင် တွေ့ဆုံမှု တွင်ယင်းကိစ္စရပ်များကို ဖြေရှင်းရေးအလေးပေးပြောကြားလိမ့်မည်ဟု မစ္စတာရွန်ကာ့က်ကပြောကြားသည်။ *—Ref: WSJ*

## အပူပိုင်းမုန်တိုင်း ဖာနာပီကြောင့် တရုတ်တောင်ပိုင်း၌လူ ၁၈ ဦးသေဆုံး

**ဘေကျင်း၊ စက်တင်ဘာ - ၂၂**

ယခုအပတ်အတွင်း တရုတ်နိုင်ငံတောင်ပိုင်းတွင် တိုက်ခတ်ခဲ့သည့် အပူပိုင်း မုန်တိုင်း ဖာနာပီကြောင့် ယခုအခါ လူပေါင်း ၁၈ ဦးသေဆုံးကာ ၄၄ ဦးပျောက်ဆုံးလျက်ရှိကြောင်း တရုတ်နိုင်ငံပိုင်မီဒီယာကဖော်ပြသည်။

ဖာနာပီမုန်တိုင်းသည် တရုတ်ပြည်မကြီးသို့ဝင်ရောက်ခဲ့ပြီး မုန်တိုင်းအရှိန်ကြောင့် နောက်တစ်နေ့တွင် တိုင်ပေ၌လည်း မိုးများပြင်းထန်စွာ ရွာသွန်းကာ လူနှစ်ဦးသေဆုံးပြီး ၁၀၀ ကျော်ဒဏ်ရာရခဲ့သည်။ တရုတ်ပြည်မကြီးတွင် မုန်တိုင်းကြောင့် သေဆုံးခဲ့ရသည့် ၁၈ ဦးလုံးမှာမူ ကွမ်တုံပြည်နယ်မှဖြစ်ပြီး ယင်းပြည်နယ်တွင် မုန်တိုင်းကြောင့် ရာစုနှစ်တစ်ခုအတွင်း အဆိုးဝါးဆုံး မိုးရွာသွန်းမှုများဖြစ်ခဲ့ကြောင်း တရုတ်မီဒီယာက ဆိုသည်။ ယခုအခါ မုန်တိုင်းကြောင့် ကွမ်တုံပြည်နယ်တွင် လူပေါင်း ၈၃,၀၀၀ ကိုကယ်ဆယ်ထားရပြီး၊ အိမ်ခြေ ၂၀၀၀ ခန့်ပျက်စီးခဲ့ရကြောင်း သိရသည်။

*—Ref: CNA*



# ဂါဇာသွား ရေယာဉ်တန်းအား အစ္စရေး စီးနင်းခဲ့မှုမှာ နိုင်ငံတကာဥပဒေကို ချိုးဖောက်ကြောင်း ကုလ တွေ့ရှိ

**ဂျီနီဗာ၊ စက်တင်ဘာ - ၂၃**

ယခုနှစ် အစောပိုင်းက ဂါဇာအရေးလှုပ်ရှားသူ ၉ ဦးသေဆုံးခဲ့သောဂါဇာဒေသသို့ ဦးတည်သွားသည့်အကူအညီပေးရေး ရေယာဉ်တန်းအား အစ္စရေးတပ်ဖွဲ့ဝင်များကစီးနင်းခဲ့မှု အဖြစ်အပျက်အတွင်း အစ္စရေးတပ်ဖွဲ့များသည် နိုင်ငံတကာ ဥပဒေကို ချိုးဖောက်ခဲ့ကြောင်း ကုလသမဂ္ဂအစီရင်ခံစာတစ်ရပ်က တွေ့ရှိခဲ့သည်။

ဂါဇာတွင် ဖြစ်ပေါ်နေသော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကြောင့် အစ္စရေးရေတပ်၏ ပိတ်ဆို့တားဆီးမှုသည် တရားဥပဒေနှင့် မညီညွတ်ကြောင်း ကုလသမဂ္ဂကခန့်အပ်ခဲ့သည့် အဖွဲ့ဝင် ၃ ဦးပါ လူ့အခွင့်အရေး မစ်ရှစ် အစီရင်ခံစာကကောက်ချက်ချထားသည်။ ရေယာဉ်တန်းအပေါ် စစ်ဘက်မှ စီးနင်းမှုမှာ ကြမ်းတမ်းရက်စက်ပြီး အခြေအနေနှင့် မလိုက်ဖက်ကြောင်း အစီရင်ခံစာက တင်ပြသည်။

အစ္စရေးနိုင်ငံခြားရေး ဝန်ကြီးဌာနကမူ အစီရင်ခံစာကို တင်သွင်းသော လူ့အခွင့်အရေးကောင်စီသည် ဘက်လိုက်မှုရှိသော နိုင်ငံရေးသဘော သက်ဝင်သည့် အစွန်းရောက်ချဉ်းကပ်မှုကို ကျင့်သုံးခဲ့သည်ဟု တုံ့ပြန်ပြောကြားသည်။

သို့သော် စစ်သွေးကြွအုပ်စု ဟားမားစ်အဖွဲ့က ယင်းအစီရင်ခံစာကို ချီးကျူးပြောကြားပြီး ၎င်းစီးနင်းမှုတွင် ပါဝင်ပတ်သက်သူများကိုအပြစ်ပေးရန် တောင်းဆိုလိုက်သည်။

စာမျက်နှာ ၅၆ မျက်နှာရှိသောအစီရင်ခံစာတွင် ၎င်းအဖြစ်အပျက်အတွင်း အစ္စရေးတပ်ဖွဲ့ဝင်များကျူးလွန်ခဲ့သည်ဆိုသော ပြစ်မှုများကို စာရင်းပြုစုတင်ပြထားကြောင်းသိရပြီး ဖမ်းဆီးချုပ်နှောင်မှုများကို ထောက်ခံရန် ထင်ရှားသော အထောက်အထားများ ရှိကြောင်း ဆိုထားသည်။

*—Ref: AP*

# မျှတသောအနေအထားများရှိပါက အမေရိကန်နှင့်ဆွေးနွေးရန်အသင့်ရှိဟု အီရန်သမ္မတပြောကြား



**ဝါရှင်တန်၊ စက်တင်ဘာ - ၂၂**

တရားမျှတမှုနှင့် လေးစားမှုများကို အခြေခံ၍ ဥပဒေဘောင်အတွင်း ရှိနေသော ကိစ္စရပ်များကို ဆွေးနွေးရန် အီရန်က အမြဲတမ်းအဆင်သင့်ရှိကြောင်း အီရန်သမ္မတ အာမက်ဒီနီဂျက်က အေဘီစီ တယ်လီဗေးရှင်းနှင့် ပြုလုပ်သည့် အင်တာဗျူးတွင် ပြောကြားသည်။

အင်အားကြီး ၆ နိုင်ငံနှင့် နျူကလီးယားအရေးကိစ္စ ဆွေးနွေးရာတွင် အမေရိကန်နှင့် အစည်းအဝေးပြုလုပ်မည်လား ဆိုသည်ကိုမေးမြန်းရာ၌ အာမက်ဒီနီဂျက်က "အကြောင်းအရာတွေ၊ အရေးကိစ္စတွေကို ဆွေးနွေးဖို့ ကျွန်တော်တို့မှာ အစီအစဉ်ရှိပါတယ်"ဟု ပြန်လည်ဖြေကြားသည်။

အမေရိကန်ပြည်ထောင်စု၊ ရုရှား၊ တရုတ်၊ ဗြိတိန်၊ ပြင်သစ်စသောကုလသမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့ဝင် ငါးနိုင်ငံနှင့် ဂျာမနီနိုင်ငံမှ အရာရှိများသည် အီရန်နျူကလီးယား ကိစ္စကို လာမည့် ရက်သတ္တပတ်တွင် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

အီရန်သည် ဆွေးနွေးပြောဆိုရန် အမြဲတမ်းပြင်ဆင်ထားကြောင်း၊ သို့သော် တရားမျှတသော အနေအထား၊ လေးစားမှုရှိသောအနေအထားများတွင် ဖြစ်ကြောင်းအမိန့်ပေးစေခိုင်းမှုများ ပြုလုပ်၍ ဆွေးနွေးမည်ဆိုပါက မည်ကာ မတ္တဆွေးနွေးပွဲသာ ဖြစ်မည်ဖြစ်ကြောင်း၊ ယင်းသို့ဆွေးနွေးမှုမှာ အလုပ်ဖြစ်မည် မဟုတ်ကြောင်း အီရန်သမ္မတက ပြောကြားသည်။

ဥပဒေကို လေးစားလိုက်နာ၍တရားမျှတမှု ရှိပါက အီရန်ကလည်း ပြောဆိုဆွေးနွေးရန် အသင့်ရှိသည်ဟု အာမက်ဒီနီဂျက်ကပြောကြားသည်။ နိုင်ငံတကာ အဏုမြူအေဂျင်စီ၏ ကြီးကြပ်ဆောင်ရွက်မှုကိုလည်း အီရန်က ပိတ်ပင်တားဆီးမှု မပြုလုပ်ကြောင်း၊ သို့သော် အိုင်အေအီးအေမှ အချို့စစ်ဆေးရေးမှူးများက အီရန်နိုင်ငံမှ ပေးအပ်လိုက်သော အချက်အလက်များကို ထုတ်ဖော်ပြောဆိုခြင်းမှာ ဥပဒေနှင့် မညီညွတ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။—*Ref: Xinhua*



7 DAY NEWS JOURNAL

# International

Vol.9, No.28 • SEPTEMBER 30, 2010

## ငွေကြေးနှင့်ပတ်သက်၍ တရုတ်အား ဒဏ်ခတ်ရန် အမေရိကန်လွှတ်တော်ပြင်ဆင်

**ဝါရှင်တန်၊ စက်တင်ဘာ - ၂၇**

ယွမ်တန်ဖိုးမြင့်တက်လာရေး ဘေဂျင်းကခွင့်ပြုရန် တိုးတိုးတိတ်တိတ် အားပေးခြင်းကြိုးပမ်းမှုများအပေါ် စိတ်ရှည်မှုမရှိတော့ကြောင်း သတိပေးပြောကြားရင်း ၎င်း၏ ငွေကြေးနှင့်ပတ်သက်၍ တရုတ်အား လက်တုံ့ပြန်နိုင်မည့်နည်းလမ်းကို အမေရိကန်ကွန်ဂရက်လွှတ်တော်က စတင်ပြင်ဆင်လိုက်ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက တရုတ်ဝန်ကြီးချုပ်ဝမ်ကြားပေါင်နှင့် နယူးယောက်တွင်တွေ့ဆုံကာ ငွေကြေးနှင့်ပတ်သက်၍ ဖိအားပေးပြောဆိုပြီး နောက်တစ်ရက်မှာပင် လွှတ်တော်အတွင်းရှိ အိုဘားမား၏ မဟာမိတ်များက တရုတ်အား ဒဏ်ခတ်နိုင်မည့် အရေးယူမှုတစ်ရပ်ကို အတည်ပြုလိုက်သည်။

**စာ(၄၁)သို့**

## ကွန်ပျူတာဗိုင်းရပ်စ် ဘူရှားန်ျူစက်ရုံကို မထိခိုက်ဟု အီရန်ပြောကြား

**တီဟီရန်၊ စက်တင်ဘာ - ၂၇**

နိုင်ငံတစ်နိုင်ငံက ဖန်တီးခဲ့ခြင်းဖြစ်နိုင်သည်ဟု ကျွမ်းကျင်သူပညာရှင်များက ပြောသော ကွန်ပျူတာဗိုင်းရပ်စ်သည် အီရန်နိုင်ငံ၏ နျူကလီးယားစက်ရုံနှင့် အစိုးရစနစ်များကို မထိခိုက်ကြောင်းသို့သော် ၎င်းဗိုင်းရပ်စ်သည် စက်ရုံမှ ဝန်ထမ်းများ၏ ကွန်ပျူတာများနှင့် အင်တာနက်ဝန်ဆောင်မှုပေးသူများကို ထိခိုက်ခဲ့ကြောင်း အီရန်အရာရှိများက ပြောကြားသည်။

Stuxnet ဟုခေါ်သော ကွန်ပျူတာဗိုင်းရပ်စ်သည် ကမ္ဘာတစ်ဝန်းတွင် တိုက်ခိုက်ခဲ့သော်လည်း ၆၀ ရာခိုင်နှုန်းသော တိုက်ခိုက်မှုမှာ အီရန်နိုင်ငံတွင်ဖြစ်ပေါ်ခဲ့ကြောင်းအမေရိကန်နည်းပညာကုမ္ပဏီဆိုင်မန်တက်က ပြောကြားသည်။ ထို့အတွက် အီရန်နျူးကလီးယားစက်ရုံအား ပစ်မှတ်ထား၍ ထောက်လှမ်းမှုပြုလုပ်ရန် သို့မဟုတ် ဖျက်လိုဖျက်ဆီးပြုရန် တိုက်ခိုက်ခြင်းဟု တွက်ဆမှုများရှိနေသည်။

သို့သော် ဘူရှားန်ျူကလီးယားဓာတ်အားပေးစက်ရုံအကြီးအကဲကမူ ၎င်းဗိုင်းရပ်စ်သည် စက်ရုံဝန်ထမ်းများ၏ ကွန်ပျူတာများကိုသာ ထိခိုက်ခဲ့ကြောင်းပြောကြားသည်။

"ဒီဖျက်လို ဖျက်ဆီးပြုမယ့် ဗိုင်းရပ်စ်ကိုဖယ်ရှားဖို့ အဖွဲ့တစ်ဖွဲ့က ကွန်ပျူတာတွေကို စစ်ဆေးနေကြပါတယ်။ စက်ရုံရဲ့အဓိကစနစ်ပိုင်းတွေကို မထိခိုက်ပါဘူး" ဟု ဘူရှားစက်ရုံအကြီးအကဲ မာမွတ်ဂျာဖာရီက နိုင်ငံပိုင် အိုင်အာအန်အေ သတင်းအေဂျင်စီသို့ ပြောကြားခဲ့ကြောင်းသိရသည်။ ဘူရှားန်ျူကလီးယားစက်ရုံကို ပြီးစီးအောင် လုပ်ဆောင်ပေးခဲ့ခြင်းအတွက် ရုရှားနိုင်ငံအား အနောက်နိုင်ငံများက အကြီးအကျယ် ဝေဖန်ခဲ့ကြသည်။ သို့သော် ယင်းနျူစက်ရုံမှာ အရပ်ဘက်သုံးအတွက်သာဖြစ်ကြောင်း ရုရှားနိုင်ငံကပြောကြားသည်။

—*Ref: Reuters*



## ဗင်နီဇွဲလားရွေးကောက်ပွဲအကြို ပါလီမန်ကို သမ္မတချားဗက် ဆက်လက်ချုပ်ကိုင်နိုင်ဖွယ်ရှိ

**ကာရာကတ်စ်၊ စက်တင်ဘာ - ၂၇**


၂၀၁၂ ခုနှစ် သမ္မတရွေးကောက်ပွဲမတိုင်မီ ဗင်နီဇွဲလားနိုင်ငံတွင် ပါလီမန်ရွေးကောက်ပွဲ ပြုလုပ်လျက်ရှိရာ သမ္မတဟူဂိုချားဗက်သည် အမျိုးသားလွှတ်တော်ကို ဆက်လက်ထိန်းချုပ်နိုင်ဖွယ်ရှိကြောင်း ရိုက်တာသတင်းက ဖော်ပြသည်။

မဲပေးမည့်နေ့ နံနက်ဝေလီဝေလင်းအချိန်မှာပင် သမ္မတဟူဂိုချားဗက်ကို ထောက်ခံသူများက မီးရှူးမီးပန်းများပစ်လွှတ်၍ လော်စပီကာများဖြင့် "သမ္မတအတွက် မဲပေးကြစို့" ဟူ၍ မဲပေးမည့်သူများကို နှိုးဆော်ခဲ့ကြောင်း သိရသည်။

သို့သော် လွန်ခဲ့သောငါးနှစ်က ပါလီမန်ရွေးကောက်ပွဲများကိုသပိတ်မှောက်ခဲ့သော အတိုက်အခံပါတီများသည်လည်း ယခုတစ်ကြိမ်တွင် အောင်ပွဲများရရှိနိုင်ကြောင်း သိရသည်။

အတိုက်အခံများအနေဖြင့် အဓိက အာရုံစိုက်ရမည့်အချက်မှာ အမတ်နေရာ ၁၆၅ နေရာရှိသော ပါလီမန်တွင် အမတ်နေရာသုံးပုံတစ်ပုံရရှိရေးဖြစ်ပြီး ယင်းသို့ဖြစ်ခဲ့ပါက ဥပဒေများရေးဆွဲခြင်းနှင့် အရေးကြီးသောနေရာများတွင် ခန့်အပ်မှုများပြုလုပ်ပါက ဆိုရှယ်လစ်ခေါင်းဆောင် မစ္စတာဟူဂိုချားဗက်အနေဖြင့် အတိုက်အခံများ၏ ထောက်ခံမှုကိုရရှိရေး ကြိုးပမ်းရမည်ဖြစ်သည်။ မစ္စတာချားဗက်ကိုယ်တိုင်မှာ ရွေးကောက်ပွဲတွင် မပါဝင်သော်လည်း ၎င်း၏ ကြီးမားသောပုံရိပ်က မဲဆွယ်မှုများကို လွှမ်းမိုးခဲ့ကြောင်းနှင့် ဟူဂိုချားဗက်ကလည်း ၎င်း၏လူမှုရေးဝက်ဘ်ဆိုက် Twitter မှနေ၍ အမှာစကားများ အဆက်မပြတ် တင်နေခဲ့ကြောင်းသိရသည်။

—*Ref: Reuters*





## ကင်းလှည့်လှေများ ပျက်စီးမှုအတွက် ပေးလျော်ရန် ဂျပန်တောင်းဆို

**တိုကျို၊ စက်တင်ဘာ - ၂၇**

အငြင်းပွားနေသော ကျွန်းများအနီးတွင် တရုတ်ငါးဖမ်းလှေက ဝင်တိုက်ခဲ့မှုကြောင့် ဂျပန်ကင်းလှည့်လှေများ၏ ပျက်စီးမှုများအတွက် တရုတ်နိုင်ငံအနေဖြင့် ပေးလျော်ရန် ဂျပန်နိုင်ငံက တောင်းဆိုလိုက်သည်။

ပြီးခဲ့သည့်လအတွင်း အငြင်းပွားနေသော ပင်လယ်ရေပြင်တွင်ဖြစ်ပေါ်ခဲ့သည့် အဖြစ်အပျက်မှ တရုတ်ငါးဖမ်းလှေ မာလိန်မှူးအား ဂျပန်နိုင်ငံက ထိန်းသိမ်းထားခြင်းအတွက် ဂျပန်နိုင်ငံက လျော်ကြေးပေးရန်နှင့် တောင်းပန်ရန် တရုတ်နိုင်ငံက တောင်းဆိုခဲ့ခြင်းကို ဂျပန်ဝန်ကြီးချုပ်က ပယ်ချခဲ့ပြီးနောက် ဂျပန်အစိုးရအတွင်းဝန်ချုပ် ယိုရှီကိုဆန်ဂိုခု၏ပြောကြားချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

**စာ(၄၁)သို့**